The
# Commerce
Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 21 တနင်္လာနေ့တိုင်းထုတ်ဝေသည် June 8 , 2015




## မန္တလေးမြို့ကြီး သာယာလှပဖို့ အားလုံးဝိုင်းဝန်းကြိုးစားစို့

| ခင်မြင့်မြင့်သန်း - မန္တလေး|

၂၀

## စက်နှိုးကြိုးဖြုတ် ဥသြသံကျယ်ကျယ်ဆွဲလို့ စားသုံးသူအကာအကွယ်ပေးရေး သဘောင်္ကြီးထွက်စို့



၁၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံ၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများအား သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းထုတ်ပြန်

၂၁

## ပန်ကောက်ဘဏ်၏ ရန်ကုန်ဘဏ်ခွဲ ဖွင့်လှစ်ပြီ

၁၅

## မြိတ်ကျွန်းစုဒေသတွင်းရှိ သန္တာကျောက်တန်းတစ်ဝက်နီးပါး ပျက်စီးနေ

၂၈

STN ဆောင်းသစ်နေ

# မော်တော်ကားအရောင်းစင်တာ



ကားအရောင်းစင်တာ(၁) – အမှတ်(၅၄)၊ သီရိမွန်အိမ်ယာ၊ ဘုရင့်နောင်လမ်းမ၊ ၁၅ ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ကားအရောင်းစင်တာ(၂) – အမှတ်(၇ / ၉)၊ မြန်ကန်သာအိမ်ယာ၊ ၄၀ (၂)လမ်း၊ (၅)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ကားအရောင်း (၃) – အမှတ် (၇၁)၊ အောင်ချမ်းသာလမ်း၊ လှိုင်သာယာစက်မှုဇုံ (၇)

ကားသိုလှောင်ရုံ – အမှတ် (၄၁၀)၊ ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်း၊ ရွှေလင်ဗန်းစက်မှုဇုံ။

Email - saungthitnay.myn@gmail.com ☎ - 01 681890, 681796

Website- www.saungthitnayauto.com - 09 73016133, 970412105

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Gautam Mukhopadhaya အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇွန်လ ၃ ရက် မွန်းတည့် ၁၂ နာရီ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Gautam Mukhopadhaya အား လက်ခံတွေ့ဆုံခဲ့ပါသည်။

အဆိုပါ တွေ့ဆုံပွဲ၌ အိန္ဒိယနိုင်ငံ ချင်နိုင်းတွင် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ကျင်းပမည့် မြန်မာ-အိန္ဒိယ ပူးတွဲကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖိုရမ် (JTIF) နှင့်စပ်လျဉ်းပြီး ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ နှစ်နိုင်ငံ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာနိုင်ငံမှ ပဲမျိုးစုံ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်သွားနိုင်ရေးတို့ အပါအဝင် နှစ်နိုင်ငံအကြား ပုံမှန်ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုတို့ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အလားအလာများကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။



အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနအကြီးအကဲများ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး သဘောတူညီချက်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့်ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် UNESCAP တို့ပူး ပေါင်းကျင်းပပြုလုပ်သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး သဘောတူညီချက် အလုပ်ရုံဆွေးနွေးပွဲ National Workshop on Trade Facilitation and Implementation of the WTO Trade Facilitation ကို ဇွန်လ ၄ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာမှာ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် လုပ်ငန်းစဉ်ပေါင်း ၄၁ ခုပါဝင်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် National Enquiry Point ဖြစ်သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး သဘောတူညီချက်ကို UNCTAD ၏ အကူအညီနှင့် National Implementation Plan အားရေးဆွဲခဲ့ရာ မူကြမ်းထွက်ရှိခဲ့ပြီးဖြစ်သလို ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး လုပ်ငန်းစဉ်များကို သိရှိနားလည် လိုက်ပါဆောင်ရွက်နိုင်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး သဘောတူညီချက်ပါ လုပ်ငန်းစဉ် လေးခုအား အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ Category များသတ်မှတ်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သော (၉) ကြိမ်မြောက် ကုန်သွယ်ရေးဝန်ကြီးများအဆင့် အစည်းအဝေးမှ ထွက်ပေါ်လာသည့် Bali Package မှာ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး သဘောတူညီချက်များကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ ၎င်းသဘောတူညီချက်၏ အကျိုးကျေးဇူးများအား ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများရရှိနိုင်ရန်အတွက် လိုအပ်ချက်များ ကူညီထောက်ပံ့ရန်ရည်ရွယ်ပြီး Trade Facilitation Agreement Facility ကို စတင်ခဲ့ပါကြောင်း၊ ၎င်းမှတစ်ဆင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် နည်းပညာ အထောက်အပံ့နှင့် လူ့စွမ်းအားမြှင့်တင်ရေး စသော အခွင့်အလမ်းများ ရရှိစေမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ UNESCAP မှ Chief Officer ဖြစ်သူ Dr. Yann Duval က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားပြု ၅၀ ဦး တက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၄ ရက်နှင့် ၅ ရက်နေ့များတွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးရုံး၌ နှစ်ရက်ကြာ ကျင်းပခဲ့တယ်လို့ သိရပါသည်။

**Commerce JOURNAL**

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မြန်မာ့ပြည်တွင်းဆန်ဈေးကွက်အခြေအနေ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးကွက်မှာ ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းလတ်စတစ်အိတ်ကို ၃၄၅၀၀ ကျပ်၊ ထိပ်စ ၃၇၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်ကို ၄၂၅၀၀ ကျပ်မှ ၄၅၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်းလတ်စ ၃၅၀၀၀ ကျပ်၊ ထိပ်စ ၃၇၅၀၀ ကျပ် အသီးသီးဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် ဆန်ချောတစ်အိတ်ကို ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်အတွင်း ဈေးအနည်းငယ် တက်ခဲ့သော်လည်း ပေါ်ဆန်းထက် အရည်အသွေးနိမ့်သည့် ပေါ်ကွဲဆန်မှာ တစ်အိတ်ကို ၁၀၀၀ ကျပ်မှ ၂၀၀၀ ကျပ်အတွင်းဈေးကျခဲ့တာ တွေ့ရပါတယ်။

ဆန်ကြမ်းတွေဖြစ်တဲ့ ဧည့်မထ လတ်စတစ်အိတ်ကို ၁၉၀၀၀ ကျပ်၊ ထိပ်စ ၂၁၀၀၀ ကျပ်၊ မိုးသုခ ၂၁၅၀၀ ကျပ်မှ ၂၂၅၀၀ ကျပ်၊ ရက် ၉၀ မီးကောက် ၂၀၀၀၀ ကျပ်မှ ၂၂၅၀၀ ကျပ်၊ ဆင်းသွယ်လတ် ၂၂၀၀၀ ကျပ်မှ ၂၂၅၀၀ ကျပ်၊ နွေဆန်ရှယ် ၁၈၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ထိ အသီးသီးဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၂၅၀၀ ကျပ်အထိ ဈေးတွေသိသာစွာ တက်လာခဲ့တာ တွေ့ရပါတယ်။

အလားတူ ဆန်ကြမ်းဖြစ်တဲ့ ငစိန်ဆန်မှာလည်း လတ်စတစ်အိတ်ကို ၁၇၅၀၀ ကျပ်၊ ထိပ်စ ၁၈၀၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်ခန့်စီ ဈေးတက်လာတာ တွေ့ရပါတယ်။ ဆန်ကြမ်းတွေကို ပြည်ပဝယ်လက် (အထူးသဖြင့် တရုတ်လိုင်း မူဆယ်ပို့ရန် တရုတ်ဝယ်လက်) တွေက စပါးထွက်ရာ ဆန်ထွက်ရာ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းရှိ အောက်ခြေနယ်အထိ ဆင်းဝယ်ကာ မူဆယ်သို့တိုက်ရိုက်တင်ပို့မှုပြုလာကြသဖြင့် ရန်ကုန်သို့ ဆန်ကြမ်းအဝင်နည်းလာကာ ဈေးနှုန်းတွေ တက်လာရတာဖြစ်တယ်လို့ ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

တရုတ်လိုင်း မူဆယ်ဆန်ဈေးကွက်မှာ ဇွန်လ ၅ ရက် ဆန်ဈေးနှုန်းများ မထွက်ရှိသော်လည်း ဇွန်လ ၃ ရက်နေ့ ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် နွေရှယ်တစ်အိတ်ကို ၁၄၁-၁၄၄ ယွမ်၊ မျော်ဘီနဲ့ စူပါ ၁၄၁-၁၄၄ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါ ၁၃၈-၁၄၀ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ ၁၃၂-၁၃၅ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ ၁၂၈-၁၃၁ ယွမ်၊ ဧည့်မထ ၃၅ မှတ် မနောသုခ ၁၂၅-၁၂၇ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၂-၁၃၃ ယွမ်၊ ငစိန် ၂၅ မှတ် ၁၂၇ ယွမ်၊ ကောက်ညှင်း ၁၅ မှတ် ၁၆၅-၁၆၈ ယွမ်၊ B 2,3,4 ဆန်ကွဲ ၁၀၂-၁၀၃ ယွမ်၊ B 1,2, ၁၀၄-၁၀၆ ယွမ်၊ B EXTRA ၁၀၇-၁၁၁ ယွမ်ဖြစ်ခဲ့ပြီး ငွေလဲနှုန်း တစ်ယွမ်ကို ၁၈၄ ကျပ်ဖြစ်ခဲ့လို့ ငွေလဲနှုန်းမှာ ယခင်တစ်ပတ်ထက် ၃ ဒသမ ၅၀ ကျပ်ခန့်ဈေးတက်လာခဲ့ကြောင်း၊ ယခုတစ်ပတ်အတွင်း ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန် ၂၅၅၀၀ တန်ခန့် ဝင်ရောက်ခဲ့ပြီး ရန်ကုန်-မူဆယ် ဆန်တင်ဆောင်ခမှာ တစ်တန်ကို ၉၄၀၀၀ ကျပ်ခန့်ရှိနေကြောင်း၊ မူဆယ်ရှိ ဆန်စပါးကုန်စည်ဒိုင်သို့ နှစ်ဖက်ကုန်သည်များ ပုံမှန်လာရောက်ကြသော်လည်း ပြီးခဲ့သည့် ရက်ပိုင်းအတွင်း တရုတ်ဘက်မှာ အဖမ်းအဆီးအချို့ရှိခဲ့လို့ မူဆယ်မှာ ဆန်အရောင်းအဝယ်အချို့ လုပ်နေသော်လည်း တရုတ်ဘက်သို့ပို့မရဘဲ ဖြစ်နေသေးကြောင်း၊ တရုတ်ဘက်မှာ အဖမ်းအဆီးသာမရှိခဲ့လျှင် ငွေလဲနှုန်းလည်း တက်နေတာကြောင့် မူဆယ်ဆန်ဈေးကွက် ဆက်ကောင်းနိုင်တယ်လို့ ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၂၉ ရက်ထိ တန်ချိန် ၃၁၆၃၆၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၈ သန်းကျော်ဖိုးရရှိနေကာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၄၀၁၇၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၄ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ ဆန်ချောဈေးနှုန်းမှာ ပြည်တွင်းဝယ်လိုအားပေါ်သာ မူတည်ပြောင်းလဲနေမည်ဖြစ်သော်လည်း မြန်မာ့ဆန်နဲ့ ဆန်ကွဲမှာ ယခင်ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့အများအပြားတင်ပို့ခဲ့ခြင်း၊ ယခုဘဏ္ဍာနှစ်မှာလည်း ယခင်ကာလတူထက် တင်ပို့ပြီးမှုများနေခြင်း၊ တရုတ်ဝယ်လက်တွေက နယ်အောက်ခြေအထိ ဆင်းဝယ်နေခြင်းနှင့် ငွေလဲနှုန်း တက်နေခြင်းများကြောင့် ဆန်ကြမ်းဈေးမှာ အတက်ဘက်သို့ ဦးတည်နေကြောင်း သုံးသပ်တင်ပြလိုက်ပါတယ်။ **သန်းအေး-ဆန်စပါး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၄-၆-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၉ | ၃၇၈ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၀ | ၃၇၉ | ▽ | ၃၅၀ | ၃၅၀ | □ | ၃၇၀ | ၃၇၅ | △ | ၄၀၅ | ၃၉၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၈ | ၃၆၇ | ▽ | ၃၂၅ | ၃၃၀ | △ | ၃၄၅ | ၃၆၀ | △ | ၃၆၀ | ၃၅၀ | ▽ |
| ပေါင်းဆန် | ၃၆၅ | ၃၆၅ | □ | - | - | - | ၃၅၀ | ၃၅၅ | △ | ၄၀၅ | ၄၁၀ | △ |

***Source: oryza.com***

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၄-၆-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၆၅ | ၄၆၅ | □ | ၅၆၅ | ၅၆၅ | □ | ၅၅၅ | ၅၅၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၅၅ | ၄၅၅ | □ | - | - | - | - | - | - |

***Source: oryza.com***

## ပြည်တွင်းမြို့ကြီးများ၏ (၅-၆-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၅၀၀ | △ | ၁၈၃၀၀ | □ | ၇၄၅၂ | △ | ၃၇၀၀၀ | □ |
| ပုသိမ် | ၄၂၃၂ | □ | ၁၉၅၀၀ | □ | ၈၇၆၂ | □ | ၃၇၀၀၀ | □ |
| ပဲခူး | ၄၃၀၀ | △ | ၁၇၅၀၀ | □ | ၆၂၀၀ | □ | ၂၈၀၀၀ | □ |
| ရွှေဘို | ၄၉၅၀ | □ | ၂၃၅၀၀ | □ | ၁၁၁၀၀ | △ | ၃၈၅၀၀ | △ |
| စစ်တွေ | ၄၃၀၀ | △ | ၁၈၀၀၀ | △ | ၇၈၀၀ | △ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၂၅၀ | □ | ၁၉၀၀၀ | △ | - | - | ၃၅၀၀၀ | △ |
| မန္တလေး | ၅၃၀၀ | △ | ၂၁၀၀၀ | △ | - | - | ၃၄၀၀၀ | □ |
| မကွေး | ၇၀၀၀ | △ | ၂၁၅၀၀ | □ | - | - | ၄၀၀၀၀ | △ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၅၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | △ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၄၅၀၀ | △ | ၂၁၀၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၄၀၀၀ | △ | ၁၉၅၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၀၀၀ | □ | - | - | ၄၂၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထ အုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ် ဈေးများ ဖြစ်ပါသည်။

# လျှောင်လက်၊ ဝယ်လက်သာရှိတဲ့ ပြည်တောင်ပုံမွှေးဈေးတက်လာ

ဇွန်လဆန်း ပြည်စပါး၊ ဆန်ဈေးကွက်တွင် ပြည်တောင်ပုံမွှေး စပါးဈေး ဆက်လက်မြင့်တက်လာပြီး ကျန်ဧည့်မထစပါးအုပ်စုကတော့ ဈေးငြိမ်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။

တောင်ပုံမွှေးစိုက်တောင်သူတွေထံမှာလက်ကျန်မရှိတော့ဘဲ လျှောင်လက်သမားတွေရဲ့ လက်ဝယ်မှာသာရှိတော့တဲ့ တောင်ပုံ မွှေးစပါးဈေးဟာ ဇွန်လဆန်းမှာ တင်း ၁၀၀ (၄၆ ပေါင်ကိုက်) ဈေး ၇၄၅၂၀၀ ကျပ်ထိဖြစ်လာပါတယ်။ ဆန်တစ်အိတ်ဈေးကတော့ ထိပ်စ ၃၇၀၀၀ ကျပ်ဖြင့် ဈေးငြိမ်ပြီး ဒေသတွင်းသာ အရောင်းအဝယ်ရှိတော့ကြောင်း သိရပါတယ်။ ဧည့်မထ(ပျော့) စပါးဈေး ၅၀၆၀၀၀ ကျပ်နဲ့ (အမာ) စပါးဈေးကတော့ ၄၅၀၈၀၀ ကျပ်ဖြင့် မေလနောက်ဆုံးပတ်ဈေးအတိုင်း ငြိမ်ပြီးအရောင်းအဝယ် ဖြစ်နေပါတယ်။ ဧည့်မထဆန်ဈေး တစ်အိတ်ကို ထိပ်စ ၂၁၀၀၀ ကျပ်ဖြင့် ဈေးအနည်းငယ်တက်လာပြီး ရန်ကုန်၊ မန္တလေးသို့ ရက်ခြား အိတ် ၆၀၀၊ ၇၀၀ အတင်ရှိကြောင်း သိရပါတယ်။

တောင်ပုံမွှေးစပါးနှင့် ဧည့်မထစပါးတွေက ကုန်ကြမ်းရှားလာချိန်ဖြစ်ပြီး နွေစပါးလည်း အသစ်တွေ ပေါ်ထွက်လာတာကြောင့် ဆန်ဈေး အနည်းငယ်ဈေးမြင့်ခြင်းဖြစ်တယ်လို့ သိရပါတယ်။ ထွက်စနွေစပါးဈေးကလည်း ၄၁၄၀၀၀ ကျပ်ပေါက်ပြီး ဈေးငြိမ်နေပါတယ်။

**နီနီဝင်း-ပြည်**

# တန့်ဆည်မြို့နယ်မှာ နွေစပါး စတင်ထွက်ပြီ

တန့်ဆည်မြို့နယ်မှာ ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးများ ရင့်မှည့်စပြုပြီ ဖြစ်၍ စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် ပေါ်ဦးရပ်ကွက်က တောင်သူတစ်ဦးထံမှ သိရပါတယ်။ တန့်ဆည်မြို့ နယ်မှ နွေစပါးအဖြစ် ပုလဲသွယ်၊ ရွှေသွယ်ရင် ၇၄၇ ကောလင်း ရွှေဝါစပါးမျိုးများစိုက်ပျိုးခဲ့ပြီး ယခုထွက်ပေါ်တဲ့စပါးကတော့ ၇၄၇စပါးမျိုးဖြစ်ပြီး အထွက်နှုန်းမှာ တစ်ဧက တင်း ၈၀(စက်ကျ)ထွက်ကြောင်း သိရှိရပါတယ်။

တစ်ဧက ကုန်ကျစရိတ်မှာ ကျပ် ၁သိန်း ၅သောင်းဝန်းကျင် ကုန်ကျပြီး ယခင်နှစ်ထက် အထွက်သာကြောင်း သိရပါတယ်။ ၂၀၁၄ ခုနှစ်က မိုးရေချိန် ၁၀ လက်မခန့် လျော့နည်းရွာသွန်းခဲ့ တဲ့အတွက် သဖန်းဆိပ်ဆည်မှ နွေရေပေးနိုင်ခဲ့မှုနည်းခဲ့ပြီး တန့်ဆည်မြို့နယ်မှ နွေစပါးစိုက်ဧက ၁၅၀၀၀ ဧက စိုက်ပျိုးနိုင်ခဲ့၍ ယခင်နှစ်ကာလတူ ထက်စိုက်ဧက ၁၄၀၀၀ ခန့် လျော့နည်းစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရပါတယ်။

ကာလပေါက်ဈေးမှာ တစ်တင်း(စက်ကျ) ၅၀၀၀ ကျပ်ခန့် ဈေးပေါက်နေပြီး၊ ယခင်နှစ်ထက် ၅၀၀ ကျပ်ခန့် ဈေးပိုနေကြောင်းသိရပါတယ်။

**အောင်မင်း(တန့်ဆည်)**

# နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မေလအတွင်း ဆန်တန်ချိန် တစ်သိန်းကျော်တင်ပို့

ယခုဘဏ္ဍာနှစ် မေလအတွင်းမှာ ကန်ဒေါ်လာ ၃၇ ဒသမ ၄၄၃ သန်းတန်ဖိုးရှိတဲ့ ဆန်တန်ချိန် ၁၀၄၆၈၀ ကို နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့်တစ်ဖက်နိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပါတယ်။ မေလ ဆန်တင်ပို့မှုမှာ အနီးစပ်ဆုံး ဧပြီလထက် ၃၅၆၃၄ တန်ပိုမိုခဲ့ပြီး၊ ယမန်နှစ်ကာလတူထက် ၃၀၁၇၃ တန်ပိုမိုခဲ့ပါတယ်။ မေလအတွင်းမှာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်စခန်းမှ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၁၀၄၄၈ တန် တင်ပို့ခဲ့ပြီး တာချီလိတ်စခန်းမှ ထိုင်းနိုင်ငံသို့ တန် ၂၀၀ တင်ပို့ခဲ့တဲ့နည်းတူ ဆန်ကွဲလည်း ပိုမိုတင်ပို့နိုင်ပါတယ်။ မေလအတွင်း မူဆယ်နဲ့ လွယ်ဂျယ်စခန်းမှ ဆန်ကွဲတန်ချိန် ၄၉၈၀၃ တင်ပို့ပြီး၊ ဧပြီလထက် ၃၂၀၆၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ကောက်ညှင်းဆန်ကိုတော့ တန် ၆၄၀ တင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၅-၆-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၉/၅ | ၅/၆ | ပြောင်းလဲမှု | ၂၉/၅ | ၅/၆ | ပြောင်းလဲမှု | ၂၉/၅ | ၅/၆ | ပြောင်းလဲမှု | ၂၉/၅ | ၅/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၁၂၃ | ၂၂၂၇ | ▲ | ၁၉၀၀ | ၂၀၀၃ | ▲ | ၁၉၆၅ | ၂၁၅၀ | ▲ | ၁၉၀၀ | ၂၀၀၀ | ▲ |
| ၂ | ပဲစင်းငုံ | ၂၀၄၁ | ၂၁၂၃ | ▲ | ၁၉၄၈ | ၂၀၃၃ | ▲ | ၁၉၅၀ | ၂၀၃၀ | ▲ | ၁၉၀၀ | ၁၉၇၅ | ▲ |
| ၃ | ပဲတီစိမ်း | ၁၈၆၅ | ၁၉၁၅ | ▲ | ၂၀၀၀ | ၁၈၆၇ | ▼ | ၁၉၂၀ | ၂၀၀၀ | ▲ | ၁၇၄၀ | ၁၇၄၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၁၄၃၀ | ၁၄၉၀ | ▲ | - | - | - | - | - | - | ၁၁၁၅ | ၁၁၈၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၁၆၅ | ၁၁၆၅ | ■ | ၉၆၇ | - | - | - | - | - | ၈၁၆ | ၈၁၅ | ▼ |
| ၆ | ထောပတ်ပဲ | ၇၈၀ | ၇၈၀ | ■ | ၈၈၉ | ၈၅၃ | ▼ | - | ၆၃၂ | - | ၆၁၀ | ၆၁၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၅-၆-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၈/၅ | ၄/၆ | ပြောင်းလဲမှု | ၂၈/၅ | ၄/၆ | ပြောင်းလဲမှု | ၂၈/၅ | ၄/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၆၀ | ၁၂၀၀ | ■ | ၁၂၂၅ | ၁၂၆၆ | ▼ | ၁၁၇၄ | ၁၁၆၉ | ▼ |
| ၂ | ပဲစင်းငုံ | ၁၁၂၀ | ၁၁၃၀ | ▲ | ၁၁၃၁ | ၁၁၅၃ | ▲ | ၁၁၃၅ | ၁၁၅၃ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၀၆၄ | ၁၀၆၀ | ▼ | ၁၀၉၅ | ၁၁၂၂ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ▲ | ၇၂၀ | ၇၃၂ | ▲ | ၇၀၄ | ၇၁၇ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၃.၅.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၃၀.၅.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၅) မှ (၃၀.၅.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၂၅၇၉၅ | ၂၆၇၄၉ | ၁၉၂၈၃၃ |
| ပဲတီစိမ်း | ၅၉၂၆ | ၆၁၀၁ | ၅၆၇၃၇ |
| ပဲစင်းငုံ | ၅၉၆၆ | ၈၄၆၁ | ၅၈၀၆၇ |
| ကုလားပဲ | ၇၇၉ | ၁၅၈၁ | ၆၁၂၇ |
| ပဲလွန်းဖြူ | ၈၀၃ | ၅၁၅ | ၆၂၅၂ |
| မြေထောက်ပဲ | ၉၅၀ | ၄၇၇ | ၆၄၅၈ |

## ပြည်ပဲလွန်းဖြူပစ္စည်းလက်ကျန်နည်းပေမယ့် ဈေးငြိမ်နေ

ယခုလဆန်းရက် ပြည်ပဲဈေးကွက်မှာ ဆောင်းပဲအချို့ လက်ကျန်ပြတ်သလောက် ဖြစ်နေသလို ပဲလွန်းဖြူသီးနှံမှာလည်း ပစ္စည်းရှားလာလို့ ပဲဈေးမှာ တစ်တင်း ၂၂၀၀၀ ကျပ်ဖြင့်သာ အနည်းငယ် အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။

ပဲလွန်းဖြူသီးနှံမှာ ပဲသစ်ပေါ်စအချိန်၊ ပဲအထွက်လှိုင်လာသည့် အချိန်များတွင်သာ ဒေသတွင်း ဝယ်လက်အပြင် အချို့မြို့နယ်၊ တိုင်းများသို့ တင်ပို့ရောင်းချမှုရှိခဲ့ပြီး ကျန်အချိန်ကာလများမှာတော့ လက်လီသမား များသာ အဝယ်ဖြစ်ခဲ့ကြပါတယ်။

ယခင်နှစ်က ပဲဈေးမှာ ယခုနှစ်လောက်ဈေးမကောင်းခဲ့တာကြောင့် ဇွန်လအတွင်းမှာလည်း ပဲလက်ကျန်များရှိခဲ့ကာ တစ်လလုံး အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခုနှစ်မှာတော့ ဈေးကောင်းရခဲ့လို့ တောင်သူရော၊ လှောင်လက်ပါ ထုတ်ရောင်းချခဲ့ကြတဲ့အတွက် ယခုလဆန်းမှစ၍ ပဲလက်ကျန်နည်းသွားပြီလို့ သိရပါတယ်။


ခင်ဆွေဝင်း-ပြည်



## ပြည်ပဲပုပ်ဈေးပိုလာသော်လည်း လက်လီသာအဝယ်ရှိ

ဧပြီလကုန်မှစ၍ မေလအထိ လက်ကျန်ပဲများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့တဲ့ ပဲပုပ်သီးနှံဟာ ယခုဇွန်လဆန်းမှာတော့ တစ်တင်း ၅၀၀ ကျပ်ပိုရလာလို့ ၁၆၅၀၀ ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က မေလဆန်း ပဲပုပ်ဈေးမှာ တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့် လလယ်အထိ ဈေးငြိမ်နေခဲ့တဲ့ အတွက် ယခုနှစ်ပဲပုပ်သီးနှံ၏ ကာလတူအချိန်ဈေးမှာ ယခင်လနှင့်ယှဉ်ရင် ဈေးပိုလာတယ်ဆိုသော်လည်း ယခင်နှစ်ဈေးကိုတော့ မမီခဲ့ဘူးလို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ဈေးပိုလာသော်လည်း အရောင်းအဝယ်ဖြစ်မှု ပမာဏကတော့ လက်လီသာအဝယ်ရှိလို့ ၁၀ အိတ်၊ ၁၅ အိတ် ခန့်သာရှိခဲ့ပါတယ်။

ခင်ဆွေဝင်း-ပြည်



## ဇွန်လဆန်း ပြည်ပဲမျိုးစုံဈေးကွက် ပြည်ပပို့ကုန် ဝယ်လက်ရှိတဲ့ မတ်ပဲနှင့် ပဲစင်းငုံ ဈေးဆက်တက်လျက်ရှိခဲ့

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်ပပို့ကုန်ဝယ်လက်ကြောင့် ဈေးတက်လာတဲ့ ပဲများကတော့ မတ်ပဲနဲ့ပဲစင်းငုံသီးနှံတို့ဖြစ်ပါတယ်။ကုလားပဲသီးနှံကလည်း ဒေသတွင်းသာ အဝယ်ရှိပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးပိုရလာခဲ့တယ်လို့ သိရပါတယ်။ ပဲကြီးနှင့် ဘိုကိတ်၊ ထောပတ်ပဲနှင့် အခြားပဲများကတော့ ဈေးငြိမ်နေသလို အချို့လည်းဈေးအနည်းငယ်လျှပ်နေခဲ့တာကို တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ ဈေးမြင့်တက်လာပေမယ့် တောင်သူများထံမှာ ပဲလက်ကျန်မရှိသလောက်ဖြစ်ခဲ့လို့ ပဲအဝင်ပါးသွားခဲ့ကာ ရွှေတောင်၊ ကျိုးသဲ၊ ပန်းတောင်းမြို့နယ်များမှသာ တစ်ရက် အိတ် ၁၀၀ ကျော်အဝင်ရှိခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်မှ ပြည်ပပို့ကုန်အဝယ်ရှိလို့ နေ့စဉ်ဝယ်ယူခဲ့ပြီး တစ်ရက်အိတ် ၃၀၀ ကျော် အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။

ပဲဈေးမှာ မေလကုန်တွင် တစ်တင်း ၃၉၂၀၀ ကျပ်မှ ယခုလဆန်းရက်တွင် တစ်တင်း ၄၂၀၀၀ ကျပ်အထိ ဈေးပိုမြောက်လာခဲ့ပါတယ်။ ယခုအချိန်တွင် ဈေးပိုရနေသော်လည်း တောင်သူများနှင့် အချို့လှောင်လက်များမှာ တစ်တင်း ၄၀၀၀၀ ကျပ်ခန့်တွင် ထုတ်ရောင်းချနေသလို တချို့လှောင်လက်များကလည်း ဈေးဆက်မျှော်ကာရှိနေခဲ့ကြတာကို တွေ့ရပါတယ်။ မတ်ပဲဈေးမှာ သုံးနှစ်တာကာလမှစ၍ နှိုင်းယှဉ်ကြည့်ရင် ယခုနှစ်ဈေးက အကောင်းဆုံးဖြစ်နေခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများ အရောင်းအဝယ်ဖြစ်လို့ နေ့စဉ် အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားလောက်သာ ရန်ကုန်ဝယ်လက်မှ ဝယ်ယူနေတဲ့ အတွက် အိတ် ၂၀၀ နဲ့ ၃၀၀ ကြား အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။

ဂုင်းသီးနှံမှာလည်း တစ်တင်း ၃၈၅၀၀ ကျပ်မှ ယခုလဆန်းမှာ ၄၀၀၀၀ ကျပ်ခန့်အထိ ရရှိလာခဲ့တဲ့အတွက် မတ်ပဲနည်းတူ ဈေးကောင်းရနေသလို ယခင်နှစ်များက ကာလတူအချိန် ဈေးနှုန်းများထက်လည်း သိသိသာသာပိုရလျက်ရှိခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။

သို့ပေမယ့်လည်း တောင်သူများကတော့ လက်ဝယ်မှာ ပဲလက်ကျန်မရှိတော့လို့ ဈေးမြင့်ပေမယ့် ထိုက်သင့်တဲ့ အကျိုးအမြတ်မခံစားရဘဲ လှောင်လက်သမား ကုန်သည်များသာ အကျိုးအမြတ်ရရှိစေခဲ့ပါတယ်။ ပဲကြီးသီးနှံကတော့ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်နေလို့ (ရွှေကျွန်း) တစ်တင်း ၂၄၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၂၀၀၀ ကျပ်ဖြင့် ယခင်လဈေးအတိုင်း ဈေးငြိမ်လျက်ရှိကာ ပန်းတောင်း၊ ကျိုးသဲ၊ ကံမ၊ မင်းတုန်းစသည်ဖြင့် နယ်စုံမှဝင်ရောက်နေသော်လည်း ပဲကြော်ဖိုသမားသာ နေ့စဉ် အဝယ်ရှိခဲ့ပါတယ်။

တစ်ရက် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဘိုကိတ်ပဲသီးနှံကလည်း လက်ကျန်ပဲများသာ ဒေသတွင်း လက်လီသမားများ အဝယ်ရှိလို့ ၁၀ အိတ်၊ ၁၅ အိတ်ခန့်သာ တစ်တင်း ၁၅၅၀၀ ကျပ်ဖြင့် ဈေးငြိမ်အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။ ထောပတ်ပဲသီးနှံမှာ အရောင်းအဝယ်အေးနေပြီး ဈေးလည်းအေးနေခဲ့တာကြောင့် တစ်တင်း ၁၂၀၀၀ ကျပ်ဖြင့်သာ လက်လီသမားအဝယ်ရှိခဲ့ပါတယ်။

ယခင်နှစ်က ထောပတ်ပဲ သီးနှံမှာ ဇွန်လဆန်းတွင် လက်ကျန်အနည်းငယ်သာရှိလို့ အရောင်းအဝယ်အေးနေပြီး လလယ်မှသာ တစ်တင်း ၁၅၅၀၀ ကျပ်ဖြင့် ပြန်လည်အရောင်းသွက်ခဲ့ပေမယ့် ယခုနှစ်မှာတော့ လဆန်းရက်မှာ ပုံမှန်အရောင်း အဝယ်ဖြစ်ခဲ့သော်လည်း ဈေးမှာ ယခင်နှစ်ထက် လျော့နည်း နေခဲ့ကြောင်း သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

## ပြည်ကုလားပဲဈေး တရိပ်ရိပ်တက်လျက်ရှိ

ပြည်ဈေးကွက်သို့ သာယာဝတီခရိုင်ဘက်ခြမ်း မြို့နယ်များနှင့် မင်းတုန်း၊ ကံမမြို့နယ်များမှ ကုလားပဲ သီးနှံဝင်ရောက်လျက်ရှိရာ တစ်ရက်အိတ် ၃၀၀ ကျော်အထိ အဝင်ရှိခဲ့တယ်လို့ သိရပါတယ်။ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်မှုများပေမယ့် ပို့ကုန်ဝယ်လက်သီးနှံများဖြစ်သော မတ်ပဲနှင့် ပဲစင်းငုံသီးနှံများကဲ့သို့ယခုတစ်ပတ်မှာ ဈေးမြင့်တက်ခဲ့လို့ တစ်တင်းကို ၂၄၀၀၀ ကျပ်အထိ ခွဲစက်သမားများ ဈေးပေးအဝယ်ရှိခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်အတွင်း ကုလားပဲဈေးမှာ တစ်နှစ် တာလုံး ဈေးအေးခဲ့ပေမယ့် ယခုနှစ်မှာတော့ ဧပြီလကုန်ပတ်မှစ၍ ကျပ်နှစ်သောင်းအထက်ရလျက်ရှိသလို ယခုချိန်ထိလည်း ဈေးမှာ တရိပ်ရိပ် တက်လျက်ရှိကြောင်း သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

# မုံရွာကုန်စည်ဒိုင် ဇွန်လဆန်း ပဲဈေးကွက်မတ်ပဲဈေး စံချိန်တင်

မုံရွာကုန်စည်ဒိုင် ဇွန်လဆန်း ပဲဈေးကွက်မှာ ပို့ကုန်ဝယ်လိုအားကောင်းတဲ့ပဲတွေ တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ကြသလို ဒေသတွင်း လုပ်ငန်းသုံးပဲတွေလည်းကျဈေးမှာ လှောင်လက်ဝယ်လိုအားရှိခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

အထူးသဖြင့် ပို့ကုန်အတွက် ရန်ကုန်ဝယ်လက် ဝယ်လိုအားကောင်းတဲ့အတွက် မတ်ပဲဈေးဟာ ယခုတစ်ပတ်မှာ တစ်တင်း ၄၂၀၀ ကျပ်ထိ စံချိန်တင်မြင့်တက်ခဲ့ရာ ပြီးခဲ့တဲ့နှစ်ကာလတူ ပေါက်ဈေးနဲ့ဆိုရင် တစ်တင်း ၁၈၀၀၀ ကျပ်နီးပါး မြင့်တက်ခဲ့တာ တွေ့ရပါတယ်။ အရောင်းအဝယ်အနေနဲ့ တောင်သူလက်ဝယ် ပဲမရှိဘဲ ကုန်သည်အရောင်းသာရှိပြီး တစ်ရက်အိတ် ၃၀၀ နီးပါးသာ ဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ပြီးခဲ့တဲ့ လက ဈေးအမြင့်ဆုံးနဲ့ ဈေးကွက်ကိုဦးဆောင်ခဲ့တဲ့ စိမ်းကြီးက ပို့ကုန်ဝယ်လိုအား ကောင်းပေမယ့် အဖျားသီးဆွတ်ချိန်မို့ အရည်အသွေး အနည်းငယ်နိမ့်တဲ့အတွက် ယခုတစ်ပတ်မှာ တစ်တင်း အနိမ့်ဆုံး ၃၅၀၀၀ ကျပ်မှ အမြင့်ဆုံး ၃၆၅၀၀ ကျပ်သာ ပေါက်ဈေးဖြစ်ခဲ့ပြီး ယခင်နှစ် ကာလတူပေါက်ဈေးထက် လျော့နည်းသွားခဲ့တာ တွေ့ရပါတယ်။ ဈေးအနည်းငယ်အေးလာတာနဲ့အမျှ ပဲအဝင်လေးလာတဲ့အတွက် တစ်ရက်အိတ် ၂၀၀၀ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်ကဆိုပါတယ်။

လှောင်လက်ကုန်သည်တွေလက်ထဲမှာသာ ရှိတော့တဲ့ ငုံနီဈေးကွက်လည်း ယခုတစ်ပတ်အတွင်း နေ့စဉ်နီးပါး တက်ဈေးဖြစ်ခဲ့ရာ တစ်တင်း ၃၉၈၀၀ကျပ်၊ ၄၀၀၀၀ ကျပ်မှ ၄၀၂၀၀ ကျပ်အသီးသီး ဈေးမြင့်ခဲ့ပြီး ရန်ကုန်ဝယ်လက် ပုံမှန်အဝယ်ရှိလို့ တစ်ရက် အိတ် ၅၀၀ ခန့်ဖြစ်လျက်ရှိတယ်လို့ သိရပါတယ်။

တောင်သူ လက်ဝယ်ပဲလက်ကျန်မရှိဘဲ ကုန်သည်ထံမှာသာ ပဲလက်ကျန်ရှိတော့တဲ့ ကုလားပဲမျိုးစုံဈေးကွက်လည်း ယခုတစ်ပတ်မှာ ဆက်လက်တက်ဈေးဖြစ်ပေါ်ခဲ့ရာ ထိုင်ဝမ် တစ် တင်း ၂၂၅၀၀ ကျပ်၊ V2 တစ်တင်း ၂၂၃၀၀ ကျပ်၊ 929 တစ်တင်း ၂၂၃၀၀ ကျပ် အသီးသီးပေါက်ဈေးဖြစ်ခဲ့ပြီး ရန်ကုန်ဝယ်လက်ရှိတဲ့နေ့မှာ တစ်ရက်အိတ် ၂၅၀၀ မှ ၃၅၀၀ ထိ အရောင်းအဝယ်ဖြစ်ခဲ့သလို ပုံမှန်အားဖြင့် တစ်ရက် ၆၀၀ မှ ၇၀၀ ခန့်သာဖြစ်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

မုံရွာကုန်စည်ဒိုင်ရဲ့ အနိမ့်ဆုံးပဲဈေးကွက်တွေထဲက စွန်တာနီ ကသဲပဲနဲ့ ပဲနီလုံးကြားတို့ ယခုတစ်ပတ်မှာ တစ်တင်း ၁၃၅၀၀ ကျပ် ၁၃၈၀၀ ကျပ်နဲ့ ၁၄၀၀၀ ကျပ်အသီးသီး အနိမ့်ဈေးမှာ ငြိမ်နေကာ ပို့ကုန်အဆွဲမရှိဘဲ ဒေသခံကုန်သည်နဲ့ လုပ်ငန်းသုံးသမားတွေ လှောင်ဖို့သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

စီပီပြောင်းဈေးကွက်မှာတော့ နယ်အဝင်စဲသွားပြီး ဝယ်လက်နဲ့ကုန်သည် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့လို့ တစ်တင်း ၈၅၀၀ ကျပ်မှာ ဈေးငြိမ်နေတာ တွေ့ရပါတယ်။

ယခုနှစ် မိုးပဲမျိုးစုံစိုက်ပျိုးချိန်မှာ မိုးကွက်ကြားသာရွာနေတဲ့အတွက် မိုးကိုအားပြုရတဲ့ အညာက တောင်သူတွေ စိုက်ချိန်နောက်ကျနိုင်သလို ပဲအထွက်လည်းလျော့လာနိုင်ကာ ပို့ကုန်ဈေးကွက် မျှော်လင့်ချက်ရှိတဲ့ ပဲတွေတက်ဈေးဖြစ်နိုင်တယ်လို့ ကုန်သည်အချို့ တွက်ဆလျက်ရှိပြီး လှောင်လက်အဝယ်ဆက်လက်တက်နိုင်တယ်လို့ ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**




## ဟိုတယ်နှင့် စားသောက်ဆိုင်များအတွက် အစားအစာဘေးကင်းရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

Food Science & Technology Association (FoSTA) and Bangkok Exhibition Services Ltd. (BES) တို့ ပူးပေါင်းစီစဉ်မှုဖြင့် 'ဟိုတယ်နှင့် စားသောက်ဆိုင်များအတွက် အစားအစာဘေးကင်းရေးဆိုင်ရာ ဆွေးနွေးပွဲ (Safe Foods for Hotels & Restaurants Seminar)' ကို ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရှင်စောပုလမ်းရှိ Myanmar Event Park – MEP ခန်းမတွင် ဇွန် ၃ ရက်နေ့က ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို မြန်မာ့အစားအစာနှင့် ဟိုတယ် ၂၀၁၅ (FOOD & HOTEL MYANMAR 2015) ပြပွဲနှင့်အတူ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းမှ အရာထမ်းများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူ ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် အရာထမ်းများ၊ မြန်မာစားသုံးသူများ သမဂ္ဂနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စားဖိုမှူးများအသင်းမှ စားဖိုမှူးများ၊ Organizer ဖြစ်သည့် BES နှင့် FoSTA မှ ကိုယ်စားလှယ်များ၊ စားသောက်ကုန်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသည့် ပညာရှင်များ စုစုပေါင်း ၆၈ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီတွင် Organizer ဖြစ်သည့် BES နှင့် FoSTA မှ ကိုယ်စားလှယ်များက အမှာစကားပြောကြားပြီး ဆွေးနွေးပွဲအခမ်းအနား စတင်ရာတွင် မြန်မာစားသုံးသူများသမဂ္ဂဥက္ကဋ္ဌ ဦးရန်လင်းက စားသုံးသူများ ရယူပိုင်ခွင့်နှင့် တာဝန်များကို "Consumer Rights and Responsibilities" ခေါင်းစဉ်ဖြင့် စတင်ဆွေးနွေးခဲ့ပါသည်။

ဆက်လက်ပြီး FoSTA မှ ဒေါက်တာဒေါ်မာမာကြည်က "Food Safety in Livestock delivered" ခေါင်းစဉ်ဖြင့် တိရစ္ဆာန်ထွက် စားသောက်ကုန်များ စားသုံးရာတွင် ရှောင်ရန်/ဆောင်ရန် အကြောင်းများကို ကျန်းမာရေးရှုထောင့်မှ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

စားသုံးသူကာကွယ်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဆောင်ရွက်ချက်များအကြောင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒေါက်တာသန်းသန်းလွင်က "Consumer Protection of YCDC delivered"ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပါသည်။

လူသားတို့အတွက် အလွန်အရေးပါသော သောက်သုံးရေနှင့် ဆက်နွယ်ပြီး ရရှိနိုင်သော ဆိုးကျိုးများအကြောင်းနှင့် ထိုဆိုးကျိုးများမဖြစ်စေရန် ကျန်းမာရေးနှင့် ညီညွတ်စွာသုံးစွဲရမည့် နည်းလမ်းများကို "Safe Water Saves Lives" ခေါင်းစဉ်ဖြင့် Visiting Associate Professor, YTU မှ ဒေါက်တာဆွေဆွေဝင်းက ဆွေးနွေးခဲ့သည်။ ထို့နောက် အစားအစာများကို ဘေးအန္တရာယ်ကင်းရှင်းစွာ စီမံချက်ပြုတ်ရမည့်နည်းလမ်းများကို "Chef Manual to make food safe delivered"ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ စားဖိုမှူးများအသင်းမှ ဒေါ်မိုးမိုးခိုင် (F&B Production Trainer) က ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးခဲ့သော အကြောင်းအရာများနှင့်ပတ်သက်၍ အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကို ညနေ ၄း၃၀ တွင် ရုပ်သိမ်းခဲ့ပါသည်။

**တင်မာကြည်**



## ပြည်စားတော်ပဲ ဇွန်လဆန်းမှာ ဈေးမြင့်

မေလအတွင်း ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပြည်စားတော်ပဲသီးနှံဟာ ယခုဇွန်လဆန်းမှာတော့ ဈေးမြင့်တက်လာတာကြောင့် တစ်တင်း ၂၇၅၀၀ ကျပ်မှ ၂၈၀၀၀ ကျပ်ထိ ရရှိခဲ့တာကို တွေ့ရပါတယ်။ ပဲဝင်ရောက်မှုပမာဏမှာလည်း နည်းသွားပြီး လက်ကျန်ပဲများရှိလို့ လက်လီသမားများမှ နေ့စဉ်ဝယ်ယူခဲ့တဲ့အတွက် အိတ် ၃၀ မှ ၅၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့သလို အချို့ရက်တွေမှာတော့ အိတ် ၁၀၀ ကျော်အထိ အရောင်းသွက်ခဲ့တယ်လို့ သိရပါတယ်။ လက်လီသမားသာ အဝယ်ရှိပေမယ့် အခြားပဲများနဲ့ ယှဉ်ရင် ပဲဈေးကောင်းခဲ့တာ တွေ့ရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲနီပြားဈေးမပြောင်းဘဲ ပုံမှန်သာ အရောင်းအဝယ်ဖြစ်

ဇွန်လဆန်းမှာ လက်လီအဝယ်ရှိတဲ့ ပဲအချို့ဈေးလှုပ်လာပေမယ့် ပဲနီပြားသီးနှံဈေးကတော့ ယခင်လအတိုင်း တစ်တင်း ၁၈၅၀၀ ကျပ်ဖြင့် ဈေးငြိမ်လျက်ရှိခဲ့ပါတယ်။ ပဲနီပြားမှာ ဒေသတွင်း စိုက်ပျိုးထွက်ရှိမှုနည်းသလို အရောင်းအဝယ်ဖြစ်မှုပမာဏမှာလည်း အခြားဒေသများသို့ တင်ပို့ရောင်းချခြင်းမရှိဘဲ ဒေသတွင်း ဝယ်လက်အချို့နှင့် လက်လီသမားများသာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။

လက်ကျန်ပဲများအား တစ်တင်း ၁၈၅၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်နေခဲ့ပါတယ်။ ပဲနီပြားသီးနှံ၏ ယခင်နှစ် ဇွန်လအတွင်း ပေါက်ဈေးမှာ တစ်တင်း ၂၀၀၀၀ ကျပ် ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးမှာ ယခင်နှစ်ထက် ဈေးလျော့နည်းအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ကန်ပိုက်တီးနယ်စပ် ကုန်သည်များက တစ်ဖက်နိုင်ငံသို့ ဆန်တင်ပို့ရန် ပို့ကုန်ခွဲတမ်းများ ရရှိရန် ဆန္ဒရှိ

ကန်ပိုက်တီးနယ်စပ်ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌက မေလ ၂၉ ရက်နေ့က ပြုလုပ်တဲ့ ကန်ပိုက်တီးကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ ပို့ကုန်အမယ်ဖြစ်သော ဆန်ခွဲတမ်းများ ရရှိရေး နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ ဆွေးနွေးညှိနှိုင်းပေးစေလိုကြောင်း တင်ပြထားတယ်လို့ သတင်းရရှိပါတယ်။

ယခင်ကလည်း ပြောင်းများ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ပြောင်းတန်ချိန် ၁၀၀၀၀ တင်ပို့ခွင့် ခွဲတမ်းကိုရရှိပြီး တင်ပို့နေပြီဖြစ်ကြောင်း၊ စခန်းတာဝန်ခံကလည်း လာမယ့် ဇူလိုင်လမှာ ကျင်းပမယ့် နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ ဆန်ပို့ကုန်ခွဲတမ်း ရရှိရေး ဆွေးနွေး ညှိနှိုင်းပေးသွားမယ်လို့ ပြန်လည်အသိပေး ပြောကြားထားတယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## နနွင်း



### နနွင်းတန်ချိန် ၁၅၀ကျော် တင်ပို့နိုင်ခဲ့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဩဂုတ်လ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း နနွင်း ၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ပြည်ပနိုင်ငံကို တင်ပို့နိုင်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ စင်ကာပူနိုင်ငံကို ၆၆ တန် နဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံကို ၉၂တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာ တန်ချိန် ၉၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ နနွင်းတန်၆၀ ကျော် တင်ပို့မှု ပိုခဲ့တယ်လို့သိရပါတယ်။နနွင်းတင်ပို့မှုမှကန်ဒေါ်လာ ၄၆၄၈၀ ဝင်ငွေရရှိခဲ့ပါတယ်။

**သီတာဝင်း (DOT)**

### ရှမ်းနနွင်းများကို ပြည်တွင်းသုံးနဲ့ လှောင်လက်အဝယ်သာရှိ

ရှမ်းနနွင်းက အရောင်းအဝယ်ပါးနေပြီး အဝင်နည်းလာပါတယ်။ တစ်ရက်ကို ပိဿာချိန် ရာဂဏန်းခန့်သာအဝင်ရှိပြီး တစ်ခါတစ်ရံဆယ်ဂဏန်းခန့်သာ အဝင်ရှိတော့တယ်လို့ သိရပါတယ်။

ပြည်ပဝယ်လက်တွေက ဝယ်ချင်သလိုရှိပေမယ့် အခုထိတော့ အရောင်းအဝယ်က မဖြစ်လာသေးပါဘူး။ ပြည်တွင်းသုံးနဲ့ လှောင်လက်တွေသာအဝယ်ရှိနေလို့ ဈေးကွက်မပျက် အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ပြည်ပဝယ်လက်တွေပေါက်ဈေးထက်ဈေးနိမ့်ပြီး ပေးချင်တာကြောင့် လှောင်လက်တွေ၊ တောင်သူတွေကလည်း မရောင်းချင်ကြပါဘူး၊ အဟောင်းလက်ကျန်တွေ မရှိတော့ဘဲ အသစ်တွေကိုသာ အရောင်းအဝယ်ပြုလုပ်နေကြတယ်လို့လည်း သိရပါတယ်။

ပြည်တွင်းသုံးတွေနဲ့ လှောင်လက်တွေ ဝယ်ယူနေလို့ တစ်ပတ်ကိုတော့ ပိဿာချိန် နှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်နေပေမယ့် အရင်တစ်ပတ်ကထက် ဈေးကျလာပါတယ်။ အရင်တစ်ပတ်က အောင်ပန်းနနွင်းဆိုရင် ၁၄၀၀ ကျပ်ဈေးရှိပေမယ့် ဒီတစ်ပတ်မှာ ၁၂၀၀ ကျပ်-၁၂၅၀ ကျပ်၊ ဆင်တောင်နနွင်းက အရင်တစ်ပတ်က ၂၀၀၀ ကျပ်-၂၁၀၀ ကျပ်ဈေးရှိပေမယ့် ဒီတစ်ပတ်မှာ ၁၆၀၀ ကျပ်မှ ၁၈၀၀ ကျပ် ဈေးရှိတယ်လို့ အောင်ပန်းနနွင်းပွဲရုံတွေက သိရှိရပါတယ်။ **ဇေခိုင်-တောင်ကြီး**

## ကြက်သွန်

### ပြည်ကြက်သွန်နီဈေးကွက် ဈေးငြိမ်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ကြက်သွန်နီပွဲရုံများတွင် ယခု ဇွန်လဆန်း ကြက်သွန်နီဝင်ရောက်မှု ပုံမှန်ရှိနေတာ တွေ့ရပါတယ်။ ဈေးနှုန်းအတက်အကျမရှိဘဲ ဈေးငြိမ်နေပါတယ်။ စားသုံးသူများနှင့် အရောင်းအဝယ် အိတ်ဆွဲသမားတွေကတော့ (အလတ်စ)ကို ပိုမိုဆွဲတာတွေ့ရပါတယ်။ ကြက်သွန်နီ တစ်ပိဿာ ပွဲရုံဈေး (ကြီး) ၄၃၀ ကျပ်၊ (လတ်) ၄၃၀ ကျပ်နှင့် (သေး) ၄၀၀ ကျပ်တို့ဖြစ်ပြီး၊ လက်လီ တစ်ပိဿာဈေး (ကြီး) ၅၀၀ ကျပ်၊ (လတ်) ၅၅၀ ကျပ်နှင့် (သေး) ၄၅၀ ကျပ်ဈေးများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဒေသတွင်း အရောင်းအဝယ်ဖြစ်မှု ကြောင့် ပွဲရုံများတွင် တစ်ရက်အိတ် ၉၀၀ မှ ၁၀၀၀ နီးပါး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **နီနီဝင်း-ပြည်**

### စခန်းစုံမှ ကြက်သွန်နီ/ကြက်သွန်ဖြူ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၈၈၉၀၈ တန်ဖိုးရှိ ကြက်သွန်နီ ၄၃၅ တန်ကျော်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၁၂၆၁၄ တန်ဖိုးရှိကြက်သွန်နီ ၄၄၉ တန်ကျော်နဲ့တာချီလိတ် နယ်စပ်စန်းမှ ကန်ဒေါ်လာ ၃၆၈၇၇ တန်ဖိုးရှိကြက်သွန်ဖြူတန် ၄၅၀ ကို မေလနောက်ဆုံးပတ်မှာ တင်ပို့မှုရှိခဲ့ပါတယ်။

မေလတစ်လလုံးမှာတော့ မူဆယ်နဲ့ မြဝတီမှ ကြက်သွန်နီ တန်ချိန်ပေါင်း ၄၄၄၄ တန်ကျော်ထိ တင်ပို့နိုင်ခဲ့ပြီး တာချီလိတ်ကနေ ကြက်သွန်ဖြူတင်ပို့ခဲ့တာက ဧပြီလဆန်းပိုင်းက ၅ တန် တင်ပို့ခဲ့ပြီးနောက် ယခုမေလမှာ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။

ပြည်ပသို့ ကြက်သွန်နီတင်ပို့မှုနဲ့ စပ်လျဉ်းပြီး အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်၊အိန္ဒိယအစရှိတဲ့ နိုင်ငံများသို့ တစ်နှစ်လျှင် တန်ချိန် ၇၀၀၀ ခန့် နှစ်စဉ်တင်ပို့မှုရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## ချင်း

### အောင်ပန်းချင်းဈေးကွက်သို့ ချင်းအဝင်နည်းပြီး အရောင်းအဝယ်အေး ဈေးအေးနေ

အောင်ပန်းဈေးကွက်မှာ ချင်း (စို)၊ ချင်း (ခြောက်) နှစ်မျိုးစလုံး အဝင်နည်းသွားပါပြီ ပုံမှန်လိုအဝင်ရှိနေတယ်လို့ ဆိုပေမယ့် တစ်ချို့ရက်တွေမှာ တစ်ရက်လုံး (လုံး၀) အဝင်မရှိတဲ့နေ့တွေလည်း ရှိနေပါတယ်။ ဈေးကတော့ အတက်၊ အကျ သိပ်မရှိဘဲ အရောင်းအဝယ်အေး၊ ဈေးကလည်းအေးနေတယ်လို့ သိရပါတယ်။ ပုံမှန်အားဖြင့်တော့ ပြည်တွင်းသုံးအတွက်သာ ဝယ်ယူနေလို့ ချင်းတက်တွေလည်း အတော်များများ ကျန်နေပါသေးတယ်။ ပြည်ပဝယ်လက်ဖြစ်တဲ့ မူဆယ်ဝယ်လက်တွေကလည်း ချင်းတွေစိုက်ပြီးသွားတာကြောင့် အဝယ်လည်း ရပ်သွားပါတယ်။

ဥမတွေတော့ မဖော်ရသေးပါဘူး။ မိုး ပုံမှန်ရွာလာရင်တော့ ဇွန်လကုန်၊ ဇူလိုင်လမှာ ဖော်လို့ရနိုင်တယ်လို့ သိရပါတယ်။ ချင်းခြောက်ကိုလည်း ဒီနှစ်မှာ သိပ်မလုပ်ဖြစ်ကြပါဘူး။ ပြီးခဲ့တဲ့ နှစ်က ချင်းခြောက်ကိုသာ အရောင်းအဝယ်လုပ်နေရပြီး ချင်းခြောက်ကိုတော့ ဟင်းခတ်အမွှေးအကြိုင် တစ်မျိုးဖြစ်တဲ့ မဆလာပြုလုပ်ဖို့ရယ်၊ ပရဆေးဖော်ဖို့ရယ်အတွက်ပဲ ဝယ်ယူမှုသာရှိပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းစိုတစ်ပိဿာ ဈေးနှုန်းတွေက ညံ့စ ဆိုရင် ၄၀၀ ကျပ်၊ လတ်စက ၆၀၀ ကျပ်၊ ၇၀၀ ကျပ်၊ ၈၀၀ ကျပ်၊ ထိပ်စက ၁၀၀၀ ကျပ်ဈေးရှိပြီး တစ်ပတ်အတွင်း ပိဿာချိန်ပေါင်း ၈၄၀၀၀ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။

ချင်းခြောက်ကတော့ တစ်ပိဿာကို ၂၀၀၀ ကျပ်-၂၁၀၀ ကျပ်-၂၂၀၀ ကျပ်ဈေးနဲ့ ပိဿာချိန် လေးသောင်းတစ်ထောင် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### ပြည်ချင်းဈေးကွက်မှာ အဝင်နည်းပေမယ့် ဈေးပုံမှန်ရှိ

ယခုဇွန်လဆန်းပတ် ပြည်ချင်းဈေးကွက်သို့ အောင်ပန်းချင်းပိဿာ ၃၀ ဝင်အိတ် ၂၀ ခန့်သာဝင်ရောက်ပြီး ချင်းအဝင်နည်းတဲ့အချိန်လို့ ဆိုပါတယ်။ ဇွန်လပထမပတ်မှစ၍ အရောင်းအဝယ်ပါးလာပြီး ဈေးကွက်မှာ ပစ္စည်းလည်းရှား၊ အရောင်းအဝယ်ကလည်း ခပ်ပါးပါးဖြစ်ပေမယ့်ဈေးနှုန်းမှာ ယခင် တစ်ပတ်အတိုင်းရှိပြီး၊ တစ်နေ့ကို ပိဿာချိန် ၁၅၀ ခန့်နဲ့ အရောင်းအဝယ်အေးနေ တယ်လို့ ဆိုပါတယ်။ ပြည်ဈေးကွက်ရှိ ချင်းဈေးမှာ တစ်ပိဿာကို အကြီး ၁၅၀၀-၁၉၀၀ ကျပ်၊ အသေး ၁၂၀၀-၁၄၀၀ ကျပ်ရှိပြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်သို့ ယခုတစ်ပတ်အတွင်း စားသုံးမှုအဖြစ် ဈေးကွက်မှတစ်ဆင့် တစ်နေ့ကို ပိဿာချိန် ၂၀၀ ခန့် တင်ပို့ကြောင်း သိရပါတယ်။


**ဝင်းဝင်းခိုင်-ပြည်**



### ချင်းခြောက်ထက် ချင်းစိုပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၁၅ မေလအတွင်း ကန်ဒေါ်လာ ၂၈၁၆၀ တန်ဖိုးရှိ ချင်းစို ၈၈ တန်နဲ့ ကန်ဒေါ်လာ ၁၇၅၇၇ တန်ဖိုးရှိ ချင်းခြောက် ၉ တန် နီးပါးကို လည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနယ်စပ်စခန်းမှ ကန်ဒေါ်လာ ၄၅၉၃ တန်ဖိုးရှိ ချင်းစို ၅ တန်ကိုလည်းကောင်း အသီးသီး တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်နယ်စပ်မှာ ချင်းစိုတစ်တန်ရဲ့ မိမိဖက်ပေါက်ဈေးဟာ ငွေလဲနှုန်းအရ ၃၆၄၀၀၀ ကျပ်မှ ၃၆၄၈၀၀ ကျပ်ဈေး ဝန်းကျင်ရှိပြီး စစ်တွေမှာတော့ တစ်တန်ကို ၉၉၄၀၈၀ ကျပ်ခန့် ပေါက်ဈေးရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## မန်ကျည်း



### အစေ့လွတ် မန်ကျည်းမှည့်ဈေး မြင့်တက်လာခဲ့

နယ်မှ ဝင်ရောက်လာတဲ့ မန်ကျည်းမှည့်ဟာ အလွန်နည်းပါးလာပြီး၊ အစေ့လွတ် မန်ကျည်းမှည့်များသာ ပွဲရုံလှောင်လက်သမားများထံတွင် ရှိနေကြောင်း သိရပါတယ်။

ရခိုင်၊ တောင်ကုတ်၊ သံတွဲဘက်များသို့ တင်ပို့မှုမှာလည်း ယခုဇွန်လဆန်းတွင် မန်ကျည်းမှည့် အသားချည်းသာ တင်ပို့တာ တွေ့ရပါတယ်။

ဘင်္ဂလားဒေ့ရှ်မှ အဝယ်ရှိတာကြောင့် ရခိုင်မှ ပုံမှန်ဝယ်လက်ရှိနေပြီး နှစ်ရက်ခြား ပိဿာချိန် ၅၀၀ ကျော်ထိ တင်ပို့မှုရှိပါတယ်။ အစေ့ပါ မန်ကျည်းမှည့်များလည်း ရှားပါးပြီး မရှိသလောက်ဖြစ်နေပါတယ်။ မန်ကျည်းမှည့် တစ်ပိဿာ (အစေ့လွတ်) ဈေး (ပွဲရုံဈေး) ၁၂၀၀ ကျပ်ထိ မြင့်တက်ခဲ့ပြီး လက်လီ တစ်ပိဿာဈေး ၁၅၀၀ ကျပ် ဖြစ်ပါတယ်။ **နီနီဝင်း-ပြည်**

| ၁-၆-၂၀၁၅ မှ ၅-၆-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 168 | 9,517,129,926 |
| 2 | Form D | 53 | 3,889,082,100 |
| 3 | Form E | 61 | 1,060,808,442 |
| 4 | Korea GSP | 3 | 161,405,900 |
| 5 | Form AK | 43 | 2,792,574,260 |
| 6 | Form AJ | 4 | 296,511,800 |
| 7 | Form AI | 51 | 1,445,970,740 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **383** | **19,163,483,168** |

# ဧည့်ဝတ်ကျေပွန်သောအိမ်ရှင်ဖြစ်ရန် ဧည့်သည်အဖြစ် လေ့လာရေးခရီး

|မောင်မောင်အေး–လှိုင်ကော်|



*စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဦးဆောင်ပြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနဲ့ ကယားပြည်နယ် အစိုးရတို့ပူးပေါင်းဆောင်ရွက်တဲ့ နယ်သာလန်နိုင်ငံအစိုးရ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင်ရေးဗဟိုဌာန (Centre for promotion of imports from developing countries) ရဲ့ Netherland Trust Fund III (NTF III) အစီအစဉ်နဲ့ ကယားပြည်နယ်မှာ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိတာ အများအသိဖြစ်ပါတယ်။*

ဒီစီမံချက်မှာ နည်းပညာအရ အကူအညီပေးတဲ့ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (International Trade Center - ITC) က နိုင်ငံတကာ ခရီးသွားလာရေးကျွမ်းကျင်သူ၊ အကြံပေးပညာရှင်များဟာ ၂၀၁၄ ခုနှစ် နှစ်လည်နဲ့ နောက်ပိုင်း ကွင်းဆင်းတွေ့ရှိချက်တွေအပေါ် 2015 Work Plan ထုတ်ပြန်ပြီးတာနဲ့ ဒီ Plan အတိုင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။

ပြီးခဲ့တဲ့မေလ ၁၅ မှ ၁၇ အထိ ITC မှ Dr.Frederic Thomas ဦးဆောင်တဲ့ ခရီးသွားပညာရှင်များ၊ ဝန်ထမ်းများဟာ ကယားပြည်နယ်က စီးပွားကူးသန်း၊ ဟိုတယ်ခရီး၊ ယဉ်ကျေးမှုပြတိုက်၊ ရက်ကန်းသင်တန်းကျောင်းစတဲ့ နေရာစုံက ဝန်ထမ်းများအပါအဝင် ဟိုတယ်လုပ်ငန်းအသင်း၊ စားသောက်ဆိုင်အသင်း ကျေးရွာတာဝန်ရှိသူများပါတဲ့ စုစုပေါင်း ၁၇ ဦးဟာ ရှမ်းပြည်တောင်ပိုင်း၊ အင်းလေးဒေသထဲကို လုပ်ငန်းခွင် လက်တွေ့လေ့လာရေးသင်တန်း ခရီးထွက်ခဲ့ကြပါတယ်။

စတည်းချတည်းခိုပြီး လေ့လာရတဲ့နေရာကတော့ အင်းပေါ ခုံကျေးရွာမှာရှိတဲ့ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်အမွေကမ်းခဲ့တဲ့ Inle Heritage ဟိုတယ်မှာဖြစ်ပါတယ်။ နိုင်ငံခြားသားတွေပါ တည်းခိုနိုင်တဲ့ အဆင့်မြင့်ဟိုတယ် တစ်ခုဖြစ်သလို အပြင်အဆင်တွေကိုလည်း ဝါး၊ ကြိမ်၊ သစ်သားစတဲ့ ဒေသထွက်ကုန်ပစ္စည်းများနဲ့သာ ပြုလုပ်ထားတာတွေ့ရပါတယ်။ ဟိုတယ်လုပ်ငန်းနဲ့အတူ အမှတ်တရပစ္စည်း အရောင်းပြခန်း၊ ငါးပြတိုက်၊ ရှားပါးမြန်မာ့ကြောင်ပြခန်းနဲ့အတူ ယဉ်ကျေးပျိုဌာ ဟိုတယ်အသက်မွေးဝမ်းကျောင်းသင်တန်းကိုလည်း ဖွင့်လှစ်သင်ကြား ပို့ချနေတာတွေ့ရပါတယ်။

အဲဒီမှာ လေ့လာမှတ်သားခဲ့ရတာတွေကတော့ ဧည့်သည် မရောက်မီ ဝန်ထမ်းများအနေနဲ့ စည်းစနစ်ကျစွာ ကြိုတင်ပြင်ဆင်ထားရတာတွေ၊ အသေးအမွှားလို့ထင်ရပေမဲ့ ဧည့်သည်ရဲ့စိတ်ထဲမှာ စွဲမှတ်သွားနိုင်တာတွေ၊ House Keeping မှာ သိစရာ၊ မှတ်စရာ၊ မထင်မှတ်တဲ့ အတော်လက်ဝင်တဲ့ ကြိုတင်ပြင်ဆင်မှုများကိုလည်း မှတ်သားမိပါတယ်။ ဟိုတယ်ဝန်ထမ်းတွေအနေနဲ့တော့ နိစ္စဓူဝလုပ်ငန်းများဖြစ်လို့ ပေါ့ပေါ့ပါးပါး လုပ်ကိုင်ရင်း ပျော်ရွှင်နေကြတာ တွေ့ရပါတယ်။

ညနေပိုင်း Vocational Training မှာ Cooking lessons အနေနဲ့ ဧည့်သည်နဲ့အတူ ချက်ပြုတ်တဲ့ သင်ခန်းစာပေးပါတယ်။ ဒီမှာသုံးတဲ့ အသီးအရွက်တွေဟာ သင်တန်းသားများကိုယ်တိုင် Organic မြေဩဇာပြုလုပ်ပြီး စိုက်ပျိုးထားတဲ့ ကောက်ပဲသီးနှံပင်တွေဖြစ်ပါတယ်။ ကိုယ်တိုင်ပဲ စိုက်ခင်းထဲဝင်၊ လတ်လတ်ဆတ်ဆတ် အသီးအနှံ အရွက်အညွန့်တွေကိုခူးဆွတ်ပြီး သင်တန်းသားအားလုံး Apron ကို ခါးမှာစည်းကာ မီးဖိုများရှေ့မှာ ကိုယ်တိုင်ချက်ပြုတ်ရပါတယ်။ သင်တန်းဆရာ ဦးနိုင်ဝင်းက ပြည်ပဧည့်သည်အချို့မှာ ဒေသထွက်သီးနှံ အစားအသောက်များကိုစိတ်ဝင်စားကြောင်း၊ ချက်ပုံပြုတ်ပုံကို သိလိုကြောင်း၊ အချို့အမေးအမြန်းထူကြောင်း၊ Cooking lesson ဟာ အနည်းဆုံး ၂ နာရီမှ အများဆုံး ၄ နာရီအထိကြာကြောင်း၊ သီးနှံသားငါးများအကြောင်း အခြေခံကအစ အသေးစိတ်ရှင်းပြနေရတာဖြစ်ကြောင်း၊ ဧည့်သည်တစ်ဦးအတွက် USD 100 ယူကြောင်း လက်တွေ့သင်ပြ ဆွေးနွေးပါတယ်။

အစားအသောက်မှာ ဘေးအန္တရာယ်မဖြစ်ပွားစေဖို့အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ လိုကြောင်း၊ သင်တန်းကျောင်းအုပ် ဦးအောင်ကျော်စွာက ရှင်းပြဆွေးနွေးပါတယ်။ အင်းလေးကန်ရဲ့ အနာဂတ်၊ အင်းလေးကန်ရဲ့ သန့်ရှင်းရေးကိစ္စတွေနဲ့အတူ ရေဆိုးရေညစ်များကို ကျောက်စရစ်ခဲ၊ နုံး၊ သဲများနဲ့ အဆင့်ဆင့် စစ်ပေးလိုက်ရင် ပြန်သုံးလို့ရတဲ့ ရေအဆင့်ရောက်သွားပုံကို လက်တွေ့၊ စာတွေ့ ရှင်းလင်းပါတယ်။ ရိုးရာယဉ်ကျေးမှု အမွေအနှစ် မပျောက်ပျက်ရေး ထိန်းသိမ်းရေးတို့ကို အဓိကထားဆွေးနွေးပါတယ်။

သင်တန်းဆရာ ဦးဇော်မင်းလေးကလည်း စွန့်ပစ်ပစ္စည်းများ ဖြစ်တဲ့ စပါးခွံ၊ ငှက်ပျောတုံး၊ မီးဖိုချောင်ထွက် စားကြွင်းစားကျန်နဲ့ အခွံ၊ အရွက်၊ အရိုးများ၊ နွားချေးစတာတွေနဲ့ Organic သဘာဝ မြေဩဇာလုပ်နည်းကို စာတွေ့လက်တွေ့သင်ကြားပြသခဲ့ပါတယ်။

အားလပ်ချိန်လို့ အများထင်မှတ်ထားတဲ့အချိန်တွေမှာတော့ အဖွဲ့ခေါင်းဆောင်က ဦးဆောင်ပြီး လုပ်ငန်းခွင် ကစားပွဲများပြုလုပ်ပေးခြင်း၊ အပြန်အလှန် အတွေ့အကြုံဆွေးနွေးခြင်း၊ ခေါင်းစဉ်တစ်ခု အပေါ် သုံးသပ်ဖော်ထုတ်ခြင်း၊ ဆွေးနွေးဖလှယ်ပွဲများနဲ့ Brainstorm ပြုလုပ်ပေးပါတယ်။ ဒါကြောင့် သင်တန်းကာလတစ်လျှောက်မှာ မျက်စေ့၊ နား၊ ပါးစပ်နဲ့လက်တို့ကို အအားမထားဘဲ မြင်သမျှမေး၊ ကြားသမျှစပ်စု၊ သိလာသမျှကိုစာအုပ်ထဲရေး၊ တွေ့သမျှကို ကင်မရာတစ်လုံးနဲ့ မှတ်တမ်းတင်နေမိပါတော့တယ်။

နောက်တစ်နေ့မှာတော့ ငါးပြခန်းများ၊ ရှားပါးကြောင်များ မွေးထားတဲ့ခြံကို လေ့လာမိပါတယ်။ ရှားပါး မြန်မာ့ကြောင်တစ်ကောင်ရဲ့ ပြုစုထိန်းသိမ်းရတဲ့ စရိတ်က တစ်လ ၅ သိန်းအထက်မှာရှိတယ်လို့ တာဝန်ခံ ဒေါ်ချောစုကရှင်းပြပါတယ်။

နေ့လယ်မှာပြင်ပလုပ်ငန်းအနေနဲ့ ဟဲယားရွာမမှာရှိတဲ့ နှင်းသစ္စာရက်ကန်းရုံနဲ့ မှိုင်းခံစက္ကူနဲ့ ရိုးရာထီးလုပ်ငန်းတွေကို လေ့လာရပါတယ်။ နှင်းသစ္စာမှာ ကယန်းအမျိုးသမီး (ပဒေါင်) သုံးဦးကိုတွေ့ခဲ့ရပြီး၊ ဂျက်ခုတ်လက်ရက်ကန်း ရက်လုပ်နေပါတယ်။ ကယားပြည်နယ်၊ ပန်းဖက်ကျေးရွာဇာတိတွေပဲဖြစ်ကြပါတယ်။ ပိုးစာပင်အခေါက်ကို ရေစိမ်၊ သစ်သားတူနဲ့နာနာထုပြီး၊ အမျှင်တွေကို အဝတ်ကွတ်ထားတဲ့ ဗန်းထဲလျှော်ပြီး ၊ ပွင့်ဖတ်တွေနဲ့ တန်ဆာဆင် အခြောက်ခံလိုက်တဲ့ အခါ လှပတဲ့မှိုင်းခံစက္ကူများရပါတယ်။ တစ်ချပ် ၅၀၀၀ ကျပ်ဈေးရှိပါတယ်။ ဒါတွေကို စက္ကူမီးပုံးများလုပ်သလို ရိုးရာထီးရွက်များအနေနဲ့ လည်းလုပ်ရပါတယ်။ ထီးကိုင်းထွက်တဲ့ ထီးအုံကို အသီးမသီးတဲ့ ကြောင်လျှာအဖိုသားနဲ့လုပ်ရပါတယ်။ သူကသဘာဝအတိုင်း အခေါင်းပေါက်ပါပြီးဖြစ်ပါတယ်။ ဧည့်ခန်းထဲအလှ ထားတဲ့ ထီးတစ်လက်ကို ၈၀၀၀ ကျပ်ပေးရပါတယ်။

ဧည့်သည်များကိုယ်တိုင် အစအဆုံး လက်တွေ့အတူတွဲလုပ်နိုင်သလို ခုတော့ အချိန်သိပ်မရလို့ သင်တန်း သားတွေကို ထီးရွက်တွေပေါ်မှာ ကိုယ်တိုင်စုတ်တံကိုင်ကာ စိတ်ကြိုက်ပန်းချီဆွဲခွင့်ပေးပြီး ITC က လက်ဆောင်အနေနဲ့ပေးပါတယ်၊ အမှတ်တရပေါ့။

စာရေးသူကတော့ ရောင်စုံစတုဂံ ၈ ခု မျက်နှာချင်းဆိုင်နေတဲ့ ITC Logo ကိုရေးပြီး မျက်နှာချင်းဆိုင်မှာ ကယားလိုဂိုဖြစ်တဲ့ လည်ပင်းကြေးကွင်းစွပ်တွေနဲ့ ကယန်းပဒေါင် အမျိုးသမီးပုံကို ရေးဆွဲခဲ့ပါတယ်။ အဖွဲ့ခေါင်းဆောင် Mr.Frederic ကတော့ ကင်မရာ တဖျပ်ဖျပ်နဲ့ အတော်သဘောခွေ့နေပါတယ်။ အပြန်မှာတော့ ခေတ်စမ်းယဉ် ရက်ကန်းရုံကိုဝင်ပြီး လေ့လာရပါတယ်။ ပိုးချည်၊ ကြာချည် အစုံရက်ပြီး စင်ပေါင်း ၁၀၀ ကျော်ရှိပါတယ်။ ပိုးထည် အရောင်းဆိုင်ကလည်း ခမ်းနားလှပါတယ်။

ညနေပိုင်းမှာတော့ ဟိုတယ်ပြန်ရောက်ပြီး ဟိုတယ်မှာရှိတဲ့ လက်မှုပြခန်းအရောင်းဆိုင်ကိုဝင်ပြီး လေ့လာကြပါတယ်။ အင်းလေး အငွေ့အသက်များ၊ ရှမ်းရိုးရာပစ္စည်းများပါရှိတဲ့ ပန်းချီကားများ၊ လက်မှုပစ္စည်းများ၊ အထိမ်းအမှတ် ပစ္စည်းများ၊ အမှတ်တရ လက်ဆောင်ပစ္စည်းမျိုးစုံ အစုံအလင် ခင်းကျင်းရောင်းချပါတယ်။ တာဝန်ခံ ဒေါ်ချောစုကတော့ မေးသမျှကို စိတ်ရှည်ကျွမ်းကျင် ပိုင်နိုင်စွာ ရှင်းပြနိုင်ပါတယ်။ လေ့လာအား ကောင်းတာလည်း သတိပြုမိပါတယ်။

နောက်တစ်နေ့မှာတော့ ဆွေးနွေးပွဲလုပ်အပြီး အင်းလေးကတန်ခိုးကြီးဖောင်တော်ဦး ဘုရားသွားဖူးကြ ပါတယ်။ အပြန်မှာတော့ မကျီးစင်ရွာမှာရှိတဲ့ ကြယ် ၄ ပွင့်အဆင့်ရှိ Inle Princess Resort ကို ဝင်ရောက် လည်ပတ်လေ့လာခဲ့ရပါတယ်။ အရိပ်အာဝါသကောင်းကောင်းနဲ့ ဆိတ်ငြိမ်လှတဲ့နေရာလေးတစ်ခုဖြစ်ပါတယ်။ အပန်းဖြေချင်စရာ နေရာကောင်းလေးတစ်ခုဖြစ်ပါတယ်။ အပန်းဖြေရင်းနဲ့ လေ့လာချင်ရင် မြန်မာ့မြေပန်းအိုး လက်တွေ့အတူ လုပ်မလား၊ ကြာချည်ရက်ကန်းရက်မလား၊ ယွန်းထည်လုပ်မလား၊ ပန်းပုထုမလား၊ မှိုင်းခံစက္ကူ လုပ်မလား၊ ဧည့်သည်များ အပန်းဖြေတည်းခိုရင်း မပျင်းရအောင် လေ့လာနိုင်တဲ့ အလုပ်ရုံငယ်လေးတွေထားရှိပါတယ်။ နေ့လယ်ပိုင်းမှာတော့ ညောင်ရွှေမှာဝင် ထမင်းစားပြီး ပြန်ခဲ့ကြတယ်။ လွိုင်ကော်ကို မေလ ၁၇ ရက်နေ့ ညနေ ၆ နာရီခွဲမှာ ပြန်ရောက်ကြတယ်။

ITC ရဲ့ လုပ်ငန်းခွင်သင်တန်း လေ့လာရေးခရီးကတော့ အတော်ကလေး ပျော်စရာကောင်းပြီး ကိုယ်နဲ့ သိပ်မရင်းနှီးတဲ့လုပ်ငန်းတွေ၊ ဒေသတွေဆိုတော့ အတော်စိတ်ဝင်စားစရာကောင်းပါတယ် မသွားမီနဲ့အပြန်ခရီးမှာ တိုးပွားလာတဲ့ အသိအမြင်၊ ဗဟုသုတတွေ မျှဝေပေးမဲ့အစီအစဉ်တွေ၊ ကယားမှာလုပ်နိုင်မဲ့ အခြေအနေတွေ ပြုစုရန် သင်တန်းသားတိုင်းကို တာဝန်ပေးထားလို့ ဖြည့်ရ၊ ရေးရဦးမယ်။ ရလဒ်တွေကို နောင်အပတ်များမှာ ဆက်လက်ဝေမျှပါဦးမယ် . . . . ။

## ဓာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် တန်ချိန်ခုနစ်ရာကျော်ဝင်

မေ ၂၃ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၀၉၉၄၃၉၂ တန်ဖိုးရှိ ဓါတ်ဆီ ၁၈၃ ဒသမ ၅၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်က ဒီတစ်ပတ်မှာ အဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ ယခင်တစ်ပတ် ဓာတ်ဆီအဝင်မှာ ၃၉၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၁၂ ဒသမ ၂၁၇ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မေလမှာ ဓာတ်ဆီ၊ ဒီဇယ်အဝင်စုစုပေါင်းမှာ ၂၁၇၅ ဒသမ၁၆၈ တန်ရှိခဲ့ပြီး ဧပြီလမှာ၁၀၈၄ ဒသမ ၉၈၃ တန် ရှိခဲ့တာကြောင့် မေလမှာ ၁၀၉၀ ဒသမ ၁၈၅ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဇွန်လ ၁ ရက်နေ့မှ ၅ ရက်နေ့ အတွင်းရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်၊ ရန်ကုန်နဲ့ တောင်ကြီးမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီရော၊ ဒီဇယ်ပါ ဈေးအပြောင်းအလဲသိပ်မရှိဘူးလို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ဈေးမှာဒီဇယ် ၆၉၀ ကျပ်၊ အောက်တိန်း ၇၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၃၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ ဇွန်လ ၁ ရက် ဓာတ်ဆီ ဝယ်ဈေး ၁၄၂၀၀၀ ကျပ်၊ရောင်းဈေး ၁၄၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၄ ရက်မှာတော့ ဝယ်ဈေး၊ရောင်းဈေး ၃၀၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဇွန်လ ၁ ရက်မှာ ဝယ်ဈေး ၁၄၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၃၀၀၀ ကျပ်နဲ့ တစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်း သိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဓာတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချ နေတဲ့ဈေးမှာ ဓါတ်ဆီ တစ်လီတာ ၇၇၀ ကျပ်၊ အောက်တိန်း ၇၇၀ ကျပ်၊ ဒီဇယ် ၇၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန် ၁ ရက်မှာ ဒီဇယ် ဝယ်ဈေး ၁၄၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ၄ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ် ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇွန် ၁ ရက်နေ့ ဝယ်ဈေး ၁၄၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၉၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာမှ ဇွန်လ ၂ ရက်တွင် ဝယ်ဈေး၊ရောင်းဈေး ၁၀၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့သိရပါတယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန် ဈေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ဓာတ်ဆီ ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၈၅ ကျပ်၊ အောက်တိန်း ၃၄၆၅ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါ တယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၃၀၀ ကျပ်၊ အောက်တိန်း ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

တောင်ကြီးဈေးကွက်မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများ ငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ် ၃၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၅၀၀ ကျပ်၊ ဒီဇယ် ၃၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## ဗဟိုဘဏ်ကြေညာချက်ကြောင့် ငွေလဲနှုန်းများ ပြန်လည်မြင့်တက်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဆက်တိုက်မြင့်တက်ခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်းဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ထုတ်ပြန်ခဲ့သည့် ဗဟိုဘဏ်၏ကြေညာချက်ကြောင့် ယခုကဲ့သို့ ဈေးများ ဆက်လက်မြင့်တက်နေရခြင်းဖြစ်ကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“ဗဟိုဘဏ်က ကြေညာချက်တစ်ခုထွက်လာတယ်။ နိုင်ငံခြားငွေစာရင်း ဖွင့်ထားတဲ့သူတွေ တစ်ကြိမ်ကို အမေရိကန်ဒေါ်လာ ၅၀၀၀ပဲထုတ်ရမယ်။ တစ်ပတ်ကို နှစ်ကြိမ်ပဲထုတ်ရမယ်ဆိုတဲ့ ကြေညာချက် တရားဝင်ထွက်လာပြီးတဲ့ နောက်ပိုင်းမှာ ငွေလဲနှုန်းကတတ်လာတာပဲ။ အဲဒီဗဟိုဘဏ်က ထုတ်ပြန် ပေးနေတဲ့ ရည်ညွှန်းငွေလဲနှုန်းက ဇွန် ၁ရက်နေ့ကနေ ၃ရက်နေ့အထိ မပြောင်းသေးဘူး။ ဇွန်လ ၄ရက်နေ့လည်းရောက်ရော ရည်ညွှန်းငွေလဲနှုန်းက ၁၀၉၇ ကျပ်ဖြစ်လာတယ်။ ဇွန်လ ၅ရက်နေ့မှာတော့ ၁၁၀၅ ကျပ်ဆိုပြီးထွက်လာတယ်။ သူတို့က ငွေထုတ်ယူမှုကို ထိန်းချုပ်ထားတဲ့အတွက် တကယ်တမ်း ငွေလိုအပ်တဲ့ကုန်သည်တွေအနေနဲ့ ဘဏ်ကထုတ်လို့မရဘဲ အပြင်ကနေ ဝယ်နေရတော့ အပြင်ဈေးတက်တာ သိပ်မထူးဆန်းဘူးလို့ ပြောရမယ်”ဟု ပြင်ပငွေလဲဈေးကွက်အတွင်း လှုပ်ရှားနေသူတစ်ဦးကဆိုသည်။ ငွေလဲလိုသူများအနေဖြင့်လည်း ပုဂ္ဂလိကဘဏ်များတွင် လဲလှယ်၍ မရနိုင်ဘဲ ပြင်ပငွေဈေးကွက်ကိုသာ အားကိုးနေရဆဲဖြစ်ကြောင်း ဈေးကွက်အတွင်း ငွေလဲနေသူတစ်ဦးက ဆိုသည်။

“ခုထိ အပြင်ဈေးကွက်ကို အားကိုးနေရတုန်းပဲ။ ပုဂ္ဂလိကဘဏ်တွေမှာလဲလို့မရတော့ဘူး။ သူတို့က အဝယ်ပဲရှိတာ။ အရောင်းမရှိတဲ့အခါကျတော့ အပြင်ဈေးကွက်မှာပဲ ဝယ်နေရတယ်။ ပုဂ္ဂလိကဘဏ်တွေမှာ Money Changer ကောင်တာဖွင့်ထားပေမယ့်လည်း အဲဒီကောင်တာတွေမှာ ဝယ်လို့လည်းမရ ရောင်းလို့လည်းမရ၊ အထူးသဖြင့် နိုင်ငံခြားသားတွေ ငွေလဲချင်တဲ့အခါ သူတို့က အပြင်ဆိုင်တွေမှာ မလဲချင်ကြဘူး။ ဒီလိုဘဏ်တွေမှာ လဲချင်ကြတယ်။ အဲဒီအခါမျိုးကျရင် ဘဏ်တွေက အမြဲလိုလိုပြောနေရတာက Sell Counter Closeလို့ပဲ ပြောနေကြတယ်”ဟု ပုဂ္ဂလိကဘဏ်တစ်ခုတွင် လာရောက်ငွေလဲလှယ်သူတစ်ဦးက ပြောကြားခဲ့သည်။

ပြင်ပငွေဈေးကွက်တွင် ဇွန်လ ၁ရက်နေ့က ရောင်းဈေး ၁၁၃၈ကျပ်၊ ဝယ်ဈေး ၁၁၃၄ ကျပ်ရှိခဲ့သော်လည်း ဇွန်လ ၃ရက်နေ့ ညနေပိုင်းတွင် ရောင်း ဈေး ၁၁၅၀ ကျပ်၊ ဝယ်ဈေး ၁၁၄၄ ကျပ်ရှိခဲ့သည်။ ဇွန်လ ၄ရက်နေ့ ညနေ ပိုင်းတွင် ရောင်းဈေး ၁၁၇၅ကျပ်၊ ဝယ် ဈေး ၁၁၆၅ကျပ်သို့ မြင့်တက်ခဲ့ပြီး ဇွန် ၅ ရက်နေ့ နံနက်ပိုင်းတွင် ရောင်း ဈေး ၁၁၆၇ကျပ်၊ ဝယ်ဈေး ၁၁၆၀ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။

## ငွေလဲနှုန်းများ ဆက်လက်မြင့်တက်နေမှုကြောင့် ကမ္ဘာ့ရွှေဈေးကျသော်လည်း မြန်မာ့ရွှေဈေး ဆက်လက်မြင့်တက်

ယခုတစ်ပတ်အတွင်း မြန်မာ့ရွှေဈေးသည် ဆက်လက်မြင့်တက်လျက်ရှိရာ တစ်ပတ်အတွင်း ကျပ်ခြောက်ထောင်ကျော်မြင့် တက်သွားကြောင်း သိရသည်။ ယင်းကဲ့သို့ မြင့်တက်ရခြင်းမှာ ကမ္ဘာ့ရွှေဈေး ကျဆင်းလာသော်လည်း မြန်မာနိုင်ငံတွင်းရှိ ငွေလဲနှုန်းများ ဆက်လက်မြင့်တက်နေမှုများကြောင့် ရွှေဈေးများ မြင့်တက်နေရခြင်းဖြစ်ကြောင်း ရွှေကုန်သည်အသိုင်းအဝိုင်းမှ သိရသည်။

“ဒီနေ့ ရွှေဈေးတက်လာတယ်။ ဒေါ်လာဈေးကလည်း မြင့်တက်နေတုန်းပဲ။ ကမ္ဘာ့ရွှေဈေးကတော့ ကျလာတယ်။ ကမ္ဘာ့ရွှေဈေးက ကျဆင်းလာပေမယ့် ငွေလဲနှုန်းက တစ်နေ့တခြားမြင့်တက်နေတဲ့အတွက် မြန်မာ့ရွှေဈေးက တက်လာရတာပါ။ ဒီလိုမြင့်တက်လာပေမယ့်လည်း ရွှေဝယ်ယူနှုန်းက မြင့်တက်လာခြင်းမရှိပါဘူး။ ခုဟာက ငွေဈေးကြောင့် မြင့်တက်ရတဲ့ သဘောမျိုးဖြစ်နေတဲ့အတွက် ငွေဈေးကျလာရင် မြန်မာ့ရွှေဈေးကလည်း လိုက်ပြီးကျဆင်းလာမှာပဲ”ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

“ရွှေဈေးတွေတက်လာတဲ့အတွက် ဈေးကွက်ထဲမှာ ဝယ်လိုအားတွေ ကျဆင်းသွားတယ်။ အပိုင်းရော အထည်မှာရော ဈေးကွက်ထဲမှာ ဝယ်လိုအားက မရှိသလောက်ကို ဖြစ်သွားတယ်။ ရောင်းတဲ့သူတွေကလည်း အနည်းအကျဉ်းပဲ ရှိတော့တယ်။ မေလအတွင်းတုန်းက ဈေးတက်ခဲ့တော့ အဲဒီမှာ ဝယ်ရောင်းလုပ်တဲ့သူတွေ တော်တော်များများ အဆင်ပြေကြတဲ့အတွက် ဈေးကွက်ထဲမှာ ခုဆိုရင် ဈေးဘယ်တော့ပြန်ကျမလဲဆိုတာကိုပဲ စောင့်နေကြတယ်။ ဈေးကျသွားရင် ပြန်ဝယ်ဖို့အတွက်ပါ”ဟု ရွှေကုန်သည် ဦးလှဦးက ဆိုသည်။

မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်အတွင်း ဈေးဆက်လက်မြင့်တက်လျက်ရှိရာ ဇွန် ၁ရက်နေ့က ကျပ် ၇၁၅၅၀၀ ရှိခဲ့ပြီး မေ ၃ရက်တွင် ကျပ် ၇၂၀၀၀၀ သို့ မြင့်တက်ခဲ့သည်။ ဇွန် ၅ရက်တွင် ကျပ် ၇၂၂၀၀၀ သို့ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

June 5, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.30 |
| BDT | Bangladesh Taka | 78.30 |
| CAD | Canada Dollars | 1.25 |
| CNY | China Yuan Renminbi | 6.20 |
| EUR | Euro | 0.89 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 63.92 |
| IDR | Indonesia Rupiahs | 13303.19 |
| JPY | Japan Yen | 124.70 |
| MYR | Malaysia | 3.72 |
| PKR | Pakistan Rupees | 101.89 |
| PHP | Philippines Pesos | 44.92 |
| RUB | Russia Rubles | 56.13 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1112.07 |
| LKR | Sri Lanka Rupe | 134.84 |
| THB | Thailand Baht | 33.73 |
| GBP | United Kingdom Pounds | 0.65 |
| VND | Vietnam Dong | 21796.05 |

*Source : xe.com*

## World Gold Price

June, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 1 | 1188 | 1189 | 1191 |
| 2 | 1187 | 1188 | 1188 |
| 3 | 1188 | 1191 | 1191 |
| 4 | 1180 | 1183 | 1183 |
| 5 | 1174 | 1176 | 1175 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 1-6- 2015 | 715.30 | 715.50 |
| 2-6- 2015 | 717.50 | 717.40 |
| 3-6- 2015 | 720.00 | 719.90 |
| 4-6- 2015 | 721.50 | 721.30 |
| 5-6- 2015 | 723.00 | 723.10 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 1 | 6 .19 | 33.65 | 77.76 | 63.61 |
| 2 | 6. 20 | 33.75 | 77.78 | 63.75 |
| 3 | 6 .20 | 33.67 | 76.86 | 63.92 |
| 4 | 6 .20 | 33.75 | 77.86 | 64.02 |
| 5 | 6.20 | 33.73 | 78.30 | 63.92 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 1-June | 16.67 | 2340.67 | 1725.92 | 6160.67 | 1111.00 |
| 2-June | 16.51 | 2214.02 | 1740.70 | 6138.50 | 1104.00 |
| 3-June | 16.66 | 2185.34 | 1714.72 | 6117.22 | 1110.00 |
| 4-June | 16.66 | 2185.34 | 1714.72 | 6117.22 | 1110.00 |
| 5-June | 16.10 | 2147.49 | 1717.18 | 5998.27 | 1098.00 |

Source:kitco.com

## Energy NYMEX

5-6-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 57.50 | -0.50 | -0.86 |
| Brent Crude Futr (USD/bbl) | 61.63 | -0.40 | -0.64 |
| Gasoline Rbob Fut (Cent/gal) | 198.52 | 0.46 | 0.23 |
| Natural Gas Futr (USD/MMBtu) | 2.63 | 0.01 | 0.27 |
| Heating Oil Futr (Cent/gal) | 183.28 | -1.11 | -0.60 |

## ဘိလပ်မြေ



### ဒီတစ်ပတ်ဘိလပ်မြေတန်ချိန်တစ်သိန်းခုနစ်သောင်းကျော်ဝင်

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ပြည်တွင်းသို့ကန်ဒေါ်လာ ၁၄၁၉၃၂၂၈ ကျော်တန်ဖိုးရှိ ဘိလပ်မြေ ၁၇၄၃၆၉၄ ဒသမ ၅၀ တန်ကို မေလ ၂၄ ရက်မှ ၃၀ ရက်သီတင်းပတ်အတွင်း မှာယူတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူ နိုင်ငံမှ ၁၁၆၈၅၃ဒသမ၈၅ တန်၊အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ ၄၁၃၆ဒသမ၆၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၅၃၄၀၄တန်ဝင်လာခဲ့ပါတယ်။

ဒီတစ်ပတ်မှာလည်း ထုံးစံအတိုင်း စိန်၊ ဆင်၊ မောင်းတိန်းနဲ့ ရန်ကို ဘိလပ်မြေများဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၁၀၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

---

### ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ရှိနေဆဲ ဘိလပ်မြေ

မေလ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၁၇၄၃၉၄ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ ၆၃၆၁၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ် မှာ ဘိလပ်မြေတန် ၁၁၀၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၂၀၄၃၉ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၇၃၁၂ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၁၂၇ တန် ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့သလို နယ်စပ်လမ်းမှ လည်းအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ အရောင်းအဝယ်လိုက်ပေမယ့် ဈေးကတော့နည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဆင်(ထိုင်း)က၁၅၀ ကျပ်၊ကြံ့(မြိုင်ကလေး) က ၂၅ ကျပ်၊ စိန်(ထိုင်း) က ၅၅၀ကျပ်ထိ ဈေးကျခဲ့ တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင် (ထိုင်း) ၅၃၅၀ ကျပ်၊မြင်းခေါင်း ၄၂၀၀ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၁၀၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ထိုင်းဘိလပ်မြေဈေး နည်းနည်းမြင့်လာပေမယ့် ကြံ့နှစ်ကောင် ဘိလပ်မြေဈေးက ငြိမ်နေပါတယ်။ စိန်(ထိုင်း) က ဈေးကွက်ထဲ ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အထိုင်နဲ့ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန် (ထိုင်း) ၅၈၅၀ ကျပ်၊ ဆင်(ထိုင်း) ၆၀၀၀ ကျပ်၊ ကြံ့နှစ်ကောင် (နီ) ၅၃၀၀ ကျပ်၊ ကြံ့နှစ်ကောင် (စိမ်း) ၅၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းပုံမှန်ရှိပေမယ့် ဘိလပ်မြေဈေးက ဒီတစ်ပတ်မှာလည်း ပြောင်းလဲမှုမရှိဘဲ ငြိမ်နေပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ဆင်(ထိုင်း) ၇၃၀၀ ကျပ်၊ စိန်(ထိုင်း) ၇၃၀၀ ကျပ်၊ဆင်မင်း (ကျောက်ဆည်) ၅၀၀၀ ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊မြင်းခေါင်း ၅၀၀၀ ကျပ်၊ အေသုံးလုံး၅၇၀၀ကျပ်၊ မြန်မာ ဆင် ၅၁၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### မြေဩဇာဝင်အားကောင်း

ပြည်တွင်းကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၄၄၈၄၃၆ ကျော်တန်ဖိုးရှိ မြေဩဇာ ၉၅၀၂ ဒသမ ၈၉၉ တန်ကို မေလ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်းမှာ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံမှ တန်ချိန် ၅၀၊စင်ကာပူမှ တန်ချိန် ၂၈၀၄ ဒသမ ၈၉၉၊ တရုတ်နိုင်ငံမှ တန်ချိန် ၆၆၀၀ နဲ့ ထိုင်းနိုင်ငံမှ ၄၈တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဝင်လာတဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ ပိုတက်၊ နိုက်ထြိုဂျင်စတဲ့ မြေဆီများတင်သွင်းခဲ့ ပါတယ်။ ယခင်တစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၅၁၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဒေသအလိုက်အရောင်းအဝယ်ဖြစ်နေတဲ့ ဓာတ်မြေဩဇာ

မေလ ၂၄ ရက်မှ ၃၀ ရက် အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာတန်ချိန် ၉၅၀၂ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာတန်ချိန် ၄၃၃၂ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၁၀၀ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၇၅၁၂ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၂၃၀၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၄၇၉၃ တန်ကျော်အဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မကွေး၊ မော်လမြိုင်နဲ့ တောင်ကြီးမှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာအရောင်းအဝယ် နည်းနည်းအေးတယ်လို့ သိရပါတယ်။ မိုးသီးနှံအတွက် ဝယ်ယူမှုလည်း နည်းသွားခဲ့တာကြောင့် အရောင်းက ထိုင်းလာတယ်။ ဒါပေမယ့် ဈေးကတော့ ကျမသွားဘဲ ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ တစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၃၁၅၀၀ ကျပ်၊ ကွန်ပေါင်း(၁၆း၁၆း၈) (မြင်းပျံ-ထိုင်း)၂၉၅၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၀၀၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ကဈေးမြင့်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၁၆၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၁၃၀၀ ကျပ်၊ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ၁၄၇၀၀ ကျပ်၊ ဆင် (၁၀း၁၀း၅) ၁၄၅၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၅၂၀၀ ကျပ်၊အာမို(၁၅း၁၅း၁၅) ၃၅၈၀၀ ကျပ်၊အာမို (၁၆း၁၆း၈) ၃၂၈၀၀ ကျပ်၊ အောင်ကမ္ဘာ (၁၀း၁၀း၅) ၁၅၈၀၀ ကျပ်၊ ပိုတက် ၂၃၀၀၀ ကျပ်၊ တောင်သူမ ၁၄၀၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးက နည်းနည်းမြင့်လာတယ်လို့ စိုက်ပျိုးရေးသုံးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ဆိုပါတယ်။ ယူရီးယားက ၉၀၀ ကျပ် ဝန်းကျင်၊ ယူရီးယား(ယူအေအီး)က ၅၀၀ ကျပ်၊ ဓာတ်ဆားက ၈၀၀ ကျပ်ဈေးမြင့်လာပြီး တီစူပါ(၁၂%) က ၂၀၀ ကျပ်၊ ၁၅ ပတ်လည် က ၅၀၀ ကျပ် ဈေးကျလာခဲ့တယ်လို့ သိရပါ တယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်)၂၂၂၀၀ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၂၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ (၁၂%)(တရုတ်) ၁၀၀၀၀ ကျပ်၊ တီစူပါ(၁၆%)(တရုတ်) ၁၀၇၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၇၀၀၀ကျပ်၊ တီစူပါ(၁၀း၁၀း၅) (တရုတ်) ၁၅၅၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၅၈၀၀ ကျပ်၊ ပိုတက်(တရုတ်)၂၃၅၀၀ ကျပ်၊ယူရီးယား (ယူအေအီး) ၂၂၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၂၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် မြေဩဇာကအရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ မိုးစပါးအတွက် အရောင်းသွက်သလို ဈေးကလည်း နည်းနည်းမြင့်လာတယ်လို့သိရပါတယ်။ ယူရီးယားက ၁၆၀၀ ကျပ်၊ တီစူပါက ၃၀၀ ကျပ်နဲ့ ကွန်ပေါင်းက ၂၀၀ ကျပ် ဈေးမြင့်ခဲ့ပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၂၁၂၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ(**GTSP**-၄၆%-တရုတ်) ၁၈၇၀၀ ကျပ်၊ တီစူပါ(**GSSP** ၁၆%-တရုတ်) ၉၅၀၀ ကျပ် တီစူပါ (**GSSP**-၁၂%-တရုတ်)၈၇၀၀ ကျပ်၊ ကွန်ပေါင်း (၁၀း၁၀း၅) ၁၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒွန်းနဲ့ မာရီဂိုးနို့ဆီများဝင်

ပြည်တွင်းကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ငါးသိန်းလေးသောင်းကျော် တန်ဖိုးရှိ နို့ဆီ ၃၉၇ ဒသမ ၄၄ တန်ကို မေလ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်းမှာ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မာရီဂိုး ၁၄၉ဒသမ ၀၄၀ တန်နဲ့ ဒွန်း ၂၄၈ ဒသမ ၄၀တန် တင်သွင်းခဲ့ ပါတယ်။ ယခင်တစ်ပတ်မှာ တန်ချိန် ၂၅၀ ကျော်အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၄၅ တန်ကျော် အဝင်ပိုခဲ့ပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ တင်သွင်းလာခဲ့ပါတယ်။တင်သွင်းခဲ့တဲ့ တန်ချိန်မှာ ၃၇ ဒသမ၁၃၉ တန်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ၆၇ ဒသမ ၁၀၈ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**MIRT (DOT)**

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၃/၅ မှ ၂၉/၅ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၆/၅ မှ ၂၂/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၇၀၁၊၇၅ | ၇၃၈၊၅၀ | (-) ၃၆၊၇၅ |
| ၂။ | လွယ်ဂျယ် | ၇၇၀၊၀၀ | ၈၁၄၊၀၀ | (-) ၄၄၊၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၃၀၊၀၀ | ၅၀၊၀၀ | (+) ၂၈၀၊၀၀ |
| ၄။ | ကန်ပိုက်တီး | ၄၆၁၅၊၀၀ | ၄၃၆၅၊၀၀ | (+) ၂၅၀၊၀၀ |
| ၅။ | တာချီလိတ် | ၅၀၀၀၊၀၀ | ၂၅၀၀၊၀၀ | (+) ၂၅၀၀၊၀၀ |
| ၆။ | မြဝတီ | ၈၈၂၊၇၅ | ၁၁၉၉၊၀၀ | (-) ၃၁၆၊၂၅ |
| ၇။ | ကော့သောင်း | ၇၀၉၀၊၀၀ | ၆၂၁၆၊၀၀ | (+) ၈၇၄၊၀၀ |
| ၈။ | မြိတ် | ၁၀၅၀၊၀၀ | ၁၄၁၀၊၀၀ | (-) ၃၆၀၊၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂၀၄၃၉၊၅၀ | ၁၇၃၁၂၊၅၀ | (+) ၃၁၂၇၊၀၀ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၃/၅ မှ ၂၉/၅ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၆/၅ မှ ၂၂/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၅၈၊၅၀၀ | ၁၉၀၈၅၊၂၂၀ | (-) ၃၄၉၇၊၇၂၀ |
| ၂။ | လွယ်ဂျယ် | ၈၆၊၈၀၀ | ၂၃၉၊၅၀၀ | (-) ၁၅၂၊၇၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၀၀၀၊၀၀၀ | ၁၀၀၀၊၀၀၀ | - |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၄၈၇၊၅၇၀ | ၆၂၅၊၀၆၀ | (-) ၁၃၇၊၄၉၀ |
| ၆။ | ကော့သောင်း | - | ၆၊၁၀၀ | (-) ၆၊၁၀၀ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိဒ် | ၃၅၀၊၁၅၀ | ၁၃၅၀၊၀၀၀ | (-) ၉၉၉၊၈၅၀ |
| | စုစုပေါင်း | ၁၇၅၁၂၊၀၂၀ | ၂၂၃၀၅၊၈၈၀ | (-) ၄၇၉၃၊၈၆၀ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

### ဈေးအမြင့်မှာတန်းနေတဲ့ ပြည်မြေပဲဆန်နှင့် ဈေးပုံမှန်ဖြစ်နေတဲ့ ပြည်နှမ်းဈေးကွက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးပုံမှန်ဖြစ်သလို နှမ်းဈေး ပုံမှန်ဖြစ်လျက်ရှိနေပါတယ်။ မြေပဲဆန်ကို ကံမနဲ့ ရခိုင်ဘက်မှ တစ်နေ့ကို အိတ် ၅၀၀ ခန့် ဝင်ရောက်ပြီး ဆီဆန်ကို ပြည်ဆီစက်နှင့် မကွေးဆီစက်များက အဝယ်ရှိသလို လုံးဆန်ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိနေလို့ ဈေးတန်းနေပါတယ်။ နှမ်းမှာပစ္စည်းလက်ကျန်နည်းပြီး အရောင်းအဝယ်မဖြစ်သဖြင့် ဈေးမှန်နေပါတယ်။ ဝယ်လက်များက နှမ်းအဝယ်ရပ်ပြီး မြေပဲကိုဝယ်နေလို့ မြေပဲဆန်ဈေးမှာ ထောင်တက်လာပြီး ခုချိန်တွင် အမြင့်မှာ ဈေးတန်း နေပါတယ်။ မြေပဲဆန်ဈေးမှာ ယခုအပတ်တွင်လည်း ယခင်တစ်ပတ်အတိုင်း ဆီဆန် တစ်ပိဿာ ၂၄၀၀ ကျပ်၊ လုံးဆန်တစ်ပိဿာ ၂၆၀၀ ကျပ်ဈေးဖြင့် တစ်နေ့အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်သလို နှမ်းဈေးမှာလည်း နှမ်းနီ တစ်တင်း ၃၀၀၀၀ ကျပ်၊ နှမ်းနက် ရိုးရိုးတစ်တင်း ၄၀၀၀၀ ကျပ်၊ စမုံနှမ်းနက် တစ်တင်း ၆၀၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်ထားပေမယ့် အရောင်းအဝယ်မဖြစ်တာ တွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

### ချင်းရွှေဟော်စခန်းမှ နှမ်းပိုမိုတင်ပို့

မေလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် နယ်စပ်စခန်းမှ ကန်ဒေါ်လာ ၃ ဒသမ ၃၉၇ သန်းတန်ဖိုးရှိတဲ့ နှမ်းဖြူ ၃၉၃ တန်နဲ့ နှမ်းနက် ၁၈၇၁ တန်ခွဲ တင်ပို့နိုင်ခဲ့ပြီး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကတော့ နှမ်းဖြူ(အခွံချွတ်)၇၁ တန်ကို ကန်ဒေါ်လာ သုည ဒသမ ၁၂၄ သန်းဖိုးသာ တင်ပို့မှုရှိခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ နှမ်းရောင်စုံ ၅၄ တန်ကျော် တင်ပို့ခဲ့ပြီး ချင်းရွှေဟော်မှ နှမ်းတင်ပို့မှုမရှိခဲ့လို့ ယခုတစ်ပတ်မှာ ချင်းရွှေဟော်ကနေ နှမ်းတင်ပို့မှု ပိုမိုလာတယ်လို့ ဆိုရပါမယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန် ၁၆၉၅၉၉၆ ကျပ်၊ နှမ်းနက် တစ်တန် ကျပ် ၁၉၆၂၉၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်တွင် နှမ်းဖြူဈေး ၁၇၂၃၅၉၉ ကျပ်နဲ့ နှမ်းနက်ဈေး ၁၉၉၄၈၄၆ ကျပ်သို့ ဈေးများ ထပ်မံမြင့်တက်လာတာ တွေ့ရပါတယ်။

မေလ တစ်လလုံး တရုတ်နယ်စပ်က နှမ်းရောင်စုံ တန်ချိန်ပေါင်း ၂၉၇၅ တန်ခန့်တင်ပို့မှုရှိခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### ရင်းဂစ်တန်ဖိုးကျဆင်းမှုကြောင့် စားအုန်းဆီဈေးကျဆင်းမှုသက်သာရာရ

မတ်လနောက်ပိုင်း အမြင့်ဆုံးကိုရောက်ခဲ့တဲ့ စားအုန်းဆီဈေးက တရုတ်နိုင်ငံရဲ့ ပဲပုပ်ဈေးကွက်ကျဆင်းမှုနဲ့ ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းမှုကြောင့် ဇွန်လ ၄ ရက်နေ့မှာ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ ဒါပေမယ့် မလေးရှားနိုင်ငံသုံး ရင်းဂစ် ငွေကြေးတန်ဖိုးကျဆင်းမှုက ဈေးအကျသက်သာရာရခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာ့ဈေးနှုန်းသတ်မှတ်ရာမှာ အရေးပါတဲ့ မလေးရှားစားအုန်းဆီဈေးနှုန်းက ယခုရက်သတ္တပတ်အစမှာ တစ်ဟုန်ထိုးမြင့်တက်လာပြီး ဇွန် ၂ ရက်က တစ်တန်ကို ၂၃၄၉ ရင်းဂစ်နှုန်းသို့ ရောက်ရှိကာ သုံးလအတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ခဲ့ပါတယ်။

အဓိကအားဖြင့် အမေရိကန်ပြည်ထောင်စု ဇီဝဒီဇယ် ထုတ်လုပ်မှု ရည်မှန်းချက်ကို မြှင့်တင်လိုက်တဲ့အတွက် ပဲပုပ်နဲ့အတူ စားသုံးဆီဈေးတွေ မြင့်တက်လာတာကြောင့် ဒီလမ်းကြောင်းအတိုင်း စားအုန်းဆီဈေး မြင့်တက်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်နိုင်ငံတို့မှာ ပဲပုပ်ဆီဈေးတွေကျဆင်းတဲ့အတွက် စားအုန်းဆီ ဈေးမြင့်တက်မှု တန့်သွားခဲ့ပါတယ်။ ရေနံစိမ်းဈေးနှုန်းတွေက ယခင်နေ့က အောက် ၃ ရာခိုင်နှုန်း ကျဆင်းခဲ့တဲ့ အတွက် ဇွန် ၄ ရက်မှာ စားအုန်းဆီဈေးက ဒုတိယနေ့အဖြစ် ဆက်လက်ကျဆင်းပါတယ်။ ရေနံစိမ်းဈေးနှုန်း ကျဆင်းတာက ရေနံစိမ်းနဲ့ရောပြီး၊ ဇီဝလောင်စာဆီအဖြစ် အသုံးပြုတဲ့ စားအုန်းဆီရဲ့ ဝယ်လိုအားကို ကျဆင်းစေခဲ့ပါတယ်။

“ဈေးကွက်ထဲမှာ ပဲပုပ်ဆီဈေးတွေ ကျဆင်းမှုကြောင့် စားအုန်းဆီဈေးတွေကျဆင်းခဲ့ပါတယ်။ မနေ့က ရေနံစိမ်းဈေးကလည်း ကျဆင်းခဲ့ပါတယ်။ ဒါပေမဲ့ ရင်းဂစ်တန်ဖိုးကျဆင်းနေတဲ့အတွက်စားအုန်းဆီဈေးက လျင်မြန်တဲ့နှုန်းနဲ့ ကျဆင်းတာမတွေ့ရပါဘူး”လို့ မလေးရှားနိုင်ငံရှိ နိုင်ငံခြားကုန်စည်အကျိုးဆောင်လုပ်ငန်းတစ်ခုမှ ကုန်သည်တစ်ဦးက ပြောပါတယ်။

ဘာဆာ မလေးရှားကုန်စည်ဒိုင် ( Bursa Malaysia Derivatives Exchange) မှာ နေ့လယ်ဈေးကွဲချိန်က စားအုန်းဆီဈေးက သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၂၈၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၁၇ ဒသမ ၈၈ )ရှိခဲ့ပြီး တစ်တန်ကို ၂၂၇၉ မှ ၂၂၉၃ရင်းဂစ်အတွင်း ဈေးနှုန်း အတက်အကျရှိခဲ့ပါတယ်။

ဇွန်လ ၄ ရက်က စုစုပေါင်းရောင်းချခဲ့တဲ့ ပမာဏက ၂၅ တန်ရှိ အတွဲ ၁၃၈၃၅ တွဲရှိခဲ့တဲ့အတွက် ပျမ်းမျှရောင်းချရတဲ့ အတွဲ ၁၂၅၀၀ အထက်မှာရှိနေပါတယ်။

အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီရဲ့ ဇူလိုင်အတွက် စာချုပ်ဈေးက သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက်မှာ ပဲပုပ်ဆီရဲ့ စက်တင်ဘာစာချုပ်ဈေးနှုန်းက ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ကမ္ဘာ့လောင်စာဆီဝယ်လိုအားမြင့်တက်ပေမယ့် ရောင်းလိုအား မြင့်တက်မှုနဲ့ ဒေါ်လာတန်ဖိုးကျဆင်းမှုတို့ကြောင့် ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းခဲ့ပါတယ်။

မလေးရှားရင်းဂစ်တန်ဖိုး ကျဆင်းမှုကြောင့် မလေးရှားရင်းဂစ်နဲ့ တန်ဖိုးသတ်မှတ်တဲ့ စားအုန်းဆီဈေးက ပင်လယ်ရပ်ခြားရှိ ဈေးဝယ်ယူသူတို့အတွက် သက်သာမှုရစေခဲ့ပါတယ်။

စာရင်းဇယားကိန်းဂဏန်းများကို အခြေခံတွက်ချက်မှုအရ မလေးရှားစားအုန်းဆီဈေးက ဇွန်လ ၂ ရက်မှာ တစ်တန်ကို ၂၃၄၉ ရင်းဂစ်ရှိရာမှ အမြင့်ဆုံး ၂၃၀၈ ရင်းဂစ်နှုန်းသာရှိနိုင်မည်ဖြစ်ကြောင်း ရိုက်တာမှ လေ့လာဆန်းစစ်ရေးမှူးဝမ်တာအိုက ခန့်မှန်းပါတယ်။

**UNT**



### ပြည်တွင်းဆီဈေးနှုန်းများ (၅-၆-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၆၀၀ | ၁၇၀၀ | △ |
| ရန်ကုန် | ၅၂၀၀ | ၅၃၀၀ | △ | ၄၆၀၀ | ၄၈၀၀ | △ | ၁၄၀၀ | ၁၄၉၀ | △ |
| မန္တလေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၁၀ | ၁၅၉၀ | △ |
| ပဲခူး | ၂၉၀၀ | ၂၉၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၄၅၀ | ၁၅၀၀ | △ |
| မကွေး | ၄၃၀၀ | ၄၅၀၀ | △ | ၄၃၀၀ | ၄၃၀၀ | □ | ၁၅၀၀ | ၁၆၀၀ | △ |
| မုံရွာ | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၆၀ | ၁၆၄၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*

### စားအုန်းဆီဈေးနှုန်းများ (၂-၆-၂၀၁၅ မှ ၅-၆-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂-၆-၂၀၁၅ | ၇၀၅ |
| (၂) | ၃-၆-၂၀၁၅ | ၇၀၅ |
| (၃) | ၄-၆-၂၀၁၅ | ၇၀၀ |
| (၄) | ၅-၆-၂၀၁၅ | ၇၀၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၅-၆-၂၀၁၅ US$/Ton

| အမျိုးအစား | မေလစတုတ္ထပတ် | ဇွန်လပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၁၀.၀၀ | ၆၁၃.၅၀ | △ |
| RBD P.Olein | ၆၁၉.၅၀ | ၆၃၀.၅၀ | △ |
| RBD P.Strarin | ၅၉၂.၀၀ | ၅၈၁.၅၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၅ - ၆ - ၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) |
|---|---|---|
| | | Cloud Point 8˚CMax |
| CIF ဈေး | (CIFx Earning)/ 612 | ၁၃၄၇.၇၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၃၇ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၇၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၃.၃၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၀.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၇၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၉၀.၅၄ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၅-၆-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၀၅ဒေါ်လာ၊ FOB ၆၈၀ဒေါ်လာနှင့် Earning ဈေး ၁၁၇၀ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၅-၆- ၂၀၁၅နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၁၀၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တောင်ကိုရီးယားဂျီဒီပီတိုးနှုန်း ၃ ရာခိုင်နှုန်းအောက်တွင်သာရှိနေမည်

ပို့ကုန်ပမာဏများ ဆက်တိုက်ကျဆင်းနေသဖြင့် ကိုရီးယားနိုင်ငံ၏ ယခု နှစ် ဂျီဒီပီတိုးနှုန်းသည် ၃ ရာခိုင်နှုန်း အောက်တွင်သာ ရှိနေမည်ဖြစ်ကြောင်း နိုင်ငံ၏အကြီးဆုံး Think Tank ဖြစ် သည့် KDI ကခန့်မှန်းခဲ့သည်။ ယင်းသို့ ခန့်မှန်းချက်သည် ပြည်တွင်း/ပြည်ပ စီးပွားရေးအချက်အလက် အများအပြားပေါ် အခြေပြုထားပြီး ယခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွက်ပါ ခန့်မှန်းချက်များလည်း ဖြစ်ပေသည်။ KDI သည်ယခင် ခန့်မှန်းထားသည့် ၃ ဒသမ ၅ ရာခိုင်နှုန်း ဂျီဒီပီတိုးနှုန်းမှ ၃ ရာခိုင်နှုန်းသို့ လျှော့ချခန့်မှန်းခဲ့ပြီး IMF နှင့် ကိုရီးယား ဗဟိုဘဏ်တို့၏ ခန့်မှန်းချက် ၃ ဒသမ ၁ ရာခိုင်နှုန်းထက် လျော့နည်းနေသေးသည်။

၎င်းအပြင် ဂျီဒီပီတိုးနှုန်း ၃ ရာခိုင်နှုန်းသည် အစိုးရ၏စီးပွားရေးပြုပြင်ပြောင်းလဲရေး မအောင်မြင်ခြင်းနှင့် ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးမူဝါဒများသည် မျှော်လင့်သလို အလုပ်မဖြစ်ပါက ယင်းထက်ပင် လျော့နည်းသွားနိုင် ကြောင်း ထပ်မံသတိပေးခဲ့သည်။ အိမ်ရာချေးငွေများ စုပြုံလာခြင်းကို မဖြေရှင်းနိုင်ပါက ဗဟိုဘဏ်အတိုးနှုန်း လျှော့ချခြင်းကြောင့် ရရှိနိုင်မည့် အကျိုးရလဒ်များ လျော့နည်းနိုင်ကြောင်း၊ KDI မှ အရာထမ်းတစ်ဦးက ပြောကြားခဲ့သည်။ အခြားပုဂ္ဂလိက ဘဏ်ကြီးရှင်အဖွဲ့များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည်လည်း တောင်ကိုရီးယားနိုင်ငံ၏ ဂျီဒီပီတိုးနှုန်းကို လာမည့်အပတ်အတွင်း ပြန်လည်လျော့ ချ ခန့်မှန်းချက်များ ထုတ်ပြန်သွားမည်ဟု မျှော်လင့်ရပါသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# နယ်သာလန်နိုင်ငံ၏နှမ်းတင်သွင်း/ တင်ပို့မှုအခြေအနေ

နယ်သာလန်နိုင်ငံ၏ နှမ်းတင်သွင်းမှုသည် ၂၀၁၄ ခုနှစ်တွင် အလေးချိန်အားဖြင့် ၂၁၆၃၇ တန်ခန့် တန်ဖိုးအားဖြင့် ယူရို ၄၀ ဒသမ ၄၆ သန်းခန့် ရှိခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ နှမ်းတင်သွင်းမှုသည် ၁၄ ဒသမ ၅ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ နှမ်းသွင်းကုန်ဈေးနှုန်းသည် ပျမ်းမျှအားဖြင့် တစ်တန်လျှင် ၁၈၇၀ ယူရိုခန့်ရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် နယ်သာလန်နိုင်ငံသည် အိန္ဒိယနိုင်ငံ(တန်ချိန် ၇၉၃၃ ခန့်)၊ နိုင်ဂျီးရီးယားနိုင်ငံ(တန်ချိန် ၃၉၅၉ ခန့်)၊ ယူဂန်ဒါနိုင်ငံ(တန်ချိန် ၂၃၇၅ ခန့်)၊ ပါရာဂွေးနိုင်ငံ(တန်ချိန် ၁၆၁၂ ခန့်)၊ မက္ကဆီကိုနိုင်ငံ (တန်ချိန် ၁၂၀၁ ခန့်)၊ ဂျာမနီနိုင်ငံ (တန်ချိန် ၁၁၅၇ ခန့်) တို့မှ နှမ်းများကိုအဓိကအားဖြင့်တင်သွင်းခဲ့ပါသည်။ နယ်သာလန်နိုင်ငံ၏ အီးယူပြင်ပနိုင်ငံများမှ နှမ်းတင်သွင်းမှုသည် စုစုပေါင်းနှမ်းတင်သွင်းမှု၏ ၉၃ ရာခိုင်နှုန်းခန့် ရှိပါသည်။

နယ်သာလန်နိုင်ငံ၏ နှမ်းပြန်လည် တင်ပို့မှုသည် ၂၀၁၄ ခုနှစ်တွင် အလေးချိန်အားဖြင့် ၁၃၁၇၀ တန်ခန့်၊ တန်ဖိုးအားဖြင့် ယူရို ၂၉ ဒသမ ၉ သန်းခန့်ရှိခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ နှမ်းတင်ပို့မှုသည် ၁၇ ဒသမ ၀၆ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် နယ်သာလန်နိုင်ငံသည် ဂျာမနီနိုင်ငံ ၄၆၂၁ တန်ခန့်၊ ပြင်သစ်နိုင်ငံ ၁၆၁၃ တန်ခန့်၊ အီတလီနိုင်ငံ ၁၁၀၂ တန်ခန့်၊ ဘယ်လ်ဂျီယံနိုင်ငံ ၁၀၉၆ တန်ခန့်နှင့် စပိန်နိုင်ငံ ၁၀၇၈ တန်ခန့် တို့သို့ နှမ်းများ ကို အဓိကအားဖြင့် တင်ပို့ခဲ့ပါသည်။

၂၀၁၄ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ နှမ်းစားသုံးမှုသည် တန်ချိန်အားဖြင့် ၈၄၆၇ ခန့်ရှိခဲ့ပါသည်။ နယ်သာလန်နိုင်ငံတွင် နှမ်းများအား မုန့်ဖုတ် (ကိတ်မုန့်၊ ပေါင်မုန့်စသည်ဖြင့်) ရာတွင် ယေဘုယျအားဖြင့် အသုံးပြုပါသည်။ နယ်သာလန်နိုင်ငံတွင် နှမ်းစိုက်ပျိုးထုတ်လုပ်ခြင်း မရှိသောကြောင့် ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် ပြင်ပသွင်းကုန်အပေါ် အားထားနေရပါသည်။ ဥရောပတွင် နယ်သာလန်နိုင်ငံသည် နှမ်းများ ဝင်ရောက်ရာ အဓိက ဝင်ပေါက်နိုင်ငံဖြစ်ပြီး ထိုမှတစ်ဆင့် ဥရောပနိုင်ငံများသို့ နှမ်းများအား ပြန်လည်ဖြန့်ချိမှု ပြုလုပ်ကြောင်း လေ့လာသိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# တောင်ကိုရီးယားအိမ်ခြံမြေဈေးများ ခုနစ်နှစ်အတွင်းအမြင့်ဆုံးတက်

ယခုနှစ်အတွင်း တောင်ကိုရီးယား နိုင်ငံအတွင်းရှိ အိမ်ခြံမြေဈေးများသည် ယမန်နှစ်ကထက် ၄ ဒသမ ၆၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ခုနစ်နှစ်အတွင်း အမြင့်ဆုံးတက်ခဲ့သည့်နှုန်းထားဖြစ်သည်။ မြေရာအခြေခံ အဆောက်အအုံနှင့်ပို့ ဆောင်ရေးဝန်ကြီးဌာန၏ အဆိုအရ ယခုနှစ်အတွင်း အိမ်ခြံမြေဈေးများ သည် ဝမ် ၂၁၀ ထရီလီယံမှ ဝမ် ၄,၂၇၅ ထရီလီယံသို့ အဆမတန်မြင့်တက်သွားခဲ့သည်ဟု သိရှိရသည်။ လက်ရှိ ဝမ်ငွေနှင့်အမေရိကန်ဒေါ်လာ ငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၁,၁၀၆ ဝမ် ဖြစ်သည်။

ဆိုးလ်မြို့လယ်ရှိ နာမည်ကျော် အလှကုန်အမျိုးအစား Nature Republic စတိုးနေရာသည် တောင်ကိုရီးယားနိုင်ငံ၏ ဈေးအကြီးဆုံး မြေနေရာအဖြစ် ၁၃ နှစ်ဆက်တိုက် တည်ရှိလာခဲ့သည်။ ယင်းစတိုးရှိသည့် မြေနေရာတန်ဖိုးသည် တစ်စတုရန်းမီတာလျှင် ဝမ် ၈၀ ဒသမ ၇ သန်းဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ဂျပန်ယန်းငွေတန်ဖိုးကျဆင်းမှုကြောင့် တောင်ကိုရီးယားစီးပွားရေး ထိခိုက်လာ

တောင်ကိုရီးယား ပို့ကုန်လုပ်ငန်းရှင်များ၏ ထက်ဝက်ကျော်သည် ဂျပန်ယန်းငွေတန်ဖိုးကျဆင်းမှုကြောင့် ၎င်းတို့၏ အမြတ်ငွေ ၁၂ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း ကိုရီးယားစက်မှုလုပ်ငန်းရှင်များနှင့် ကုန်သည်ကြီးများအသင်း၏ လေ့လာဆန်းစစ်ချက်အရ သိရသည်။ ဧပြီလ ၂၇ ရက်မှမေ ၆ ရက်အထိ ကိုရီးယားပို့ကုန်လုပ်ငန်းရှင် ၃၀၀ ဦးအား စစ်တမ်းကောက်ယူချက်အရ ၎င်းတို့အနက်မှ ၅၅ ဒသမ ၇ ရာခိုင်နှုန်းသည် ဂျပန်ယန်းငွေတန်ဖိုးကျဆင်းမှု ကြောင့် ၎င်းတို့၏ အမြတ်ငွေများ ကျဆင်းရကြောင်း ပြောကြားခဲ့သည်။

ပို့ကုန်လုပ်ငန်းရှင်များ အားလုံးသည် ၎င်းတို့၏ တောင်ကိုရီးယားဝမ်နှင့် ဂျပန် ယန်းငွေတို့၏ အမြင့်ဆုံးခံနိုင်ရည်ရှိမှု လဲလှယ်နှုန်း (break-even point) ကို ယန်း ၁၀၀ လျှင် ၉၂၄ ဝမ်သာထားရှိခဲ့ကြသည်။ လက်ရှိ ဈေးကွက်အတွင်း လဲလှယ်နှုန်းအရ ယန်း ၁၀၀ လျှင် ၉၆၃ ဝမ်ဖြစ်နေသည်။ ကိုရီးယားသံမဏိလုပ်ငန်းကဏ္ဍရှိ ပို့ကုန်လုပ်ငန်းရှင်များက ၎င်းတို့၏ ယန်းငွေအနိမ့်ဆုံး ခံနိုင်ရည်ရှိမှု break-even point ကို ယန်း ၁၀၀ လျှင် ၉၆၃ ဝမ်ထားရှိပြီး၊ ရေနံဓာတုလုပ်ငန်းကဏ္ဍက ယန်း ၁၀၀ လျှင် ၉၅၆ ဝမ်၊ အကြီးစားစက်မှုလုပ်ငန်းကဏ္ဍက ၉၅၃ ဝမ်၊ စားသောက်ကုန်ကဏ္ဍက ၉၄၃ ဝမ်၊ ကားလုပ်ငန်းကဏ္ဍက ၉၃၅ ဝမ်၊ ရေယာဉ်တည်ဆောက်မှုလုပ်ငန်း ကဏ္ဍက ၉၂၂ ဝမ်နှင့်တစ်ပိုင်းလျှပ်ကူး ပစ္စည်းလုပ်ငန်းကဏ္ဍက ၉၁၈ ဝမ်စသဖြင့် အသီးသီးထားရှိကြသည်။

ဂျပန်နိုင်ငံရှိ ရေယာဉ်တည်ဆောက်ရေး လုပ်ငန်းရှင်များသည် ဂျပန်ယန်းငွေတန်ဖိုး ကျဆင်းလာခြင်းကြောင့် ၎င်းတို့၏ ဈေးကွက်ကိုပြည်တွင်းဈေး ကွက်သို့ ဦးလှည့်အာရုံစိုက်လာကြကြောင်း၊ တောင်ကိုရီးယားရေယာဉ်တည်ဆောက်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။ "ဂျပန်ယန်းငွေတန်ဖိုးကျဆင်းမှု ရိုက်ချက်သည် ကိုရီးယားလုပ်ငန်းရှင်များကို ကိုရီးယားပြည်တွင်းမှာသာမက တရုတ်နိုင်ငံအတွင်းရှိ ဂျပန်လုပ်ငန်းရှင်များနှင့် ယှဉ်ပြိုင်ရာတွင်လည်း ကိုရီးယားလုပ်ငန်းရှင်များ ဆုံးရှုံးမှုနှင့် ကြုံတွေ့ရကြောင်း" တစ်ပိုင်းလျှပ်ကူးပစ္စည်း လုပ်ငန်းကဏ္ဍရှိ ကိုရီးယားပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

ဂျပန်ပို့ကုန်လုပ်ငန်းရှင်များသည် ယန်းငွေတန်ဖိုးလျှော့ချခြင်းဖြင့် ဈေးနှုန်းလျှော့ကျခြင်းများ ဖြစ်ပေါ်စေပါက ကိုရီးယားနိုင်ငံအတွင်း အထိခိုက်ဆုံးလုပ်ငန်းကဏ္ဍမှာ စားသောက်ကုန်လုပ်ငန်းများပင်ဖြစ်ကြောင်း စစ်တမ်းများကဖော်ပြနေသည်။ ကိုရီးယားပို့ကုန်လုပ်ငန်းရှင်များ၏ ခန့်မှန်းချက်အရ ဂျပန်ပို့ကုန်လုပ်ငန်းရှင်များက ၎င်းတို့ဈေးနှုန်းကို ၁၀ ရာခိုင်နှုန်းလျှော့ချလိုက်ပါက ကိုရီးယားပို့ကုန်များ ပမာဏ ၁၁ ဒသမ ၇ ရာခိုင်နှုန်းလျော့ကျသွားမည်ဟုဆိုသည်။ ကိုရီးယားစားသောက်ကုန်လုပ်ငန်းရှင်များအပိုင်းတွင် ဂျပန်သို့ပို့ကုန်ပမာဏသည် ၁၈ ဒသမ ၇ ရာခိုင်နှုန်းလျော့ကျသွားမည်ဟုခန့်မှန်းထားပြီး သံမဏိလုပ်ငန်းရှင်များက ၁၅ ဒသမ ၁ ရာခိုင်နှုန်း၊ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းရှင်များက ၁၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် မော်တော်ကားလုပ်ငန်းရှင်များက ၁၂ ဒသမ ၄ ရာခိုင်နှုန်းခန့် အသီးသီးလျော့ကျသွားမည်ဟု ခန့်မှန်းထားကြသည်။ ဂျပန်ပြည်တွင်းဈေးကွက်တွင် ယှဉ်ပြိုင်မှုပိုမိုပြင်းထန်လျက်ရှိသဖြင့် ဂျပန်ဈေးကွက်အတွင်း ကိုရီးယားပို့ကုန်များသည် လုံးဝလျော့ကျလျက်ရှိသည်။

ထိုသို့ ယန်းငွေတန်ဖိုးချလိုက်ခြင်းကြောင့် ကိုရီးယားပို့ကုန်လုပ်ငန်းရှင်များ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသော်လည်း ၇၀ ရာခိုင်နှုန်းခန့်သော ကိုရီးယားလုပ် ငန်းရှင်များသည် ယင်းဆုံးရှုံးမှုကို ကုစားရန် နည်းဗျူဟာများ အဆင်သင့်မရှိသေးကြောင်း တွေ့ရသည်။ ၆၀ ရာခိုင်နှုန်းခန့်သော လုပ်ငန်းရှင်များအဆိုအရ နိုင်ငံတကာ ဈေးကွက်တွင် လည်း မသေချာမရေရာမှုများ ရှိနေသေးသဖြင့် မိမိတို့အနေဖြင့် မည်သို့မျှ ကုစားဆောင်ရွက်ရန် မတတ်နိုင်ကြောင်းနှင့် ၁၆ ဒသမ ၇ ရာခိုင်နှုန်းသော လုပ်ငန်းရှင်များက ယင်းသို့ယန်းငွေတန်ဖိုးချခြင်းကြောင့် ဈေးကွက်မတည်ငြိမ်မှုသည် ယာယီသာဖြစ်မည်ဖြစ်ကြောင်း သုံးသပ်ခန့်မှန်းထားကြသည်ကို တွေ့ရပါသည်။

တောင်ကိုရီးယားဗဟိုဘဏ် ဥက္ကဋ္ဌဖြစ်သူ Lee Ju-yeol က ပို့ကုန်ဖြင့်သာ အဓိကမောင်းနှင်နေသည့် ကိုရီးယားစီးပွားရေးအခြေအနေသည် ပို့ကုန်ပမာဏများ ကျဆင်းနေခြင်းကြောင့် စိုးရိမ်ရကြောင်း ပြောကြားခဲ့သည်။ ကိုရီးယား ပို့ကုန်ပမာဏနှင့် နိုင်ငံ့ ဂျီဒီပီအချိုးသည် ၄၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း အခြားဖွံ့ဖြိုးပြီး နိုင်ငံများတွင် ၁၀ ရာခိုင်နှုန်းခန့်သာရှိ၍ နှိုင်းယှဉ် ကြည့်နိုင်ကြောင်း၊ တရုတ်နိုင်ငံတွင်းသို့ ပို့ကုန်ကျဆင်းမှုနှင့်ဂျပန်ယန်းငွေ တန်ဖိုးချလိုက်ခြင်းတို့ကြောင့် ကိုရီးယားပို့ကုန် ပမာဏလျော့ကျသွားသည့်အဖြစ်သည် မကြာသေးမီသော ကာလအတွင်း ဖြေရှင်းသွားနိုင်ဦးမည် မဟုတ်ကြောင်း၊ ၎င်း အပြင်အမေရိကန် ဗဟိုဘဏ်ကလည်း ၎င်း၏ငွေရေးကြေးရေးပေါ်လစီကို လျှော့ချပေးသည့်အနေဖြင့် ဗဟိုဘဏ် အတိုးနှုန်းကို မြှင့်တင်သွားဖွယ်ရှိနေခြင်းသည်လည်း ကိုရီးယားစီးပွားရေး အဓိကအမှီပြုထားသည့် ပို့ကုန်ကဏ္ဍကို ထိခိုက်နိုင်သဖြင့် စိုးရိမ်ဖွယ်အခြေအနေဖြစ်ကြောင်း အစည်းအဝေးတစ်ခုတွင် အစိုးရအရာထမ်းများအား ပြောကြားခဲ့သည်။ ဂျပန်ယန်းငွေနှင့် ယူရိုငွေကြေးများနှင့် ယှဉ်တွဲ၍ ကိုရီးယားပို့ကုန်ယှဉ် ပြိုင်မှုကဏ္ဍအား ထိရောက်မှုရှိလာမည် လည်းဖြစ်သည်။ ဂျပန်နှင့်ဥရောပဗဟိုဘဏ်များကလည်း ၎င်းတို့ငွေကြေးဖြစ် လွယ်မှု (liquidity) ကိုမြှင့်တင်နိုင်ရန် အသည်းအသန် ကြိုးစားလျက်ရှိသည်ကိုလည်း တွေ့ရပါကြောင်း သုံးသပ်တင် ပြအပ်ပါသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဆိုးလ်မြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တောင်ကိုရီးယားအိမ်ထောင်စုချေးငွေများ ကိုးနှစ်အတွင်းအမြင့်ဆုံးတက်ခဲ့

တောင်ကိုရီးယားနိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေး ဘဏ်များမှ ထုတ်ချေးသည့် အိမ်ထောင်စုချေးငွေများသည် ဗဟိုဘဏ်အတိုးနှုန်းနိမ့်ပါးခြင်းနှင့်အိမ်ခြံမြေဈေးကွက် အီနေခြင်းတို့ကြောင့် ကိုးနှစ်အတွင်း အမြင့်ဆုံးသို့ဖြစ်သွားခဲ့သည်ဟု ကိုရီးယားငွေရေးကြေးရေး အာဏာပိုင်ဖြစ်သည့်(FSS) ကပြောကြားခဲ့သည်။ ဧပြီလအတွင်းက ဘဏ်များက ထုတ်ချေးငွေစုစုပေါင်းသည် ၁ ဒသမ ၁ထရီလီယံဒေါ် လာရှိခဲ့ရာ ၎င်းပမာဏသည် မတ်လကထက် ၁ ဒသမ ၂ ရာခိုင်နှုန်း (၁၅ ထရီလီယံဝမ်) တိုးလာ ခဲ့သည်။ ၎င်းစုစုပေါင်း ချေးငွေပမာဏ အနက် ၅၃၄ ထရီလီယံဝမ်သည် အိမ်ရာချေးငွေများဖြစ်ကြပြီး၊ လအလိုက်အနေဖြင့် ၈ ဒသမ ၈ ထရီလီယံဝမ် တိုးလာခဲ့သည်ကိုတွေ့ရ သည်။

ယင်းသို့ ချေးငွေပမာဏတက်လာခြင်းမှာ ဗဟိုဘဏ်အတိုးနှုန်းကို မတ်လလယ်က သုည ဒသမ ၂၅ ရာခိုင်နှုန်းလျှော့ပြီး ၁ ဒသမ ၇၅ ရာခိုင်နှုန်းအဖြစ် သတ်မှတ်ပေးသည့်အတွက် နေအိမ်ခန်းများ ပိုမိုဝယ်ယူလာခဲ့ကြခြင်းကြောင့်ဖြစ်သည်။ ဧပြီလတစ်လတည်းပင် ဆိုးလ်မြို့တွင်း နေအိမ်ခန်းပေါင်း ၁၃,၉၀၀ ခန်း အရောင်း/အဝယ်ဖြစ်ခဲ့ပြီး၊ ယခင်နှစ်တစ်နှစ်လုံးတွင် ၈၅,၀၀၀ ခန်းသာ အရောင်း/အဝယ်ဖြစ်ခဲ့သည်။ နှစ်အလိုက် အိမ်ရာချေးငွေ တိုးတက်မှုကိုကြည့်လျှင် ၂၀၁၁ ခုနှစ်က အမြင့်ဆုံးအဖြစ် ၇၃ ထရီလီယံဝမ်ရှိခဲ့ပြီး၊ ၂၀၁၂ ခုနှစ်တွင် ပြန်ကျသွား၍ ၄၇ ဒသမ ၆ ထရီလီယံဝမ်ရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် တစ်ဖန်ပြန်တက်လာပြီး၊ ၅၇ ဒသမ ၆ ထရီလီယံ ဝမ်ဖြစ်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင်လည်း စုပေါင်းအိမ်ရာချေးငွေပမာဏ တက်လာခဲ့သည်မှာ ယခုနှစ်သည် ကိုးနှစ်အတွင်း အမြင့်ဆုံးတက်နေသည့် ချေးငွေစုစုပေါင်းပမာဏဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အီးယူဒေသတွင်အိမ်သုံး လျှပ်စစ်ဓာတ်အား ဈေးနှုန်းများနှင့်ဓာတ်ငွေ့ ဈေးနှုန်းများမြင့်တက်

၂၀၁၃ ခုနှစ်၊ ဒုတိယနှစ်ဝက်နှင့် ၂၀၁၄ ခုနှစ်၊ ဒုတိယနှစ်ဝက်ကြားကာလတွင် အီးယူ၌ အိမ်သုံးလျှပ်စစ်ဓာတ်အားဈေးနှုန်းများသည် ပျမ်းမျှအားဖြင့် ၂ ဒသမ ၉ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ၁၀၀ ကီလိုဝပ်နာရီလျှင် ယူရို ၂၀ ဒသမ ၈သို့ ရောက်ရှိခဲ့ကြောင်း အီးယူအဖွဲ့ဝင်နိုင်ငံများအနက် အိမ်သုံးလျှပ်စစ်ဓာတ်အား ဈေးနှုန်း အနည်းဆုံးနိုင်ငံမှာ ဘူလ်ဂေးရီးယားနိုင်ငံဖြစ်ပြီး လျှပ်စစ် ဓာတ်အား ၁၀၀ ကီလိုဝပ်နာရီလျှင် ၉ ယူရိုခန့်သာရှိကာ အိမ်သုံးလျှပ်စစ်ဓာတ်အား ဈေးနှုန်း အများဆုံးနိုင်ငံမှာ ဒိန်းမတ်နိုင်ငံဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၁၀၀ ကီလိုဝပ်နာရီလျှင် ယူရို ၃၀ ဒသမ ၄ ခန့်ရှိကြောင်း အလားတူ ၂၀၁၃ ခုနှစ်၊ ဒုတိယနှစ်ဝက်နှင့် ၂၀၁၄ ခုနှစ်၊ ဒုတိယနှစ်ဝက်ကြားကာလတွင် အိမ်သုံးဓာတ်ငွေ့ဈေးနှုန်းများသည် ပျမ်းမျှအားဖြင့် ၂ ဒသမ သုည ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ပြီး ၁၀၀ ကီလိုဝပ်နာရီလျှင် ယူရို ၇ ဒသမ ၂သို့ရောက်ရှိခဲ့ကြောင်းအီးယူအဖွဲ့ဝင် နိုင်ငံများအနက် အိမ်သုံးဓာတ်ငွေ့ဈေးနှုန်း အနည်းဆုံးနိုင်ငံမှာ ရိုမေးနီးယားနိုင်ငံဖြစ်ပြီး ၁၀၀ ကီလိုဝပ်နာရီလျှင် ၃ ဒသမ ၂ ယူရိုခန့်သာရှိကာ အိမ်သုံးဓာတ်ငွေ့ဈေးနှုန်း အများဆုံးနိုင်ငံမှာ ဆွီဒင်နိုင်ငံဖြစ်ပြီး ၁၀၀ ကီလိုဝပ်နာရီလျှင် ယူရို ၁၁ ဒသမ ၄ ခန့်ရှိကြောင်း အီးယူစာရင်းအင်းရုံးက ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## 5G လုပ်ငန်းစီမံချက်များတွင် အီးယူနှင့် ဂျပန်တို့ပူးတွဲရင်းနှီးမြှုပ်နှံမည်

အီးယူနှင့်ဂျပန်တို့သည် လာမည့် နှစ်နှစ်တာကာလအတွင်း 5G နှင့် ဆက်စပ်လုပ်ငန်းစီမံချက်များတွင် ယူရို ၁၂ သန်းခန့် ရင်းနှီးမြှုပ်နှံရန်နှင့် 5G Mobile Technology ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွအကောင် အထည်ဖော်ဆောင်ရွက်ရန် မေလ ၂၉ ရက်နေ့တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပခဲ့သည့် အီးယူ-ဂျပန်ထိပ်သီး အစည်းအဝေးတွင် သဘောတူညီခဲ့ကြ ပါသည်။

5G နှင့်ဆက်စပ်လုပ်ငန်းစီမံချက် များကို ပူးပေါင်းဆောင်ရွက်ရန် အီးယူ သည် တောင်ကိုရီးယားနိုင်ငံနှင့်လည်း သဘောတူလက်မှတ်ရေးထိုးထားပြီး တရုတ်နိုင်ငံအပါအဝင် အခြားသော နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## တောင်ကိုရီးယားနိုင်ငံက စတုတ္ထမြောက် Telecom Carrier အား ရွေးချယ်

တောင်ကိုရီးယားနိုင်ငံတွင် လက်ရှိ Telecom Carrier သုံးဦးဖြစ်သည့် SK Telecom,KT and LG Uplus တို့ရှိနေပြီး ဈေးကွက်အခြေအနေသည် ပြည့်ဝနေသည့် အနေအထား (Saturated market) ဖြစ်နေ၍ ဈေးကွက်တွင်း ယှဉ်ပြိုင်မှုကို လှုံ့ဆော်ပေးရန် စတုတ္ထမြောက် ကုမ္ပဏီတစ်ခုအားလုပ်ကိုင်ခွင့်ပေးသွားမည်ဟု သိပ္ပံအိုင်စီတီနှင့်အနာဂတ်စီမံကိန်းဝန်ကြီးဌာနက ဆုံးဖြတ်ခဲ့သည်။ ကိုရီးယားမိုဘိုင်းဆက်သွယ်ရေးဈေးကွက်တွင် လွန်ခဲ့သည့် ရာစုနှစ်ကတည်းက အဆိုပါကုမ္ပဏီသုံးခုသည် ဈေးကွက်ကိုအုပ်စီးထားပြီး ၎င်းတို့အနက်မှ SK Telecom သည် ဈေးကွက်ဝေစုထက်ဝက်ကျော်ကို ရရှိထားသည်။

စတုတ္ထမြောက်ကုမ္ပဏီသည် ဆက်သွယ်ရေးဝန်ဆောင်ခကို လတ်တလောနှိမ့်ချပေးမည်ဟု မျှော်လင့်မထားဘဲ ရေရှည်တွင်ဈေးကွက်သဘောအရ ပြည်သူပေးရသည့် ဝန်ဆောင်ခများ နိမ့်ကျသွားမည်ဟု မျှော်လင့်ရသည်။ ဈေးကွက်ယှဉ်ပြိုင်မှုကို တွန်းအားပေးရန် အစိုးရသည် နောင်နှစ်တွင် လက်ရှိဈေးနိမ့်ဝန်ဆောင်မှုနှုန်းထား ၁၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ လျှော့ချပေးသွားမည်ဖြစ်သည်။ ထို့အပြင် ကုမ္ပဏီမှ service plan အသစ်ဆောင်ရွက်လိုပါကလည်း အစိုးရသို့ တင်ပြရန်မလိုဘဲ စားသုံးသူလိုအပ်ချက်အရ ချက်ချင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ အစိုးရသည် စတုတ္ထမြောက်ကုမ္ပဏီအား ဆောင်ရွက်ခွင့်ပြုမည့် အစီအစဉ်အပေါ် ပြည်သူ့ဆန္ဒသဘောထား ကောက်ယူသွားမည်ဖြစ်ပြီး ဇွန်လအတွင်း နောက်ဆုံးစီမံချက်ကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တောင်ကိုရီးယားနှင့်ဂျပန်ကာကွယ်ရေးဝန်ကြီးများ လေးနှစ်အတွင်း ပထမဆုံးအကြိမ် တွေ့ဆုံ

ကိုရီးယားသမ္မတနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Han Min-koo နှင့် ဂျပန် ကာကွယ်ရေးဝန်ကြီး Gen.Nakatani တို့သည် မေလ ၃၀ ရက်နေ့က စင်္ကာပူနိုင်ငံတွင် ကျင်းပသည့် 14th Asia Security Summit or Shangri-La Dialogue ထိပ်သီးဆွေးနွေးပွဲအတွင်း သီးသန့်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုသို့တွေ့ဆုံစဉ် ကိုရီးယားကျွန်းဆွယ် အရေးကိစ္စအားဆွေးနွေးရာ၌ စုပေါင်းကာကွယ်ပိုင်ခွင့်နှင့်နိုင်ငံပြင်ပတွင် မဟာမိတ်များအား စစ်ရေးအကူအညီပေးရေးကိစ္စရပ်များအပေါ် နှစ်နိုင်ငံသဘောတူညီခဲ့ကြသည်။ ယင်းတွေ့ဆုံပွဲသည် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများကြား လေးနှစ်နှင့်လေးလအတွင်း ပထမဆုံးအကြိမ်တွေ့ဆုံခဲ့ကြခြင်းလည်း ဖြစ်သည်။ သို့သော် ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Nakatani သည် တောင်ကိုရီးယားက မြောက်ကိုရီးယား ၏ ဒုံးကျည်အခြေစိုက်စခန်းများကို အရေးပေါ် တိုက်ခိုက်ရန်ရှိပါက ဆိုးလ်၏ ကြိုတင်ခွင့်ပြုချက်တောင်းခံခြင်းအပေါ် မယုတ်မလွန်ဖြေကြားခဲ့သည်။ မြောက်ကိုရီးယားအား တောင်ကိုရီးယားနိုင်ငံ၏ ပိုင်နက်နယ်မြေဖြစ်သည်ဟု ဆိုးလ်၏ သဘောထားမှုသည် နောင်ဆွေးနွေးပွဲများတွင် အတားအဆီးတစ်ခုဖြစ်လာဖွယ်ရှိသည်။

ယခုဆွေးနွေးပွဲတွင် Nakatani ကနှစ်နိုင်ငံကြား ထောက်လှမ်းရေး သတင်းအချက်အလက် ဖလှယ်ရေးနှင့် အုပ်ချုပ်ထောက်ပံ့မှု ပေးအပ်ရေးကိစ္စရပ်များအပေါ် သဘောတူညီချက်ရရှိရန် ဆိုးလ်အား တွန်းအားပေးခဲ့သည်။ ဂျပန်နှင့်တွေ့ဆုံဆွေးနွေးမှုမတိုင်မီက Han Min-koo သည် ကိုရီးယားအခြေစိုက်အမေရိကန်ကာကွယ်ရေးတပ်များ အကြီးအကဲ Ashton Carter နှင့်တွေ့ဆုံ၍ ကိုရီးယားရှိအမေရိကန်တပ်များ ထံသို့ ထောင့်သန်းနာရောဂါပိုးနမူနာများ သုတေသနပြုလုပ်ရန် တင်ပို့ခြင်းမျိုး ထပ်မံမပြုလုပ်ရန် တောင်းဆိုခဲ့သည်။ Carter ကဦးစွာ တောင်းပန်ပါကြောင်းနှင့် နောင်အလားတူကိစ္စများ ထပ်မံမပေါ် ပေါက်ရန် ကတိပြုပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံသည့် မေလ ၃၀ ရက်နေ့၌ပင် Han သည် တရုတ်ပြည်သူ့လွတ် မြောက်ရေးတပ်မတော်၏ ဒုတိယစစ်ဦး စီးချုပ်ဖြစ်သူ Sun Jianguo နှင့် တွေ့ဆုံခဲ့ရာတွင် တောင်ကိုရီးယားနိုင်ငံတွင် အခြေစိုက်သည့် အမေရိကန်တပ်များ တွင် Terminal High Altitude Area Defense Batteries -THAAD (အမြင့်ပျံလေကြောင်းရန် ကာကွယ်ရေးစနစ်) ဖြန့်ခွဲချထားမည့် အစီအစဉ်အပေါ် စိုးရိမ်ကြောင်းနှင့်ယင်းတပ်ဖြန့်ချထားမှု သည် ကိုရီးယားကျွန်းဆွယ်၏ တည်ငြိမ်မှုပျက်ပြားစေနိုင်ကြောင်း Sun က ပြောကြားခဲ့သည်ဟု ၎င်း၏ပြောရေးဆိုခွင့်ရှိသူက သတင်းထုတ်ပြန်ခဲ့သည်။ Sun ကဲ့သို့ အလားတူပြောကြားချက်ကို ဖေဖော်ဝါရီလက ဆိုးလ်သို့တရုတ် ကာကွယ်ရေးဝန်ကြီး Chang Wanquan လာရောက်စဉ်ကလည်း ပြောကြားခဲ့ဖူးသည်။ အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် တရားဝင် ဆွေးနွေးချက်များ မရှိပါဟုဆိုသော်လည်း အမေရိကန်သည် ဆိုးလ်တွင် THAAD စနစ်တပ်ဖြန့်ချထားမှုအား တွန်းအားပေးနေသည်။ ၎င်းအပြင်နှစ်နိုင်ငံ၏ အဆိုအရ ယင်းလက်နက်စနစ်များသည် မြောက်ကိုရီးယားဘက်ကိုသာ ချိန်ရွယ်ဦးတည်ထားပါကြောင်း ပြောကြားခဲ့ကြသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ဘယ်လ်ဂျီယံမီဒီယာကုမ္ပဏီအား အမေရိကန်ဆော့ဖ်ဝဲလ်ကုမ္ပဏီ ဝယ်ယူမည်

အမေရိကန်ဆော့ဖ်ဝဲလ်ကုမ္ပဏီတစ်ခုဖြစ်သော Clarabridge သည် ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် လူမှုမီဒီယာကုမ္ပဏီတစ်ခုဖြစ်သော Engager အား ဝယ်ယူမည်ဖြစ်ကြောင်း၊ ထိုသို့ ဝယ်ယူရခြင်း အဓိကရည်ရွယ်ချက်မှာ Clarabridge သည် ၎င်း၏ Customer Experience Management (CEM) Software များအား ဥရောပတွင် စတင်ရောင်းချနိုင်ရန်အတွက်ဖြစ်ကြောင်း Flanders Investment and Trade ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**



# စက်နှိုးကြိုးဖြုတ် ဥဩသံကျယ်ကျယ်ဆွဲလို့ စားသုံးသူအကာအကွယ်ပေးရေး သင်္ဘောကြီးထွက်စို့

|မြင့်ဦး-ပခုက္ကူ|

*ခုတလော ဂျာနယ်လည်းဖတ်ရ၊ ပုဂ္ဂလိကသတင်းစာလည်း ဖတ်ရ၊ ကိုယ်တိုင်နားနဲ့လည်းကြားရတာတွေ ရှိပါတယ်။ အဲဒါကဘာလဲဆိုတော့ စားသုံးသူရေးရာဘာလဲ၊ ဘယ်လဲ၊ ဘာလို့နောက်ပြန်ဆုတ်သွားတာလဲ အစရှိသည်ဖြင့်ပေါ့။ ကိုယ်ကလည်း ဒီဌာနကဝန်ထမ်းဖြစ်နေလေတော့ ကိုယ်နဲ့လည်းဆိုင်နေလေတော့ ဒီသတင်း၊ ဒီစာ၊ ဒီစကားဆိုတာနဲ့ အထူးနားစွင့်မိပါတယ်။ စိတ်လည်းဝင်စားတယ်ပေါ့ဗျာ။*

*ဒီသတင်း၊ ဒီစကား စတင်ဖြစ်ပေါ်လာရတဲ့ အရင်းအမြစ် ၂၀၁၅ ခုနှစ်၊ ဧပြီလကစလို့ စီးပွားကူးသန်းဝန်ကြီးဌာနအောက်မှာရှိတဲ့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနဲ့ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနကို ပေါင်းစပ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနဆိုပြီး တစ်စုတစ်စည်းတည်း၊ တစ်ဌာနတည်း ပေါင်းစည်းရာကစတယ်လို့ (စာရေးသူတစ်ဦးတည်းကအထင်) ပြောရမလိုပါ။ အချင်းချင်းပြောကြတယ်။ မြှင့်တင်ဦးစီးက စားသုံးသူရေးရာထဲဝင်တယ်။ စားသုံးသူရေးရာက မြှင့်တင် ဦးစီးထဲကိုဝင်တယ်။ တယ်ခက်တာပဲ။ လူတွေတယ်. . အတ္တကြီးကြတာပဲ။ အရင်းစစ်တော့အမြစ်ခံဆိုတာလို ဘယ်ဌာနက ဘယ်သူတွေဖြစ်ဖြစ်၊ ဒါဟာတဝမ်းတည်း၊ တမိထဲကပေါက်ဖွားလာတဲ့သားသမီးတွေပါ။*

ဝန်ကြီး ဌာနတစ်ခုရဲ့ တစ်မိုးအောက်ထဲမှာရှိနေတဲ့သူတွေဆိုတာကို မေ့နေကြပြီလား။ သတိမရကြတော့ဘူးလား။ ငါမှငါပါထင်စရာရှိနေကြသလား။ ခွဲနေတော့လည်း ဒီလူတွေ၊ မခွဲခင်ကလည်း ဒီလူတွေ၊ ရင်ကြားစေ့ပေါင်းသွားတော့လည်း ဒီလူတွေပါ။ ဘာတွေကွာ သွားပါသလဲ။ ဘာတွေခြားနားသွားပါသလဲ။ ခုတော့ ဒီလိုပူးပေါင်းဆောင်ရွက်သွား ခြင်းကြောင့် စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းပဲ ဆက်မလုပ်တော့မှာ လိုလို၊ ဖျက်ပစ်သလိုလို၊ နောက်ပြန်လှည့်သွားတယ်ပြောလိုပြော ဆက်ပြီးအကောင်အထည်မဖော်မှာလိုလို၊ ပြင်ပမှာအသံတွေကြားနေရပါတယ်။

တချို့ဆိုရင် ဝန်ထမ်းတွေ ကိုယ်တိုင်ကကို ပြောဆိုကြတာတွေ နားနဲ့သေသေချာချာကြားရတယ်။ လုပ်နေတာ နှစ်နှစ်ရှိပြီ။ အရှိန်ရနေတာ။ ခုဘာဆက်လုပ်ရမှာလည်းဆိုတာတွေ ကျွန်တော်ပြောချင်ပါတယ်။ ခုဝန်ကြီးဌာနရဲ့ ဆက်လက်လှုပ်ရှားနေတဲ့ အလုပ်တွေကို ပြန်ကြည့်ရင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ခိုင်မာတိုးတက်စေရေးနဲ့ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်နိုင်ရေးအတွက် နိုင်ငံတကာ အကောင်းဆုံးအလေ့အထများ လေ့လာခြင်းဆိုင်ရာ ဆွေးနွေးပွဲကိုမေလ ၇ ရက်၊ ၈ ရက်နေ့တွေမှာ ရန်ကုန်မြို့မှာကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ နိုင်ငံခြားတိုင်းပြည်များမှ ပညာရှင်များနဲ့ စီးပွားကူးသန်းဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးတွဲကျင်းပခဲ့ကြတာပါ။

အဲဒီဆွေးနွေးပွဲမှာ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ရည်ရွယ်ချက် ၅ငါးရပ်နဲ့ ကျင်းပပြုလုပ်ခဲ့တာဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတကာ ကျွမ်းကျင်သူတွေမှတစ်ဆင့် အကောင်းဆုံးအလေ့အထတွေကို လေ့လာကြဖို့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်လာစေဖို့ အစိုးရဝန်ထမ်းများနှင့် ပြည်သူလူထုကို အသိပညာဖြန့်ဝေပေးဖို့ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းတွေကို နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်တွေမှာ ထိရောက်စွာအကောင်အထည်ဖော်နိုင်ဖို့ အသိပညာဗဟုသုတတွေရစေဖို့ စားသုံးသူ အကာအကွယ်ပေးရေးနယ်ပယ်မှာ အစိုးရဝန်ထမ်းတွေနဲ့ ပြည်သူလူထု အားလုံးပါဝင်ဆောင်ရွက်နိုင်စေဖို့ ဗဟုသုတ နဲ့ အတွေ့အကြုံများရရှိစေဖို့၊ အာဆီယံစီးပွားရေးအသိုက်အဝန်း တည်ထောင်တဲ့အခါ စားသုံးသူအကာအကွယ်ပေးရေးကဏ္ဍမှာ အာဆီယံနိုင်ငံများနဲ့အတူ ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ဖို့စတဲ့ ရည်ရွယ်ချက်ခေါင်းစဉ်များနဲ့ ဆွေးနွေးပွဲကျင်းပခဲ့ကြတာပါ။

မေလ ၂၃ ရက်နေ့က မကွေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူ ရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စီးပွားကူးသန်းဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက မကွေးတိုင်းမှာရှိတဲ့ တိုင်းအဆင့် တိုင်းစက်မှုကြီးကြပ်၊ တိုင်းဟိုတယ်နှင့်ခရီး၊ တိုင်း စည်ပင်၊ တိုင်းစိုက်ပျိုးရေး၊ တိုင်းဥပဒေ၊ တိုင်းကျန်းမာရေး၊ တိုင်းပညာရေး၊ FDA က တာဝန်ရှိသူများနဲ့အတူ စားသုံးသူကာကွယ်ပေးရေးတိုင်ကြားမှု ဖြေရှင်းရေးကိစ္စတွေကို ဆွေးနွေးခဲ့ကြပါတယ်။

ညွှန်ကြားရေးမှူးချုပ်က စာသင်ကျောင်းများဖွင့်လှစ်တော့မှာဖြစ်တဲ့အတွက် စားသုံးသူ အကာအကွယ်ပေးရေး၊ အသိပညာပေး၊ ဆွေးနွေးမှုများ ပြုလုပ်သွားဖို့လိုကြောင်း၊ ဆောင်ရွက်ရာမှာသက်ဆိုင်ရာဌာနများမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားဖို့လိုကြောင်း၊ မိမိတို့ဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်လို့ မရနိုင်ပါကြောင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လိုအပ်ပါကြောင်း၊ နိုင်ငံတော် အပိုင်းမှ ငွေကြေးအကုန်အကျခံပြီး သင်တန်းပေးခြင်း၊ ပြည်ပပညာရှင်များ ဆွေးနွေးပေးခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ AFTA မကြာခင်လာတော့မှာဖြစ်တဲ့အတွက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အဆင်သင့်ဖြစ်နေဖို့လိုကြောင်း၊ အခုချိန်ဟာ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် မိမိတို့မိသားစု၊ မိမိပတ်ဝန်းကျင်ကစလို့ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်သွားကြဖို့လိုကြောင်း၊ ဒီလုပ်ငန်းဟာ လူတွေထိခိုက်ဒဏ်ရာ အနာရောဂါများနဲ့ သေဆုံးမှုမဖြစ်အောင် အကာအကွယ်ပေးတဲ့လုပ်ငန်းဖြစ်တဲ့အတွက် မိမိတို့အနေနဲ့ ကုသိုလ်ရပြီး အများကောင်းကျိုးရရှိစေတဲ့ လုပ်ငန်းဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးကို အလေးထားရမယ့်အကြောင်း ဆွေးနွေးကြဖို့လည်း သတင်းကြားရပါတယ်။

နောက်ထပ်လည်း အခြား ပြည်နယ်တိုင်းတွေမှာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဆွေးနွေးပွဲ၊ ဟောပြောပွဲတွေကို ဆက်လက်ပြီး ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရပါတယ်။ ကဲ . . ဒါဆိုရင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဟာ ရပ်တန့်သွားသလား။ နောက်ပြန်ဆုတ်သွားသလား၊ စားသုံးသူဘာလဲ၊ ဘယ်လဲဆိုတဲ့အဖြေဟာရှင်းနေပြီမဟုတ်ပါလား။ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေတွေပြဋ္ဌာန်းလို့ ဆောင်ရွက်နေပါတယ်။ သို့သော် ဒီကာလဟာ အရေးယူအပြစ်ပေးတဲ့ကာလလား။ ဒါမှမဟုတ် အသိပညာဗဟုသုတပေးတဲ့ကာလလား၊ စည်းရုံးလှုံ့ဆော်ရမယ့်ကာလလား။ ခွဲခြားဖို့တော့လိုပါလိမ့်မယ်။ ဒါဟာ မြန်မာပြည်ပါ။ စားပုံ၊ သောက်ပုံ၊ နေပုံ၊ ထိုင်ပုံ တစ်နေရာနဲ့တစ်နေရာ မတူညီသလို အလေ့အထတွေလည်း ကွဲပြားခြားနားပါတယ်။ မိတ်ဆွေ ဆရာဝန်တစ်ဦးနဲ့ စကားပြောခဲ့တာတွေ အမှတ်ရမိပါတယ်။ ကျွန်တော် ဧရာဝတီတိုင်းမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အချို့လူနာများ၊ သွေးတအားတိုးတယ်။ ဘယ်လိုပြောပြော၊ ငါးပိရည်မပါရင် သူတို့ထမင်းမစားတတ်ကြဘူး။

ကျွန်တော်တို့ အညာဒေသမှာ အိမ်တိုင်းငရုတ်သီးအခြောက်စားတယ်။ အဲဒီငရုတ်သီးအစေ့အညှာမှာပါတဲ့ မှိုဆိပ်က အသည်းကိုကင်ဆာရောဂါပေးတယ်လို့ပြောတယ်။ မရဘူး၊ စားကြတာပဲ။ အဲဒါကိုသာကြည့်၊ ဆေးပညာ ဆရာဝန်တစ်ယောက်တောင် ကိုယ်တတ်ထားတဲ့ပညာကို နေရာဒေသကိုလိုက်ပြီး လိုက်လျောညီထွေစွာကျင့်သုံးဆေးကုသနေရတာပါ။ ဒီဥပမာကို နမူနာပြုလို့ ကိုယ့်မိသားစုပတ်ဝန်းကျင်ကနေ တစ်ဆင့်ပြီးတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆွေးနွေးရမှာပါ။ ဥပဒေ၊ နည်းဥပဒေတိုင်ကြားစာ လက်ခံဌာန၊ အငြင်းပွားမှုဖြေရှင်းရေး စတာတွေ ဖွဲ့စည်းဖွင့်လှစ်ထားရှိပါပြီ။ တိုင်ကြားစာ ဘယ်လောက်ရပြီလဲ။ ဘယ်ကိစ္စများ အငြင်းပွားမှုဆောင်ရွက်နေရပြီလဲ။

လူတစ်ဦးတစ်ယောက်ထဲက ကိုယ်စားတဲ့ ကုန်ပစ္စည်းအလုံးစုံကို မထုတ်လုပ်နိုင်ပါဘူး၊ ဒီတော့ စားသုံးသူဆိုတာ အာလုံးနဲ့ဆိုင်တာပါပဲ။ ဥပမာ-စားသောက်ကုန် တစ်မျိုးကို ကိုယ်ကထုတ်လုပ်တယ်။ ကိုယ်ထုတ်လုပ်တာကို ရောင်းချရပေမယ့်ကိုယ့်အတွက် လိုတာကိုတော့ ပြန်လည်ဝယ်ယူစားသုံးကြရတာမဟုတ်ပါလား။ ထုတ်လုပ်သူသည် စားသုံးသူပါပဲ။ စားသုံးသူကလည်း ထုတ်လုပ်သူပါပဲဆိုတာကိုသိဖို့၊ သဘောပေါက်ဖို့၊ နားလည်ဖို့၊ ထုတ်လုပ်သူက လုံခြုံစိတ်ချရသော၊ အရည်အသွေးပြည့်မီသော၊ အန္တရာယ်ကင်းသော စားသောက်ကုန်များကို ထုတ်လုပ်ကြပြီး၊ တာဝန်ရှိမှု၊ တာဝန်သိမှု တာဝန်ခံမှု၊ တာဝန်ယူမှုဆိုတဲ့ အပိုင်းရယ်။ စားသုံးသူကလည်း စားမှု၊ သုံးမှုကိစ္စတွေမှာ အန္တရာယ်ကင်းသော၊ ခိုင်မာသော၊ လုံခြုံစိတ်ချရသော အရည်အသွေးပြည့်မီသော စားသုံးမှုတို့ကို ခံယူလိုက်နာ ရွေးချယ်စားသုံးဖို့ လိုပါလိမ့်မယ်။

အဲဒီအသိပညာ ဗဟုသုတတွေရရှိဖို့ စားသုံးသူကာကွယ်ပေးရေးဦးစီးဌာနဟာ နိုင်ငံတော်ရဲ့ပံ့ပိုးမှု၊ ကိုယ်တိုင်စိုက်ထုတ်မှုစတာတွေကို စေတနာ၊ စိတ်ဓာတ်ကောင်းကောင်းနဲ့ဆောင်ရွက်ခဲ့ကြတာ၊ နှစ်နှစ်ဆိုတဲ့ ကာလတစ်ခုကို တာဝန်ယူခဲ့ကြပြီး ဖြစ်ပါတယ်။ ခုနေချိန်ခါမှာ ကုန်သွယ်မှုမြှင့်တင်ရေးနဲ့စားသုံးသူရေးရာဦးစီးဌာနဆိုပြီး၊ မြှင့်တင်ဦးစီးနဲ့ စားသုံးသူရေးရာ ဦးစီးဌာနနှစ်ခုပေါင်းပြီး အင်ပြည့်အားပြည့်ဆောင်ရွက်ရတော့မှာဖြစ်သလို ဆောင်ရွက်နေကြပြီလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြေးမြင်တာကတော့ အင်ပြည့်အားပြည့် တက်ကုန်ဖွင့်လို့ ရွက်စုံလွှင့်စို့ဆိုတဲ့ စကားပုံလိုပါပဲ။ ကောင်းပြီ . . စက်နှိုး၊ ကြိုးဖြုတ်၊ ဥဩသံကျယ်ကျယ်ဆွဲလို့ စားသုံးသူအကာအကွယ်ပေးရေးသင်္ဘောကြီး ထွက်ကြစို့ . . . . . ။




# ဗန်ကောက်ဘဏ်၏ ရန်ကုန်ဘဏ်ခွဲ ဖွင့်လှစ်ပြီ

မြန်မာနိုင်ငံတွင် တရားဝင်ဖွင့် လှစ်ခွင့်ရရှိထားသည့် နိုင်ငံခြားဘဏ် တစ်ဘဏ်ဖြစ်သည့် ဗန်ကောက်ဘဏ် ကို မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ဇွန်လ ၂ ရက်နေ့က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါဘဏ်ဖွင့်ပွဲအခမ်းအနား ကို ဇွန်လ ၂ရက်နေ့က ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်းရှိဗန်ကောက်ဘဏ် ရုံးခန်းတည်ရှိရာ ခြံအမှတ်(၅)တွင် ကျင်းပခဲ့သည်။

ယင်းဘဏ်ခွဲအနေဖြင့် Deposit တင်ခြင်း၊ လုပ်ငန်းချေးငွေ၊ ကုန်သွယ်မှု ဝန်ဆောင်မှုများ၊ ငွေလွှဲခြင်းများအား ပြည့်ဝသောဘဏ္ဍာရေးဝန်ဆောင်မှုများ ပေးရန်နှင့် နိုင်ငံခြားငွေကြေး၊ မြန်မာငွေကြေးတို့ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသောကုမ္ပဏီများနှင့် မြန်မာနိုင်ငံမှ ပြည်တွင်း ဘဏ်များအတွက် နိုင်ငံခြားငွေကြေး ကိုလဲလှယ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ရန်ကုန်ဘဏ်ခွဲအားဒုတိယ စီနီယာဥက္ကဋ္ဌ သို့မဟုတ် ဘဏ်ခွဲမန်နေဂျာ Kanet Buranasin နှင့် ဒုတိယဥက္ကဋ္ဌ လက်ထောက် သို့မဟုတ် မားကက်တင်း မန်နေဂျာ Tossatis Rodprasert တို့က ဦးစီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ဗန်ကောက်ဘဏ်ကို ရန်ကုန်မြို့တွင် လွန်ခဲ့သည့်နှစ် နှစ်ဆယ်ခန့် ၁၉၉၅ ခုနှစ်က စတင် ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းကို စိတ်ဝင်စားသော အားပေးသူများအား အဆင်ပြေချောမွေ့သောဝန်ဆောင်မှုများနှင့် အသုံးဝင်သော သတင်းအချက်အလက်များကို ပေးခြင်းတို့တွင် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်နေသည်ဟုဆိုသည်။

ဗန်ကောက်ဘဏ်သည် ဘဏ်ကို ယုံကြည် အားပေးသူမိတ်ဆွေများ အောင်မြင်မှုရရှိအောင်ကူညီရန်အတွက် "Puan Koo Kit Mit Koo Bann" (ယုံကြည်ထိုက်သောမိတ်ဆွေနှင့် အားကိုးထိုက်သော မိတ်ဆွေစစ်)ဟူသော ဆောင်ပုဒ်ဖြင့် ကတိပြုကာ ဝန်ဆောင် မှုများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗန်ကောက်ဘဏ်သည် မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အွန်လိုင်းတစ်ပတ်ရစ်ဈေးကွက်တွင် Samsung ဖုန်းများ ရောင်းလိုအား အမြင့်ဆုံးအဖြစ် ရပ်တည်နေ




အွန်လိုင်းပေါ်တွင်အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များ များပြားလာသည်နှင့်အမျှ တစ်ပတ်ရစ် ဈေးကွက်တွင် ဖုန်း အရောင်းအဝယ်ဈေးကွက်သည်လည်း ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။

ဖုန်းအရောင်း အဝယ်ဈေးကွက်တွင်လည်း မြန်မာပြည်မှ လူကြိုက်အများဆုံးမှာ Samsung ဖုန်းများဖြစ်ကြောင်း အွန်လိုင်းကြော်ငြာလုပ်ငန်းတစ်ခုဖြစ်သည့် Ads.com.mm ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာပြည်၏အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Ads.com.mm မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးဖြစ်သည့် Mr. Elijah Htangt က "ကျွန်တော်တို့ ဝက်ဘ်ဆိုက်မှာ တစ်ပတ်ရစ်ပစ္စည်းတွေနဲ့ပတ်သက်တဲ့ ပစ္စည်းတွေမှာ ဖုန်းကဏ္ဍကို လူငယ်နဲ့ လူလတ်ပိုင်းတွေ အကြိုက်များတယ်။ လက်ရှိမိုဘိုင်းဖုန်းနဲ့ဆက်စပ်ပစ္စည်းတွေဆိုရင် လကုန်ပိုင်းလောက်မှာ ရောင်းလိုအားနဲ့ ဝယ်လိုအား မျှမျှတတနဲ့တက် လာတာကို တွေ့ရတယ်။ လက်ရှိလူကြည့်အများဆုံးနဲ့ရောင်းအားအမြင့်ဆုံး အဖြစ် Samsung အမျိုးအစားက ဦးဆောင်နေတယ်။ သူ့နောက်မှာ iPhone နဲ့ Huawei အမျိုးအစားတွေ ရပ်တည်နေပါတယ်" ဟု ပြောကြားခဲ့သည်။

တစ်ပတ်ရစ်ဖုန်းများနှင့် မော်ဒယ် အသစ်ဖုန်းများကိုပါ ရောင်းချနေသည့် Apple Nine မိုဘိုင်း ဆိုင်ပိုင်ရှင် ဦးကျော်မြင့်ဌေးက "ကျွန်တော် တို့ဆိုင်က အွန်လိုင်းပေါ်က အရောင်းအဝယ်ဖြစ်တာများတယ်။ ကျွန်တော်တို့ဆိုင်မှာ တစ်ပတ်ရစ်ပစ္စည်းတွေထဲက Samsung ပစ္စည်းတွေက ရောင်းအားပိုကောင်းတယ်။ သူ့နောက်မှာ Huawei က လိုက်တယ်။ လက်ရှိမှာ တော့ Laptop တွေ၊ Tablet တွေထက် ဖုန်းက ပိုပြီး ရောင်းအားကောင်းသလို ဝယ်လိုအားလည်း ကောင်းတယ်"ဟု ပြောကြားခဲ့သည်။

Ads.com.mm တွင် ဖုန်းအရေအတွက်ပေါင်း ၄၉၆၈ ကျော်ရှိပြီး Samsung က ၁၇၄၁၊ iPhone က ၁၁၅၆ နှင့် Huawei က ၅၄၃၊ ကျန်ဖုန်းအမျိုးအစားပေါင်း ၁၆၁၈ ခုအထိ အရောင်းစာရင်း တင်ထားသည်ကို တွေ့ မြင်နိုင်ကြောင်း သိရသည်။

လက်ရှိမြန်မာပြည်တွင် မိုဘိုင်းအသုံးပြုသူပေါင်း ၁၈သန်းခန့်ရှိနေပြီး လူမှုကွန်ရက်နှင့် ဆက်စပ်နယ်ပယ်များကို အသုံးပြုသူပေါင်း ၁၁သန်းကျော် ရှိကြောင်း စစ်တမ်းတစ်ရပ်တွင် ထုတ်ပြန် ထားသည်။

မြန်မာပြည်၏ အွန်လိုင်းဈေးကွက် သည် စီးပွားရေးလုပ်ငန်းရှင်များ ပစ်မှတ်ထားရာ ဈေးကွက်သစ်ဖြစ်သည်။ မြန်မာနိုင်ငံ စွန့်ဦးတီထွင်သူများ၊ လုပ်ငန်းရှင်များအတွက် အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များသည် ဆွဲဆောင်မှုပြည့်ဝသော ဈေးကွက်ကောင်းတစ်ခုဖြစ်ကြောင်း အွန်လိုင်းစီးပွားရေးလုပ်ငန်းများလုပ် ကိုင်နေသော APACIG မှ သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**မယ်သီတာ**

# စီးပွားရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ် ၂၂၈/၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု သင်တန်းကျောင်း၏ Business Talk အစီအစဉ်အရ စီးပွားရေးဆိုင်ရာဟော ပြောပွဲကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့(သောကြာနေ့) ၀၉:၃၀ နာရီအချိန်မှ ၁၁:၃၀ နာရီအချိန်အထိ Diamond Star Co., Ltd. မှ ဥက္ကဋ္ဌ ဒေါက်တာကိုကိုကြီးက **"Practical Business Idea and Performance"** ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးရုံး၊ ပဉ္စမထပ်ရှိညီလာခံခန်းမ၌ ဟောပြောဆွေးနွေးမည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ဖုန်း-၀၁-၂၅၀၈၇၁ ၊ ၃၇၁၂၁၇၊ ကုန်သွယ်မှုသင်တန်းကျောင်း။**

# Food & Hotel Myanmar 2015
## ကုန်စည်ပြပွဲကျင်းပ

နိုင်ငံတကာအစားအသောက်နှင့် အဖျော်ယမကာ၊ ဟိုတယ်၊ စားသောက်ဆိုင်၊ မုန့်ဖုတ်လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ကုန်စည်ပြပွဲ (The 2nd International Exhibition For Food & Drink, Hotel,Restaurant, Bakery & Food Service Equipment, Supplies & Services) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP) တွင် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့ ၉း၃၀ နာရီ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်/စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်၊ Bangkok Exhibition Services (BES) Ltd မှ အထွေထွေမန်နေဂျာ မစ္စတာဂျပ်စတင်ပေါလ်နှင့် MCA ဥက္ကဋ္ဌ Mr.Oliver E Soe Thet တို့မှ ပြခန်းအားဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပါသည်။ အဆိုပါပြပွဲတွင် အမေရိကန်၊ ဒိန်းမတ်၊ ဂျာမနီ၊ ကိုရီးယား၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)နှင့်ထိုင်းနိုင်ငံတို့မှ အစားအသောက်၊ ဟိုတယ်လုပ်ငန်းဆိုင်ရာ ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအား ပါဝင်ပြသခဲ့ကြပါသည်။ ပြပွဲ၌ နိုင်ငံတကာကုမ္ပဏီ ၂၂ ခုမှ ပြခန်း ပေါင်း ၉၈ ခန်းဖြင့် ခင်းကျင်းပြသခဲ့ကြပါသည်။ ကုန်စည်ပြပွဲ၏ " Boost Your Business သင့်လုပ်ငန်းကို မြှင့်တင်ပါ" ဆောင်ပုဒ်အတိုင်း စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် ပြပွဲတွင်ပြသထားသည့် ခေတ်မီနည်းပညာများ၊ ဟိုတယ်နှင့်အစားအသောက်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းကိရိယာများကို တစ်နေရာထဲ၌ လေ့လာရွေးချယ်နိုင်ပြီး မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းများအား ပြောင်းလဲတိုးတက်မြှင့်တင်နိုင်မည့်အခွင့်အရေးကောင်း တစ်ခုဖြစ်ပါသည်။ ပြပွဲကို ဇွန်လ ၃ ရက် မှ ၅ ရက်နေ့ အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ရာ ကဏ္ဍစုံမှ လုပ်ငန်းရှင်များ၊ ဟိုတယ်ခရီးသွားလုပ်ငန်းကျွမ်းကျင်သူ များ၊ အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာကဏ္ဍမှ လုပ်ငန်းရှင်များနှင့် အများပြည်သူများ လာရောက်လေ့လာခဲ့ကြကြောင်း သိရှိရပါသည်။

**KMT**

Commodity Exchange News
Vol: 15, No.21 Monday June 8 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၈-၆-၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲကို အိန္ဒိယအဆွဲသွက်လို့ ဈေးစွာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ၁၃၂၀၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ရာက နောက်ပိုင်းမှာ ဈေးပိုပေးပြီး အဝယ်ရှိသလို ဝယ်လိုအားပါ သွက်လာတာကြောင့် ဈေးကွက်ပိတ်ချိန်မှာ တစ်တန်ကို ၁၃၆၈၀၀၀ ကျပ်ဈေးထိ ထပ်မံဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ အိန္ဒိယဘက်မှာ မုတ်သုံနောက်ကျမယ်ဆိုတော့ ဈေးကွက်မှာ မတ်ပဲကို ကုန်သည်တွေက အပြိုင်အဆိုင်ဈေးပေးပြီး အဝယ်ရှိလာလို့ ဈေးဆက်လက်မြင့်တက်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရာသီဥတုကောင်းပါက ပုံမှန်ဆိုအထွက်နှုန်းတန်ချိန် ၆ သိန်းဝန်းကျင်ထွက်ရှိခဲ့ပြီး ဒီနှစ်မှာတော့ ရာသီဥတုမမှန်တာကြောင့် အထွက်နှုန်းလျော့ကျခဲ့လို့ တချို့ကုန်သည်တွေက ဈေးကွက်မျှော်လင့်ချက်ဖြင့် ဝယ်လိုအားများလာတာလို့ ဘုရင့်နောင် အခြေစိုက်ပဲကုန်သည်တစ်ဦးကပြောကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ တက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်၊ ပဲတီစိမ်းကို တရုတ်ဝယ်လက်က အရည်အသွေးအပေါ်မူတည်ပြီး ဝယ်ယူမှုရှိနေ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေပေမယ့် အိန္ဒိယ အတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ဈေးအတက်အဆင်းနဲ့ အရောင်းအဝယ်ဖြစ်နေပေမယ့် ဒီနှစ်မှာတော့ မကြုံစဖူး ဈေးကောင်းရတဲ့နှစ်လို့ ဆိုရမှာပါ။ ပဲတီစိမ်းကြီးကိုတော့ တရုတ်အတွက်ဝယ်ယူနေတဲ့ဝယ်လက်တွေက ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး အရည်အသွေးကောင်းပါက ဈေးပိုပေးပြီး အရည်အသွေးညံ့ပါက ဈေးနှိမ်အဝယ်ရှိနေတယ်လို့ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၇၂၅ ကျပ် (တစ်တန်ကို ၁၀၅၆၃၇၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်ပုံမှန်ရှိသလို တရုတ်ဘက်ကဝယ်လိုအား ပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်းအဝင်ပုံမှန်ရှိသလို တရုတ်ဝယ်လက်ကလည်း ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၉၃ ယွမ်မှ အမြင့်ဆုံး ၉၇ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီနှင့် ကုလားပဲမျိုးစုံဈေးစွာ ပဲတီစိမ်းကြီးပုံမှန် အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီအနေဖြင့် လှောင်လက် ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းလာလေလေ ဈေးကောင်း ရပြီးရင်း ရနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၈၇၀ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်)အနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပဲလက်ကျန်နည်းနေပေမယ့် ဈေးအမာဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၁၇၄ ကျပ်(တစ်တန်ကို ၇၁၈၉၄၅ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၁၁၇၄ ကျပ် (တစ်တန်ကို ၇၁၈၉၄၅ ကျပ်)ဈေးဖြင့် နှစ်မျိုး ပေါင်း တစ်ရက်ကို အိတ် ၈၀၀ မှ ၁၀၀၀ ကြားဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းအဝင်လျှိုင် ပဲစင်းငုံနီတက်ဈေးဖြင့် အရောင်းအဝယ်သွက် ကုလားပဲမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပဲတီစိမ်းကြီး အဝင်လျှိုင်နေသလို တရုတ်ဝယ်လက်ကလည်း အရည်အသွေးကောင်းတဲ့ (ထိပ်စ)ပဲတွေကို တစ်ပိဿာ ၂၀၈၀ ကျပ် (တစ်တန်ကို ၁၂၇၃၇၇၁ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၅၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည် လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ပို့ကုန်အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးမြှင့်ပြီး အဝယ်ရှိလို့ ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာ ၂၀၃၃ ကျပ် (တစ်တန်ကို ၁၂၄၄၉၈၈ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၁၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်၊ အမှုန့်ကြိတ်စက်များနှင့် ကြာဇံစက်များက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးအနည်းငယ် မြင့်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၁၁၇၀ ကျပ်(တစ်တန်ကို ၇၁၆၄၉၆ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၁၁၇၄ ကျပ် (တစ်တန်ကို ၇၁၈၉၄၅ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၁၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက် ပြောင်းကို ရန်ကုန်-မန္တလေးနှင့် အစာစပ်များ ဝယ်လိုအားပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်-မန္တလေးဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအား ပုံမှန်ရှိပေမယ့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်း နေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၅၅ ကျပ်ဈေးဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက် ပြောင်းကို တရုတ်ဝယ်လိုအားများ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ဒေသထွက် ပြောင်းသီးနှံကို တရုတ်ဝယ်လက်က ဝယ်လိုအားများလာသလို ရောင်းသူကုန်သည်များကလည်း အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၅၀၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၉ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ ပဲစင်းငုံနီ ပို့ကုန် ဝယ်လိုအားကောင်းလို့ ဈေးမာ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ပို့ကုန်အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားကောင်းလို့ ဈေးမြင့်လာကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ဈေးကောင်းရပေမယ့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကတော့ နယ်စုံ မှပဲအဝင်နည်းသွားပေမယ့် ဝင်သလောက်တော့ ပဲခွဲစက်သမားများက တစ်ပိဿာကို ၁၁၇၅ ကျပ်(တစ်တန်ကို ၇၁၉၅၅၈ ကျပ်)ဈေးဖြင့် နေ့စဉ် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ (ထိုင်ဝမ်) ဈေးကောင်းရ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက် လုပ်ငန်းရှင်များက ဝယ်လိုအား ပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၁၉၀ ကျပ် (တစ်တန်ကို ၇၂၈၇၄၄ ကျပ်) ဈေးဖြင့် အရောင်းအဝယ်နေ့စဉ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးမြောက် ကုလားပဲ(ထိုင်ဝမ်)ပုံမှန် အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဈေးမြှင့်အဝယ်ရှိသလို ဝယ်လိုအားသွက်လာတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၀၀၀ ကျပ်(တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်လုပ်ငန်းရှင်များက တစ်ပိဿာ ၁၂၀၀ ကျပ်(တစ်တန်ကို ၇၃၄၈၆၈ ကျပ်)ဈေးဖြင့် နေ့စဉ် အိတ် ၂၀၀ ခန့်ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ဒေသထွက် သိပ္ပံနှမ်းကို မန္တလေးဝယ်လက်က တစ်ပိဿာကို ၄၂၂၂ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀ ခန့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

## ဟင်္သာတဈေးကွက်တွင် မတ်ပဲကို ရန်ကုန်ဝယ်လက်ဈေးပေးအဝယ်ရှိ

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲကို အိန္ဒိယအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်အားပါသွက်လာတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရာသီဥတု မမှန်တာကြောင့် အထွက်နှုန်းနည်းခဲ့ပေမယ့် ဈေးကောင်းတော့ရရှိနေကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## မကွေးဈေးကွက်တွင် ကုလားပဲ(ထိုင်ဝမ်) အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားနည်းပေမယ့် ဈေးအမြင့်ဖြင့် ဈေးပေးအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၁၉၅ ကျပ် (တစ်တန်ကို ၇၃၁၈၀၆ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀၀ ခန့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ဒေသထွက် သိပ္ပံနှမ်းကိုတော့ မန္တလေးဝယ်လက်က တစ်ပိဿာကို ၄၀၀၀ ကျပ်ဈေးဖြင့် ပုံမှန်အဝယ်ရှိပေမယ့် ဈေးကွက်သို့ ပစ္စည်းအဝင်နည်းနေကြောင်း သိရပါတယ်။

## တစ်ဖက်နိုင်ငံ ပရာကျွတ်ခ်ီရီခန်ခရိုင်ရှိ ဆင်ခွန်းယာယီနယ်စပ်ဂိတ်အား အထူးယာယီနယ်စပ်ဂိတ်အဖြစ်တိုးမြှင့်ဖွင့်လှစ်

မေ ၂၃ ရက်နေ့တွင် မြိတ်ခရိုင်အတွင်းရှိ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ ကုန်သွယ်မှုပြုလုပ်မယ့် တစ်ဖက်နိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင် ဆင်ခွန်းယာယီနယ်စပ်ဂိတ်အား အထူးယာယီနယ်စပ်ဂိတ်အဖြစ်တိုးမြှင့်ခဲ့ပြီဖြစ်ပါတယ်။ မောတောင်-မြိတ်လမ်းကြောင်းအခြေအနေမှာ မိုးရာသီအခြေအနေကြောင့် ဂိတ်စတင်ဖွင့်လှစ်ချိန်တွင် ကုန်သွယ်မှုအနည်းငယ် အခက်အခဲရှိနိုင်သော်လည်း မိုးရာသီကုန်ဆုံးပါက ကုန်သွယ်မှုပမာဏ ကြီးမားစွာ ဆောင်ရွက်လာနိုင်မယ်လို့ မြိတ်ခရိုင်ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကြည်စန်းက မေလ ၂၉ ရက်နေ့က မြိတ်နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ ပြောကြား ခဲ့တာဖြစ်ပါတယ်။

မောတောင်-မြိတ်လမ်းပြုပြင်ဖောက်လုပ်ရေးအား မြေသားလမ်း၊ ကျောက်ကြမ်းလမ်းများမှ ကတ္တရာလမ်းအဖြစ် ပြုပြင်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ လမ်းကောင်းမွန်လာတာနဲ့ တစ်ပြိုင်နက် ခရီးသွားလုပ်ငန်းနဲ့ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်လာမှာဖြစ်ကြောင်း၊ ကုန်သွယ်မှုပမာဏ တိုးတက်အောင် ဆောင်ရွက်နိုင်မှုဟာ အခြားအခြေအနေများနဲ့ ဆက်စပ်နေကြောင်း၊ ၂၀၁၁ ခုနှစ်ခန့်က မြိတ်-ရန်ကုန် ကုန်းလမ်းကြောင်းအား ဆင်တစ်ကောင်ထိုင်နေရင်တောင် မမြင်ရဘူးလို့ ပြောစမှတ်ရှိကြောင်း၊ ကားတစ်ခေါက် သွားပြီးရင်ဝင်းကားများ နောက်တစ်ခေါက်မောင်း၍ မရတော့ကြောင်း၊ ဒါ့ကြောင့် မြိတ်ဒေသဟာ ယခင်က ပြည်မနဲ့ သီးခြားလိုဖြစ်နေကြောင်း၊ မြိတ်-ရန်ကုန်၊ မြိတ်-မလေး၊ မြိတ်-ရနောင်း ကုန်စည်ကူးသန်းမှုမှာ စက်လှေများကို အားထားခဲ့သော်လည်း ယခုအခါ စက်လှေအစီး ၃၀ ခန့် ကျောက်ချထားနေရကြောင်း၊ ယခု အချိန်မှာတော့ မြိတ်-ရန်ကုန် ကုန်းလမ်းသွားလာမှုလမ်းကြောင်းမှာ လွယ်ကူချောမွေ့နေပြီဖြစ်ကြောင်း၊ လူသုံးကုန်မှအစ ကုန်ပစ္စည်းမျိုးစုံ ရန်ကုန်မှဝင်ရောက်နေပြီဖြစ်ကြောင်းလည်း ဒုတိယဥက္ကဋ္ဌက ပြောကြားခဲ့ပါသေးတယ်။

အတွင်းရေးမှူး ကလည်းနှစ်နိုင်ငံအစိုးရများရဲ့ စေတနာ၊ တွန်းအားပေးမှုတို့ကြောင့် ဆင်ခွန်းအထူးယာယီ နယ်စပ်ဂိတ်အဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး မကြာမီအဆင့်မြင့်ဂိတ်အဖြစ် တိုးမြှင့်ရန်ရှိပါကြောင်း၊ မိုးရာသီဖြစ်တဲ့ အတွက် ငါးများဝယ်ယူပြီး အအေးခန်းကားများနဲ့ သယ်ယူပို့ဆောင်ခြင်းများရှိလာမှာဖြစ်ကြောင်း၊ ရနောင်းမှ တစ်ဆင့်ဝယ်ယူရတဲ့ အခက်အခဲများ ကင်းဝေးတော့မှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## ယမန်နှစ်ကာလတူထက် ပုဂ္ဂလိက ကဏ္ဍမှ ကုန်သွယ်မှု ပိုမိုဆောင်ရွက်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၂၉ ရက်ထိကာလတွင် ပို့ကုန် ကန်ဒေါ်လာ ၁၂၈၀ ဒသမ ၅၁၃ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၂၂၉၇ ဒသမ ၂၄၄ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃၅၇၇ ဒသမ ၇၅၇ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိပိုင်ကဏ္ဍအလိုက် ပို့ကုန်သွင်းကုန် ဆောင်ရွက်နိုင်မှုမှာ-

ကန်ဒေါ်လာသန်း

| | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | စုစုပေါင်း | |
|---|---|---|---|---|
| ပို့ကုန် | ၄၅၄. ၃၈၃ | ၈၂၆. ၁၃၀ | ၁၂၈၀. ၅၁၃ | |
| သွင်းကုန် | ၁၁၂. ၁၈၂ | ၂၁၈၅. ၀၆၂ | ၂၂၉၇. ၂၄၄ | |
| စုစုပေါင်း | ၅၆၆. ၅၆၅ | ၃၀၁၁. ၁၉၂ | ၃၅၇၇. ၇၅၇ | ဖြစ်ပါတယ်။ |

ယမန်နှစ်ကာလတူဆောင်ရွက်မှုနဲ့နှိုင်းယှဉ်သောအခါ-

ကန်ဒေါ်လာသန်း

| | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | စုစုပေါင်း | |
|---|---|---|---|---|
| ပို့ကုန် | (-) ၄၂၁. ၂၂၉ | ၂၃၄. ၁၃၉ | (-) ၁၈၇. ၀၉၀ | |
| သွင်းကုန် | (-) ၂၆၆. ၇၆၁ | ၁၆၆. ၀၁၁ | (-) ၁၀၀. ၇၅၀ | |
| စုစုပေါင်း | (-) ၆၈၇. ၉၉၀ | ၄၀၀. ၁၅၀ | (-) ၂၈၇. ၈၄၀ | ဖြစ်ပါတယ်။ |

နိုင်ငံပိုင်အပိုင်းမှ ဆောင်ရွက်တဲ့ ကုန်သွယ်မှုပိုင်းလျော့နည်းခဲ့တဲ့အတွက် ပုဂ္ဂလိကပိုင်းမှ ပိုမို ဆောင်ရွက်နိုင်သော်လည်း ကန်ဒေါ်လာ ၂၈၇ သန်းကျော် လျော့နည်းခဲ့ရခြင်းဖြစ်ပါတယ်။

ပို့ကုန်ပိုင်းတွင် နိုင်ငံပိုင်ကဏ္ဍမှ သတ္တုတွင်းထွက်၊ သစ်တောထွက်၊ စက်မှုကုန်ချောနဲ့ အခြားအုပ်စုများ ယမန်နှစ်ကာလတူထက် အပို့လျော့နည်းခဲ့ပါတယ်။ပုဂ္ဂလိကကဏ္ဍမှ တင်ပို့မှုမှာ အခြားအုပ်စုမှလွဲ၍ ကျန်အုပ်စု များဖြစ်တဲ့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ရေထွက်ကုန်၊ သတ္တုတွင်းထွက်၊ သစ်တောထွက်၊ စက်မှုကုန်ချောအုပ်စုအားလုံး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

သွင်းကုန်ပိုင်းကိုကြည့်လျှင် နိုင်ငံပိုင်ပိုင်း၌ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းနဲ့ လူသုံးကုန်ပစ္စည်းအုပ်စု ၃ ခုလုံး အသွင်းလျော့နည်းခဲ့ပြီး ပုဂ္ဂလိပိုင်ကဏ္ဍမှာမူ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စု တစ်ခုသာ အသွင်းလျော့ခဲ့ပါတယ်။

ခြုံငုံပြီး သုံးသပ်ရမယ်ဆိုလျှင် ပြည်ပပို့ကုန်တင်ပို့မှုမှာ-နှမ်း၊ ချုပ်ပြီးအထည်နဲ့ သဘာဝဓါတ်ငွေ့ တင်ပို့မှု လျော့နည်းခဲ့ပြီး ပြည်ပသွင်းကုန်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စုမှ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ယာသုံးနောက်ဆက်တွဲယာဉ်နဲ့ အခြားယာဉ်များ၊ အင်ဂျင်များ၊ ဝိုင်ယာကြိုးများ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုမှ ရေနံထွက်ပစ္စည်းများ၊ ဂျုံစေ့၊ ဓာတုဗေဒ ချည်ခင်များ၊ သားရေနှင့် သားရေတုပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းများ လျော့နည်းတင်သွင်းခဲ့တယ်လို့သိရပါတယ်။

**MIRT**

## မြန်မာ့တွင်းထွက် ခနောက်စိမ်းသတ္တု ဈေးကွက်ထိုးဖောက်လာ

မြန်မာနိုင်ငံသည် တော၊ တောင်၊ ရေ၊ မြေ သဘာဝကောင်းမွန်သော နိုင်ငံဖြစ်သည်နှင့်အညီ သဘာဝသယံဇာတမျိုးစုံပေါကြွယ်ဝသော နိုင်ငံလည်းဖြစ်ပါသည်။ သတ္တုတွင်းဝန်ကြီးဌာန၏ အသေးစား၊ အကြီးစားလုပ်ကွက်ချထားပေးမှုအပေါ် မူတည်၍ နိုင်ငံနေရာဒေသအသီးသီးမှထွက်ရှိသော ခဲ၊ သွပ်၊ ကြေးနီ၊ မဂ္ဂနီဒိုင်အောက်ဆိုဒ်၊ ခနောက်စိမ်း၊ စကျင်ကျောက်၊ အင်ကြင်းကျောက်စသည့် သတ္တုတွင်းထွက်မျိုးစုံကို သတ္တုတွင်းဝန်ကြီးဌာန၏ သတ္တုပါဝင်မှု အချိုးပါ ဈေးနှုန်းထောက်ခံချက်များဖြင့် ပို့ကုန်လိုင်စင်များထုတ်ပေးလျက်ရှိရာ အိမ်နီးချင်းတရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံများသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိပါသည်။

ယင်းသတ္တုများအနက် ခနောက်စိမ်းကို ယခင်က အိမ်နီးချင်းနိုင်ငံများသို့သာ တင်ပို့ရောင်းချခဲ့သော်လည်း ယခုအခါ ဂျပန်နိုင်ငံ၊ မြန်မာစီးပွားရေးသံမှူး၏ ချိတ်ဆက်ပေးမှု၊ ဈေးကွက်လိုအပ်မှုတို့အရ ခနောက်စိမ်းသတ္တုအား ဂျပန်နိုင်ငံသို့ Ruby Dragon Mining Co.,Ltd မှဈေးကွက်ထိုးဖောက်တင်ပို့နေပြီဖြစ်ကြောင်း သိရပါတယ်။

**ဘဖေ**

## Chericof Cough ချောင်းဆိုးပျောက်ဆေးဝယ်မယ်ဆိုရင် အတုအစစ်ခွဲခြားပြီးမှ ဝယ်ပါ

အရည်အသွေး အာမခံချက်မရှိသည့်အပြင် မူရင်းဆေးဝါးအစစ်အမှန်ကိုပါ တုပပြီး ပြုလုပ်ထားသည့် ချောင်းဆိုးပျောက်ဆေးအား မြန်မာ့ဆေးဝါးဈေးကွက်အတွင်းမှာ ရောင်းချလျက်ရှိကြောင်း သိရပါတယ်။

အဆိုပါ ချောင်းဆိုးပျောက်ဆေးမှာ အိန္ဒိယနိုင်ငံရှိ Ranbaxy Laboratories Ltd. မှ ထုတ်လုပ်ပြီး မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်ဖြင့် တရားဝင်ရောင်းချနေသည့် ချောင်းဆိုးပျောက်ဆေး Chericof Cough Formula Syrup (Dextromethorphan HBr USP 10 mg, Chlorpheniramine Maleate USP 2 mg, Phenylephrine HCI BP 5 mg) (R 1903 A 6697) ဆေးဝါးပဲဖြစ်ပါတယ်။

အခုအခါမှာ အဲဒီဆေးကို တုပပြီး ဈေးကွက်အတွင်းရောင်းချလျက်ရှိတာကို ပုံမှန်စစ်ဆေးဆောင်ရွက်ချက်များအရ တွေ့ရှိခဲ့ရကြောင်း သိရှိရပါတယ်။ အဲဒီချောင်းဆိုးပျောက်ဆေးဟာ ချောင်းဆိုးရောဂါဖြစ်ပွား သောဝေဒနာရှင်များအား ကုသသည့်ဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ သောက်သုံးရန်ဖြစ်ပါသည်။

သို့သော် ယခုအခါတွင် ဆေးဝါးဈေးကွက်အတွင်း၌ အရည်အသွေးအာနိသင်အာမခံချက်မရှိသည့် တရားမဝင်တင်သွင်းလာသော အမည်တူ Chericof Cough Formula Syrup ဆေးဝါးတွင် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ် (Myanmar Reg. No) မပါရှိခြင်း၊ ပလပ်စတစ်ပုလင်းဖြင့် ထုပ်ပိုးထားခြင်း၊ ထုတ်လုပ်သည့်ကုမ္ပဏီအမည်ကွဲပြားခြင်းတို့ဖြစ်ပေါ်နေကြောင်း သိရှိရပါတယ်။ အရည်အသွေးအာနိသင် အာမခံချက် မရှိသော ဆေးဝါးများကို သုံးစွဲသည့် ရောဂါဝေဒနာရှင်များ အနေဖြင့်လည်း ခံစားရသည့် ရောဂါများ ပျောက်ကင်းခြင်းမရှိသည့်အပြင် ငွေကြေးကုန်ကျမှုများသာဖြစ်ပေါ်နိုင်သဖြင့် သတိပြု၍ ဝယ်ယူစားသုံးကြပါရန် အသိပေးလိုက်ရပါတယ်။

အဆိုပါဆေးအတုနှင့်အစစ်ကို ခွဲခြားရန်မှာ သိသာထင်ရှားသည့် အသွင်အဖြစ် ဆေးအစစ်သည် ဖန်ပုလင်းဖြင့် ထုပ်ပိုးထားခြင်း၊ မြန်မာနိုင်ငံမှထုတ်ပေးထားသည့်မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ် ပါရှိခြင်း၊ ပုလင်း၏အောက်ခြေတွင် ထုတ်လုပ်သည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ခြင်းတို့ပဲဖြစ်ပါတယ်။ အဲဒီအချက်တွေနဲ့ ဆန့်ကျင်ပြီး ရေးသားထုပ်ပိုးထားတယ်ဆိုရင်တော့ ဆေးအတုလို့ ဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့် စားသုံးသူများအနေနဲ့ နိုင်ငံတော်မှ ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀) ဖြင့် ပြဋ္ဌာန်းခဲ့သည့်စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ စီးပွားရေးလုပ်ငန်းရှင်များမှ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းအပေါ် အလေးထားလိုက်နာခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူမှုရှိသော အပြုအမူများဖြစ်ပေါ်စေရန်၊ စားသုံးသူအကျိုးစီးပွားကိုကာကွယ်ပေးရန်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စားသုံးသူပြည်သူများမှလည်း မိမိတို့၏ ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းရန်အတွက် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုရာတွင် အာမခံချက်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ရယူခွင့်ရှိခြင်းစသည်ဖြင့် မိမိတို့ရရှိနိုင်မည့် အခွင့်အရေးများနှင့်အညီ ဈေးကွက်အတွင်းတွင်ရှိသည့် မြန်မာနိုင်ငံ၌ တရားဝင်မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံဆေးဝါမှတ်ပုံတင်အမှတ် (Myanmar Reg. No) ပါရှိသော Chericof Cough Formula Syrup ဆေးဝါးကိုသာ ရွေးချယ်ဝယ်ယူသုံးစွဲသင့်ပါကြောင်း Commerce Journal မှတစ်ဆင့် အသိပေးလိုက်ရပါတယ်။

**ခင်ဒီဇင်ဘာဝမ်း**

Vol: 15, No.21 Monday June 8 2015

## မြိတ်ကုန်သွယ်ရေးစခန်းမှ မေလအတွင်း ကင်းမွန်မျိုးစုံ ဂ၃ တန်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ်၊ မေလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၅၂ သန်းတန်ဖိုးရှိ ကင်းမွန် (အသေ) ၇၉ တန်ကျော်၊ ကင်းမွန် (အရှင်) ၄ တန်ကျော်နဲ့ ကင်းမွန်ခြောက် ၃၅၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့တဲ့အပြင် ကန်ဒေါ်လာ ၉ ဒသမ ၃၇၇ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၆၅၁၀ တန်ကျော်၊ ငါးမှုန့် ၁၄၅၅ တန်၊ ကဏန်းပျော့ ၁၀၇ တန်ကျော်၊ ရေငန်ပုစွန် ၁၅၉ တန်ကျော်၊ ပုစွန်ခြောက် ၆ တန်ကျော်၊ ငါးခြောက် ၁၅ တန်ကျော်၊ အေးခဲခရု အသား ၅ တန်ကျော်၊ ကဏန်းသေးအသေ ၅ တန်ခန့်၊ သဲကဏန်း ၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းသည် ၂၀၁၅ ခုနှစ် မေလအတွင်း ရေထွက်ကုန် ၈၃၅၃ တန်ခန့် တင်ပို့နိုင်ခဲ့တဲ့အတွက် အနီးစပ်ဆုံးကာလထက် ၁၀၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့သလို ယမန်နှစ်ကာလတူထက်လည်း ၉၈၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## ပင်လယ်ရေကြောင်း ကုန်သွယ်မှုပမာဏကျဆင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၂၉ ရက်နေ့ထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ ၃၅၇၇ ဒသမ ၇၅၇ သန်းဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၈၃၄ ဒသမ ၅၉၂ သန်းနဲ့ ပင်လယ်ရေကြောင်းကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၇၄၃ ဒသမ ၁၆၅ သန်း ပါဝင်ခဲ့ပါတယ်။

ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်း ကုန်သွယ်မှု ကန်ဒေါ်လာ ၆၃၅ ဒသမ ၁၆၆ သန်းလျော့နည်းသဖြင့် နယ်စပ်ကုန်သွယ်မှု ကန်ဒေါ်လာ ၃၄၇ ဒသမ ၃၂၆ သန်းပိုမိုခဲ့သော်လည်း ကုန်သွယ်မှုပမာဏ ၂၈၇ ဒသမ ၈၄၀ သန်းလျော့နည်းကျဆင်းခဲ့ရပါတယ်။ ပို့ကုန်ပိုင်းမှာ ပင်လယ်ရေကြောင်းမှ ကန်ဒေါ်လာ ၄၃၇ ဒသမ ၂၇၉ သန်းလျော့နည်းခဲ့ပြီး နယ်စပ်မှ ကန်ဒေါ်လာ ၂၅၀ ဒသမ ၁၈၉ သန်း ပိုမိုခဲ့ပါတယ်။ သွင်းကုန် ပိုင်းမှာ ပင်လယ်ရေကြောင်းမှ ကန်ဒေါ်လာ ၁၉၇ ဒသမ ၈၈၇ လျော့နည်းခဲ့ပြီး နယ်စပ်မှ ၉၇ ဒသမ ၁၃၇ သန်းပိုမိုခဲ့ပါတယ်။

**MIRT**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်လယ်ယာ ထွက်ကုန်အများဆုံးတင်ပို့



မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ မေလ ၂၃ ရက်မှ ၂၉ ရက်ထိကာလအတွင်း ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၀၄၂ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၀၂၄ သန်းဖိုးတင်ပို့ခဲ့သဖြင့် ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၀၁၈ သန်း ပိုမို တင်ပို့ နိုင်ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ လယ်ယာထွက်ကုန်ပစ္စည်း တန် ၂၇၀ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၃၈ သန်း အများဆုံး တင်ပို့နိုင်ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကတော့ ဆီးသီးခြောက် ၈၁ တန် ၊ မန်ကျည်းစေ့ ၁၇၅ တန် ၊ နနွင်းတက် ၄ တန်၊ ချင်း(အစို) ၅ တန်နဲ့ မန်ကျည်းဖတ် ၅ တန် တင်ပို့ ခဲ့တာဖြစ်ပါတယ်။ ယခုသီတင်းပတ်မှာတော့ ရေထွက်ကုန်တင်ပို့မှုမရှိခဲ့ပေမဲ့ စက်မှုကုန်ချော ပစ္စည်းဖြစ်တဲ့ ဆီးယိုထုပ် ၁၂ တန် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်းဖိုး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

## လရ-၁ မှ ဖမ်းဆီးရမိပုပ်သိုးပျက်စီးလွယ် သစ်သီးများ လေလံတင်ရောင်းချ

မေလ ၁၉ ရက် ၀၅း၀၀ ချိန်ခန့်က လရ(၁)နောင်ချိုတွင် ဝင်ရောက်စစ်ဆေးခံသော ခရီးသည်တင် မှန်လုံယာဉ်ပေါ်မှာ တရားမဝင်တင်ဆောင်လာသော လိမ္မော်သီး၊ ပန်းသီး၊ ပန်းသစ်တော်သီးများအား စစ်ဆေးတွေ့ရှိခဲ့ပါတယ်။စစ်ဆေးတွေ့ရှိမှုတွေကတော့ လိမ္မော်သီး ၁၈၀ ကီလိုဂရမ်(၁၀ တာ)၊ ပန်းသီး ၁၂၇ ကီလိုဂရမ်(၁၅ တာ)၊ ပန်းသစ်တော် ၂၅၀ ကီလိုဂရမ်(၂၀ တာ)အသီးသီးဖြစ်ပါတယ်။

သိမ်းဆည်းရမိသစ်သီးဝလံများဟာ ပုပ်သိုးပျက်စီးလွယ်ပစ္စည်းများဖြစ်တဲ့အတွက် နိုင်ငံ့ဘဏ္ဍာဆုံးရှုံးမှုမရှိစေရန် လေလံအဖွဲ့အား စနစ်တကျဖွဲ့စည်းပြီး လေလံတင်စေခဲ့ပါတယ်။မေလ ၂၃ ရက်နေ့ ၁၂း၃၀ ချိန်မှာတော့ အဆိုပါသစ်သီးများအား လေလံတင်ခဲ့ရာ ကျပ် ၄၅၀၀၀၀ နဲ့ လေလံအောင်ခဲ့ပြီး လေလံအောင်ငွေအား သက်ဆိုင်ရာ ငွေစာရင်းများသို့ နောင်ချိုဘဏ်မှတစ်ဆင့် ပေးသွင်းပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ချင်းရွှေဟော် နယ်စပ်က ပို့ကုန်ပိုမိုဆောင်ရွက်

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော်နယ်စပ် ကုန်သွယ်ရေးစခန်းသည် မေလတွင် ပို့ကုန် ကန်ဒေါ်လာ ၂၈ ဒသမ ၇၇၆ သန်း ဆောင်ရွက်နိုင်ခဲ့ရာ အနီးစပ်ဆုံးကာလဖြစ်တဲ့ ဧပြီလထက် ကန်ဒေါ်လာ ၁၀ ဒသမ ၃၃၈ သန်း၊ ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၁၀ ဒသမ ၅၈၃ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထိုကဲ့သို့ ပိုမိုရခြင်းမှာ ဧပြီလထက် ပဲတီစိမ်း၊ မြေပဲဆံ၊ ထောပတ်ပဲ၊ ပဲနီကြား၊ နှမ်း၊ မတ်ပဲ၊ ကြံနဲ့ ရော်ဘာ ပိုမိုတင်ပို့နိုင်ခဲ့လို့ဖြစ်ပြီး ယမန်နှစ်ကာလတူထက်လည်း ပဲလွန်းဖြူ ပဲတီစိမ်း၊ မြေထောက်ပဲ၊ မြေပဲဆံ၊ နှံစားပြောင်း၊ နှမ်း၊ မတ်ပဲ၊ ကြံ၊ ကြက်ဆူနဲ့ ရော်ဘာတို့ ပိုမိုတင်ပို့နိုင်ခဲ့လို့ဖြစ်ပါတယ်။

သွင်းကုန်ပိုင်းကိုကြည့်လျှင် အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ လျော့နည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက် သွင်းကုန်လျော့နည်းရခြင်းမှာ သွပ်နန်းကြိုး၊ အိမ်ရိုက်သံ၊ ပဲပုပ်ဆီနဲ့ သွပ်သံတို့ အသွင်းနည်းခဲ့၍ဖြစ်ပါတယ်။

ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်လျှင် Welding rod၊ ဆပ်ပြာမှုန့်၊ အချိုရည်၊ အချိုမှုန့်၊ ဓာတ်မြေဩဇာနဲ့ သွပ်သံများ လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ မေလ အများဆုံး ပို့ကုန်များမှာ ပဲတီစိမ်း၊ မြေပဲဆံ၊ နှမ်းနက်၊ ကြံ၊ နှမ်းဖြူ၊ RSS-3 ရော်ဘာ၊ ကြက်ဆူ၊ ထောပတ်ပဲ၊ ပဲယင်းနဲ့ MSR-20 ရော်ဘာ၊ ငါးရှဉ့်၊ နှံစားပြောင်း၊ RSS-5 ရော်ဘာ ၊မတ်ပဲနဲ့ ပဲလွန်းဖြူတို့ဖြစ်ပြီး အများဆုံး သွင်းကုန်များမှာ သွပ်နန်းကြိုး၊ အချိုမှုန့်၊ အိမ်ရိုက်သံ (၆ လက်မနဲ့အောက်)၊ ဓာတ်မြေဩဇာ၊ Mix LPG (Gas)၊ Welding rod Packing Tape ၊ ခေါက်ဆွဲခြောက်၊ ဘိလပ်မြေ၊ ဆပ်ပြာမှုန့်၊ အချိုရည်၊ ဆံပင်ပေါင်း/ဆိုးဆေး၊ ပဲပုပ်ဆီ၊ ပဲသန့်စင်စက်အသစ်နဲ့ မီးခြစ်ကျောက် (Lighter Flint) တို့ဖြစ် ကြပါတယ်။ မေလအတွင်း ITC နဲ့ ပို့ကုန်ဆောင်ရွက်မှုမှာ ဒရင်ကောက်မြစ် ၄၅ ဒသမ ၂၅၀ တန်နဲ့ သွင်းကုန်ပိုင်းမှာ ဆပ်ပြာမှုန့် ၂၆ တန်တို့ ဖြစ်ကြပါတယ်။

**ပန်းကြယ်စင်**

## မြဝတီကုန်သွယ်ရေးဇုန်က အနီးစပ်ဆုံးကာလနဲ့ ယမန်နှစ်ကာလထက် လယ်ယာထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်က ၂၀၁၅ ခုနှစ် မေလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၄၈၈ သန်းတန်ဖိုးရှိ လယ်ယာထွက်ကုန်များဖြစ်သော မတ်ပဲ ၂၁၇ တန် ၊ပဲတီစိမ်း ၁၆၈ တန်၊ ပဲလွန်းဖြူ တန် ၄၀ ကျော်၊ သီဟိုဠ်စေ့ ၈ တန်ကျော် ၊ဆီးဖြူသီးခြောက် ၇၆ တန်ကျော်၊ ချင်းခြောက် ၄ တန်ကျော်နဲ့ စမုံနက် ၅ တန်တင်ပို့ခဲ့တဲ့အတွက် အနီးစပ်ဆုံးကာလဖြစ်သော ဧပြီလနဲ့နှိုင်းယှဉ်ပါက ၃၈၂ တန်ကျော် ပိုမိုတင်ပို့နိုင်ပြီး ယမန်နှစ်ကာလတူဖြစ်သော မေလနဲ့နှိုင်းယှဉ်ပါက ၃၁၃ တန်ကျော်ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## ရိဒ်စခန်းမှ ဧပြီလကုန်သွယ်မှုလျာထားချက်ထက်ပိုမိုဆောင်ရွက်နိုင်

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းဟာ ဧပြီလမှာ ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၇၆၅ သန်း၊ သွင်းကုန်ကန်ဒေါ်လာ သုည ဒသမ ၅၀၇ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၂၇၂ သန်းဆောင်ရွက်နိုင်ခဲ့ရာ ကုန်သွယ်မှုလျာထားချက်အပေါ် ၁၃၆ ဒသမ ၁၉ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကုန်သွယ်မှုလျာထားချက်က ကန်ဒေါ်လာ သုည ဒသမ ၉၃၄ သန်းဖြစ်တယ်လို့သိရပါတယ်။ အနီးစပ်ဆုံးကာလနဲ့ ယမန်နှစ်ကာလတူတို့ထက်တော့ ဆောင်ရွက်မှုလျော့နည်းခဲ့ပါတယ်။ လျော့နည်းရတဲ့ အကြောင်းရင်းကတော့ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းဟာ ကျပ်နဲ့ အဓိကထားဆောင်ရွက်တဲ့အတွက် ၎င်းကာလများရဲ့ ဒေါ်လာငွေလဲနှုန်းနဲ့ ယခုလ ငွေလဲနှုန်းကွာခြားရတဲ့အတွက်လို့သိရပါတယ်။ ရိဒ်နယ်စပ် ကုန်သွယ်ရေးစခန်းဟာ စခန်း ၁၅ ခုအနက် အဆင့် ၆ မှာရှိပြီး လျာထားချက်အပေါ် ၁၀၀ ရာခိုင်နှုန်းအထက် ဆောင်ရွက်နိုင်တဲ့ စခန်းတစ်ခု ဖြစ်ပါတယ်။

ဆွေးနွေးချက်များအနက် ထွန်းထိပ်တန်း ကုမ္ပဏီမန်နေဂျာက တစ်ဖက်နိုင်ငံမှ မြေဆီတင်သွင်းမှု မှာ ပြည်မကြီးမှ မီဇိုရမ် ပြည်နယ်သို့ တင်ပို့တဲ့ မြေဆီရထား ဝင်ရောက်မှုမရှိတဲ့အတွက် ကလေးမှ တက်လာတဲ့ပို့ကုန်တင်ဆောင်လာသော ကုန်တင်ယာဉ်များ အပြန်မှာအလွတ်ပြန်နေရကြောင်း၊ မြေဆီများ မီဇိုရမ်သို့ရောက်ရှိလာပါက သွင်းကုန်ပိုမိုလာမှာဖြစ်ကြောင်း ရိဒ်နယ်စပ်မှာ ကုန်သွယ်မှုဆောင်ရွက်နေကြတဲ့ ကုန်သည်လုပ်ငန်းရှင်များရဲ့ မေလ ၂၉ ရက်နေ့က ရိဒ်နယ်စပ်မှာပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာပြောကြားခဲ့ပါတယ်။

နေလကုမ္ပဏီ ကိုယ်စားလှယ်ကလည်း ၎င်းတို့ ကုမ္ပဏီအနေနဲ့ ဆံပင်ကို ရိဒ်နယ်စပ်မှသာမက လေကြောင်းမှလည်း တင်သွင်းနေကြောင်း၊ ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ သွင်းကုန်လိုင်စင် လျှောက်ထားရာမှာ ရုံးချုပ်ခွင့်ပြုမိန့်အလျင်အမြန်ရရှိရေး ဖုန်း၊ အွန်လိုင်းတို့နဲ့ ဆောင်ရွက်ပေးခြင်းအပေါ် ကျေးဇူးတင်ရှိကြောင်းနဲ့ ပွင့်လင်းရာသီမှာ လမ်းမပျက်သေးသဖြင့် တင်သွင်းမှု အဆင်ပြေနေကြောင်းကိုလည်း ပြောကြားခဲ့ပါတယ်။

ကလေး တမူး ရိဒ်ကုန်သည်ကြီးများအသင်းကိုယ်စားလှယ်ကပြောကြားရာမှာ ချင်းပြည်နယ်မှာ နေထိုင်သော ဒေသနေပြည်သူများ ကုန်သွယ်မှုနားမျက်စိပွင့်အောင်တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်နဲ့ ကုန်သွယ်မှုပြုနိုင်အောင် ဆောင်ရွက်ပေးတဲ့ ဌာနဆိုင်ရာများကို ကျေးဇူးတင်ရှိကြောင်းနဲ့ ယခင်က တင်ပို့တင်သွင်းမယ်ဆိုရင် ကုမ္ပဏီရှာရတာ အလွန်ခက်ခဲကြောင်း ယခုများစွာ အဆင်ပြေကြောင်း ပြောကြားခဲ့တယ်လို့ သိရှိရပါတယ်။

**MIRT**

## ခရီးသည်တင်ယာဉ်များပေါ်မှ ကျပ်သိန်း ၄၅၀ တန်ဖိုးရှိ အေးခဲဘဲသားများသိမ်းဆည်း

နောင်ချိုအေးရှားဝေါလ်တိုးဂိတ်အနီး အခြေပြု၍ တာဝန်ထမ်းဆောင်နေတဲ့ Mobile Team လရ-၁ အဖွဲ့သည် ခရီးသည်တင် မှန်လုံယာဉ်များပေါ်မှ မေလ ၂၈ ရက်နေ့က ပိုင်ရှင်မဲ့သိမ်းဆည်းရမိ အေးခဲဘဲသား ၁၅ ဒသမ ၇၅ ကီလိုဂရမ်ပါ ၁၀၀ တာ၊ ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၄၅၀ ဖိုးအား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်ပြီး ဆက်လက် အပ်နှံသွားမယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## AD VAN ကားပေါ်မှ တရားမဝင် ဆေးထိုးအပ်များနဲ့ ယားနာလိမ်းဆေးများကို စစ်ဆေးတွေ့ရှိ

မူဆယ်စခန်းထုတ်နုတ်အင်အား Mobile Team မှ ဒုတိယညွှန်ကြားရေးမှူးဦးစီးတဲ့ အဖွဲ့ဟာ မေလ ၉ ရက်နေ့မှာ အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် AD Van ယာဉ်အမှတ် DD/xxxx ပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ ဆေးထိုးအပ် လေးဖာနဲ့ Betnovate-N Skin Cream နှစ်ဖာတို့ကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပါတယ်။ အဆိုပါ သိမ်းဆည်းရမိဆေးထိုးအပ်များနဲ့ ယားနာလိမ်းဆေးများရဲ့ ခန့်မှန်းတန်ဖိုးများမှာ ကျပ်နှစ်သိန်းခြောက်သောင်းဖိုးခန့်ဖြစ်ပြီး အကောက်ခွန် အမှုတွဲဖွင့်လှစ်ပြီးဖြစ်ပါတယ်။

**MIRT**

## ခရီးသည်တင် ယာဉ်နှစ်စီးပေါ်နှင့် ရှောင်ကွင်းလမ်းပေါ်မှ အေးခဲအသား/ အမဲသား၊ အမဲသားခြောက် များကို တွေ့ရှိ

မေလ ၁၂၊ ၁၆ နဲ့ ၂၀ ရက်နေ့များတွင် EI Express ယာဉ်နဲ့ ချစ်မင်းခန့်ယာဉ်ပေါ်မှ ၄၅၅ ကီလိုပါ အေးခဲအမဲသားခြောက် ၁၃ အိတ် ၊ (1x25)kg ပါ အေးခဲအမဲသားအစို ၄၉ အိတ်၊ (1x10)kg ပါ အေးခဲ အမဲသားခြောက် ၁၅ အိတ်နဲ့ ကုန်သွယ်ရေးဇုန်အလွန် ရှောင်ကွင်း လမ်းပေါ်တွင် တရားမဝင်စုပုံထားတဲ့ (1x200) kg ပါ တရုတ်နိုင်ငံထုတ် အေးခဲအသား ၄ အိတ်တို့ကို မူဆယ် Mobile Team မှ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ သိမ်းဆည်းရမိ အေးခဲအသားများရဲ့ခန့်မှန်းတန်ဖိုးမှာ ကျပ်၆ ဒသမ ၇၂၀ သန်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**MIRT**

## တရားမဝင် ပိတောက်သစ်များနဲ့ တင်ဆောင်ယာဉ်အား သိမ်းဆည်း

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ် အနီး ယာယီအခြေပြု၍ တာဝန်ထမ်းဆောင်နေသော Mobile Team လရ-၁ အဖွဲ့သည် Foton Truck ယာဉ်ပေါ်မှ မေလ ၂၇ ရက်နေ့က ရှောင်ကွင်းလမ်းမှာ ပိုင်ရှင်မဲ့ ပိတောက်ခါးရွေ (၁၈) တုံး ၂ ဒသမ ၈၂၅၂ တန်၊ ပိတောက်သစ်လုံး (၁) တုံး သုညဒသမ ၂၂၄၀ တန်၊ ပိတောက်ခွဲသား (၆) ချောင်း၊ ပိတောက်သား ဂီတာပုံကြမ်း (၄) ချောင်း သုညဒသမ ၀၄၁၆ တန်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၁၅၇ ဒသမ ၆၆၀ သိန်းကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့တယ်လို့သိရပါတယ်။ ပိတောက်သားများနဲ့အတူ သစ်တင်ယာဉ် Foton Truck ကိုလည်း သိမ်းဆည်းခဲ့ရာ ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၄၀ ရှိတယ်လို့သိရပါတယ်။ သစ်နဲ့ သစ်တင်ယာဉ် ၂ မျိုးရဲ့ စုစုပေါင်းတန်ဖိုးမှာ ကျပ် ၂၉၇ ဒသမ ၆၆၀ သိန်းဖြစ်ပါတယ်။

**MIRT**

## Express ယာဉ်ပေါ်မှ Bolt & Nut များနဲ့ ကြက်သား/ကြက်ခြေထောက်များ စစ်ဆေးတွေ့ရှိ

မူဆယ်စခန်းထုတ်နုတ်အင်အားမှ ဦးစီးအရာရှိ Mobile Team ဦးစီးတဲ့ အဖွဲ့သည် မေလ ၁၁ ရက်နေ့တွင် အေးရှားဝေါလ်တိုးဂိတ်အနီးပြည်ထောင် စုလမ်းမကြီးပေါ်တွင် ရွှေသခင် Express ယာဉ်အမှတ် 9A/xxxx ပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ (1x50)kg ပါ Bolt &Nut ၂၈ အိတ်၊ ကြက်သား/ကြက်ခြေထောက် ၂၀ ဖာတို့ကို သိမ်းဆည်းရမိခဲ့ပါတယ်။

သိမ်းဆည်းရမိ တရားမဝင် အကောက်ခွန်မဲ့ ပစ္စည်းများရဲ့ခန့်မှန်းတန်ဖိုးမှာ ကျပ် ၈ သိန်း ၆ သောင်းဖိုးခန့်ဖြစ်ပြီး မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံကာ အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီးဖြစ်ပါတယ်။

**MIRT**

## ALPHARD ယာဉ်ကြမ်းခင်းအောက် သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်လက်ကောက်ကွင်းများနဲ့ ကျောက်တုံးများစစ်ဆေးတွေ့ရှိ

နောင်ချိုမြို့ Asia World Toll Gate အနီးယာယီအခြေပြုလျက်ရှိသော Mobile Team လရ-၁အဖွဲ့ တာဝန်ထမ်းဆောင်စဉ် မေလ ၂၄ ရက် ၂၀း၀၀ ချိန်ခန့်က မန္တလေးမှ မူဆယ်သို့သွားရောက်တဲ့ ALPHARD GI ယာဉ်အမှတ် 1 E/xxxx အား စစ်ဆေးရာ ကြမ်းခင်းအောက်မှ တရားမဝင် သိုဝှက်သယ်ဆောင်လာတဲ့ ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံး ၁၀၂ ကီလိုဂရမ်နဲ့ ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်လက်ကောက်ကွင်း ၁၈၈ ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၂၉၀ အား စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သိရပါတယ်။ အဆိုပါသိမ်းဆည်းရမိ ကျောက်၊ ကျောက်ထည်များနဲ့အတူ တရားမဝင် သိုဝှက်သယ်ဆောင်လာသော ALPHARD ယာဉ်ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၂၀ ကိုလည်း လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်အရေးယူထားတယ်လို့ သတင်း ရရှိပါတယ်။

**MIRT**

## မြဝတီ၊ ကော့သောင်းနှင့် မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် ၁၈၃၂ တန်ကျော် တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့မှ ၂၀၁၅ ခုနှစ် ၊ မေလ ၂၃ ရက်မှ ၂၉ ရက်အတွင်း ရေထွက်ကုန်တန်ချိန် ၁၈၃၂တန်ကျော်၊ တန်ဖိုးကန်ဒေါ်လာ ၁ ဒသမ ၉၆၀ သန်း တင်ပို့နိုင်ခဲ့ပါတယ်။ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက တန် ၁၀၀၀ ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ-

**မြဝတီကုန်သွယ်ရေးဇုန်**မှ ကန်ဒေါ်လာ သုည ဒသမ ၁၃၆ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ တန် ၄၀ ကျော် ကဏန်း ၂၇ တန်ကျော်၊ ပုစွန် ၁ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

**ကော့သောင်းကုန်သွယ်ရေးစခန်း**ကလည်း ကန်ဒေါ်လာ သုည ဒသမ ၄၈၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၄၆၄ တန်ကျော်၊ကင်းမွန် ၃၂ တန်ကျော်၊ ပုစွန် ၃ တန်ကျော်၊ ငါးရှဉ့် ၂ တန်ကျော်နဲ့ ရေဘဝဲ ၁ တန်နီးပါးတင်ပို့နိုင်ခဲ့ပါတယ်။

**မြိတ်ကုန်သွယ်ရေးစခန်း**ကလည်း ကန်ဒေါ်လာ ၁ ဒသမ ၃၃၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၁၆၂ တန်ကျော်၊ ပုစွန် ၁၅ တန်ကျော်၊ ငါးမှုန့် ၇၅ တန် ၊ ပုစွန်ခြောက် ၁ တန်ကျော်၊ ကင်းမွန် ၁ တန်ကျော်၊ ကဏန်းသေး(အသေ) ၁ တန်ကျော်နဲ့သဲကဏန်း အနည်းငယ်သာတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## Elgrand ယာဉ်ပေါ်မှ တရားမဝင် ယာဉ်တစ်စီးကိုစစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်းထုတ်နုတ်အင်အား Mobile Team မှ လက်ထောက်ညွှန်ကြားရေးမှူးဦးစီးတဲ့ အဖွဲ့က မေလ ၁၃ ရက်နေ့မှာ ကုန်သွယ်ရေးဇုန် ရှောင်ကွင်းလမ်းပေါ်မှ Elgrand ယာဉ်အမှတ် I J/xxxx ပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ ယာဉ်တစ်စီးကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ အဆိုပါ တရားမဝင်တင်ဆောင်လာတဲ့ ယာဉ်သည် Nissan (ENGRALD) အမျိုးအစားဖြစ်ပြီး ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၃၀ ခန့်ဖြစ်ပါတယ်။ သိမ်းဆည်းရမိ Nissan ယာဉ်အား မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်ထားပါတယ်။

**MIRT**

## ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ ဘိလပ်မြေအိတ်များကို မူဆယ် Mobile Team မှ စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်း ထုတ်နုတ်အင်အား Mobile Team အဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစီးတဲ့အဖွဲ့သည် မေလ ၁၁ ရက်နေ့ ၁၈း၀၀ နာရီအချိန်အတွင် ကုန်သွယ်ရေးဇုန်အလွန် ရှောင်ကွင်းလမ်းပေါ်မှာ တရားမဝင်စုပုံထားတဲ့ ဘိလပ်မြေအိတ်များကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ သိမ်းဆည်းရမိ (1x50) kgပါ ဘိလပ်မြေအိတ်များရဲ့ခန့်မှန်းတန်ဖိုးမှာ ကျပ်ကိုးသိန်းဖိုးခန့်ဖြစ်ပြီး အဖွဲ့စုံဖြင့် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး အမှုတွဲဖွင့်လှစ်ဖြစ်ပါတယ်။

**MIRT**

## မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အား Mobile Team မှ စားသုံးရန်မသင့်တဲ့ စားသောက်ကုန်များအား မီးရှို့/ဖျက်ဆီး

မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အားနဲ့ ဖွဲ့စည်းထားသော Mobile Team အဖွဲ့က ဧပြီလမှ မေလ တတိယပတ်အတွင်း သိမ်းဆည်းရမိထားတဲ့ စားသောက်ကုန်ခန့်မှန်းတန်ဖိုး ကျပ် ၃၄၁ သိန်းကျော်အား မူဆယ်မြို့ စွမ်းဆော်ရပ်ကွက်ရှိ လယ်ကွင်းတွင် စနစ်တကျ ကျင်းတူးမီးရှို့ဖျက်ဆီးခြင်းကို ဇွန်လ ပထမပတ်အတွင်းမှာ OSS အဖွဲ့စုံမှ တာဝန်ခံများပါတဲ့အဖွဲ့နဲ့ ဆောင်ရွက်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ မီးရှို့ဖျက်ဆီးခဲ့တဲ့ သိမ်းဆည်းထားသော စားသောက်ကုန်များမှာ FDA ထောက်ခံချက်မပါရှိသော နို့မှုန့်၊ နို့၊ အချိုရည်မျိုးစုံ၊ မုန့်မျိုးစုံ၊ ဘီယာ၊ စားဆီ၊ ခေါက်ဆွဲခြောက်၊ မှိုခြောက်၊ လက်ဖက်ခြောက်၊ ဂျုံမှုန့်၊ အနံ့မှုန့်/အစပ်ချောင်း၊ အေးခဲ ကြက်သား၊ ကြက်ခြေထောက်၊ အလှကုန်နဲ့ ဆေးဝါးများဖြစ်ပါတယ်။

စိုက်ပျိုးရေးလုပ်ငန်း၊ Plant Protection မှ တင်သွင်းခွင့် ထောက်ခံချက်မပါရှိတဲ့ ပိုးသတ်ဆေးအမျိုးမျိုး၊ ဓာတ်မြေဩဇာများကိုလည်း ကျင်းတူးမြေမြှုပ်ဖျက်ဆီးခဲ့ခြင်းကို တစ်ပေါင်းတည်းဆောင်ရွက်ခဲ့ကြောင်းလည်း သတင်းရရှိပါတယ်။

**MIRT**




"အသက်ကလေးရယ်ရှည်စေလို မန်းတောင်ရိပ်ကို ခို"ဆိုတဲ့ စကားလို မန္တလေးရွှေမြို့တော်ကြီးဟာ ရှေးမြန်မာဘုရင်များ ရုံးစိုက်ရာ နန်းတည်ရာ မြို့ကြီးတစ်မြို့လည်းဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အထက်ပိုင်းဒေသတွေဖြစ်တဲ့ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် စတဲ့ပြည်နယ်ကြီးတွေကို သွားရောက်ရာ လမ်းဆုံကျတဲ့ မြို့ကြီးတစ်မြို့လည်းဖြစ်ပါတယ်။ မန္တလေးမြို့တော်ကြီးဟာ အရင့်အရင်က သာယာလှပတဲ့မြို့ကြီးတစ်မြို့ဖြစ်ခဲ့ပေမယ့် လူနေ ထူထပ်လာမှု၊ နေထိုင်သူ ပြည်သူများရဲ့စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေကြောင့် အသက်ကလေးရယ် ရှည်စေလို မန်းတောင်ရိပ်ကိုခို ဆိုတဲ့စကားကို ပြန်ပြင်ရတော့မလိုဖြစ်နေခဲ့တာ ရာစုနှစ်တစ်စုမက ရှိခဲ့ပါပြီ။

အခုအခါမှာတော့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဦးဆောင်ပြီး မန္တလေးမြို့တော်ကြီး သာယာလှပရေး၊ စည်းကမ်းရှိတဲ့ မြို့တော်ကြီးဖြစ်လာရေးတို့အတွက် ဆွေးနွေးပွဲတွေ ကျင်းပပြီး လုပ်ဆောင်နေပြီ ဖြစ်ပါတယ်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဦးဆောင်ကျင်းပသည့် မြို့တော်နယ်နိမိတ် ခြောက်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်နှင့် ဟိုတယ်များမှ အမှိုက်များ စနစ်တကျစွန့်ပစ်ရေး ဆီစစ်၊ အနည်စစ်ကန်များ အသုံးပြုစွန့်ပစ်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆွေးနွေးပွဲအား မန္တလေးမြို့၊ မြို့တော်ခန်းမတွင် ဇွန် ၃ ရက်က ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဆွေးနွေးပွဲတွင် မြို့တော်စည်ပင်သာယာရေးကော်မတီဝင် (၅) ဒေါက်တာသွင်ကျော်ကျော်၊ မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူ၊ အထက်မြန်မာပြည်ကူးစက်ရောဂါကာကွယ်ရေးဦးစီးဌာနမှ ဒေါက်တာငြိမ်းငြိမ်းချစ်နှင့် မြို့တော် စည်ပင်သန့်ရှင်းရေးဌာနမှ ဌာနမှူး ဦးနေဝင်းမြင့်တို့မှ စားသောက်ဆိုင် လုပ်ငန်းရှင်၊ ဟိုတယ်လုပ်ငန်းရှင်များသို့ အသိပညာပေး ဆွေးနွေးခဲ့ကြပါတယ်။

ဆွေးနွေးပွဲတွင် ဖိတ်ကြားထားသည့် ဧည့်သည်တော် ၄၄၀ ခန့် တက်ရောက်ခဲ့ပြီး မိမိတို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှလည်း အရာထမ်း၊ အမှုထမ်း ၉ ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ ဆွေးနွေးပွဲအဖွင့်တွင် ဒေါက်တာသွင်ကျော်ကျော်မှ ယနေ့ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲသည် မန္တလေးမြို့တော်အတွင်းရှိ လူထုကျန်းမာရေး၊ သန့်ရှင်းရေး၊ စိတ်ချမ်းသာရေးများအတွက် ဘယ်လိုဆောင်ရွက်သွားမည်ဆိုတာကို စားသောက်ဆိုင်များ၊ ဟိုတယ်လုပ်ငန်းရှင်များသို့ အသိပညာပေး ဆွေးနွေးပြောပြတဲ့ပွဲဖြစ်ကြောင်း ပဏာမ ရှင်းလင်းပြောကြားခဲ့ပါတယ်။ စားသောက်ဆိုင်တစ်ဆိုင် နာမည်ကြီးခြင်းသည် လက်ရာကောင်းသည့် အချက်အပြုတ်၊ အကြော်အလှော်သမားများက အဓိကကျပြီး နောက်မှ ဆိုင်အခင်းအကျင်း၊ ဝန်ဆောင်မှုစသည်တို့ကို အခြေခံပြီး နာမည်ကြီးမှုဆိုတာဖြစ်ပေါ်လာကြောင်း၊ စားသောက်ဆိုင်မှ ချက်ပြုတ်တဲ့သူကျွေးတဲ့အစားအစာကို စားသုံးသူပြည်သူတွေစားရပြီး၊ ချက်ပြုတ်သူမှာ ရောဂါရှိရင် သူ့ထံမှရောဂါများ စားသုံးသူပြည်သူသို့ ကူးစက်ရောဂါပြန့်ပွားနိုင်ကြောင်း အသိပညာပေးတာကို တွေ့ရပါတယ်။

မိမိတို့တိုင်းပြည်သည် ကမ္ဘာနှင့်ယှဉ်ပြီး ရင်ပေါင်တန်းနိုင်အောင် ကြိုးစားနေဆဲကာလဖြစ်တဲ့အပြင် မန္တလေးမြို့တော်အနေဖြင့်လည်း သာယာလှပမှု၊ နိုင်ငံခြားသားများ နှစ်သက်သဘောကျမှုတွင် ထိပ်ဆုံးကဖြစ်ပါကြောင်း၊ ယဉ်ကျေးမှု ဓလေ့စရိုက်တွေ အထာတွေ၊ သဘာဝတွေ အများကြီးရှိပြီး၊ မြန်မာ့ရိုးရာအစားအသောက်တွင် နာမည်ကြီးသလို၊ အမျိုးအစားများလည်း ပေါများပါကြောင်း အစချီ ဆွေးနွေးခဲ့ပါတယ်။

မန္တလေးမြို့တွင် လက်ဖက်ရည်ဆိုင်ထိုင်ရတာလည်း အရသာတစ်မျိုးနှင့် ဆွဲဆောင်မှုများရှိကြောင်း၊ ဒါကြောင့် ဒီလိုစားသောက်ဆိုင်တွေအတွက် ဆွဲဆောင်မှုရှိရုံသာမက "လုပ်သင့် လုပ်ထိုက်တဲ့ အစားအစာ အာမခံချက်"အပြည့်အဝ ပေးနိုင်ရန်လည်း လိုအပ်ကြောင်း၊ ဆွဲဆောင်စည်းရုံး ပညာပေးတာကိုလည်း တွေ့ရပါတယ်။

စားသောက်ဆိုင်တစ်ဆိုင်သွားရင် အစားအသောက်ကောင်းတာကိုချည်းမကြည့်ဘဲ ပန်းကန်ဆေးခန်း၊ အိမ်သာခန်း သွားကြည့်ခဲ့ဖူးလား၊ သန့်သန့်ရှင်းရှင်းရှိရဲ့လား၊ ချက်ပြုတ်တဲ့သူက ကျန်းမာရေးကောင်းရဲ့လားဆိုတာ ယနေ့ပြည်သူတွေလေ့လာနေကြပြီး အသိပညာ၊ ဗဟုသုတတွေ ရှိနေကြပြီလို့လည်း ဆိုပါတယ်။ နောင် AEC လာရင် နိုင်ငံခြားကုမ္ပဏီတွေ၊ နိုင်ငံတကာလုပ်ငန်းရှင်တွေရောက်လာတော့မှာဖြစ်တဲ့အတွက် စားသောက်ဆိုင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနာမည်ကြီးဖို့ မိမိတို့ စားသောက်ဆိုင် ဂုဏ်သိက္ခာတက်ဖို့ အစားအသောက် ချက်ပြုတ်တဲ့သူ၏ ကျန်းမာရေး ဆေးစစ်ချက် (ဥပမာ- ဘီပိုး၊ စီပိုး) Fit Certificate များကပ်ထားပါက ရောင်းချသူများအတွက် အထောက်အပံ့ဖြစ်စေမှာ ဖြစ်သလို၊ စားသုံးသူအတွက်လည်း ယုံကြည်စိတ်ချမှုရရှိစေမှာဖြစ်ကြောင်းနှင့် ကျန်းမာရေး အာမခံချက်ပေးတဲ့ ဆိုင်တွေ လိုအပ်လာပြီဖြစ်ပါကြောင်း စေတနာနှင့် ဆွေးနွေးထောက်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ကျန်းမာရေးထောက်ခံချက်ရှိတဲ့ဆိုင်နဲ့ မရှိတဲ့ဆိုင် ယှဉ်ပြိုင်ရောင်းရင် ထောက်ခံချက်ရှိတဲ့ဆိုင်က ပိုမိုရောင်းအားကောင်းမှာဖြစ်ကြောင်း၊ အဲဒီမှတစ်ဆင့် စားသောက်ဆိုင်မှာ သုံးစွဲတဲ့ဆီအမျိုးအစား၊ အချိုမှုန့်နှင့် အသီးအရွက်ကအစ အော်ဂဲနစ်သီးနှံ စတဲ့သုံးစွဲသည့် ပစ္စည်းများ၏ အရည်အသွေးကိုပါအာမခံနိုင်ရင် ဆိုင်ရဲ့ဂုဏ်သိက္ခာ ပိုမိုတိုးတက်လာမှာဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် မြို့နယ်အလိုက် စားသောက်ဆိုင်တစ်ဆိုင်ချင်း ကွင်းဆင်းစစ်ဆေးပြီး ထောက်ခံချက်တွေပြုလုပ်ကြဖို့အသိပညာပေးရာတွင် ယုံကြည်မှုအားနည်းခြင်းနှင့် တိုင်တန်းမှုတွေတက်လာတဲ့အတွက် အခုလိုလုပ်ငန်းရှင်များသို့တရားဝင် စုံစုံညီညီ ဖိတ်ကြားဆွေးနွေးခြင်းဖြစ်ကြောင်း ရည်ရွယ်ချက်ကို ရှင်းပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဆက်လက်၍ စည်ပင်သာယာရေးကော်မတီအနေဖြင့် -

**(၁) စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေသစ်များ**
**(၂) ဆီစစ်ကန်**
**(၃) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (ကြွပ်ကြွပ်အိတ်/ပလပ်စတစ်အိတ်)**
**(၄) ကျန်းမာရေးဆေးစစ်ခြင်း**

စတဲ့ အချက်(၄)ချက်ကို အခြေခံဆွေးနွေးသွားခဲ့ပါတယ်။ စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေသစ်များ ပြဌာန်းရေးဆွဲပြီး မန္တလေးသတင်းစာနှင့် ဂျာနယ်များတွင်လည်း ဖော်ပြပေးထားတဲ့အတွက် လုပ်ငန်းရှင်များအနေဖြင့် သိထားသင့်၊ မှတ်ထားသင့်၊ လေ့လာသင့်ကြောင်းနှင့် ဥပဒေကို နားလည်သဘောပေါက်ပြီး လက်ခံကျင့်သုံးရန်လည်း နည်းလမ်းပေးခဲ့တာကိုတွေ့ရပါတယ်။

စားသောက်ဆိုင်များတွင် ဆီစစ်ကန်၊အနည်စစ်ကန်များ သုံးစွဲမှုမရှိဘဲ ရေမြောင်းတွင်းစွန့်ပစ်ခြင်းမှ မြောင်းပိတ်ဆို့မှုဖြစ်ခြင်း၊ မိုးရွာလျှင် ရေလျှံပြီး ဆီအခဲများ ကတ္တရာလမ်းပေါ်ရောက်၍ ဆိုင်ကယ်များလဲခြင်း၊ ဘီးချော်ခြင်းများ ထိခိုက်အန္တရာယ်များ ကြုံတွေ့ကြရတဲ့သာဓကများစွာရှိကြောင်းလည်း ပုံများနှင့်တကွ ရှင်းလင်းခဲ့ပါတယ်။

သို့ဖြစ်၍ စားသောက်ဆိုင်လုပ်ငန်းရှင်များ မိမိတို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု၊ အနံ့အသက် ဆိုးဝါးမှုကြောင့် အများပြည်သူကျန်းမာရေး ထိခိုက်မှုမရှိစေရန် ဆီစစ်ကန်များ အသုံးပြုပုံ၊ ထုတ်လုပ်သည့်ပုံသဏ္ဍာန်နှင့် ဝယ်ယူရရှိ နိုင်သည့် နေရာများကိုပါ လမ်းညွှန်ပေးခဲ့တာကို တွေ့ရပါတယ်။ စားသောက်ဆိုင်များကို လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်မှစ၍ ဆီစစ်ကန်များထားရှိဆောင်ရွက်ရန် ပညာပေးဆွေးနွေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ရာ တချို့ဆိုင်များမှ လိုက်နာဆောင်ရွက်မှုအားနည်းခြင်း၊ လုံးဝဆောင်ရွက်မှုမရှိခြင်းများတွေ့ခဲ့ရသော်လည်း မိမိတို့ဌာနအနေဖြင့် သတိပေးသည့်အဆင့်နှင့်သာ ဆောင်ရွက်ခဲ့ပြီး၊ လုပ်ကိုင်ဆောင်ရွက်ပုံ နည်းစနစ်များကိုလည်း သေချာရှင်းပြခဲ့ပြီး အရေးယူဆောင်ရွက်မှုများ မပြု



# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံ၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေများအား သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ သတင်းထုတ်ပြန်




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံ၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ဆောင်ရွက်နေမှု အခြေအနေများအား သတင်း၊ မီဒီယာများနှင့်တွေ့ဆုံ၍ သတင်းထုတ်ပြန်ခြင်း အခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နေပြည်တော်၌ ဇွန်လ ၅ ရက်နေ့ (၁၃း၀၀) နာရီတွင် ကျင်းပပြုလုပ်သည်။

ရှေးဦး စွာ အမြဲတမ်းအတွင်းဝန်က ဌာန၏ သမိုင်းကြောင်း၊ ရည်မှန်းချက်၊ မျှော်မှန်း ချက်နှင့် တာဝန်များကိုရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့က ၎င်းတို့၏ ဌာနဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို အသီးသီးရှင်းလင်းပြောကြားကြပါသည်။

ထို့နောက် သတင်းမီဒီယာများက ကုန်သွယ်ရေးလိုင်စင်ပြုမှုကိစ္စ၊ တရုတ်နိုင်ငံသို့ တရားဝင်ဆန်တင်ပို့နိုင်မှု အခြေအနေ၊ AEC အတွက် အစိုးရဌာနများအနေဖြင့် ပြင်ဆင်ဆောင်ရွက်မှုများ ရှိနေသော်လည်း ပုဂ္ဂလိက လုပ်ငန်းရှင်များ အနေဖြင့် အဆင်သင့်ဖြစ်ရန် ပြင်ဆင်ထားရှိမှု အခြေအနေ၊ "မြန်မာစီးပွားရေးဖိုရမ်"အတွက် အစိုးရနှင့် ပုဂ္ဂလိကပိုင်းတို့မှ စီစဉ်ဆောင်ရွက်နေမှုများနှင့် ကျင်းပပြုလုပ်နိုင်မည့်ကာလ စသည်တို့ကို မေးမြန်းခဲ့ကြသည်။

ထိုသို့မေးမြန်းမှုများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တာဝန်ရှိသူများမှ ကုန်သွယ်ရေးလိုင်စင်ပြုမှုဖြစ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကုန်သွယ်မှုပမာဏတွင် ဝန်ဆောင်မှုကဏ္ဍမှရရှိသည့် တန်ဖိုးများထည့်သွင်းထားမှု မရှိခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အရ ဆောင်ရွက်သည့် လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပစ္စည်းများ တင်သွင်းခြင်းတွင် ငွေပေးချေရန် လိုအပ်မှုမရှိခြင်း တို့ကြောင့် Balance of Payment တွင် ထိခိုက်မှု နည်းပါးကြောင်းကို ရှင်းလင်းပြောကြားပါသည်။

ဆက်လက်၍ အမျိုးသားပို့ကုန် မဟာဗျူဟာကိစ္စ၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာကိစ္စ၊ ယှဉ်ပြိုင်မှုဥပဒေ ရေးဆွဲပြီးဖြစ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကိစ္စနှင့် ယှဉ်ပြိုင်မှုနည်းဥပဒေ ရေးဆွဲရေး ဆက်လက်ဆောင်ရွက်နေမှုအခြေအနေ၊ "မြန်မာစီးပွားရေးဖိုရမ်"အတွက် သက်ဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများပူးပေါင်း၍ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများနှင့် သတင်းမီဒီယာများမှ သိရှိလိုသည်များ ကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။



လုပ်ခဲ့ကြောင်း သိရတဲ့အတွက် အစိုးရဌာနဆိုင်ရာများ၏ အများပြည်သူ ပုဂ္ဂလိကလုပ်ငန်းရှင် များအပေါ် လက်တွဲပူးပေါင်းပါဝင်စေခြင်းဖြင့်သာ လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်သည့်အခြေအနေကို တွေ့ရှိရပါတယ်။

ကြွပ်ကြွပ်အိတ်သုံးစွဲမှုနှင့် ဆီစစ်ကန်အသုံးပြုခြင်းမရှိတဲ့ စားသောက်ဆိုင်များကို ဘယ်လိုအရေးယူမလဲဟူသည့် သတင်း၊ မီဒီယာသမားများ၏ မေးခွန်းများကို ဖြေကြားရာတွင် အရေးယူချင်လို့ ဥပဒေတီထွင်တာမဟုတ် အသိပညာပေးခြင်းအတွက်သာဖြစ်ပြီး ဒီဥပဒေနဲ့ စားသုံးသူပြည်သူများကို အကာအကွယ်ပေးချင်တာသာဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့တာကိုလည်း သိရပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်တွေ သုံးခြင်းရဲ့ဆိုးကျိုးကို ရှင်းပြတဲ့အတွက်လည်း ဗဟုသုတများစွာ ရရှိစေတာ ကို လေ့လာရပါတယ်။

ကြွပ်ကြွပ်အိတ်ကို ဘယ်နိုင်ငံမှမသုံး၊ မိမိတို့နိုင်ငံတစ်နိုင်ငံသာ သုံးစွဲလျက်ရှိပြီး၊ ကြွပ်ကြွပ်အိတ်ကို မသုံးသင့်လို့ မသုံးခိုင်းတာဖြစ်ကြောင်း၊ ကြွပ်ကြွပ်အိတ်အမှိုက်တွေ မြေကြီးထဲမှာ အနှစ် ၅၀၀ မှ အနှစ် ၁၀၀၀ အထိမဆွေးကြောင်း ပညာရှင်များပြောကြားခဲ့တာကိုလည်း ပြန်လည်မျှဝေခဲ့ပါတယ်။ ကြွပ်ကြွပ်အိတ်ကြောင့် မြောင်းတွေပိတ်၊ ရေတွေလျှံ၊ ရေကြောတွေပိတ်လာတဲ့အတွက် နောင်တွင် ရေအတွက် အခက်အခဲများဖြစ်လာနိုင်ပြီး လက်ရှိတွင် စက်ရေတွင်း၊ အဝီစိတွင်းတူးရာ ယခင်ကပေ(၁၀၀-၂၀၀)လောက် တူးလို့ရသော်လည်း ယခုပေ (၁၀၀၀)ကျော်အထိ တူးနေရကြောင်း၊လက်ရှိသဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တွေရဲ့ ချို့ယွင်းလာမှုကို ကွက်ကွက်ကွင်းကွင်းမြင်လာအောင် ဆွေးနွေးခဲ့တာကိုလည်း တွေ့ရပါ တယ်။

ကားလမ်း၊ ရထားလမ်းများတွင် ကြွပ်ကြွပ်အိတ်များ ဖွေးဖွေးလှုပ်နေသဖြင့် ရေကြောင်းတွေပိတ်၊ ကားလမ်းတွေရေလျှံ၊ မြစ်ချောင်းများမှတစ်ဆင့် ကြွပ်ကြွပ်အိတ်များ ပင်လယ်ထဲရောက်သည့်အတွက် ရေသတ္တဝါများသာမက ကုန်းသတ္တဝါများပါ ကြွပ်ကြွပ်အိတ်ရဲ့ ဆိုးကျိုးကိုခံစားနေရကြောင်း၊ ကမ္ဘာ့ရေထု၊ မြေထုကို ဖျက်ဆီးခံနေရတဲ့ သဘာဝပတ်ဝန်းကျင်ရဲ့ အကျိုးဆက်များ၊ အနာဂတ်တွင် ဖြစ်လာနိုင်တဲ့ ဆိုးကျိုးများကို အကျယ်တဝင့်ရှင်းလင်း တင်ပြခဲ့တဲ့အတွက် ဗဟုသုတများစွာရရှိစေခဲ့ပါတယ်။ ဒါ့ပြင် ကြွပ်ကြွပ်အိတ်ကို မီးရှို့ရန်မဖြစ်နိုင် ကြောင်း၊ မီးရှို့ပါက ထွက်လာတဲ့ညော်နံ့မှ ကင်ဆာနဲ့မျိုးဆက်ပြန့်ပွားမှုကို ထိခိုက်စေတဲ့အပြင် ကြွပ်ကြွပ်အိတ်တွင် အပူဓာတ်ရှိသည့် အစားအသောက်များထည့်ပါက ခဲဓာတ်နှင့်ဓာတုအဆိပ်များဖြစ်ပေါ်၍ ကျန်းမာရေးဆိုးကျိုးများကိုလည်း သိမြင်စေခဲ့ပါတယ်။

ဒါကြောင့် ကြွပ်ကြွပ်အိတ်ကို စားသောက်ဆိုင်များမှ -

(၁) ငြင်းပယ်ခြင်း (Refuse)
(၂) ထပ်ခါတလဲလဲသုံးစွဲခြင်း (Reuse)
(၃) လျှော့ချခြင်း/အစားထိုးသုံးစွဲခြင်း (Reduce)
(၄) ပြန်လည်သုံးစွဲခြင်း (Recycle)

တို့ဖြင့် ဆောင်ရွက်သင့်ကြောင်း လုပ်ငန်းရှင်များ နားလည်သဘောပေါက်စေရန် ညှိနှိုင်းအကြံပေးအသွင်ဖြင့် ဆွေးနွေးခဲ့တာကိုလည်း တွေ့ရပါတယ်။

မကွေးတိုင်းအတွင်းမှ မြို့နယ်လေးတစ်မြို့၏ စားသောက်ဆိုင်တွင် **"ကျွန်တော်၏ဆိုင်သည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသောဆိုင်ဖြစ်ပါသည်။ မိတ်ဆွေ ကြွပ်ကြွပ်အိတ် မတောင်းပါနှင့်"** ဆိုတဲ့ စားသောက်ဆိုင်ပိုင်ရှင်၏ သဘာဝပတ်ဝန်းကျင်အပေါ် အလေးထားသည့် စိတ်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသည့် စိတ်၊ တာဝန်သိစိတ်ကို လေးစားမြတ်နိုးအတုယူဖွယ် ဥပမာပေးရှင်းပြခဲ့ကိုလည်း တွေ့ရပါတယ်။

နောက်ဆုံး မြို့တော်စည်ပင်၏ အမှိုက်သိမ်းတာကအစ မြို့နေလူထုအပေါ် စေတနာထားဆောင်ရွက်ပုံကို အနုပညာ ရသမြောက်စွာ ရှင်းလင်းခဲ့တာကိုလည်း လေးစားဖွယ်ရာတွေ့ရပါတယ်။ မြို့ရဲ့အလှတွေဖျက်တာ အမှိုက်ဖြစ်ပြီး၊ မိမိတို့ဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်၊ စက်စွမ်းအားအရင်းအမြစ်နှင့်ငွေကြေးဘတ်ဂျက်များ ရင်းနှီး၍ အမှိုက်များသိမ်းဆည်းရတာဖြစ်ကြောင်း၊ မြို့နေလူထု ၁၅သန်းခန့်ကို သန့်ရှင်းရေးလုပ်သား ၁၅၀၀ ခန့်နှင့် ကြိုးစား ဆောင်ရွက်နေရတဲ့အတွက် လူထုအင်အားမပါရင် မြို့တော်မသန့်ရှင်းနိုင်ကြောင်း၊ မသာယာနိုင်ကြောင်း၊ မလှပနိုင်ကြောင်း၊ လူထုက စည်းစနစ်ကျနစွာ အမှိုက်ပစ်ခြင်းနှင့် ကြွပ်ကြွပ်အိတ်မသုံးခြင်းဖြင့်သာ သာယာလှပမှာ ဖြစ်ကြောင်း၊ လူထုလမ်းပေါ် အမှိုက်မပြစ်တဲ့နေ့ ဒီအမှိုက်တွေ ပျောက်တဲ့နေ့ဖြစ်ကြောင်း ပူးပေါင်းဖို့ ဖိတ်ခေါ်စကားပြောကြားခဲ့ပါတယ်။

စည်ပင်သန့်ရှင်းရေးဝန်ထမ်းများ အမှိုက်သိမ်းရာမှာ မြို့ကြီးစွဲ၊ ဒေသကြီးစွဲပြီး အမှိုက်ကားများတွင်"ဒို့မန္တလေးမြို့ကြီးရဲ့ ပတ်လည်တစ်ခို"စတဲ့ သီချင်းသံများနှင့် အမှိုက်သိမ်းကြောင်း၊ သို့သော် အမှိုက်သိမ်း ကားစီးရေ ၁၀၀၀ ကျော်ကို စပီကာတပ်ဖို့ ငွေကုန်ကြေးကျများပြီး၊ အကုန်မတတ်နိုင်တဲ့အတွက် အချို့ကားများ ခေါင်းလောင်းစနစ်ကိုသာ သုံးစွဲနေရသေးကြောင်း သိရတဲ့အတွက် ဌာနဆိုင်ရာများရဲ့ တွေ့ကြုံနေရတဲ့ ဘဏ္ဍာရေးအခြေအနေကိုလည်း နားလည်စေခဲ့ပါတယ်။

နောက်ဆုံး ဒေါက်တာသွင်ကျော်ကျော်အနေဖြင့် တက်ရောက်လာတဲ့ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များသို့ မျိုးဆက်သစ်တွေအတွက် "မန္တလေးမြို့ကြီးသာယာလှပအောင် လုပ်ဆောင်ပေးခဲ့ကြရအောင်ပါ" မျိုးဆက်သစ်တွေအတွက် အနာဂတ်ဘဝ သာယာလှပအောင် ဖန်တီးပေးဖို့ ကိုယ်စီကိုယ်စီ တာဝန်ရှိကြောင်း ဆွေးနွေးချက်များက ၎င်းကိုယ်တိုင်မှစ တာဝန်ရှိ၊ တာဝန်သိ၊ တာဝန်ခံ၊ တာဝန်ယူ၊ တာဝန်ကျေ ကြဖို့တက်ရောက်လာသူများကို ဆွဲဆောင်စည်းရုံး ဆွေးနွေးသွားခဲ့တာကို အတုယူဖွယ် တွေ့ရပါတယ်။

➲ စာမျက်နှာ ၂၅ သို့

## ပြောင်း

### တရုတ်ပြည်သို့ ပြောင်းကြိတ်ဖတ်တင်ပို့

မေလတွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၉၇၈၆ တန်ဖိုးရှိ ပြောင်းကြိတ်ဖတ်မှုန့် ၁၀၆ တန်ကျော် တင်ပို့မှုရှိခဲ့ပါတယ်။ တရုတ်နိုင်ငံမှာ ပြောင်းကြိတ်ဖတ်မှုန့်ကို တိရစ္ဆာန်အစာအတွက် အသုံးပြုရတာဖြစ်လို့ ယခုလို တင်ပို့ကြတာဖြစ်ပါတယ်။ဧပြီလအတွင်းမှာတော့ ပြောင်းကြိတ်ဖတ် ၂၀၇ တန်ခွဲထိ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### ရှမ်းပြောင်းဈေးကွက် အဝင်နည်း၊ အရောင်းသွက်

ရှမ်းပြောင်းက အဝင်နည်းသွားပါပြီ၊ တောင်သူလက်ကျန်မရှိတော့ပေမယ့် လှောင်လက်မှာတော့ ကျန်နေပါသေးတယ်။ အဝင်နည်းပေမယ့် အရောင်းကလည်း သွက်နေပါတယ်။ မူဆယ်ဝယ်လက်တွေကလည်း တရုတ်နိုင်ငံကို တိရစ္ဆာန်အစာအတွက် တင်ပို့နေရလို့ ဝယ်နေတာရယ်၊ ပြည်တွင်းကလည်း တိရစ္ဆာန်အစာအတွက် ဝယ်နေတာကြောင့် ရောင်းအားကကောင်းနေပါတယ်။ စီပီကုမ္ပဏီကလည်း သတ်မှတ်ချက်မပြည့်မီသေးတာကြောင့် ဝယ်ယူနေတုန်းပဲလို့ သိရပါတယ်။ ရေသွင်းပြောင်းတွေကတော့ ဩဂုတ်လ လဆန်းပိုင်းမှ ဝင်လာနိုင်တယ်လို့လည်း သိရပါတယ်။

မိုးပြောင်းတွေကိုတော့ မေလမှာ စပြီးစိုက်ကြကာ ဇွန်လမှာ အကုန်စိုက်လို့ပြီးမှာလို့လည်း ဆိုပါတယ်။ တောင်ကြီးဈေးကွက်မှာတော့ ပြောင်းအရောင်းအဝယ်က တစ်ရက်ကို ပျမ်းမျှပိဿာချိန် နှစ်သိန်းခွဲခန့် အရောင်းအဝယ်ဖြစ်နေပါတယ်။ ရန်ကုန်၊ မန်း၊ မူဆယ် ဝယ်လက်တွေဝယ်ယူနေလို့ တစ်ပတ်အတွင်း ပိဿာချိန်ပေါင်း ၁၆ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပိဿာပေါက်ဈေးက ၄၅၅ ကျပ်ဈေးရှိပါတယ်။ အဝင်နည်းနေပြီး အရောင်းသွက်နေလို့ ပြောင်းဈေးက တစ်ပတ်ထက်တစ်ပတ်ပိုပြီး ဈေးတက်လာတယ်လို့လည်း ပွဲရုံတွေက သိရပါတယ်။ စီပီပြောင်းကတော့ တစ်ပိဿာ ၄၈၅ ကျပ်ဈေးပေါက်နေပါတယ်။

အောင်ပန်းဈေးကွက်မှာလည်း ပြောင်းဝင်ရောက်မှုနည်းသွားပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး တစ်ပိဿာ ပေါက်ဈေးကတော့ ၃၈၀ ကျပ်မှ ၄၀၀ ကျပ်ဈေးရှိပါတယ်။ **ဧဒိုင်-တောင်ကြီး**

### မူဆယ်ဈေးကွက်မှာ ပြောင်းဈေးတက်

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ကန်ပိုက်တီးစခန်းမှ မေလ နောက်ဆုံးပတ်တွင် ကန်ဒေါ်လာ ၄ ဒသမ ၁၅၀ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၄၂၉၉ တန်ကျော်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၁၄၀၀၈ တန်ကျော်နဲ့ ကန်ပိုက်တီးမှ ၂၉၁ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၁၅၁၇၁ တန်နဲ့ ကန်ပိုက်တီးမှ ၄၅၀ တန်ခွဲ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာလည်း ပြောင်းတင်ပို့မှု အနည်းငယ်လျော့ကျခဲ့ပါတယ်။ ဒါပေမဲ့ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို မိမိဘက်ဈေး ၃၁၈၇၇၂ ကျပ်မှ ယခုတစ်ပတ်တွင် ၃၂၃၉၆၀ ကျပ်သို့ ဈေးထပ်မံမြင့်တက်လာတာ တွေ့ရပါတယ်။

တရုတ်ဘက်က ပြောင်းသစ်ရော လက်ကျန်ပြောင်းတွေပါ အရည်အသွေးအလိုက် ဈေးကောင်းပေးပြီး အဝယ်ရှိတယ်လို့ သတင်းရရှိပါတယ်။ ၂၀၁၅ ခုနှစ် မေလအတွင်း မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီး စခန်း ၃ ခုမှ ပြောင်းတန်ချိန် ၈၆၀၀၀ ခန့်တင်ပို့မှုရှိခဲ့ပြီး ချင်းရွှေဟော်စခန်းမှ မေလတွင် ပြောင်းတင်ပို့မှုမရှိခဲ့ဘူးလို့သိရပါတယ်။

**မော်မော်အောင်**

## ကော်ဖီ

### ကော်ဖီစေ့အဝယ်လိုက်

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ခုနှစ် မေလတွင် ကန်ဒေါ်လာ ၃၀၉၄၄၈ တန်ဖိုးရှိ ကော်ဖီစေ့ ၂၇၉ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံး ဧပြီလက ၂၃၄ တန်ခွဲသာ တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ကော်ဖီစေ့ ပိုမိုတင်ပို့လာတာတွေ့ရပါတယ်။

မြန်မာ့ကော်ဖီစေ့ကို နိုင်ငံခြားတိုင်းပြည်များက ကြိုက်နှစ်သက်ကြသော်လည်း ထုတ်လုပ်မှုနည်းပညာ အားနည်းလို့ ဝယ်လိုအား နည်းရတာဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်က အစုအဖွဲ့တည်ထောင်ပြီးကတည်းက ကော်စီစိုက်သူတွေကို နည်းပညာဖြန့်ဝေပေးမှု၊ အခွံချွတ်စက်များ ပံ့ပိုးထုတ်ပေးနိုင်မှုတွေကြောင့် ထုတ်လုပ်ရေးအပိုင်းမှာ အရည်အသွေးမြင့်မားလာခဲ့ပြီး ယခုလို နိုင်ငံခြားမှဝယ်ယူရန် ကမ်းလှမ်းကြခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### မေလအတွင်း ရော်ဘာတင်ပို့မှုမြင့်တက်

ယခုဘဏ္ဍာနှစ် မေလအတွင်း ရော်ဘာတင်ပို့မှုဟာ အနီးစပ်ဆုံး ဧပြီလထက်ရော၊ ယမန်နှစ် ကာလတူထက်ပါပိုမိုလာတာတွေ့ရပါတယ်။ နယ်စပ်စခန်းများဖြစ်တဲ့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်၊ တာချီလိတ်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် တစ်ဖက်အိမ်နီးချင်းနိုင်ငံများကို တင်ပို့တာဖြစ်ပါတယ်။

မေလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၁ ဒသမ ၉၁၀ သန်းဖိုးရှိတဲ့ ရော်ဘာအဆင့်စုံ ၂၂၃၄ တန် ကျော်ကို တင်ပို့ပြီး ယခင်တစ်ပတ်ထက် ၂၅၆ တန်ခန့်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ် ၁၀၅ မိုင်မှ RSS-1 ၁၁၂ တန်ကျော်၊ RSS-3 ၁၁၇၃ တန်ကျော်၊ MSR-20 ၁၁၆ တန်ခန့်နဲ့ MSR-50 ၅၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ချင်းရွှေဟော်စခန်းမှ RSS-3 ၂၄၅ တန်ကျော်၊ RSS-5 ၁၁၄ တန်၊ MSR-20 ၁၅၅ တန်ကျော်နဲ့ MSR-50 တန် ၆၀၊ တာချီလိတ်စခန်းမှ RSS-2 တန် ၂၀၀၊ Latex 60% DRC ၅ တန် တင်ပို့ခဲ့ပါတယ်။

မေလတစ်လလုံးမှာတော့ ကန်ဒေါ်လာ ၈ ဒသမ ၄၇၇ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၇၀၇၅ တန်ခန့်ကို တင်ပို့နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံး ဧပြီလထက် ၃၃၃၃ တန်ပိုမိုပြီး၊ ယမန်နှစ် ကာလတူထက် ၄၇၄၆ တန်ပိုမိုတင်ပို့ နိုင်ခဲ့ကြောင်း စာရင်းဇယားများအရ သိရှိရပါတယ်။

ယခုတစ်ပတ်မှာ ရော်ဘာဈေး ပြန်လည်မြင့်တက်လာတာ တွေ့ရပါတယ်။ မူဆယ် ၁၀၅ မိုင်ကုန်စည်ဒိုင်မှ RSS-3 တစ်တန်ကို ယခင်တစ်ပတ်က ၁၅၀၃၈၂၆ ကျပ်ရှိရာမှ ယခုတစ်ပတ်မှ ၁၅၂၈၃၀၀ ကျပ်သို့ ဈေးတက်လာကြောင်း သိရှိရပါတယ်။ **ယဉ်ယဉ်အေး**

### ရော်ဘာဈေး မြင့်တက်၍ ပိုမိုတင်ပို့

မေလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ရော်ဘာတင်ပို့မှုဟာ ဧပြီလထက် တန် ၆၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ကန်ဒေါ်လာ ၄ဒသမ ၃၆၈ သန်းဖိုးရှိ ရော်ဘာ ၃၃၉၀ တန်ခန့်ကို မေလအတွင်းမှာ တင်ပို့နိုင်ခဲ့တဲ့အတွက် အနီးစပ်ဆုံး ဧပြီလထက်ရော ယမန်နှစ်ကာတူထက်ပါ ပိုမိုခဲ့ပါတယ်။ အနီးစပ်ဆုံး ဧပြီလထက် ၆၆၇ တန် ပိုမိုပြီး ယမန်နှစ်ကာလတူထက် တန် ၁၇၈၀ ခန့်ပိုမိုခဲ့ပါတယ်။

မေလနောက်ဆုံးပတ်မှာတော့ ကန်ဒေါ်လာ သုည ဒသမ ၅၉၉ သန်းဖိုးရှိတဲ့ ရော်ဘာ ၄၅၃ တန်ကို တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံကို RSS-3 ၂၀၅ တန်နဲ့ MSR 20 တန် ၄၀၊ စင်ကာပူနိုင်ငံကို MSR 20 ၈၈ တန်ကျော်၊ တရုတ်နိုင်ငံကို RSS-3 တန် ၁၂၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။

မေလအတွင်းမှာ ရော်ဘာဈေးအကျမရှိဘဲ အတက်ဈေးနဲ့ ငြိမ်နေရာမှ ယခုနောက်ဆုံးပတ်မှာ ဈေးထပ်မံမြင့်တက်လာကြောင်း သိရပါတယ်။ နိုင်ငံတကာ ရော်ဘာပေါက်ဈေးမှာ ရော်ဘာတစ်တန်လျှင် ဒေါ်လာ ၁၀၀ ကျော် တက်လာတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာများကိုလည်း ဒေါ်လာ ၁၀၀ ဈေးမြှင့်၍ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်ထားကြောင်း သိရှိရပါတယ်။အသင်းမှ ထုတ်ပြန်ထားသော ဈေးများကို ဖော်ပြပေးလိုက်ရပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၅၅၀-၁၆၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၅၀၀-၁၆၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၅၀-၁၅၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၅၀-၁၅၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **Concentrate** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **Latex 60% DRC** | | |

**ယဉ်ယဉ်အေး**

### တရားမဝင်စိုက်ပျိုးထားတဲ့ ရော်ဘာပင်များအား ထိုင်းအစိုးရက ရှင်းလင်းမည်

ထိုင်းနိုင်ငံ သဘာဝအရင်းအမြစ်များနဲ့ ပတ်ဝန်းကျင်ဝန်ကြီးဌာနက ဇွန်လ ၁ ရက်နေ့မှစပြီး ဟက်တာ ၆၄၀၀၀၀ မှာ တရားမဝင်ရော်ဘာစိုက်ပျိုးထားခြင်းများကို စတင်ရှင်းလင်းတော့မယ်လို့ ဘန်ကောက်ပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။

ထိုင်းအစိုးရက ကျူးကျော်စိုက်ပျိုးထားတဲ့ ရော်ဘာတောများကို ဝင်ရောက်ဖျက်ဆီးရန် ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ တရားမဝင် ရော်ဘာကျူးကျော်စိုက်ခင်းများကို ယခုကဲ့သို့ ဝင်ရောက်ဖျက်ဆီးမဲ့ နည်းလမ်းကို ရွေးချယ်ရခြင်းမှာ ရော်ဘာထွက်ရှိမှု အမြောက်အမြားဖြစ်နေပြီး ဈေးကွက်အတွင်းမှာ ရော်ဘာများ လိုအပ်တာထက် ပိုလျှံနေခြင်းကြောင့် ရော်ဘာဈေးကို ထိခိုက်နေတဲ့အတွက် ဖြစ်တယ်လို့ သဘာဝအရင်းအမြစ်နဲ့ ပတ်ဝန်းကျင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဒါပွန် ရတနာစူဝန်က ပြောကြားလိုက်တာဖြစ်ပါတယ်။

ထိုင်းနိုင်ငံဟာ ကမ္ဘာမှာ ရော်ဘာအများဆုံး ထုတ်လုပ်တဲ့နိုင်ငံဖြစ်ပြီး ၂၀၁၄ ခုနှစ်မှာ ရော်ဘာတန်ချိန် ၃ ဒသမ ၉ သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း ထိုင်းသဘာဝရော်ဘာထုတ်လုပ်ရေးအသင်းကထုတ်ပြန်ချက်အရ သိရပါတယ်။ **ဂန္ဓမာ**

## အမှားပြင်ဆင်ချက်

ကောမတ်စ်ဂျာနယ် အတွဲ (၁၅) အမှတ် (၂၀) စာမျက်နှာ ၂၁ တွင် ဖော်ပြခဲ့သော "မြန်မာ့သရက်သီးပွဲတော်" သတင်းဆောင်းပါး၌ **"ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်"** အစား **"အခွန်ဘုတ်အဖွဲ့ စိစစ်ကြပ်မတ်ရေး ဉက္ကဋ္ဌ သူရဦးသောင်းလွင်"** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**အယ်ဒီတာအဖွဲ့**


# အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပြည်ပမှတင်သွင်းသည့် စားအုန်းဆီဈေး ပြန်လည်မြင့်လာနိုင် လက်ရှိအခြေအနေတွင် ပြည်တွင်းမှ ထုတ်လုပ်သည့်မြေပဲဆီသည် နှမ်းဆီထက်ဈေးပိုမြင့်လာ

ကျော်မြင့်

မြန်မာနိုင်ငံသည် ပြည်တွင်းမှ ထုတ်လုပ်သည့်စားသုံးဆီမှာ နှစ်စဉ်တိုးတက်လာသော ပြည်တွင်းသုံးစွဲမှု လိုအပ်ချက်ကို ဖူလုံအောင်ဖြည့်ဆည်းနိုင်ခြင်းမရှိသဖြင့် ပြည်ပမှ စားအုန်းဆီတင်သွင်းဖြည့်စွက်၍ သုံးစွဲလျက်ရှိသည်ဟု သိရှိရသည်။ ၂၀၁၁ ခုနှစ် ကုန်သွယ်မှုမူဝါဒအရ နှမ်းအရောင်မျိုးစုံနှင့် မြေပဲဆန်ကို ပြည်ပသို့ တင်ပို့ရန် ခွင့်ပြုခဲ့ပြီး၊ အရည်အသွေးကောင်းသောစားအုန်းဆီကို ပုဂ္ဂလိကပိုင်းမှ စတင်တင်သွင်းရန် ခွင့်ပြုအားပေးခဲ့သည်။

**မလေးရှားစားအုန်းဆီဈေး။** နေ့စဉ်မလေးရှား စားအုန်းဆီ (f.o.b. Malaysia) ဈေးကို လအလိုက်ပျမ်းမျှဈေးအဖြစ် ပြောင်းလဲတွက်ချက်ပြီး ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဧပြီလအထိ ပုံ-၁ တွင် ရေးဆွဲဖော်ပြထားပါသည်။ မလေးရှားစားအုန်း ဆီ (f.o.b. Malaysia) ဈေးအမြင့်ဆုံးဖြစ်ပေါ်ခဲ့သည့်နှစ်မှာ ၂၀၁၁ ခုနှစ်ဖေဖော်ဝါရီလဖြစ်ပြီး မလေးရှားစားအုန်းဆီ (f.o.b. Malaysia)ဈေးအနိမ့်ဆုံးဖြစ်ပေါ်ခဲ့သည့်နှစ်မှာ ၂၀၁၅ ခုနှစ် ဧပြီလဖြစ်သည်။

**ပုံ-၁။ မလေးရှားစားအုန်းဆီ ( f.o.b. Malaysia) လအလိုက်ပျမ်းမျှဈေး ( ၂၀၁၀ မှ ၂၀၁၅ ခုနှစ် ဧပြီလထိ)**




**ဇယား-၁။ မလေးရှားစားအုန်းဆီနှစ်အလိုက်ပျမ်းမျှဈေး**


| ခုနှစ် | Palm oil | Palm olein |
|---|---|---|
| | f.o.b. (Malaysia) USD per tonne | |
| ၂၀၁၀ | ၈၈၉ | ၈၉၇ |
| ၂၀၁၁ | ၁၁၃၇ | ၁၁၅၄ |
| ၂၀၁၂ | ၉၇၅ | ၉၈၇ |
| ၂၀၁၃ | ၇၉၇ | ၈၀၅ |
| ၂၀၁၄ | ၇၇၃ | ၇၇၅ |
| ၂၀၁၅(ဇန်မှဧပြီ) | ၆၄၂ | ၆၄၄ |

ဇာစ်မြစ်။ www.etrademyanmar.com

ဖော်ပြပါဇယား-၁ အရ ၂၀၁၁ ခုနှစ်သည် မလေးရှားစားအုန်းဆီ (f.o.b.Malaysia)ဈေးအမြင့်ဆုံးဖြစ်ခဲ့ပြီးနောက် ဆက်တိုက်ဈေးကျလာခဲ့သည်။

ပြည်ပမှ တင်သွင်းသည့် မလေးရှားစားအုန်းဆီ (f.o.b. Malaysia) သည် ၂၀၁၂ ခုနှစ်တွင် ဈေးကျလာသောကြောင့် ပြည်တွင်းဈေးကွက်တွင် စားအုန်းဆီဈေး ကျလာခဲ့သည်။ ပုံ-၂ ကိုလေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၂ ။ ရန်ကုန်၊ မန္တလေးစားအုန်းဆီ လအလိုက် ပျမ်းမျှလက်ကား ရောင်းဈေး ပြောင်းလဲမှု ( ၂၀၁၀ မှ ၂၀၁၅ ခုနှစ် ဧပြီလထိ)**




ဇာစ်မြစ်။ www.etrademyanmar.com

**ဇယား-၂။ မလေးရှားစားအုန်းဆီနှစ်အလိုက်ပျမ်းမျှဈေး**


| ခုနှစ် | ရန်ကုန် | မန္တလေး |
|---|---|---|
| | ၁ပိဿာကျပ် | |
| ၂၀၁၀ | ၁၉၉၂ | ၂၀၉၆ |
| ၂၀၁၁ | ၂၀၉၆ | ၂၂၁၉ |
| ၂၀၁၂ | ၁၆၇၃ | ၁၈၀၇ |
| ၂၀၁၃ | ၁၄၉၃ | ၁၅၉၉ |
| ၂၀၁၄ | ၁၄၉၆ | ၁၅၇၈ |
| ၂၀၁၅(ဇန်မှဧပြီ) | ၁၃၄၈ | ၁၄၃၇ |

ပြည်ပမှတင်သွင်းသည့် မလေးရှားစားအုန်းဆီကို ရန်ကုန်မှတစ်ဆင့် မန္တလေးသို့ သယ်ယူရသဖြင့် မန္တလေးစားအုန်းဆီဈေးသည် ရန်ကုန်စားအုန်းဆီဈေးထက် အနည်းငယ်ပိုမြင့်ရခြင်းဖြစ်သည်။ ပြည်တွင်းဈေးကွက်တွင် စားအုန်းဆီဈေးကျလာခြင်းသည် ဝင်ငွေနည်းစားသုံးသူများအတွက် ကောင်းမွန်သောအချက်ဖြစ်ပါသည်။ ပြည်ပမှတင်သွင်းသည့် စားအုန်းဆီဈေးသည် ၂၀၁၁ ခုနှစ်နောက်ပိုင်း ဆက်တိုက်ဈေးကျလာသည်။


**မလေးရှားစားအုန်းဆီ ဈေးရွေ့အလားအလာ။** အယ်လ်နီညို တစ်ကျော့ ပြန်လည်လာမည်ဟု အပူပိုင်းပစိဖိတ်ဒေသကို စောင့်ကြည့်လေ့လာနေသော သိပ္ပံပညာရှင်များက သတိပေးလာကြသည်။ ယခုနှစ်တွင် အပူပိုင်းပစိဖိတ်သမုဒ္ဒရာအတွင်း အယ်လ်နီညို ရောက်လာခဲ့သည်ဟု သိရှိရသည်။ ယခုနှစ်တွင် အယ်လ်နီညိုကြောင့် ထိခိုက်မှုအများဆုံးဖြစ်နိုင်သော သီးနှံမှာ ကော်ဖီနှင့် ဆီအုန်းဖြစ်ကြောင်း သိရှိရသည်။ ၂၀၁၅ ခုနှစ် မေလ ၂၅ ရက် economictimes. Indiatimes သတင်းများအရ မိုးလေဝသ ပညာရှင်များ ကြိုတင်ဟောကိန်းထုတ်ထားသော အယ်လ်နီညိုကြောင့် အကျဘက်တွင်ရှိသော စားအုန်းဆီဈေးသည် ယခုနှစ်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၇၀၀ အထိ တွန်းတင်ပေးနိုင်ကြောင်း၊ သို့သော်လည်း စားအုန်းဆီ ထုတ်လုပ်အားကိုမူ ရွှေ့နှစ် နှစ်စမရောက်မချင်း ထိခိုက်ဦးမည်မဟုတ် ကြောင်း အင်ဒိုနီးရှား စားအုန်းဆီရေးရာထိပ်တန်းအဖွဲ့အစည်းက သောကြာနေ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ပြည်တွင်းမှ ထုတ်လုပ်သည့် မြေပဲဆီ၊ နှမ်းဆီထက်ဈေးပြန်ကောင်းလာ။** မန္တလေးဈေးကွက်တွင်၂၀၁၀ မှ ၂၀၁၂ ခုနှစ်ထိမြေပဲ ဆီက နှမ်းဆီထက်ဈေးမြင့်ခဲ့သည်။ နှမ်းဆီက မြေပဲဆီထက် ဈေးမြင့်ခြင်းကို ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလထိဖြစ်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ မြေပဲဆီသည် နှမ်းဆီထက် ဈေးပြန်မြင့်လာသည်ကို စိစစ်တွေ့ရှိရသည်။

**ပုံ-၃။ မန္တလေးမြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ လအလိုက် ပျမ်းမျှလက်ကားရောင်းဈေး ပြောင်းလဲမှု ( ၂၀၁၀ မှ ၂၀၁၅ ခုနှစ် ဧပြီလထိ)**




**ပုံ-၄။ မန္တလေးမြေပဲဆီ၊ နှမ်းဆီ နှစ်အလိုက် ပျမ်းမျှလက်ကား ရောင်းဈေး ပြောင်းလဲမှု ( ၂၀၁၀ မှ ၂၀၁၅ ခုနှစ် ဧပြီလထိ)**




ပြည်တွင်းဈေးကွက်တွင် နှမ်းဆီကိုနှမ်းစိုက်ပျိုးထွက်ရှိသော မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ စားသုံးသူများသာ ကြိုက်နှစ်သက်ကြပြီး ဝယ်လိုအားရှိသော စားသုံးဆီဖြစ်သည်။

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများမှ စားသုံးသူများသည် မြေပဲဆီကို နှမ်းဆီ ထက်ပိုမိုနှစ်သက်ကြသည်။ နှမ်းဆီဈေးကျလာခြင်းသည် မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများမှ စားသုံးသူများ ဝမ်းသာဖွယ်ရာသတင်းဖြစ်ပေသည်။ ဝင်ငွေနည်း စားသုံးသူအချို့သည် နှမ်းဆီကိုကြိုက်နှစ်သက်သော်လည်း နှမ်းဆီဈေးမြင့်လာပါက ဈေးချိုသော (Low-priced palm oil) စားအုန်းဆီကို ပြောင်းလဲဝယ်ယူစားသုံးကြသည်။

| ခုနှစ် | မန္တလေး နှမ်းဆီ ၁ပိဿာဈေး (ကျပ်) | မန္တလေး စားအုန်းဆီ ၁ပိဿာဈေး (ကျပ်) | မန္တလေးနှမ်းဆီ ၁ပိဿာဈေး နှင့်ညီမျှသည့် စားအုန်းဆီပိဿာ |
|---|---|---|---|
| ၂၀၁၀ | ၂၈၃၂ | ၂၀၉၆ | ၁. ၄ |
| ၂၀၁၁ | ၂၉၂၅ | ၂၂၁၉ | ၁. ၃ |
| ၂၀၁၂ | ၃၀၅၃ | ၁၈၀၇ | ၁. ၇ |
| ၂၀၁၃ | ၄၂၅၆ | ၁၅၉၉ | ၂. ၇ |
| ၂၀၁၄ | ၅၀၃၈ | ၁၅၇၈ | ၃. ၂ |
| ၂၀၁၅ ဇန်မှဧပြီ | ၄၁၂၉ | ၁၄၃၇ | ၂. ၉ |

၂၀၁၀ မှ ၂၀၁၅ ခုနှစ်အတွင်း မန္တလေးတွင် နှမ်းဆီတစ်ပိဿာဈေးနှင့် ညီမျှသည့် စားအုန်းဆီပမာဏမှာ ၁ ဒသမ ၃ မှ ၃ ဒသမ ၂ ပိဿာအထိရှိသည့် အခြေအနေဖြစ်ကြောင်း စိစစ်ရရှိပါသည်။

Vol: 15, No.21 Monday June 8 2015




# မွန်ပြည်နယ်တွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီအတွင်းရေးမှူးနှင့် မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား မေလ ၃၀ ရက်က ကျင်းပပြုလုပ်ခဲ့ပါတယ်။

အစည်းအဝေးသို့ မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ မွန်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ စားသုံးသူအကာကွယ်ပေးရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်း၊ လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့်မီဒီယာများ စုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့ကြပါတယ်။

အစည်းအဝေးတွင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက အဖွင့်အမှာစကား ပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးမှ စားသုံးသူအကာကွယ်ပေးရေးဥပဒေနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီးနောက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား FDA နှင့် ညှိနှိုင်းဆောင်ရွက်ရန် စီမံချက်ရေးဆွဲထားကြောင်းနှင့် ဒေသအာဏာပိုင်များနှင့်လည်းကောင်း၊ မိတ်ဖက်ဌာနအဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ပြီးနောက် တက်ရောက်လာသူများထဲမှ အငြိမ်းစား ဥပဒေအရာရှိဦးဟန်ငြိမ်း၊ မွန်ပြည်နယ် မွေးမြူရေးအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာမင်းစိန်သောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်မင်းထွန်း FDA မှ ဒေါက်တာဖြူဖြူခင်၊ ကော်မတီဝင်အငြိမ်းစားရဲမှူးဦးသိန်းဇော်၊ မွေးမြူရေးနှင့်ကုသရေး ပြည်နယ်ဦးစီးမှူး ဒေါက်တာအောင်သန်းဝင်း၊ FDAတာဝန်ခံအရာရှိဒေါက်တာစိုးနိုင်၊ ကော်မတီဝင် ဦးမြင့်ဦးနှင့် ဦးကျော်ဝင်းတို့မှ သိလိုသည်များ မေးမြန်းခြင်း၊ ဌာနဆိုင်ရာများမှ ဖြေကြားခြင်းနှင့် ဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက လိုအပ်သည်များအား ဖြည့်စွက်ပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**CONSUMER (MON)**

# စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ

စားသုံးသူအကာအကွယ်ပေးရေးဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူအား ဥပဒေဆိုင်ရာအကာအကွယ်ပေးရေး၊ ကျန်းမာရေးနဲ့ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ အာမခံချက်ပေးခြင်းဖြစ်သည်။

စားသုံးသူများအပေါ် သက်ရောက်စေမည့် အန္တရာယ်များအား တားဆီးဆောင်ရွက်နိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၆ အရ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူများ၏ အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များဖြေရှင်းနိုင်ရေးအတွက် ဗဟိုကော်မတီကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ထုတ်ပြန်ဖွဲ့စည်းခဲ့ပါသည်။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးဆိုသည်မှာ စီးပွားရေးလုပ်ငန်းရှင်နှင့်စားသုံးသူတို့အကြား ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ဖြစ်ပွားသော အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းပေးခြင်းဖြစ်သည်။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးလက်အောက်တွင် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး ကော်မတီနှင့်ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာကော်မတီတို့ ဖွဲ့စည်းထားပါသည်။ ဤကော်မတီ နှစ်ရပ်မှ စားသုံးသူအခွင့်အရေးနှင့် တာဝန်ကိုသိရှိလာစေရန်ဖြစ်သည်။ စားသုံးသူအနေဖြင့် စားသောက်ကုန်ပစ္စည်းတစ်ခု ဝယ်ယူရာတွင် တန်ရာတန်ကြေးမရခြင်း၊ ထိခိုက်နစ်နာမှုများရှိလျှင် တိုင်ကြားနိုင်ပါသည်။ စားသုံးသူများအနေဖြင့် စားသုံးရန်၊ သုံးစွဲရန်မသင့်သည့်စားသောက်ကုန်ပစ္စည်းများကို တွေ့ရှိပါက ပြည်နယ်နှင့်တိုင်းဒေသအသီးသီးရှိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနသို့ တိုင်ကြားနိုင်ပါသည်။

၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်သော စားသုံးသူ အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုဥပဒေတွင် စားသုံးရန်၊ သုံးစွဲရန်မသင့်သော စားသောက်ကုန်ပစ္စည်းများအား တင်သွင်း ဖြန့်ဖြူးရောင်းချပါက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးကော်မတီအနေဖြင့် သတိပေးခြင်း၊ ပြင်းထန်စွာသတိပေးခြင်း၊လျော်ကြေးပေးစေခြင်း၊ အငြင်းပွားလျက်ရှိသောကုန်စည်ကို ရောင်းချ ဖြန့်ဖြူးခြင်းအား ကာလအကန့်အသတ်ဖြင့် တားမြစ်ခြင်း၊ ကုန်စည်ကိုဈေးကွက်အတွင်းမှ ပြန်လည်သိမ်းစေခြင်း၊ စားသုံးသူတို့အား ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော ကုန်စည်များကိုဖျက်စီးစေခြင်း၊ လုပ်ငန်းလိုင်စင်ယာယီပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်းတို့ကိုဆောင်ရွက်ရန်၊ လိုအပ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့အပြင် စားသုံးရန်၊ သုံးစွဲရန်မသင့်သော စားသောက်ကုန်များကို တင်သွင်းဖြန့်ဖြူးသူများအား စားသုံးသူများအနေဖြင့် ကျေနပ်မှုမရှိပါက ထပ်မံတရားစွဲဆိုနိုင် ပါကြောင်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

ထုတ်လုပ်ရောင်းချသူများသည်လည်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအပေါ် အလေးအနက်ထားလိုက်နာခြင်းဖြင့် လုပ်ငန်း ဆောင်ရွက်ရာတွင် တာဝန်ယူမှုဖြစ်ပေါ်လာပြီး စားသုံးသူတို့၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်ကျေနပ်မှုရရှိစေရေး၊ အာမခံပေးနိုင်သော အရည်အသွေးမြင့် ကုန်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လိုအပ်ပါသည်။ စားသုံးသူများသည်လည်း စားသုံးသူ၏ အကျိုးရှိမှုအတွက် ခံစားချက်၊ ထင်မြင်ယူဆချက်များကို ပြောဆိုတင်ပြနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နန်းသီတာ-တောင်ကြီး**

# ကသာခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ပညာပေးဟောပြောပွဲကျင်းပပြုလုပ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ သုံးနှစ်အတွင်း တိုင်းဒေသကြီးတစ်ခုလုံး ပညာပေးဟောပြော အသိပေးပြီး ဖြစ်ရမည်ဟူသော ရည်မှန်းချက်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ကသာခရိုင်၊ ခရိုင်ဦးစီးမှူး ဦးကျော်အုန်း ဦးစီးသည့် ဝန်ထမ်းလေးဦးသည် ကသာမြို့၌ ၂၀၁၅ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းတွင် လည်းကောင်း၊ ဇွန် ၄ ရက်တွင် အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်းများ



တွင် လည်းကောင်း၊ ဇွန်လ ၅ ရက်နေ့တွင် အမှတ်(၄) အခြေခံမူလတန်းကျောင်းတွင် လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ပညာပေးဟောပြောခဲ့ပါသည်။

ဟောပြောပွဲတွင် ဒု-ဦးစီးမှူး ဦးသန်းထွန်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များအနှံ့ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ပညာပေးဟောပြောခြင်းများကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးသည် စားသောက်ကုန်ပစ္စည်းများအပြင်၊ ဝန်ဆောင်မှုများနှင့်လည်း သက်ဆိုင်ကြောင်း၊ ကျောင်းသား/ကျောင်းသူကလေးများ သိရှိနားလည်လွယ်သော အန္တရာယ်ရှိမုန့်မျိုးစုံ၊ အချို ရည်မျိုးစုံ၊ မူမမှန်သော စားသုံးဆီများအန္တရာယ်၊ အချိုမှုန့်များအကြောင်း၊ အန္တရာယ်ရှိ Entertainment များနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်းများ ဟောပြောခဲ့ပြီး ကျောင်းဈေးတန်းမုန့်ဆိုင်များအား စားသုံးသူရှုထောင့်အရ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

ဟောပြောပွဲကို ဆရာ/ဆရာမ ၂၇ ဦး၊ ကျောင်းသား/ကျောင်းသူ ၃၆၃ ဦး၊ ကျောင်းသားမိဘ ၆၅ ဦး၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးအဖွဲ့ဝင် ၅ ဦး၊ စုစုပေါင်း ၄၆၀ ဦး တက်ရောက်ခဲ့ပါသည်။ဆက်လက်၍လည်း ဇွန်လ ၈ ရက်မှ ၁၄ ရက်နေ့အတွင်း ကသာခရိုင်ရှိ ပင်လည်ဘူးမြို့နယ်၊ ဝန်းသိုမြို့နယ်နှင့် ကောလင်း မြို့နယ်များသို့ စားသုံးသူအကာအကွယ် ပေးရေးလုပ်ငန်းများ သွားရောက်ဟောပြောနိုင်ရန် စီမံချက်များ ရေးဆွဲဆောင်ရွက်ပြီး ဖြစ်ပါကြောင်း သိရှိရပါသည်။

**နှင်းနှင်းခိုင် (မုံရွာ)**

# မြိတ်ဒေသခံများက Marine Tour လုပ်ငန်းဖွံ့ဖြိုးစေလိုတဲ့ဆန္ဒရှိ

ထိုင်းနိုင်ငံသားများမဟုတ်ဘဲ နိုင်ငံခြားဧည့်သည်များအနေနဲ့ မြိတ်ခရိုင်၊ မြိတ်ကျွန်းစုဒေသများသို့ လာရောက်လည်ပတ်ပါက မိမိတို့ဒေသအာဏာပိုင်ထံမှ ခွင့်ပြုချက်ရသော်လည်း ဟိုတယ်နဲ့ ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ ခွင့်မပြုသောကြောင့် လည်ပတ်ခွင့်မရဘဲ ပြန်သွားနေရသည်များရှိကြောင်း၊ ခရီးသွားလုပ်ငန်းအသင်းမှ တာဝန်ရှိသူများက ဟိုတယ်ခရီးရဲ့ ခွင့်ပြုချက်တောင်းခံရန် တင်ပြထားသော်လည်း သုံးလခန့်ကြာသည့်တိုင် ခွင့်ပြုချက်မရကြောင်း သိရပါတယ်။

မြိတ်ဒေသဟာ နိုင်ငံခြားခရီးသွားဧည့်သည်များ နှစ်သက်မယ့် နေရာဒေသအများ အပြားရှိပါကြောင်း၊ Marine Tour အနေနဲ့ ကုလားတန်ကျွန်းသို့ လှေနဲ့ သွားခြင်း၊ ငါးမျှားခြင်း၊ ရေကူးခြင်း၊ သောင်ပြင်မှာ နေပူစာလှုံခြင်းတို့ကို လုပ်ဆောင်ရန်သာဖြစ်ကြောင်း၊ မြိတ်သို့ လာရောက်လိုသော ဧည့်ခရီးသွားများရှိနေသော်လည်း မိမိတို့အနေနဲ့ အဆင်သင့်မဖြစ်သေးကြောင်း၊ မိမိတို့ဘက်သို့ ခရီးသွားဧည့်သည် တစ်သန်းရောက်အောင် လွှတ်ပေးမယ်လို့ ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းများက ပြောနေသော်လည်း မိမိတို့အဆင်သင့် မဖြစ်သေးသဖြင့် အခက်အခဲရှိနေကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာပါက နိုင်ငံတော်အတွက် အခွန်အခလည်း ရရှိလာမှာဖြစ်ကြောင်း၊ Marine Tour လုပ်ငန်း ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်ရန် UMFCCI သို့လည်း အကူအညီတောင်းခံထားတယ်လို့ ဆိုပါတယ်။

နိုင်ငံခြားသားဧည့်သည်များ ခရီးသွားလာမှုနဲ့ ပတ်သက်ပြီး နယ်မြေသတ်မှတ်ချက်၊ ပြင်ပဒေသများ သွားလာခွင့်အချိန်မီတင်ပြရန် မလွယ်ကူသဖြင့် အခက်အခဲများ ဖြစ်ပေါ် လာတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်ပေးရေးကို လိုအပ်လျက်ရှိနေကြတယ်လို့ မေလအတွက်ပြုလုပ်တဲ့ နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ မြိတ်ခရိုင်ကုန်သည်များနဲ့ စက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးက ပြောကြားခဲ့ပါတယ်။

မြိတ်ခရိုင်ဟာ ယခုအခါ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် အခွင့်အလမ်းကောင်းများစွာ ဖြစ်ပေါ် နေပြီး နယ်မြေအခြေအနေမှာလည်း တည်ငြိမ်အေးချမ်းနေပြီဖြစ်ရာ နိုင်ငံတော်အတွက် ခရီးသွားလုပ်ငန်းမှာ အခွင့်အလမ်းများ တိုးတက်ကာ ဝင်ငွေတိုးတက်ရရှိလာစေရေးလုပ်ဆောင်ကြစေလိုကြောင်း ဦးထွန်းထွန်းကဖြည့်စွက်ပြောကြားခဲ့ပါတယ်။

**တိမ်ကင်းစင်**

# Hawaiian လေကြောင်းလိုင်းအား ဝန်စည်စလှယ်လျော်ကြေးပေးမှုနှင့် ဈေးနှုန်းကြေညာသည့်စည်းမျဉ်းများကို ချိုးဖောက်မှုဖြင့် ဒဏ်ကြေးပေးဆောင်စေခဲ့

Hawaiian လေကြောင်းလိုင်းသည်ပြည်တွင်းဝန်စည်စလှယ်များအား လွဲမှားစွာ ကိုင်တွယ်ဖြေရှင်းမှုနှင့် အခကြေးငွေ အပြည့်အဝပေးရသည့် ကြော်ငြာဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်ခဲ့မှုတို့ကြောင့် ဒေါ်လာ ၁၆၀၀၀၀ ကို ဒဏ်ကြေးအဖြစ် ပေးဆောင်ခဲ့ရပါသည်။ ထို့ပြင် သယ်ယူပို့ဆောင်ရေးဌာနမှ လေကြောင်းလိုင်းအား ဒဏ်တပ်သည့်အပြင်ထပ်မံပြီး ချိုးဖောက်မှုများ မပြုလုပ်ဘဲ ရပ်တန့်ကြရန် အမိန့်ထုတ်ပြန်ခဲ့ပါသည်။ စားသုံးသူများအနေဖြင့် လေကြောင်းလိုင်းများကြောင့် ၎င်းတို့၏ ပစ္စည်းများ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတို့ဖြစ်ပေါ်ပါက ကြော်ငြာသည့်အတိုင်း မှန်ကန်တရားမျှတစွာဆက်ဆံခြင်း စသည့် အခွင့်အရေးများကို ရရှိရန်လိုအပ်ကြောင်းနှင့် လေကြောင်းလိုင်းများအနေဖြင့် ဌာန၏ စားသုံးသူကာကွယ်ရေး စည်းမျဉ်းများကို လိုက်နာရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဌာန အတွင်းရေးမှူး Anthony Foxx က ပြောကြားခဲ့ပါသည်။

စားသုံးသူ တိုင်တန်းမှုအရ Hawaiian မှ ပြည်တွင်းလေကြောင်းခရီးစဉ်တွင် စစ်ဆေးပြီးသည့် ဝန်စည်စလှယ်အား လွဲမှားစွာ ကိုင်တွယ်ဖြေရှင်းမိသဖြင့် ငွေကြေးအလျော်ပေးရန်တောင်းဆိုခံခဲ့ရမှုများအား သယ်ယူပို့ဆောင်ရေးဌာနက စုံစမ်းစစ်ဆေးခဲ့ပါသည်။ ပြန်လည်သုံးသပ်မှုအရ Hawaiian လေကြောင်းလိုင်းသည် နှောင့်နှေးကြန့်ကြာသော ဝန်စည်စလှယ်များကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများအတွက် လျော်ကြေးငွေပြန်လည်ပေးအပ်မှုအား တစ်နေ့လျှင် ဒေါ်လာ ၃၀ ဖြင့် အများဆုံး ၃ ရက် အထိသာ ပေးအပ်သွားရန် ကန့်သတ်ခဲ့ရာ အဆိုပါငွေပမာဏမှာ ပြည်ထောင်စုဥပဒေအရ အနိမ့်ဆုံးအဆင့် ဒေါ်လာ ၃၄၀၀ ပေးဆောင်ရမှုထက် များစွာလျော့နည်းနေကြောင်း သိရှိခဲ့ရပါသည်။

ထို့ပြင် သယ်ယူပို့ဆောင်ရေးဌာနသည် Hawaiian နှင့်ဆက်နွယ်နေသော အရောင်းမြှင့်တင်ရေးအစီအစဉ် တစ်ခုဖြစ်သည့် ဗီဇာလက်မှတ် ကြွေးမြီကတ်အစီအစဉ်ကိုလည်း စုံစမ်း စစ်ဆေးခဲ့ပါသည်။ Hawaiian မှ ကြေညာရာတွင် မြောက်အမေရိကမှ ဟာဝိုင်ယီသို့ လေကြောင်းခရီးစဉ်တွင် လိုက်ပါမည့် ခရီးသည်များအနေဖြင့် ကြွေးမြီကတ်ဖြင့်ဝယ်ယူသော အသွားအပြန်ခရီးစဉ်တစ်ခုအတွက် တစ်ကြိမ်လျှင် ၅၀ ရာခိုင်နှုန်း ဈေးနှုန်း လျှော့ချပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သို့ရာတွင်စားသုံးသူများအနေဖြင့် ကြွေးမြီကတ် ရရှိပြီးနောက် လေကြောင်းလိုင်း၏ Website တွင် ကြေညာထားသည့်အတိုင်း လေယာဉ်စီးနင်းခကို ၅၀ ရာခိုင်နှုန်း လျှော့ချမပေးဘဲ ပိုမိုမြင့်မားသောဈေးနှုန်းများကို ပေးဆောင်ကြရသည်။ သို့ဖြစ်၍ Hawaiian လေကြောင်းလိုင်းအနေဖြင့် လေကြောင်းခရီးစရိတ် လျှော့ချပေးမည်ဟု ကြေညာထားသကဲ့သို့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသောကြောင့် ငွေကြေး အပြည့်အဝပေးရသည့် ကြော်ငြာစည်းမျဉ်းကို ချိုးဖောက်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ စားသုံးသူများအား ဝန်ဆောင်မှုပေးအပ်နေသည့် လေကြောင်းလိုင်းများအနေဖြင့် ကြော်ငြာများနှင့်ပတ်သက်ပြီး ကြော်ငြာတွင် ပါဝင်သည့် သတင်းအချက်အလက်များ မှန်ကန်မှုရှိရန်၊ ပေးအပ်ထားသည့် ကတိအတိုင်း ဆောင်ရွက်ပေးရန်နှင့် စားသုံးသူများအား တရားမျှတစွာ ဆက်ဆံရန် စသည့်စီးပွားရေးလုပ်ငန်းရှင်တို့လိုက်နာရမည့် တာဝန်များကို သိရှိလိုက်နာရန် လိုအပ်ပြီး စားသုံးသူများအနေဖြင့်လည်း မိမိတို့၏ အခွင့်အရေးများကိုသိရှိပြီး တောင်းဆိုရယူနိုင်ရန် အရေးကြီးလှပေသည်။

**မျိုးမျိုးထိုက်၊**
**စားသုံးသူရေးရာ**

**➲ စာမျက်နှာ ၂၁ မန္တလေးမြို့ကြီး သာယာလှပဖို့ မှအဆက်**

စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ဒုတိုင်းဒေသကြီးဦးစီးမှူး ဦးဆွေတင့်ကြူးက ဆက်လက်ရှင်းပြဆွေးနွေးရာတွင် အာဆီယံနိုင်ငံများတွင် AEC ရောက်ရှိလာတော့မည်ဖြစ်၍ စားသုံးသူများအတွက် အကာအကွယ်ဖြစ်စေမည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေ ၂ ရပ်ကို မိမိတို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ ရေးဆွဲခဲ့ရာ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် စားသုံးသူ ကာကွယ်ရေးဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး၊ အခန်း ၁၂ ပုဒ်မ ၃၁ ခု ပါဝင်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ဤစားသုံးသူကာကွယ်ရေးဥပဒေရှိကြောင်း သိဖို့လိုသလို ဥပဒေကိုလည်းသိရှိ အောင်လေ့လာဖို့လိုအပ်ပါကြောင်း၊ ဥပဒေကိုသိရှိအောင် လုပ်ရတာလည်း ခက်ခဲပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် လုပ်ငန်းရှင်များ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်တွေရှိကြောင်း သိဖို့ အသိပညာပေးရန်ဖြစ်ပါကြောင်း စတင်မိတ်ဆက်ဆွေးနွေးခဲ့ပါတယ်။ ဥပဒေပြဋ္ဌာန်းခြင်း ရည်ရွယ်ချက်နှစ်ရပ်ရှိပြီး စားသုံးသူများ၏ အခွင့်အရေး ရှစ်ရပ်၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်သင့်သည့်အချက်များ အမြင်ကျယ်ကျယ်နှင့် သိရှိစေရန်နှင့် လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း အကြံပြုဆွေးနွေးခဲ့ပါတယ်။

အစားအစာအားလုံး ဘေးကင်းလုံခြုံစိတ်ချဖို့လိုသလို စားသုံးသူများ၏ ယုံကြည်စိတ်ချမှုရှိစေရန် ပန်းကန်ဆေးသည့်စနစ်၊ ပိုးသတ်သည့်စနစ်များ စနစ်တကျ လုပ်ဆောင်စေချင်ကြောင်းနှင့် စားသောက်ကုန်ထုတ်လုပ်ရောင်းချသူများအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ အခန်း ၇ ပုဒ်မ ၈၊ အပိုဒ်ခွဲ ဂ တွင် ဖော်ပြထားသော ကုန်စည်ထုတ်လုပ်ရာ၌ ကုန်ပစ္စည်းတွင် ဖော်ပြရမည့် အချက်များအား အသေးစိတ် ရှင်းလင်းခဲ့ပါတယ်။

အစားအသောက်ရောင်းချရာတွင် သုံးစွဲသည့် ဆီအမျိုးအစားတစ်ခုတည်းကိုသာ ဖော်ပြပေးပြီး စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းရှင်းပါစေဆိုတဲ့ စေတနာနှင့် ရောင်းချစေချင်ကြောင်း၊ စားသုံးသူကာကွယ်ရေး ကွင်းဆင်းစစ်ဆေးမှုမှ တွေ့ကြုံရတဲ့အတွေ့အကြုံတစ်ခုတွင် စားသောက်ဆိုင်ပိုင်ရှင်မှ စားအုန်းဆီနှင့်မကြော်ဘဲ နေကြာဆီနှင့်ပြောင်းလဲကြော်ရန် ဆန္ဒရှိသော်လည်း အကြော်ဆရာမှစားအုန်းဆီနှင့်သာ ကြော်တတ်ကြောင်းငြင်းဆိုသည့်အတွက် မကြော်တတ်ရင်၊ ကြော်တတ်တဲ့ဆရာခေါ်မည်ဟု ခေါင်းမာစွာဖြင့် ပြောင်းလဲမှုတစ်ခု ရရှိအောင် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသဖြင့် စားသုံးသူအတွက် အလေးထားဆောင်ရွက်သည့် လုပ်ငန်းရှင် တစ်ဦး၏စေတနာနှင့် ဆောင်ရွက်ချက်ကိုလည်း ပြန်လည်မျှဝေအသိပေးခဲ့ပါတယ်။

မိမိတို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင်လည်း စီးပွားရေးလုပ်ငန်းရှင်များသို့ ဥပဒေကြောင်းအရသော်လည်းကောင်း၊ စီမံခန့်ခွဲရေးနည်းလမ်းအရသော်လည်းကောင်း အရေးယူဆောင်ရွက်ခဲ့ခြင်းမရှိဘဲ စေ့စပ်ညှိနှိုင်းအသိပညာပေး ဆွေးနွေးခြင်းဖြင့်သာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းလည်း ရှင်းလင်းပြောပြခဲ့ပါတယ်။

သို့ဖြစ်ပါ၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ လူထုအသိအမြင် ပိုမိုတိုးတက်လာစေရန်၊ ပြန့်ပွားလာစေရန် သက်ဆိုင်ရာဌာနများ၊ စားသုံးသူပြည်သူများအားလုံး ပူးပေါင်းပါဝင်မှုသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ညှိနှိုင်းဆွေးနွေးတာကိုလည်း တွေ့ရပါတယ်။ ပြည်သူများလက်တွဲပူးပေါင်းပါဝင်မယ်လို့လည်း ယုံကြည်ပါကြောင်းနှင့် ဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များသည် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း စားသုံးသူကာကွယ်ရေးဥပဒေနှင့် သက်ဆိုင်သောဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ မလုပ်ခြင်းကြောင့် ပတ်ဝန်းကျင်နှင့် ပြည်သူဒုက္ခရောက်မယ်ဆိုရင် အရေးယူ ဆောင်ရွက်မှုများဖြစ်ပေါ် လာမှာဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါတယ်။

မိမိတို့ဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ လစဉ်စီမံချက်များရေးဆွဲ၍ ကျောင်းများ၊ ဈေးများ၊ အများပြည်သူများသို့ အသိပညာပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ခြင်းများကို ပိုမို ထိရောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း လုပ်ငန်းရှင်များသို့အသိပေးပြောကြားခဲ့ပါတယ်။ စားသုံးသူ ကာကွယ်ရေးတွင် ကော်မတီ နှစ်ရပ်ဖွဲ့စည်းထားပြီး-

**(က) စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်း ကော်မတီ**

**(ခ) ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီ**

တို့အား ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း လုပ်ငန်းရှင်များသို့ အသိပေးဆွေးနွေးခဲ့ပါတယ်။

သို့ဖြစ်ပါ၍ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် မြို့တော်သန့်ရှင်း သာယာလှပရေး၊ ကျန်းမာရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဗဟုသုတများကို တစ်နေရာတည်းတွင် ပြည့်ပြည့်စုံစုံ ဗဟုသုတရရှိစေပြီး၊ ဌာနဆိုင်ရာများ၏ စေတနာ ညှိနှိုင်းမှု၊အကြံပေးမှုများကိုလည်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။

လာမည့်အနာဂတ်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များက မိမိတို့လုပ်ငန်း ဆောင်ရွက်မှုကို မိမိတို့တစ်ဦးတည်းသာ ဆောင်ရွက်ခြင်းမဟုတ်ဘဲ လုပ်ငန်းရှင်အချင်းချင်း နမူနာယူခြင်း၊ အတုယူခြင်းများအပြင် ဌာနဆိုင်ရာများဖြင့်ပါ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှသာ မိမိတို့စီးပွားရေးလုပ်ငန်းများလည်း အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း အသိပေးတင်ပြလိုက်ရပါတယ်။

# သီးသန့်ကိုယ်ပိုင်ဝက်ဘ်ဆိုက်ဝန်ဆောင်မှုကို Motor.com.mm က မိတ်ဆက်

မြန်မာနိုင်ငံ၏ နံပါတ်တစ်အွန်လိုင်း မော်တော်ယာဉ်အရောင်းအဝယ်ဈေးကွက်တစ်ခုဖြစ်သည့် Motor.com.mm သည် သုံးစွဲသူတစ်ဦးချင်းစီအလိုက် နည်းပညာမြင့်သီးသန့် ကိုယ်ပိုင်ဝက်ဘ်ဆိုက်ဝန်ဆောင်မှု (White Label Website) ကို စတင်မိတ်ဆက်ပေးလိုက်ပြီဖြစ်သည်။

အွန်လိုင်းကားဈေးကွက်အတွင်း ယခင်ကမရှိခဲ့ဖူးသည့်အဆိုပါသီးသန့် ကိုယ်ပိုင်ဝက်ဘ်ဆိုက်ဝန်ဆောင်မှုကို ပြည်တွင်းကားဈေးကွက်အတွင်းရှိ Motor.com.mm နှင့်အတူ လက်တွဲလုပ်ကိုင်လျက်ရှိသည့် ကားအရောင်းအဝယ် ပြုလုပ်သူများ (အထူးသဖြင့် ကားအစီးရေ များစွာ ရောင်းချလျက်ရှိသူများ)အတွက် အထူးရည်ရွယ်ပြီး ဂျာမနီရှိ ကျွမ်းကျင်အိုင်တီပညာရှင်များမှ ဖန်တီးပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကားအရောင်းအဝယ်ပြုလုပ်သူများအနေဖြင့် စိတ်ကြိုက်ကိုယ်ပိုင် URL Address ဖြင့် ဝက်ဘ်ဆိုက်တစ်ခုကိုပိုင်ဆိုင်နိုင်မည်ဖြစ်ပြီး မည်သည့်ဝက်ဘ်ဆိုက်ဖန်တီးမှုပိုင်းဆိုင်ရာ နည်းပညာများကို သိရှိနားလည်ရန်မလိုဘဲ မိမိကိုယ်ပိုင်ဝက်ဘ်ဆိုက်ကို လွယ်ကူစွာစီမံခန့်ခွဲ နိုင်မည်ဖြစ်သည်။

ကားရောင်းချသူ၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်စာမျက်နှာတွင် ကားရောင်းချသူစိတ်ကြိုက်ပြင်ဆင်သတ်မှတ်ထားသော ကားရောင်းချသူ(ဝါ) ကားအရောင်းပြခန်း၏သတင်းအချက်အလက်များ၊ ရောင်းချမည့် ကားစာရင်းများ ပါဝင်မည်ဖြစ်သည်။ ကားရောင်းချသူအနေဖြင့် မိမိကားအရောင်းပြခန်း၏ လိုဂိုအမှတ်တံဆိပ်၊ အကြောင်းအရာ ဖော်ပြမှု၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ လိပ်စာအပြည့်အစုံနှင့် ဖွင့်လှစ်ရောင်းချသည့်နေ့ရက် စသည့် သတင်းအချက်အလက်များကို မိမိစိတ်ကြိုက်ပြင်ဆင်သတ်မှတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကားရောင်းချသူများ အနေဖြင့် မိမိတို့၏ဖောက်သည်ကား ဝယ်သူများကို အွန်လိုင်းတွင် တိုက်ရိုက်ရောင်းချနိုင်တော့မည်ဖြစ်သည်။

အဆိုပါဝန်ဆောင်မှုကို Motors.com.mm ကို သုံးစွဲသည့် ပြည်တွင်းကားဈေးကွက်အတွင်းရှိ ကားအရောင်းပြခန်းများ၊ ကားတင်သွင်းရောင်းချသူများ စသည့် ကားအရောင်းအဝယ်ပြုလုပ်သူတိုင်းကို ပေးအပ်သွားမည်ဖြစ်သည်။ ဝန်ဆောင်မှုကို ရယူလိုပါက Motors.com. mm ဖုန်းနံပါတ် ၀၁-၁၂၂၄၄၂၆သို့လည်းကောင်း၊ အီးမေးလ်လိပ်စာ service@motors.com.mm သို့ လည်းကောင်း တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **မယ်သီတာ**




## Huawei က နောက်ဆုံးပေါ် P8 ကို စတင်မိတ်ဆက်

Huawei မိုဘိုင်းဖုန်းသည် ၎င်း၏နောက်ဆုံးပေါ် P8 ကို စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ နည်းပညာအသစ်များကို ထည့်သွင်းအသုံးပြုထားသည့် Huawei ၏ P8 မိတ်ဆက်ပွဲကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ P8 ၏အထူမှာ ၆ ဒသမ ၄၄မီလီမီတာသာရှိပြီး ဆင်းကတ်နှစ်ခုတွဲ၍ အသုံးပြုနိုင်သော ဖုန်းအမျိုးအစားတစ်ခုဖြစ်ကြောင်း သိရသည်။ ထို့ပြင် Android ဖုန်းအမျိုးအစားများအနက် 4G အဆင့် အသုံးပြုနိုင်သော ဖုန်းအမျိုးအစားဖြစ်သည်ဟုဆိုသည်။

Huawei ၏ P8 အမျိုးအစားသည် သဘာဝပတ်ဝန်းကျင်နှင့်လိုက် လျော်ညီထွေဖြစ်အောင် ပြုလုပ်စီမံထားသော မိုဘိုင်းဖုန်းအမျိုးအစားတစ်မျိုး ဖြစ်ကြောင်း၊ နောက်ဆုံးပေါ်နည်းပညာများကို အသုံးပြုထားသည့်အတွက် သုံး စွဲသူများနှစ်ခြိုက်စေမည့်ဖုန်းအမျိုးအစားတစ်ခုဖြစ်ကြောင်း Huawei ၏ သတင်းထုတ်ပြန်ချက်များအရသိရသည်။

အဆိုပါ Hauwei ၏ P8 အမျိုးအစား နည်းပညာသစ်ဖြင့် တီထွင်ဖန်တီးထားသည့် ဖုန်းအမျိုးအစားမိတ်ဆက်ပွဲသို့ မြန်မာနိုင်ငံ၏ Huawei ၏ Brand Ambassador ဖြစ်သူ အကယ်ဒမီ ဝတ်မှုန်ရွှေရည်လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ "Huawei ရဲ့ P8 ဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ စမတ်ဖုန်းသုံးစွဲသူတွေရဲ့ကြားမှာ နှစ်သက်စွာသုံးစွဲကြတဲ့ စမတ်ဖုန်းအဖြစ် ရပ်တည်နေမှာဖြစ်ပါတယ်"ဟု Hawei စီးပွားရေးလုပ်ငန်းစုမှ စီအီးအို ဖြစ်သူ ရစ်ချတ်ယုကပြောကြားခဲ့သည်။

အဆိုပါ Hauwei P8 ကို မြန်မာနိုင်ငံတွင် စတင်ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ အင်ပူလမ်း | ၇၅၀ စ/ပေ | (အခန်းဖွဲ့)(ဖြေ့ထွာ) | ၂၅၀၀၀၀/ကျပ် | ၁ လအငှားနှုန်း | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | ၆၅၀ စ/ပေ | (၃)ထပ် | ၃၀၀၀၀၀/ကျပ် | ၁ လအငှားနှုန်း | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၃။ | အဆင့်မြင့် | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း တိုက်ခန်း | ၂၁၀၀ စ/ပေ | | ၁၄ သိန်း | ၁ လအငှားနှုန်း (ညှိနှိုင်းနိုင်) | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | မြေ | ရန်ကင်းမြို့နယ်၊ ဘောက်ထော် | ၃၅၀၀ စ/ပေ | မြေသီးသန့် | ၈၀၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း၊ (၁၄/၂) ရပ်ကွက် | ၁၅၀၀ စ/ပေ | BN (၁) ထပ် | ၂၆၀၀ သိန်း | ကားဂိုထောင်ပါ မြေပိုပါ | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | မြေ | ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၄)ရပ်ကွက် | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၉၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | မြေ | လှည်းကူးမြို့နယ်၊ ရန်ကုန် မန္တလေးလမ်းဟောင်းရပ်ကွက် | ၁၀၀၀၀ စ/ပေ | မြေသီးသန့် | ၁၅၀၀၀ သိန်း | ဂရန်မြေ | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ နန်းမြိုင်လမ်းသွယ် | မြေ ၅၀×၁၀၀ အိမ်၁၂၅၀ စ/ပေ | RC (၁) ထပ် | ၃.၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၉။ | မြေ | ပုဂံမြို့သစ်၊လောကနန္ဒာဥယျာဉ်အနီး၊ လမ်းမပေါ်(ရပ်ကွက်) | ၄၈၀၀ စ/ပေ | မြေသီးသန့် | ၂၂၅၀ သိန်း | ဂရမ်မြေ | ၀၉/၂၅၀/၃၇၆၃၇၉ |

# မန္တလေး-မူဆယ် မေလ ကုန်စည်သယ်ယူခနှုန်းထားများ

မန္တလေး-လားရှိုး-မူဆယ် ကုန်စည်သယ်ယူခနှုန်းထားများမှာ ၂၀၁၅ ခုနှစ် မေလအတွင်း ပို့ကုန်ပစ္စည်းတွေဖြစ်တဲ့ ပြောင်း၊ ဆန်၊ ပဲတီစိမ်း၊ နှမ်း၊ ရော်ဘာ သယ်ယူခ နှုန်းထားများမှာ ပထမပတ်တွင် ဈေးမြင့်တက်ခဲ့ရာမှ ဒုတိယပတ်နဲ့ တတိယပတ်တို့မှာ အနည်းငယ်ဈေးလျော့ကျသွားသော်လည်း ယခု နောက်ဆုံးပတ်မှာတော့ သယ်ယူခနှုန်းထားများ ပြန်လည်မြင့်တက်လာတာကို တွေ့ရပါတယ်။

သွင်းကုန်ပိုင်းမှာလည်း မြေဆီသယ်ယူခ ကားခများ အပတ်စဉ်ကျဆင်းခဲ့ပါတယ်။ မြန်မာနိုင်ငံမှ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ကုန်များ၊ သစ်သီးဝလံများ အစရှိသဖြင့် နေ့စဉ် တင်ပို့နေရသလို တရုတ်နိုင်ငံမှလည်း ဓါတ်မြေဩဇာ၊ ဘိလပ်မြေ၊ ဆိုင်ကယ်အမျိုးမျိုး၊ ကြွေပြား၊သံပြား၊ကျောက်ပြားအစရှိတဲ့ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း အမျိုးမျိုး၊အချိုမှုန့်၊ ဂျုံမှုန့်၊ နေကြာစေ့၊ကာနေးရှင်းပန်း ၊ လူသုံး/အိမ်သုံး ပစ္စည်းအမျိုးမျိုးတို့ကို ပုံမှန်တင်သွင်းမှုရှိပါတယ်။မေလအပတ်စဉ်အလိုက် ကုန်စည်သယ်ယူခနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်-

(ကျပ်/ပိဿာ)

| ပို့ကုန် | ၂. ၅. ၁၅မှ ၈. ၅. ၁၅ထိ | ၉. ၅. ၁၅မှ ၁၅. ၅. ၁၅ထိ | ၁၆. ၅. ၁၅မှ ၂၂. ၅. ၁၅ထိ | ၂၃. ၅. ၁၅မှ ၂၉. ၅. ၁၅ထိ |
|---|---|---|---|---|
| ပြောင်း | ၈၆-၈၀ | ၇၄-၇၁ | ၇၄-၇၁ | ၇၉-၈၃ |
| ဆန် | ၉၃-၈၀ | ၈၀-၇၇ | ၇၉-၈၂ | ၈၂-၈၄ |
| ပဲတီစိမ်း | ၉၆-၈၂ | ၇၉-၇၆ | ၈၂-၈၄ | ၈၂-၈၇ |
| နှမ်း | ၁၀၀-၉၇ | ၉၇-၉၀ | ၉၀-၉၃ | ၉၃-၉၅ |
| ရော်ဘာ | ၈၇-၇၇ | ၈၇-၈၅ | ၈၇-၈၆ | ၈၈-၉၂ |
| **သွင်းကုန်** | | | | |
| မြေဆီ | ၂၉-၃၀ | ၂၉-၂၈ | ၂၈-၂၆ | ၂၆ |

မော်မော်အောင်

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ/ဗီလ်ဒါ (2009) | ယာယီ | ၁၇၀ သိန်း | 1.8 ဓာတ်ဆီ |
| ၂။ | တိုယိုတာ (ဝှရှ်) (2003) | ယာယီ | ၁၄၅ သိန်း | 1.8 ဓာတ်ဆီ |
| ၃။ | ဟွန်ဒါ/အဲဝေ့ဗ် (2009) | ယာယီ | ၁၄၅ သိန်း | 1.5 ဓာတ်ဆီ |
| ၄။ | နီဆန်း/ဂျူကီ (2011) | ယာယီ | ၂၄၀ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | ဟိုင်းလပ်/ဆာ့ဖ် (99) | ယာယီ | ၂၈၀ သိန်း | 2.4 ဒီဇယ် |
| ၆။ | ကလူဂါ (2002) | ယာယီ | ၂၂၅ သိန်း | 2.4 ဓာတ်ဆီ |
| ၇။ | အယ်လ်ဖတ် (2003) | ယာယီ | ၂၃၀ သိန်း | 2.4 ဓာတ်ဆီ |
| ၈။ | အာဗီအာ (2010) | ယာယီ | ၂၇၀ သိန်း | 1.8 ဓာတ်ဆီ၊ ကီလိုနဲ |
| ၉။ | မြန်မာမီနီ | | ၅၃ သိန်း | |

SN

## သင့်ကျန်းမာရေး

# ao,@jc0jcif
# (Brusing)

ဒေါက်တာလွင်သန့်

*မေး။ သွေးခြေဥရင် ဘယ်လိုဆေးတွေ ထည့်ပေးရမလဲ၊ ဘာဆေးတွေ သောက်သင့်သလဲဆရာ။ ဒီအတိုင်းထားရင် ရသလားဆရာ။*

*ဦးမြဦး(ကော့မှူး)*

ဖြေ။ သွေးခြေဥခြင်းဆိုတာ အရေပြားပေါ်မှာ အညိုအမည်းစွဲထင်ပြီး အရောင်ပြောင်းတာကိုခေါ်တယ်။ ယင်းဖြစ်ရပ်မှာထိခိုက်မိလို့ သွေးကြော ငယ်များပေါက်ပြီး သွေးများအရေပြား တစ်သျှူးများ အတွင်းသို့ ရောက်ရှိခြင်းဖြစ်တယ်။

သွေးခြေဥရခြင်းဟာ ဗီတာမင်ချို့တဲ့ခြင်းနဲ့ အသီးအနှံများမှာ ပါဝင်တဲ့ရေမှာ ပျော်ဝင်တဲ့ ဘိုင်အိုအောက်ဆိုဒ်ချို့တဲ့ခြင်းကြောင့်လည်း ဖြစ်တယ်။

မာကျောတဲ့အရာဝတ္ထုနဲ့ထိခိုက်မိရင် ထိခိုက်ဒဏ်ရာရခြင်း မဟုတ်ဘဲ သွေးခြေဥလာတယ်။

သွေးကင်ဆာရောဂါဖြစ်နိုင်ခြေရှိတဲ့သူများ အရာဝတ္ထုတစ်ခု ဆုပ်ကိုင်မိရင် သွေးခြေဥတတ်တယ်။ ယင်းမှာ သဘာဝဖြစ်စဉ်မဟုတ်တော့ဘဲ၊ ဆိုးဆိုးဝါးဝါးဖြစ်ပေါ်ခံစားရခြင်းဖြစ်တယ်။

**ရှောင်ကြဉ်သင့်တဲ့အစာများ။** ပြုပြင်ဖန်တီးထားတဲ့ အစားအသောက်များ၊ အချိုမလိုင်များစွာပြုလုပ်ထားတဲ့ ကိတ်မုန့်၊ ဘီစကစ်၊ အစားအသောက်တို့မှာ အာဟာရတန်ဖိုး လျော့တယ်။ စားသောက်စရာများ အချိန်ကြာမြင့်အောင် ချက်ပြုတ်ရင်လည်း အာဟာရတန်ဖိုး (ဘိုင်အိုအောက်ဆိုဒ်) လျော့စေတယ်။

**စားသင့်တဲ့အစာများ။** ဗီတာမင်စီ ကြွယ်ဝတဲ့ကီဝီသီး၊ ချယ်ရီသီး၊ နာနတ်သီး၊ သင်္ဘောသီး၊ ငရုတ်ကောင်း စားပေးသင့်တယ်။ အရည်ရွှမ်းတဲ့အစိမ်းရင့်ရောင်၊ ဟင်းသီးဟင်းရွက်များ စားသုံးသင့်တယ်။ နာနတ်သီးစားရင် ရောင်ရမ်းခြင်း ပိုမိုသက်သာစေတယ်။

**ဆေးဝါးများ။** ဗီတာမင်စီ (form) ၁၈ ဂရမ်ကို ဘိုင်အိုလာနွိုက် (၅၀၀-၂၀၀) မီလီဂရမ်နှင့်အတူ ဖြည့်စွက်စားသုံးသင့်တယ်။ ဝေဒနာသက်သာစေတယ်။ ဘိုင်အိုမလင် ၅၀၀မီလီဂရမ်ကို သွေးခြေဥပျောက်တဲ့အထိ နေ့စဉ်မှီဝဲသောက်သင့်တယ်။ တိုင်းရင်းဆေးဖြစ်တဲ့ ရေများပင်ဟာ သွေးခြေဥဝေဒနာအတွက် ကောင်းတယ်။ နေ့စဉ် ၅၀၀ မှ ၁၀၀၀ မီလီဂရမ် စားသုံးသင့်တယ်။

**အကြံပြုချက်။** ထိခိုက်ဒဏ်ရာရလို့ ဖြစ်ဖြစ်၊ ခွဲစိတ်ကုသခံယူလို့ဖြစ်ဖြစ်၊ သွေးခြေဥခံစားရရင် အင်နီတာ၃၀ စီစီကို တစ်နာရီခြားတစ်ခါလိမ်းနိုင်တယ်။ သွေးခြေဥခြင်းဟာ အပေါ်ယံသာမက နက်တဲ့နေရာမှာဖြစ်ပေါ်ခဲ့ရင် ၃၀ စီစီကို တစ်နေ့ သုံးကြိမ်၊ လေးရက် ငါးရက်သောက်ရမယ်။

အကြောတက်ခြင်း၊ ထိခိုက်မှု ကြောင့် ဖြစ်ပေါ်တဲ့ရောင်ရမ်းဝေဒနာများ ရေခဲအိတ်တင်ပေးခြင်းနဲ့ ရေနွေး ပုလင်းလိမ့်ပေးခြင်းနဲ့ အရေးပေါ်ကုသပေးရင် သက်သာနိုင်တယ်။

အတွေ့ရများတဲ့ သွေးကင်ဆာကြောင့် သွေးခြေဥဖြစ်ခြင်းမှာတော့ ကျွမ်းကျင်တဲ့ဆရာဝန်သမားတော်တို့နဲ့ ပြသထားသင့်တယ်။ မာတဲ့ပစ္စည်းများ လက်နဲ့ညှစ်ခြင်း၊ (ဥပမာ) သံချည်သံကွေးလုပ်ငန်း ဆောက်လုပ်ရေး၊ တူထုခြင်းများမှာ ကားဝပ်ရှော့စတဲ့ ညှစ်ကွေးရတဲ့ လုပ်ငန်းများမှာ မလုပ်သင့်ဘူး၊ နှာခေါင်းသွေးလျှံရင် သွားဖုံးသွေးထွက်ရုံဆိုပြီး လျှော့မတွက်သင့်ဘူး။ ဆရာဝန်နဲ့ ပြသသင့်တယ်။

သွေးခြေဥခြင်းမှာ ယေဘုယျအားဖြင့် ရောဂါကြောင့်မဟုတ်ဘဲ အခန့်မသင့်လို့ မိမိတိုက်မိလို့ဖြစ်ရင် ဆေးကုစရာမလိုပါဘူး (သို့) ရေခဲတင်ရုံ၊ ရေနွေးပတ်အုပ်ရုံနဲ့ ပျောက်ကင်းနိုင်ပါတယ်။

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအား Colgate နှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းတို့မှ အခမဲ့သွားနှင့်ခံတွင်းစစ်ဆေးခြင်းနှင့် ကုသမှုများ ပြုလုပ်

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း(ဗဟို)၊ ပြည်သူ့သွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် Colgate-Palmolive တို့ပူးပေါင်းစီစဉ်မှုဖြင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အနောက်နံဂါတ်ကျေးရွာရှိ မူလ တန်းကျောင်းသူ၊ ကျောင်းသားများနှင့် ရွာသူရွာသား ၁၉၂၅ ဦးတို့ကို သွားနှင့် ခံတွင်းကျန်းမာရေးစစ်ဆေးမှုနှင့် ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် အဆိုပါရွာမှ သက်ကြီးရွယ်အို ၂၁ဦးကိုလည်း သွားတုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။



Colgate ၏သွားနှင့်ခံတွင်းကျန်းမာရေးလ၏အစိတ်အပိုင်းတစ်ခုအနေဖြင့် ကျေးလက်နေပြည်သူများ၏ သွားနှင့် ခံတွင်းကျန်းမာရေးအသိပညာများ တိုးမြှင့်ပေးရန်၊ သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးရန်နှင့် ကုသပေးရန်၊ သွားတုစိုက်ရန်လိုအပ်နေသည့် သက်ကြီးရွယ်အိုများကို သွားတုစိုက်ပေးနိုင်စေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

Colgate နှင့် မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်အသင်း(ဗဟို)တို့သည် မေလ ၂၂ရက်နေ့မှ ၂၇ရက်နေ့အထိ မကွေးတိုင်းဒေသကြီးသို့ သွားရောက်ခဲ့ပြီး ငါးရက်ကြာ ခရီးစဉ်တွင် သွားနှင့်ခံတွင်းကျန်းမာရေး စစ်ဆေးပေးခြင်းတို့ကို သွားနှင့်ခံတွင်းဆရာဝန် ၃၂ဦးတို့၏ ပူးပေါင်းပါဝင်မှုဖြင့် လုပ်ဆောင်ပေးခဲ့သည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းကောက်ယူခြင်းနှင့်အတူ သွားတိုက်ဆေးနှင့်သွားတိုက်တံများကို အခမဲ့ပေးအပ်ခဲ့ပြီး သွားတုစိုက်ရန် လိုအပ်နေသူများကို သွားတုစိုက်ပေးခြင်းများ ပြုလုပ်ပေးခဲ့သည်။

"ကျေးလက်နေပြည်သူတွေက များသောအားဖြင့် သင့်တင့်တဲ့ သွားနဲ့ ခံတွင်းကျန်းမာရေးဗဟုသုတတွေ မရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ သူတို့ကို ပညာပေးဖို့ အရင်းအမြစ်တွေ အများကြီးအသုံးချဖို့လိုပါတယ်။ ဒီခရီးစဉ်အတွင်းမှာ သွားနဲ့ခံတွင်းကျန်းမာရေး ဗဟုသုတမရှိလို့ သွားနဲ့ခံတွင်းကျန်းမာရေးမကောင်းတဲ့သူတွေ အများကြီးတွေ့ရတယ်။ သူတို့က ရောဂါဆိုးဆိုးရွားရွား မဖြစ်ခင်အချိန်အထိ ဆေးခန်းတို့၊ ဆေးရုံတို့ သွားဖို့ အရမ်းဝန်လေးကြတယ်။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့သွားနဲ့ခံတွင်း ကျန်းမာရေးအလေ့အထတွေကို ပညာပေးဖို့အချိန်တွေ ပိုပေးခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း(ဗဟို)၏ ဒုဥက္ကဋ္ဌ ဒေါက်တာအောင်သန်းက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်မေလအတွင်း ပြုလုပ်ခဲ့သည့် "သွားနှင့်ခံတွင်းကျန်းမာရေးပညာပေးလ"လှုပ်ရှားမှုသည် တိုးတက်လာသည့် မြန်မာနိုင်ငံရှိ စားသုံးသူများ၊ ကလေးငယ်များနှင့် မိသားစုများကို အခမဲ့ သွားနှင့်ခံတွင်းကျန်းမာရေးပညာပေး စာစောင်များ ဝေငှခြင်းနှင့်သွားနှင့် ခံတွင်းကျန်းမာရေးအခမဲ့ စစ်ဆေးခြင်းတို့ကို ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါ အဝင် အခြားမြို့များရှိ သွားနှင့်ခံတွင်း ဆေးခန်းပေါင်း ၃၅၀ ကျော်တွင်ပြုလုပ်ပေးခြင်းဖြင့် သွားနှင့်ခံတွင်းကျန်းမာရေး၏ အရေးပါမှုကို အများပြည်သူများ ပိုမိုသိရှိနားလည်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၄ခုနှစ်အတွင်းက Colgate နှင့်သွားနှင့်ခံတွင်းဆရာဝန်များပူးပေါင်းထားသည့်အဖွဲ့သည် ပြည်သူ ၂၂၃၀၀ ကို သွားနှင့်ခံတွင်း ကျန်းမာရေးလအတွင်း စမ်းသပ်မှုများ ကုသပေးမှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Colgate ၏သွားနှင့်ခံတွင်းကျန်းမာရေး ပညာပေးလသည် နှစ်စဉ်ပြုလုပ်သည့် လှုပ်ရှားမှုတစ်ခုဖြစ်ပြီး Colgate-Palmolive မှ ကမ္ဘာတစ်ဝန်းရှိဒေသဆိုင်ရာ သွားနှင့်ခံတွင်းဆိုင်ရာအရာရှိများနှင့် ပူးပေါင်းကာ သွားနှင့်ခံတွင်းကျန်းမာရေး၏ အရေးပါမှုကို အများပြည်သူများအား ပညာပေးရန် အကောင်အထည်ဖော် လုပ်ဆောင်နေခြင်းဖြစ်သည်။

**မယ်သီတာ**

# တောင်ကိုရီးယားနိုင်ငံတွင် မားစ်ရောဂါကြောင့် သေဆုံးသူအရေအတွက် တိုးလာ၍ မားစ်ရောဂါနှင့်ပတ်သက်သည့် သတိပေးချက်များ ထုတ်ပြန်

တောင်ကိုရီးယားနိုင်ငံတွင် မားစ်ရောဂါ (MERS - Middle East Respiratory Sydrome) ဖြစ်ပွားနေသူများ တစ်နေ့တခြားတိုးပွားလျက်ရှိသဖြင့် နိုင်ငံတစ်ဝန်း သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။ အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံ ပေါင်းလေးနိုင်ငံမှ ပြန်ရောက်လာသည့် အသက် ၆၄ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးနှင့်အတူ ဟောင်ကောင်၊ တရုတ် (တိုင်ပေ)တို့မှ ပြန်ရောက်လာသည့်သူများထံမှ ကူးစက်မှုများ ဖြစ်ပွားရခြင်းဖြစ်ကြောင်း တောင်ကိုရီးယားကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ ကူးစက်ရောဂါသည် လူမှ လူသို့ လေထဲမှတစ်ဆင့် ကူးစက်ရခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်များအရ ကမ္ဘာတစ်ဝန်းလုံးတွင် မားစ်ရောဂါဖြစ်ပွားမှုကြောင့် ၂၀၀၂-၂၀၀၃ခုနှစ်တွင် လူပေါင်း ၈၀၀ ကျော်သေဆုံးခဲ့ရကြောင်း၊ ၂၀၁၂ခုနှစ်တွင်ရောဂါဖြစ်ပွားခဲ့သူပေါင်း၏ ၃၈ ရာခိုင်နှုန်းကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံတွင် မားစ်ရောဂါကြောင့် ကူးစက်ခံရသူပေါင်းမှာ ၁၃၀၀ ကျော်အထိရှိလာခဲ့ပြီး လေးဦး သေဆုံးခဲ့ရပြီဖြစ်ကြောင်း တောင်ကိုရီးယားမှ သက်ဆိုင်ရာအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။ တောင်ကိုရီးယား ကျန်းမာရေးအဖွဲ့အနေဖြင့် မားစ်ရောဂါကူးစက်ခံရသူများအား သီးသန့်တစ်နေရာတွင် ထားရှိပြီး ပြုစုကုသမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။


ထို့ပြင်ဆိုးလ်မြို့နှင့် အနီးတစ်ဝိုက်ရှိ Gyeonggi ပြည်နယ်အပါအဝင် ပြည်နယ်အသီးသီးမှ ကျောင်းပေါင်း ၂၀၀ ကျော်ကို တစ်ပတ်ခန့် ပိတ်ထားခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ တောင်ကိုရီးယားသမ္မတ မစ္စပတ်ဂွမ်ဟီးက အရှေ့အလယ်ပိုင်းဒေသမှ ပြန်လာသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကြောင့် နိုင်ငံအနှံ့အပြားတွင် ယခုကဲ့ သို့ ပြည်သူများ အထိတ်တလန့်ဖြစ်ပွာနေမှုများအား ဖြေရှင်းပေးရန်တောင်းဆိုလိုက်ကြောင်း သိရသည်။

**မယ်သီတာ**


Vol: 15, No.21 Monday June 8 2015

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၈-၆-၂၀၁၅ မှ ၁၄-၆-၂၀၁၅ ရက်နေ့ထိ


ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေး၊ လူမှုရေးတို့တွင် မိမိစိတ်တိုင်းကျ ဖန်တီးနိုင်ရန်ကြိုးစားနေသော်လည်းကြန့်ကြာမှု၊ နှောင့်နှေးမှုများ ဖြစ်နေတတ်သည်။ စီးပွားရေးတွင် အားသုံး၍ အောင်မြင်နိုင်ပါသည်။ ရွှေ ငွေ၊ ကျောက်မျက်ရတနာစသည်တို့နှင့်လည်း အကျိုးပေးကောင်းနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ရောဂါများများစားစားမရှိတတ်ပါ။ အချစ်ရေးကံကောင်းနေမည်။ မိမိစိတ်တိုင်းကျပြီး၊ အကျိုးပြုမည့်ချစ်သူကိုတွေ့ရတတ်ပါသည်။ အိမ်ထောင်ရေးတွင် ဘဝအရေးအတွက်ခဏလေးမျှပင်အနားမယူကြိုးစားဆောင်ရွက်နေရတတ်ပါသည်။ **ယတြာ။ သက်ကြီးရွယ်အိုအားအာဟာရကျွေး၍ ဆေးဝါးလှူပါ။**




**တနင်္လာသားသမီးများအတွက်** အကြံဉာဏ် နည်းသစ်များနှင့် လုပ်ကိုင်ရသည်ဆိုသော်လည်း ပြင်ပမှ ပူးပေါင်းကူညီမှုများကြောင့် အဆင်ပြေစွာ လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း ဖြစ်တတ်ပါသည်။ စီးပွားရေးလုပ်ငန်း တိုးတက်ခိုင်မာမှုရှိလာမည်။ လျှပ်စစ်ပစ္စည်းများ၊ ဟိုတယ်နှင့် စားသောက်ကုန်လုပ်ငန်းများ အကျိုးဖြစ်ထွန်းမှု အားကောင်းနေတတ်ပါသည်။ ကျန်းမာရေးအခြေအနေ ကောင်းလာတတ်သော်လည်း ရောဂါဟောင်းဝေဒနာလက်ကျန်များကိုပြန်လည်ကုသရန်လိုပါလိမ့်မည်။ အချစ်ရေးတွင် မေတ္တာလက်တစ်ကမ်းမှာ ရှိနေမည်။ **ယတြာ။ ဘုရားတွင် နဂါးမောက်သီးလှူပါ။**



**အင်္ဂါသားသမီးများအတွက်** လူမှုရေးတွင်ဖြစ်စေ၊ စီးပွားရေးတွင်ဖြစ်စေ၊ ရေလိုက် ငါးလိုက်သဘောမျိုး ဆက်ဆံနေတတ်သည်။ စီးပွားရေး အောင်မြင်တိုးတက်မှုများ၊ အမြတ်အစွန်းများ ရရှိအောင် ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် စားသောက်ကုန်ပစ္စည်းများ အကျိုးပေးနိုင်ပါသည်။ ကျန်းမာရေးတွင်ကြီးမားသောဝေဒနာ မရှိတတ်ပါ။ အချစ်ရေးတွင် နှလုံးသာမပါဘဲအတ္တဆန်သော ဟန်ဆောင်မေတ္တာသမားကို တွေ့ရတတ်သည်။ မေတ္တာတေးကိုမဆိုမိစေရန်သတိရှိပါ။

**ယတြာ။ ဇီဝိတဒါနသံဃာ့ဆေးရုံးတွင် အလှူငွေထည့်ဝင်ပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေး အလုပ်အကိုင်များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်သူများနှင့် အောင်မြင်တိုးတက်မှု အမြတ်အစွန်းများ ရရှိအောင် အစွမ်းကုန်ကြိုးစားနေရတတ်ပါသည်။ ဓာတ်သတ္တု ရှာဖွေရေးလုပ်ငန်းများနှင့် ရေနံနှင့်ရေနံထွက် ပစ္စည်းများအကျိုးဖြစ်ထွန်းမှု အားကောင်းလာနိုင်ပါသည်။ ကျန်းမာရေးတွင် လေထိုး၊ လေအောင့်၊ အစာမကြေခြင်း၊ အစာအိမ်နှင့်ပတ်သက်သောရောဂါ ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် မာယာတောမှာ မျောပါ သွားရတတ်ပါသည်။ နောင်တရသည့်အခါ နောက်ကျသွားတတ်ပါသည်။ **ယတြာ။ သံဃာတော်များအားဆွမ်းလောင်းပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးတွင် အများဆန္ဒအရ ပြုပြင်ပြောင်းလဲမှုတို့ကိုလုပ်ကိုင်ပေးရတတ်သည်။ ခေတ် နှင့်တစ်ပြေးညီဆောင်ရွက်ရန် လိုအပ်နေသောကြောင့် နည်းသစ် စနစ်သစ်များကို အသုံးပြုရတတ်ပါသည်။ အဆောက်အအုံဆောက်လုပ်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းထုတ်လုပ်ရောင်းဝယ်သော လုပ်ငန်းများ အကျိုးပေးဖြစ်ထွန်းတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်နှင့်ပတ်သက်သောဝေဒနာဖြစ်တတ်သည်။ အချစ်ရေးတွင် အခွင့်အရေးပေးသူများလည်း ရှိလာတတ်ပါသည်။

**ယတြာ။ ဘုရားတွင် ရွှေသင်္ကန်းကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** အဆင်ပြေသော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းရှိနေမည်။ အဝတ် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၊ အလှပြုပြင်ခြင်းလုပ်ငန်း၊ အားကစားလုပ်ငန်း များ အထူးအောင်မြင် ကျော်စောမှုရှိနေမည်။ ကျန်းမာရေး ကံကောင်း နေတတ်ပါသည်။ ရောဂါကြီးမားမှုမရှိတတ်ပါ။ အချစ်ရေးတွင်လိုအပ်သည်ထက်ပို၍ အခွင့်အရေးပေးနေလိမ့်မည်။ အိမ်ထောင် ရေးတွင် အသုံးအစွဲကြီးသူကြောင့် စိတ် ဖိစီးမှုများနေတတ်သောသဘော ရှိနေတတ်ပါသည်။ **ယတြာ။ ဘုရားတွင်ရေချမ်းလှူ၍ ၂၄ ပစ္စည်း (ပဋ္ဌာန်း) ရွတ်ပါ။**



**စနေသားသမီးများအတွက်** လက်အောက်ငယ်သားတပည့်များနှင့် အကျိုးတူ ပူးတွဲလုပ်ဆောင်ပါက အောင်မြင်မှုများရရှိမည်။ ဝပ်ရှော့လုပ်ငန်း၊ တွင်ခုံလုပ်ငန်း၊ ကားရေးဆေးဆီထိုးလုပ်ငန်းများကံကောင်းလိမ့်မည်။ ဝင်ငွေအားကောင်းနေတတ်ပါသည်။ ကျန်းမာရေးတွင် အပူဓာတ်အအေးဓာတ်မရှိမှုကြောင့် အပြင်းဖျားသောဝေဒနာ ခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ အချစ်ရေးတွင် မိမိအပေါ် ကျိုးနွံ့သောချစ်သူအိမ်ထောင်ဖက်ကို ရရှိတတ်ပါသည်။ **ယတြာ။ ဘုရားတွင် နှင်းပန်းလှူဒါန်းပါ။**

# မူဆယ် သစ်သီးဒိုင်သို့ သရက်သီးကား အဝင်များ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံကို အများဆုံးတင်ပို့နေတဲ့ ဖရဲသီးမှာ မေလ ၂၂ ရက်နေ့မှစပြီး ဈေးကွက်ထဲသို့ ဝင်ရောက်လာခြင်းမရှိတော့ဘဲ သရက်သီးတစ်မျိုးတည်းသာ ကားစီးရေ အဝင်များတယ်လို့ မူဆယ်(၁၀၅)မိုင် သစ်သီးကုန်စည်ဒိုင်မှ သိရပါတယ်။ မေလတွင် ကန်ဒေါ်လာ ၅ ဒသမ ဝ၃ဝ သန်း တန်ဖိုးရှိ သရက်သီးတန်ချိန် ၁၄၇၉၃ တန်ခွဲကိုလည်းကောင်း၊ ကန်ဒေါ်လာ ၂ ဒသမ ၃၈၆ သန်း တန်ဖိုးရှိ ဖရဲသီး ၁၉၇၈၇ တန်ခွဲကိုလည်းကောင်း၊ ကန်ဒေါ်လာ ၁၆၆၅၈ တန်ဖိုးရှိ နာနတ်သီး ၁၆၃ တန်ကိုလည်းကောင်း၊ ကန်ဒေါ်လာ ၆ဝ၆၉ဝ တန်ဖိုးရှိ သခွားမွှေး ၂၉၇ တန်ခွဲကိုလည်းကောင်း၊ ကန်ဒေါ်လာ ၂၇ဝဝ တန်ဖိုးရှိ အုန်းသီး ၁၈ တန်ကိုလည်းကောင်း တင်ပို့မှုရှိခဲ့ပါတယ်။

မူဆယ်သစ်သီးဒိုင်သို့ တစ်ရက်လျှင် သရက်သီး ကားစီးရေအစီး ၇ဝ မှ ၁ဝဝကြားနေ့စဉ် ဝင်ရောက်မှုရှိနေပြီး စိန်တစ်လုံး၊ ရွှေဟင်္သာနဲ့ ရင်ကွဲသရက်သီးမျိုးများ အဓိကဝင်ရောက်နေတယ်လို့သိရပါတယ်။ အနိမ့်ဈေး ၁ ကီလိုကို ၁ယွမ်နဲ့ အမြင့်ဈေး ၅ယွမ်ကြား ဈေးရရှိနေပါတယ်။ ယခုရက်ပိုင်းအတွင်း ဝင်ရောက်လာတဲ့ သရက်သီးများမှာ မန္တလေး၊ စစ်ကိုင်းနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများမှ ဖြစ်ပြီး ရွှေဟင်္သာသရက်သီးမှာ အများဆုံး ဖြစ်တယ်လို့သိရပါတယ်။

**မော်မော်အောင်**

# မြိတ်ကျွန်းစုဒေသတွင်းရှိ သန္တာကျောက်တန်းတစ်ဝက်နီးပါးပျက်စီးနေ

မြိတ်ကျွန်းစုဒေသမှာ ငါးလုပ်ငန်းများ တဖြည်းဖြည်း ကျဆင်းလာပါကြောင်း၊ နော်ဝေနိုင်ငံ သုတေသနအဖွဲ့၏ လေ့လာချက်များအရ မြိတ်ဒေသမှာ ငါးရေပြင်တစ်နာရီဆွဲရင် ကီလို၆ဝ-၇ဝ ကျော်လောက်တွေ့ရပြီး ထိုင်းတွင်ကီလို ၂ဝ ခန့်ရှိကြောင်း၊ ငါးများနဲ့ နဂိုအတိုင်း ပြန်လည်ရှင်သန်ပေါက်ဖွားလာအောင် ဂေဟစနစ်များ စနစ်တကျပြုပြင်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။

ငါးများအား မိုင်းခွဲ ဖမ်းတဲ့အတွက် သန္တာကျောက်တန်းများ ရှားပါးသွားရတာဖြစ်ပြီး ဒီရေတောနဲ့ပြုလုပ်ထားတဲ့ သန္တာကျောက်တန်းအတုများအား စနစ်တကျ ပြုလုပ်ဆောင်ရွက်မှသာလျှင် ငါးများ ပြန်လည်တိုးပွားလာနိုင်မှာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံမှာ သန္တာကျောက်တန်းအတု ၄ဝဝ ကျော်ကို မီးရထားအပျက်၊ ကားအပျက်များ ရေထဲသို့ ပစ်ချပြီး သန္တာကျောက်တန်းအတု ပြုလုပ်ခြင်းအား စီမံချက်နဲ့ ဆောင်ရွက်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ မိမိတို့မှာ ကြိုးစားအားထုတ်မှုနည်းပြီး အထောက်အပံ့ အားနည်းနေကြောင်း၊ လိုအပ်ချက်များစွာရှိကြောင်း၊ မြိတ်ကျွန်းစုဒေသမှာ ဒီရေတောများစွာ ကျန်ရှိနေသေး၍ ကံကောင်းနေကြောင်း၊ ထားဝယ်နဲ့ ကော့သောင်းဘက်မှာ အပျက်အစီး ပိုများနေတာတွေ့ရကြောင်း၊ အိန္ဒိယနဲ့ သီရိလင်္ကာမှာ ဒီရေတောနဲ့ သန္တာကျောက်တန်းများ ပြန်လည်ပြုပြင် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သားစဉ်မြေးဆက် ငါးရှင်သန်ပေါက်ဖွားမှုများအောင် အများကြီးကြိုးစားဖို့လိုအပ်နေတယ်လို့ဂေဟစနစ်ကျွမ်းကျင်သူ တစ်ဦးက ပြောကြားလိုက်တာဖြစ်ပါတယ်။

**ချမ်းမြေ့မောင်**

# မူဆယ်၊ မြဝတီနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ မေလအတွင်း သီဟိုဠ်စေ့ ၁၅၅ တန်ကျော်တင်ပို့

မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ခုနှစ် မေလ ၂၃ ရက်မှ ၂၉ ရက်အတွင်း ကန်ဒေါ်လာ ဝ ဒသမ ၃၁၈ သန်းတန်ဖိုးရှိသီဟိုဠ်စေ့ ၄၁ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်ကုန်သွယ်ရေးဇုန်က ကန်ဒေါ်လာ သုည ဒသမ ၂၃၄ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၃ဝ ကျော်နဲ့ မြဝတီကုန်သွယ်ရေးဇုန်က ကန်ဒေါ်လာ သုည ဒသမ ဝ၈၄ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၁၁ တန် တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်များနဲ့ နှိုင်းယှဉ်ပါက မူဆယ်မှာ ယခင်အပတ်က တင်ပို့မှုမရှိဘဲ မြဝတီနယ်စပ်ကတော့ ၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းကတော့ ယခုရောယခင်အပတ်များမှာ အပို့မရှိခဲ့ပါဘူး။

မေလတစ်လလုံး နယ်စပ်စခန်းအလိုက် သီဟိုဠ်စေ့ တင်ပို့နိုင်မှုများကို ဖော်ပြပေးလိုက်ရပါတယ်-

| စခန်း | သီဟိုဠ်စေ့ တင်ပို့မှုတန်ချိန် | တန်ဖိုး (ကန်ဒေါ်လာသန်း) |
|---|---|---|
| မူဆယ်ကုန်သွယ်ရေးဇုန် | ၁၂၉. ၆၅ဝ | ဝ. ၉၅၅ |
| မြဝတီကုန်သွယ်ရေးဇုန် | ၁၅. ဝဝဝ | ဝ. ၁၁၂ |
| ကော့သောင်းကုန်သွယ်ရေးစခန်း | ၁၁. ၁ဝဝ | ဝ. ဝ၇၇ |

**ခင်မြနွယ် MIRT**

# CLMV ထိပ်သီးအစည်းအဝေးကို နေပြည်တော်တွင် ယခုလကုန်ပိုင်း၌ ကျင်းပမည်

(၇)ကြိမ်မြောက် မဟာမဲခေါင်ဒေသများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) ထိပ်သီးအစည်း အဝေးကို ယခုလကုန်ပိုင်းတွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနတွင် ထုတ်ဖော်ရေးသားထားသည်။

အဆိုပါထိပ်သီးအစည်းအဝေးနှင့်အတူ (၆)ကြိမ်မြောက်ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးကိုလည်း ဇွန်လ ၂၂ ရက်မှ ၂၃ရက်အထိ ကျင်းပသွားမည် ဖြစ်ပြီး ယင်းအစည်း အဝေးတွင် ထိုင်းနိုင်ငံလည်း ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြ ထားသည်။

CLMV ထိပ်သီးအစည်းအဝေးတွင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ ပို့ဆောင်ရေးနှင့် ခရီးသွားကဏ္ဍများတွင် အဆိုပါ လေးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ထည့်သွင်းဆွေးနွေးသွားမည်ဟု ဆိုသည်။

CLMV ထိပ်သီးအစည်းအဝေးကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပပြီး ထိပ်သီးအစည်းအဝေးနှစ်ခု ပေါင်းစပ်ကျင်းပခြင်းကို ၂ဝဝဝပြည့်နှစ်မှစ၍ ဗီယက်နမ်နိုင်ငံတွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂ဝ၁၃နှစ်က ကျင်းပခဲ့သည့်အဆိုပါအစည်းအဝေးနှစ်ခုကို လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

# မြို့ကြီးများ၏ ၈-၆-၂၀၁၅ မှ ၁၂-၆-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၈-၆-၂၀၁၅) | အင်္ဂါ(၉-၆-၂၀၁၅) | ဗုဒ္ဓဟူး(၁၀-၆-၂၀၁၅) | ကြာသပတေး(၁၁-၆-၂၀၁၅) | သောကြာ(၁၂-၆-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F |
| ရန်ကုန်မြို့ | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| မန္တလေးမြို့ | တိမ်အသင့်အတင့် ၃၇°C/၉၉°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | ၃၀% ၃၆°C/၉၇°F | တိမ်ထူထပ် ၃၆°C/၉၆°F | ၅၀% ၃၄°C/၉၄°F |
| မြစ်ကြီးနား | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F |
| လားရှိုး | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F |
| ကျိုင်းတုံ | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F |
| လွိုင်ကော် | ၅၀% ၂၈°C/၈၃°F | ၄၀% ၂၈°C/၈၃°F | ၃၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F |
| တောင်ကြီး | ၈၀% ၂၃°C/၇၄°F | ၅၀% ၂၃°C/၇၄°F | ၄၀% ၂၃°C/၇၄°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၅°F |
| မော်လမြိုင် | ၉၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| ဘားအံ | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| တောင်ငူ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F |
| မုံရွာ | တိမ်အသင့်အတင့် ၃၈°C/၁၀၁°F | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F | ၃၀% ၃၇°C/၉၉°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | ၈၀% ၃၄°C/၉၄°F |
| ပုသိမ် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| မြိတ် | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၉၀°F |
| စစ်တွေ | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| မကွေး | ၆၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၁°F | ၅၀% ၃၂°C/၉၀°F |
| ဖလမ်း | ၈၀% ၂၇°C/၈၀°F | ၅၀% ၂၈°C/၈၂°F | ၅၀% ၂၇°C/၈၀°F | ၆၀% ၂၇°C/၈၀°F | ၅၀% ၂၇°C/၈၀°F |

# မလေးရှားနိုင်ငံ ကင်နာဘာလုပြည်နယ်တွင် အင်အားပြင်းငလျင်လှုပ်ခတ်

မလေးရှားနိုင်ငံ၊ ကင်နာဘာလုပြည်နယ်တွင် အင်အားရစ်ချ်တာ စကေး ၆ အဆင့်ရှိသည့် အင်အားပြင်းငလျင်တစ်ခု ဇွန် ၅ ရက် ညနေ ဒေသစံတော်ချိန် ၇နာရီ ၁၅မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့ရာ အဆိုပါပြည်နယ်အတွင်းရှိ ကင်နာဘာလု တောင်ပေါ်သို့တက်ရန် ကြိုးစားနေသည့် တောင်တက်သမားများ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ အင်အားပြင်းငလျင်သည် ကင်နာဘာလုပြည်နယ်ရှိ ကင်နာဘာလုတောင်၏ ၅၄ ကီလိုမီတာအကွာ၊ မြေအောက် ၁၀ မီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ငလျင်တိုင်းတာရေးအဖွဲ့က ဖော်ပြထားသည်။

ကင်နာဘာလုတောင်သည် အမြင့် ၄၀၉၅ မီတာမြင့်ပြီး တောင်တက်သမားအများစု ကြိုက်နှစ်သက်သည့် တောင်တစ်လုံးဖြစ်ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ချိန်တွင် တောင်တက်သမား ၂၀၀ ခန့်နှင့် ဒေသခံလမ်းညွှန် ၄၀ ခန့်တို့သည် တောင်တက်လမ်းတွင် ရောက်ရှိနေကြကြောင်း၊ ထို့ကြောင့် တောင်တက်သမား လေးဦးခန့်သည် တောင်ပြိုကျလာမှုကြောင့် ခြေထောက်များ ကျိုးခြင်း၊ ဦးခေါင်းကို ကျောက်တုံးများမှန်ခြင်း၊ မြေကြီးများအက်ကွဲခြင်းတို့ကိုကြုံခဲ့ရကြောင်း တောင်တက်သမားတစ်ဦးက ပြောကြားခဲ့သည်။

ကိုတကင်နာဘာလု လေဆိပ်အပါအဝင် နေအိမ်များ၊ အဆောက်အအုံများတွင် ထိခိုက်မှုများရှိခဲ့သော်လည်း မည်မျှထိခိုက်မှုရှိသည် ဆိုသည်ကို အသေးစိတ်ထုတ်ပြန်ခြင်း မပြုနိုင်သေးကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

လူမှုကွန်ရက် ဝက်ဘ်ဆိုက်များတွင်မူ လူသေဆုံးမှုများရှိသကဲ့သို့ ပျက်စီးဆုံးရှုံးမှုများ မြောက်မြားစွာရှိနေကြောင်း ဖော်ပြခဲ့သော်လည်း တရားဝင်သတင်းထုတ်ပြန်မှုများကို မပြုလုပ်နိုင်သေးကြောင်းနှင့် နောက်ဆုံးရရှိသည့်သတင်းများအရ လူသေဆုံးမှု မရှိသေးကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြထားသည်။

**မယ်သီတာ**



# အပူလှိုင်းဖြတ်သန်းမှုကြောင့် လူသေဆုံးမှု အများဆုံးအဖြစ် အိန္ဒိယနိုင်ငံ စံချိန်တင်

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် အပူချိန်များ ဆက်လက်မြင့်တက်လျက်ရှိရာ ကမ္ဘာ့အပူချိန်မြင့်တက်မှုသမိုင်းတွင် ပဉ္စမမြောက်အမြင့်ဆုံးအဖြစ် တည်ရှိခဲ့ပြီး လူသေဆုံးမှုစံချိန်တွင်လည်း စံချိန်တင်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြ ထားသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် အပူချိန်များ ဆက်လက်မြင့်တက်လျက်ရှိပြီး လူသေဆုံးမှုများမှာလည်း တစ်နေ့တခြား တိုးပွားလျက်ရှိကြောင်း၊ လူသေဆုံးမှုမှာ အပူချိန်မြင့်တက်ခဲ့သည့်အချိန်မှ ယနေ့အထိ ၂၅၄၁ ဦးရှိသွားပြီဖြစ်ကြောင်း၊ ယင်းသေဆုံးသူအရေအတွက်မှာ အိန္ဒိယနိုင်ငံသမိုင်းတွင် အပူချိန်မြင့်တက်မှုကြောင့် အများဆုံးသေဆုံးသည့်အရေအတွက်ပင်ဖြစ်ကြောင်း အိန္ဒိယတိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။

“မုတ်သုံရာသီအဝင် နောက်ကျတဲ့အတွက် ခုလို လူသေဆုံးမှုတွေ မြင့်တက်လာမှာကို ကျွန်တော်တို့ ကြည့်နေလို့မရတော့ပါဘူး။ ဒီနှစ် နွေရာသီက သာမန်မဟုတ်တဲ့အတွက် ဒီအခြေအနေကို အစိုးရက လျစ်လျူရှုထားတဲ့ပုံစံမျိုးဖြစ်နေပါတယ်”ဟု ဒေသခံတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ လက်ရှိအပူချိန်သည် ၁၁၃ ဒသမ ၇ ဒီဂရီဖာရင်ဟိုက်အထိရှိနေပြီး ရေဆူမှတ်ကိုပင် ကျော်လွန်နေကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပေါ်လျက်ရှိသည့် အပူချိန်မြင့်တက်မှုသည် ၎င်းနှင့်အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ပါကစ္စတန်နိုင်ငံသို့ပါ ပျံ့နှံ့ရောက်ရှိသွားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ၏ မြို့တော်တစ်ခုဖြစ်သည့် ဟိုက်ဒရာဘတ်မြို့၏ မြောက်ပိုင်းဒေသများတွင် အပူချိန်သည် ၄၉ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ ရောက်ရှိနေပြီး အဆိုပါ အပူချိန်မှာ လေးရက်တိုင်တိုင်ရှိခဲ့ကြောင်း၊ ထို့နောက် အပူချိန်သည်ဆက်လက်မြင့်တက်ခဲ့ရာ Nawabshah မြို့တွင်မူ အပူချိန်သည် ၄၉ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရှိခဲ့ကြောင်း၊ အဆိုပါ အပူချိန်သည် ဆက်လက်တည်ရှိနေပြီးပြန်လည်ကျဆင်းသွားခြင်းမရှိသည့်အတွက် အပူချိန်များ ဆက်လက်မြင့်တက်လာမည်ကို ဒေသခံများက စိုးရိမ်လျက်ရှိကြောင်းသတင်းများက ဖော်ပြထားသည်။

Domestic Sport News
Vol: 15, No.21 Monday June 8 2015

# မြန်မာယူ- ၂၃အသင်း စင်ကာပူယူ- ၂၃အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ နှစ်ပွဲကျန်ရှိနေသော်လည်း ဆီမီးဖိုင်နယ်သို့ တက်ရောက်ရန် အခြေအနေကောင်း



စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ဘောလုံးပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ အုပ်စု(ခ) ဘောလုံးပွဲစဉ်များအဖြစ် မြန်မာအသင်းသည် နှစ်ပွဲကစားနှစ်ပွဲနိုင် ရမှတ် ၆ မှတ်ရရှိကာ အုပ်စု(ခ)၏ ထိပ်ဆုံးနေရာတွင် ရပ်တည်ထားကြောင်း သိရသည်။

မြန်မာအသင်းသည် ပွဲဦးထွက်ပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် ခြေစွမ်းပြကာ အနိုင်ရယူခဲ့သည်။အဆိုပါပွဲတွင် မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ရှိုင်းသူရ(၂၁ မိနစ်)က တစ်ဂိုး၊ စည်သူအောင်(၃၈၊ ၅၄ မိနစ်) က နှစ်ဂိုး၊ ကျော်ဇင်လွင် (၆၆ မိနစ်)က တစ်ဂိုး သွင်းယူပေးခဲ့ကြသည်။

ဒုတိယပွဲအဖြစ် မြန်မာအသင်းနှင့် အိမ်ရှင်စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာအသင်းက အိမ်ရှင်စင်ကာပူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် မြန်မာအသင်းအတွက် အနိုင်ဂိုးများကို နေလင်းထွန်း(၂၄မိနစ်)က တစ်ဂိုး၊ ရဲကိုဦး (၆၀ မိနစ်)က တစ်ဂိုး သွင်းယူပေးခဲ့ကြသည်။

မြန်မာ ယူ-၂၃အသင်းသည် ဇွန် ၇ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဇွန်လ ၁၀ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသေးသော်လည်း ဆီမီးဖိုင်နယ်သို့ တက်ရောက်ရန် အခြေအနေကောင်းလျက်ရှိသည်။

စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်အပြီး မြန်မာယူ-၂၃အသင်း၏ နည်းပြချုပ် ဦးကြည်လွင်က "အိမ်ရှင်အသင်းလည်း ဖြစ်တယ်။ အသင်းကောင်း တစ်သင်းလည်းဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့အသင်း ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။ စင်ကာပူအသင်းအနေနဲ့နောက်ပွဲ နှစ်ပွဲ ကျန်သေးတာကြောင့် လက်ကျန်ပွဲတွေ အနိုင်ရပြီး ဆီမီးတက်ပါစေလို့ ဆုတောင်းပေးပါတယ်။ နောက်ပွဲတွေတစ်ပွဲပြီးတစ်ပွဲ ပိုကောင်းအောင် ပြင်ဆင်သွားမှာပါ။ ဒီနေ့နိုင်ပွဲအတွက် ကစားသမားတွေ ကြိုးစားအားထုတ်မှုကို ဂုဏ်ပြုပါတယ်။ ပရိသတ်တွေ တစ်ခဲနက် အားပေးမှုကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

အုပ်စု(ခ)ပွဲစဉ်များတွင် ဗီယက်နမ်အသင်းက သုံးပွဲကစား သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နေပြီး ထိုင်းအသင်းကလည်း သုံးပွဲကစား သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စု ဒုတိယနေရာတွင် ဂိုးကွာခြားချက်ဖြင့် ရပ်တည်နေကြောင်း သိရသည်။

**အုပ်စု(က)**

| | | | | |
|---|---|---|---|---|
| ဖိလစ်ပိုင် | ၀ | - | ၁ | စင်ကာပူ |
| မြန်မာ | ၄ | - | ၂ | အင်ဒိုနီးရှား |
| ကမ္ဘောဒီးယား | ၃ | - | ၁ | ဖိလစ်ပိုင် |
| စင်ကာပူ | ၁ | - | ၂ | မြန်မာ |

**အုပ်စု(ခ)**

| | | | | |
|---|---|---|---|---|
| ဘရူနိုင်း | ၀ | - | ၆ | ဗီယက်နမ် |
| လာအို | ၀ | - | ၆ | ထိုင်း |
| ဘရူနိုင်း | ၁ | - | ၂ | လာအို |
| ထိုင်း | ၁ | - | ၀ | တီမော |
| ဗီယက်နမ် | ၅ | - | ၁ | မလေးရှား |

**အုပ်စု(က)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| မြန်မာ | ၂ | ၂ | ၀ | ၀ | ၆ | ၃ | ၆ |
| ကမ္ဘောဒီးယား | ၁ | ၁ | ၀ | ၀ | ၃ | ၁ | ၃ |
| စင်ကာပူ | ၂ | ၁ | ၀ | ၁ | ၂ | ၂ | ၃ |
| အင်ဒိုနီးရှား | ၁ | ၀ | ၀ | ၁ | ၂ | ၄ | ၀ |
| ဖိလစ်ပိုင် | ၂ | ၀ | ၀ | ၂ | ၁ | ၄ | ၀ |

**အုပ်စု(ခ)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဗီယက်နမ် | ၃ | ၃ | ၀ | ၀ | ၁၂ | ၁ | ၉ |
| ထိုင်း | ၃ | ၃ | ၀ | ၀ | ၇ | ၀ | ၉ |
| တီမော | ၃ | ၁ | ၀ | ၂ | ၂ | ၃ | ၃ |
| မလေးရှား | ၃ | ၁ | ၀ | ၂ | ၂ | ၆ | ၃ |
| လာအို | ၃ | ၁ | ၀ | ၂ | ၂ | ၇ | ၃ |
| ဘရူနိုင်း | ၃ | ၀ | ၀ | ၃ | ၂ | ၁၀ | ၀ |

# (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အခြေအနေ



(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက် ညနေပိုင်းက စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်းတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မတက်ရောက်မီ ဇွန် ၄ ရက်က စင်ကာပူနိုင်ငံ Jalan Besar Stadium တွင်ကျင်းပသည့် မြန်မာ ယူ-၂၃ အသင်းနှင့် အိမ်ရှင်စင်ကာပူ ယူ-၂၃ အသင်းတို့၏ ဘောလုံးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ ယူ-၂၃ အသင်းက အိမ်ရှင်စင်ကာပူ ယူ-၂၃ အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သဖြင့် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို စင်ကာပူနိုင်ငံတွင်ကျင်းပလျက်ရှိရာ ဇွန်လ ၅ရက်နေ့အထိ အိမ်ရှင်စင်ကာပူအသင်းက ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်ခုနစ်ခုဖြင့် ပထမနေရာတွင် ရပ်တည်နေပြီး ဗီယက်နမ်အသင်းက ရွှေလေးခု၊ ငွေတစ်ခု၊ ကြေးငါးခုဖြင့် ဒုတိယ၊ ထိုင်းအသင်းက ရွှေ နှစ်ခု၊ ငွေ သုံးခု၊ ကြေးခုနစ်ခုဖြင့် တတိယနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

မြန်မာအားကစားအဖွဲ့များမှာ ဆုတံဆိပ် ရရှိသေးခြင်းမရှိသေးဘဲ ပြိုင်ပွဲများတွင် ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာပြိုင်ပွဲများတွင် ယခုနှစ်စတင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာအမျိုးသမီး Netball အသင်းသည် မေလ ၃၁နေ့က အဖွင့်ပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ မလေးရှားအသင်းက ၇၂-၂၁ မှတ်၊ ဇွန် ၁ရက်က ဘရူနိုင်းအသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ ဘရူနိုင်းအသင်းက ၅၆-၄၇ မှတ်၊ ဇွန် ၂ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက ၅၆- ၃၁မှတ်၊ ဇွန်လ ၃ရက်နေ့တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်းက ၇၁-၂၆ မှတ်ဖြင့် အသီးသီး အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာအသင်းသည် ယခုနှစ်မှ စတင်၍ Netball ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ယခုပွဲစဉ်တွင် လေးပွဲကစားရာ၌ သုံးပွဲရှုံးတစ်ပွဲနိုင် ရလဒ်ဖြင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရကြောင်း သိရသည်။ ယခု ဆီးဂိမ်းပြိုင်ပွဲ၏ Aquatics-Synchronized Swimming ပြိုင်ပွဲတွင် အိမ်ရှင် စင်ကာပူအသင်းက ရွှေတံဆိပ်အားလုံးကို သိမ်းကြုံးရယူသွား ခဲ့သည်။

အိမ်ရှင်စင်ကာပူအသင်းသည် ယခုဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် အခု ၅၀ ရရှိရေးရည်မှန်းချက်ထားရှိကာ ပြိုင်ပွဲဝင်လျက်ရှိရာ ဇွန် ၅ ရက်အထိ ရွှေတံဆိပ် အများဆုံးဖြင့် နိုင်ငံအလိုက် ပထမနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

# အုပ်စုနောက်ဆုံးပွဲစဉ်တွင် နယူးဇီလန်ကို ရှုံးနိမ့်ခဲ့သဖြင့် မြန်မာယူ-၂၀အသင်း ကမ္ဘာ့ဖလားယူ-၂၀ပြိုင်ပွဲမှ ထွက်ရပြီ

နယူးဇီလန်တွင် ကျင်းပလျက်ရှိသည့် ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် ယူ-၂၀အသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် အိမ်ရှင်နယူးဇီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရပြီး ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်သည်။

အဆိုပါပွဲစဉ်တွင် မြန်မာ ယူ-၂၀ အသင်းသည် ပထမပိုင်းတွင် အောင်သူ၏ လှပသည့်သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီးနောက် မိနစ် ၄၀ တွင် ချေပဂိုးတစ်ဂိုး ပြန်ပေးခဲ့ရသည်။

ထို့နောက် ဒုတိယပိုင်းတွင်မူ မြန်မာအသင်းသည် တိုက်စစ်ဆင် ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း ကစားအား ကျလာခဲ့ပြီး ခန္ဓာကိုယ်ကြံ့ခိုင်မှုကို မယှဉ်နိုင်သဖြင့် ဂိုးများပြန်လည်သွင်းယူခြင်းကို ခံခဲ့ရသည်။

မြန်မာအသင်းပါဝင်သည့် အုပ်စုတွင် မြန်မာအသင်းသည် အမေရိကန်အသင်းနှင့် ပွဲဦးထွက်ယှဉ်ပြိုင်ကစားရာတွင် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပထမဆုံးသွင်းဂိုးကို ရန်နိုင်ဦးကသွင်းယူနိုင်ခဲ့သည်။ ထိုပွဲတွင်လည်း မြန်မာအသင်းသည် ပထမပိုင်းတစ်ပိုင်းလုံးတွင် အမေရိကန်အသင်းကို ယှဉ်ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင်မူ ကစားအားကျလာကာ ဂိုးများပြန်ပေးခဲ့ရသည်။

ထို့အတူ ဒုတိယပွဲဖြစ်သည့် ယူကရိန်းနှင့်ပွဲစဉ်တွင်လည်း ပထမပိုင်းတွင် ဂိုးမရှိသရေဖြင့်ပြီးဆုံးခဲ့သော်လည်း ဒုတိယပိုင်းတွင် ခြောက်ဂိုးအထိပေးခဲ့ရသည်။ သို့သော်လည်း မြန်မာ ယူ-၂၀ အသင်း၏ စွမ်းဆောင်ချက်များကို မြန်မာပြည်သူပြည်သားများသာမက ကမ္ဘာကပင် အံ့မခန်းဖြစ်ရသည်အထိ ဖြစ်ခဲ့ရသည်။



## ဖီဖာခြစားမှုများကြောင့် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ နုတ်ထွက် အက်ဖ်ဘီအိုင်၏စုံစမ်းစစ်ဆေးမှုများကိုလည်း ခံယူရဦးမည်

### လာဘ်ပေးထားသည်ဟုဆိုလျှင် ၂၀၂၂ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကိုလက်မခံသင့်ဟုဆို

အရှက်ရဖွယ်ဖြစ်စေခဲ့ရသည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ လာဘ်စားမှုပြဿနာများကြောင့် ဖီဖာအဖွဲ့၏ဥက္ကဋ္ဌဖြစ်သူ ပီတာဆပ်ဘလတ္တာသည် ပြီးခဲ့သည့် ဇွန်လ ၂ရက်က ရာထူးမှနုတ်ထွက်သွားခဲ့ပြီဖြစ်သည်။

ဆပ်ဘလတ္တာအနေဖြင့် ရာထူးမှ နုတ်ထွက်သွားသော်လည်း အမေရိကန်ထောက်လှမ်းရေးအဖွဲ့(အက်ဖ်ဘီအိုင်) ၏ စုံစမ်းစစ်ဆေးမှုများကိုလည်း ခံယူရဦးမည်ဖြစ်သည်။

ဖီဖာရွေးကောက်ပွဲကျင်းပရန် တစ်ရက်အလိုတွင် ဖီဖာအမှုဆောင်များကို ဆွစ်ဇာလန်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီးနောက် ရွေးကောက်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ဘက်မရှိ ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်ခံခဲ့ရသည်။

သို့သော် ဆွစ်ဇာလန်ရဲတပ်ဖွဲ့နှင့် အက်ဖ်ဘီအိုင်တို့ကမူ ဖီဖာအဖွဲ့အနေဖြင့် အမေရိကန်ဒေါ်လာ ၁၀ သန်း လာဘ်ပေးခဲ့သည်ဆိုသည့်အထောက်အထားများကို လက်ဝယ်တွင်ရရှိထားပြီးဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ဆပ်ဘလတ္တာ နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

“ရွေးကောက်ပွဲကြီးကတော့ ပြီးဆုံးသွားပါပြီ။ ဒါပေမယ့် ဖီဖာအနေနဲ့ စိန်ခေါ်မှုတွေ အများကြီး ကျန်ရှိနေပါသေးတယ်။ ဖီဖာမှာ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ လိုအပ်နေပါသေးတယ်။ ကျွန်တော့်အနေနဲ့ ဖီဖာအဖွဲ့ဝင်အဖြစ် ရှိနေတုန်းက ဖီဖာမှာ လုပ်ပိုင်ခွင့်တွေ အများကြီးရခဲ့ပါတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ ဘောလုံးလောကကို လွှမ်းမိုးချုပ်ကိုင်ထားခွင့်ရခဲ့တဲ့အပေါ်မှာလည်း ဘယ်လိုမှ မခံစားမိပါဘူး”ဟု အသက် ၇၉ နှစ်အရွယ်ရှိပြီဖြစ်သည့် ဘလတ္တာက ၎င်း၏နုတ်ထွက်ပွဲတွင်ပြောကြားခဲ့သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒါကီကမူ ကာတာဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဘလတ္တာနုတ်ထွက်သွားပြီးနောက် နှုတ်ဆိတ်နေခြင်းအား ပြင်းထန်စွာဝေဖန်ပြောကြားလိုက်သည်။

“ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပရေးအဖွဲ့အနေနဲ့ ဒီကိစ္စအပေါ်မှာ နုတ်ဆိတ်မနေသင့်ပါဘူး။ ရုရှားအပါအဝင် ကာတာဘောလုံးအဖွဲ့ချုပ်တွေလည်း ဒီခြစားမှုမှာ အနည်းနဲ့အများ ပါဝင်ပတ်သက်နေမှာသေချာပါတယ်။ ပူပြင်းလှတဲ့ ကာတာနိုင်ငံရဲ့ နွေရာသီလိုကာလမျိုးမှာ ကမ္ဘာ့ဖလားပြိုင်ပွဲကိုကျင်းပဖို့ ဆုံးဖြတ်တာကို ဘယ်လိုမှ နားမလည်နိုင်ပါဘူး။ ဖီဖာဟာ လူတွေရဲ့ ကျန်းမာရေးနဲ့ လုံခြုံစိတ်ချရမှုဆိုတာတွေကိုတောင် ထည့်မစဉ်းစားတော့ဘူး”ဟု ပြင်းထန်စွာ ဝေဖန်ပြောကြားခဲ့သည်။

## ရှဝိန်းစတိုင်ဂါလာရောက်အားပေးသည့်ပွဲစဉ်တွင် အီဗန်နိုဗစ်အနိုင်ရပြီး ကွာတားဖိုင်နယ်တက်

ဆားဘီးယားတင်းနစ်မယ် အန်နာအီဗန်နိုဗစ်သည် သူမ၏ချစ်သူ ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါ လာရောက်အားပေးခဲ့သည့်ပွဲစဉ်တွင် လက်စွမ်းပြအနိုင်ရပြီး ပြင်သစ်အိုးပင်း ကွာတားဖိုင်နယ်သို့ တက်ရောက်သွားနိုင်ခဲ့သည်။




အီဗန်နိုဗစ်သည် ရုရှားတင်းနစ်မယ် မာကာရိုဗာကို ၇-၅၊ ၃-၆၊ ၆-၁ ဖြင့်အနိုင်ရခဲ့ပြီး နောက်ဆုံးပွဲလတ်တွင် ချစ်သူ၏ လက်သီးလက်မောင်းတန်း အော်ဟစ်အားပေးမှုကြောင့် စိတ်ဓာတ်တက်ကြွပြီး အကောင်းဆုံးလက်စွမ်းဖြင့် အမှတ်ပြတ်အနိုင်ရခဲ့သည်။

အီဗန်နိုဗစ်နှင့် ရှဝိန်းစတိုင်ဂါတို့သည် ယခုနှစ်အစောပိုင်းကတည်းက ချစ်ကြိုက်ခဲ့ကြသူများဖြစ်သည်။

အသက် ၂၇ နှစ်ရှိကမ္ဘာ့အဆင့်တစ် တင်းနစ်မယ်ဟောင်း အီဗန်နိုဗစ်သည် ၂၀၀၈ ခုနှစ်က ကျင်းပခဲ့သည့် ပြင်သစ်အိုးပင်းတွင် ချန်ပီယံဆုရရှိခဲ့ဖူးသော်လည်း နောက်ပိုင်းပြိုင်ပွဲခြောက်ကြိမ်ဆက်တွင် စတုတ္ထအဆင့်ကို ကျော်လွန်ခဲ့ခြင်းမရှိပေ။ ဂျပန်တင်းနစ်သမား နီရှီကိုရီမှာလည်း ဂျော်ဂျီယာမှ ဂါဘာရှီဗီလီကို အနိုင်ရပြီး နှစ်ပေါင်း ၈၀ အတွင်း ကွာတားတက်နိုင်သည့် ပထမဆုံးဂျပန်လူမျိုးဖြစ်လာခဲ့သည်။

## လာဘ်ပေးခဲ့ခြင်း မရှိပါဟု တောင်အာဖရိကအားကစားဝန်ကြီး ငြင်းဆို



၂၀၁၀ခုနှစ်တွင် ကမ္ဘာ့ဖလား ဘောလုံးပွဲကျင်းပခွင့်ရရှိရန်အတွက် အမေရိကန်ဒေါ်လာ ၁၀ သန်း ပေးခဲ့ရသည်ဆိုသောအချက်များသည် မမှန်ကန်ပါကြောင်း၊ မိမိတို့အနေဖြင့် ဘောလုံးပွဲကျင်းပခွင့်ရရှိရန် မည်သည့် တန်စိုးလက်ဆောင်ကိုမျှ ပေးခဲ့ရခြင်းမရှိပါဟု တောင်အာဖရိကအားကစားဝန်ကြီးဌာန ဝန်ကြီး ဖိကီလီမာဘူလာက ငြင်းဆိုပြောကြားလိုက်သည်။

အက်ဖ်ဘီအိုင်နှင့် ဆွစ်ဇာလန်ရဲတပ်ဖွဲ့တို့ကမူ ၎င်းတို့၏စုံစမ်းစစ်ဆေးချက်များအရ တောင်အာဖရိက ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဖီဖာအမှုဆောင်တစ်ဦးဖြစ်သူ ဂျက်ဝါနာထံ အမေရိကန်ဒေါ်လာ ၁၀ သန်း လွှဲပြောင်းပေးခဲ့သည့် အထောက်အထားများကို ရရှိထားပြီးဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်အာဖရိကအားကစားဝန်ကြီး မာဘူလာက မိမိတို့အနေဖြင့် ဂျက်ဝါနာထံ အမေရိကန်ဒေါ်လာ ၁၀သန်း လွှဲပြောင်းပေးခဲ့သည်မှာ မှန်သော်လည်း အဆိုပါငွေများမှာ ကာရစ်ဘီယံဒေသ ဘောလုံးဖွံ့ဖြိုးရေးအတွက် လှူဒါန်းခဲ့ခြင်းသာဖြစ်ကြောင်း၊ ထို့ပြင် ယင်းငွေများကိုလည်း ၂၀၁၀ ကမ္ဘာ့ဖလားကျင်းပခွင့်အတွက် မဲပေးရွေးချယ်ပြီးနောက် လေးနှစ်အကြာ ၂၀၀၈ ခုနှစ်တွင်မှ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျက်ဝါနာကမူ အဆိုပါလှူဒါန်းငွေများမှာ အာဖရိကဒေသဘောလုံးဖွံ့ဖြိုး ရေးအတွက်ဟု ပြောကြားခဲ့သဖြင့် ၎င်းတို့နှစ်ဦး၏ပြောကြားချက်များမှာကွဲလွဲ မှုများရှိနေကြောင်း ထောက်ပြခဲ့ကြ သည့်အပြင် တခြားစစ်ဆေးတွေ့ရှိချက်အသစ်များလည်း ပေါ်ထွက်နေဆဲဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

## အိုလံပစ်ချန်ပီယံဆုကာကွယ်ခွင့်သာမက ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲဝင်ခွင့်ပါ ဂျက်ဆီကာအင်းနစ် ရရှိပြီ

ဗြိတိန်ခုနစ်မျိုးစုံအားကစားမယ် ဂျက်ဆီကာအင်းနစ်သည် သုံးနှစ်နီးပါးအတွင်း ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ခုနစ်မျိုးစုံပြိုင်ပွဲတွင် အဆင့် လေးနေရာသာရခဲ့သော်လည်း ၂၀၁၆ ရီယိုအိုလံပစ်နှင့် ယခုနှစ်ကမ္ဘာ့ ချန်ပီယံရှစ်ပြိုင်ပွဲ နှစ်ခုစလုံးကိုဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။ ဂျက်ဆီကာသည် ပြီးခဲ့သည့် ဇွန်လ ၁ရက်နှင့် ၂ရက်နေ့တို့တွင် ဩစတြီးယားနိုင်ငံ၊ ဂေါ့ဇစ်မြို့၌ကျင်းပခဲ့သော Hypo Meeting ခုနစ်မျိုးစုံပြိုင်ပွဲတွင် အဆင့်လေး ရရှိခဲ့ခြင်းဖြစ်သည်။




အဆိုပါပြိုင်ပွဲသည် ၂၀၁၂ လန်ဒန်အိုလံပစ်တွင် ရွှေတံဆိပ်ဆွတ်ခူးပြီးနောက် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဖြစ်ပြီး ထိပ်ဆုံးသုံးဦးစာရင်း မဝင်ခဲ့သော်လည်း အိုလံပစ်ဝင်ခွင့်ရမှတ်ဖြစ်သည့် ၆,၂၀၀ အထက် ရမှတ် ၃၅၀ ပင်ပိုများခဲ့သည်။

ဂျက်ဆီကာသည် ပြိုင်ပွဲခြောက်ပွဲအပြီးတွင် အဆင့်ရှစ်နေရာတွင်သာရှိနေသော်လည်း နောက်ဆုံးပြိုင်ပွဲဖြစ်သည့် မီတာ၈၀၀ ပြေးပွဲ၌အနိုင်ရခဲ့သဖြင့် အဆင့်လေးအထိ တက်လာခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ ကမ္ဘာ့ချန်ပီယံရှစ် ငွေတံဆိပ်ဆုရှင်နှင့် ၂၀၁၄ ခနသဟာယချန်ပီယံ ကနေဒါနိုင်ငံသား သီဆန်အီတန်က ၆,၈၀၈မှတ်ဖြင့် ဗိုလ်စွဲနိုင်ခဲ့သည်။

အသက် ၂၉နှစ်ရှိ ဂျက်ဆီကာသည် ဖနောင့်ကြောဒဏ်ရာ၏ ဒုက္ခပေးမှုနှင့်ကလေးမီးဖွားမှုတို့ကြောင့် ပြိုင်ပွဲများနှင့် နှစ်နှစ်ကျော်ဝေးကွာခဲ့ရသူဖြစ်သည်။ ၎င်း၏အနီးဆုံးပစ်မှတ်မှာ ဘေဂျင်းကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲဖြစ်ပြီး ၂၀၁၆ရီယိုအိုလံပစ်ပြိုင်ပွဲတွင်လည်း လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်ခွင့်ရရှိမည်ဖြစ်သည်။






# Seminar on Grain Cooling System & Modernized Paddy Dryer

## ဆွေးနွေးပွဲ မြောင်းမြမြို့မှာကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနဲ့ Pioneer Agrobiz Co.Ltd တို့ ပူးပေါင်းကျင်းပတဲ့ Seminar on Grain Cooling System & Modernized Paddy Dryer မိတ်ဆက်ဟောပြောပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် ဇွန်လ ၄ ရက်နေ့ မြောင်းမြမြို့ မြရွှေဝါခန်းမမှာ ကျင်းပခဲ့ပါတယ်။အခမ်းအနားမှာ ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိုးအောင်က Seminar ကျင်းပရခြင်း၏ ရည်ရွယ်ချက်နဲ့ မိတ်ဆက်စကားပြောကြားပြီး အဆိုပါမိတ်ဆက်ပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၁၁၀ ဦး တက်ရောက်ခဲ့ကြကြောင်းသိရှိရပါတယ်။

ဆက်လက်ပြီး Pioneer Agrobiz Co.Ltd &JU အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာမျိုးအောင်ကျော်က စပါးသီးနှံများသိုလှောင်ရာတွင် အအေးခံစနစ်ဖြင့် တာရှည်အရည်အသွေးထိန်းသိမ်းခြင်းအတွက် သိုလှောင်မှုဆိုင်ရာ နည်းပညာကိုလည်းကောင်း၊ ဂျာမနီနိုင်ငံအခြေစိုက် Frigor Tech Gmbh ကုမ္ပဏီမှ Dr.Claus M Braun-beck က စပါးသီးနှံများသိုလှောင်ရုံ၊ ဆိုင်လိုများတွင်သုံးသည့် စပါးအအေးခံကိရိယာများအကြောင်းကိုလည်းကောင်း၊ တရုတ်(တိုင်ပေ)နိုင်ငံအခြေစိုက် Suncue မှ Mr.Eugene Lin က ခေတ်မီစပါးအခြောက်ခံစက်အမျိုးမျိုးနှင့် ဇီဝလောင်စာသုံးမီးဖိုများအကြောင်းကိုလည်းကောင်း၊ Pioneer Agrobiz Co.Ltd မှ အရောင်းမြှင့်တင်ရေး မန်နေဂျာ ဦးသိန်းနိုင်က ကွဲခေါင်းဗီယက်နမ်ဓါတ်မြေသြဇာကို ဆန်စက်ပိုင်ရှင်များသို့ မိတ်ဆက်ပြောကြားခဲ့ပါတယ်။ တက်ရောက်လာသူ လုပ်ငန်းရှင်များက ဟောပြောချက်များအပေါ် မေးမြန်းဆွေးနွေးချက်များကို သက်ဆိုင်ရာ ပညာရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းလည်းသိရှိရပါတယ်။

**လှထွန်းဦး-မြောင်းမြ**

## ကုန်သွယ်မှုမြှင့်တင်နိုင်ရေး၊ တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ တရားဝင်အမှန်လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင်ဆောင်ရွက်ရေး

မေလ ၂၈ ရက်နေ့ ၁၃း၀၀ ချိန်က မြဝတီကုန်သွယ်ရေးဇုန်တွင် "ကုန်သွယ်မှုမြှင့်တင်နိုင်ရေး တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ တရားဝင်အမှန်လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင်ဆောင်ရွက်ရေး" ရည်ရွယ်ချက်ဖြင့် မြဝတီ ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူများ၊အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ OSS အဖွဲ့ဝင်ဌာနများ၊ မိတ်ဖက်ဌာနများနဲ့ ဒေသခံကုန်သည်လုပ်ငန်းရှင်များ ပေါင်းစပ်ညှိနှိုင်းပြီး ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေး ကျင်းပခဲ့ကြောင်း သတင်းရရှိပါတယ်။

မြဝတီကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူး ဦးစိုးလွင်က မိမိဝန်ကြီးဌာန အနေဖြင့် ကုန်သွယ်ရေးနဲ့ ပတ်သက်ပြီး ဖြေလျှော့ခွင့်ပြုပေးမှုများ များစွာပြုလုပ်ပေးခဲ့ကြောင်း ယခုအခါ တင်ပို့ရန် တားမြစ်ထားသည့် ပို့ကုန်ပစ္စည်းမှာ ၁၂ မျိုးခန့်သာကျန်ရှိတော့ကြောင်း၊ သွင်းကုန်ပိုင်းတွင်လည်း တင်သွင်းခွင့် ပိတ်ပင်ထားသည့်ပစ္စည်းမှာ လေးမျိုးသာကျန်ရှိတော့ကြောင်း၊ ဓာတ်ဆီ၊ ဒီဇယ်၊ စားအုန်းဆီများကိုလည်း မည်သည့်လုပ်ငန်းရှင်ကိုမဆို နယ်စပ်ဒေသမှ တင်သွင်းခွင့်ပြုခဲ့ပြီဖြစ်ကြောင်း၊ ဒါ့အပြင် ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ နယ်စပ်ဒေသများတွင် Earning စနစ်ဖြင့် တင်သွင်းခြင်းအား ဖြေလျှော့ပေးခဲ့ကြောင်း၊ ကုန်ပစ္စည်းအမယ်များကို ဖြေလျှော့ပေးသည့်နည်းတူလိုင်စင်လျှောက်ထားရန်မလိုတဲ့ ပို့ကုန်အမယ် H.S Code လိုင်းပေါင်း ၉၈၃ မျိုးနဲ့၊ သွင်းကုန်အမယ် H.S Code လိုင်းပေါင်း ၂၀၇၉ မျိုးအား သတ်မှတ်ပေးခဲ့ပြီး အကောက်ခွန်ကြေညာလွှာဖြင့် တင်ပို့တင်သွင်းခွင့်ပြုခဲ့ကြောင်း၊ လိုင်စင်လျှောက်ထားရန်လိုအပ်တဲ့ ပစ္စည်းစာရင်းကို Negative List ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ၊လိုင်စင်လျှောက်ထားရာမှာ ပူးတွဲတင်ပြရမယ့် စာရွက်စာတမ်းများ လျှော့ချခြင်း၊ အချိန်နဲ့ ကုန်ကျစရိတ်များ လျှော့ချခြင်းတို့ကိုလည်း ဖြေလျှော့ဆောင်ရွက်ပေးခဲ့ကြောင်း ၊ အလားတူ အခြားဌာနများမှလည်း ၎င်းတို့ရဲ့ ကုန်သွယ်မှုနဲ့ သက်ဆိုင်တဲ့အခက်အခဲများကို ဖြေလျှော့ပေးလျက်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်တွင် မေလအတွက် လုပ်ငန်းဆောင်ရွက်မှုမှာ ၂၅ ရက်နေ့အထိ ပို့ကုန် ၁ ဒသမ ၅၂၆ ဒေါ်လာသန်း၊ သွင်းကုန် ၃၇ ဒသမ ၅၈၇ ဒေါ်လာသန်း ကုန်သွယ်မှုပမာဏ ၃၉ ဒသမ ၁၁၃ ဒေါ်လာသန်းရရှိခဲ့ပြီး ယမန်နှစ် ကာလတူထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ၊ လစဉ်ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၄၀ ကျော်ဆောင်ရွက်နိုင်သော်လည်း မူဆယ်စခန်းနဲ့ နှိုင်းယှဉ်ပါက များစွာလျော့နည်းပါကြောင်း၊ မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် သွင်းကုန်စာရင်းနဲ့ တစ်ဖက်နိုင်ငံရဲ့ ပို့ကုန်စာရင်း နှိုင်းယှဉ်ရာတွင် ဒေါ်လာသန်းပေါင်း ၁၅၀၀ ကျော်ကွာခြားနေသည်ကို တွေ့ရှိရပါကြောင်း၊ဒါကြောင့် တစ်လလျှင် ပျမ်းမျှ ဒေါ်လာသန်း ၁၀၀ ကျော်ရှိသဖြင့် လက်ရှိဆောင်ရွက်နေတဲ့ ပမာဏနဲ့ ပေါင်းပါက တစ်လ ပျမ်းမျှဒေါ်လာသန်း ၁၄၀ ကျော်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ဒါပေမယ့် ဒေသအခြေအနေအရ တရားမဝင် သွားလာမှုများ ရှိနေတဲ့အတွက် တရားမဝင်သွားလာမှုများ မရှိစေရေး လုပ်ငန်းရှင်များမှ မိမိတို့ဌာနများနဲ့ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ညွှန်ကြားရေးမှူးက ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## ပန်းလှိုင်အထူးကုဆေးရုံကြီးအား ပန်းလှိုင်–စီလုံဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် တိုးချဲ့ ဖွင့်လှစ်

First Myanmar Investment Co., Ltd .(FMI) နှင့် အင်ဒိုနီးရှားနိုင်ငံမှ Lippo Group (Lippo) တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာသန်း ၄၂၀ ရင်းနှီးမြှုပ်နှံထားသည့် ပန်းလှိုင်-စီလုံဆေးရုံကြီးအား မိတ်ဆက်သည့် အခမ်းအနားကို ဇွန်လ ၇ရက်နေ့နံနက်ပိုင်းက အဆိုပါ ဆေးရုံကြီး၌ ကျင်းပခဲ့ကြောင်းသိရသည်။

FMI-ပန်းလှိုင်နှင့် Siloam–Lippo အုပ်စု၏ ပူးပေါင်းမှုဖြင့် ဖွင့်လှစ်ခဲ့သည့် ပန်းလှိုင်-စီလုံဆေးရုံကြီးသည် မြန်မာနိုင်ငံသားများအတွက် ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့် ရှောက်မှုများ ပေးအပ်ပြီး လူမှုဘဝကို ပိုမိုတိုးတက်လာစေမည် ဖြစ်ပါသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် ကျန်းမာရေး၊ ပညာရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့မှ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ပိုမို ကောင်းမွန်သော လူမှုဘဝများ ရရှိရေးဆိုသည့် မြန်မာနိုင်ငံအစိုးရ၏ စီမံချက်ကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းထောက်ပံ့ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်သူပေါင်း ၁၂၀၀၀ ကျော်ဖြင့် လူနာပေါင်း လေးသန်းခန့်ကို နှစ်စဉ်ကုသပေးနိုင်မည့် ပန်းလှိုင်-စီလုံ ဆေးရုံကို နှစ်စဉ်အမြတ်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဖြင့် လုပ်ငန်းတန်ဖိုး အမေရိကန်ဒေါ်လာ နှစ်ဘီလီယံထိ တိုးတက်ကြီးထွားစေရန် ရည်ရွယ်ထားကြောင်း သိရသည်။

"ခေတ်မီဆန်းသစ်တဲ့ ဝန်ဆောင်မှုတွေ၊ လုပ်ငန်းလည်ပတ်မှု စနစ်တွေနဲ့ လိုအပ်တဲ့ အထောက်အကူပြုပစ္စည်းများကို မြန်မာနိုင်ငံရဲ့ ကျန်းမာရေးကဏ္ဍဆီကို ယူဆောင်ပေးနိုင်တဲ့အတွက် အထူးဝမ်းသာမိပါတယ်။ မတူညီတဲ့ ဆေးကုသမှုဆိုင်ရာ လိုအပ်ချက်များ နဲ့ ကိုက်ညီအောင်၊ ဆေးကုသခ အမျိုးမျိုးနဲ့ လူနာဗဟိုပြုစောင့်ရှောက်ရေး ရရှိနိုင်မှုကို မြှင့်တင်ခြင်းကနေ ပြည်သူတွေ အကျိုးကျေးဇူးရရှိမှာပါ" ဟု FMI ၏ ဥက္ကဋ္ဌ ဦးသိမ်းဝေ ( Mr. Serge Pun) က ပြောသည်။

ဆေးရုံကြီးတွင်ခေတ်မီဆေးကုသမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် လူနာတင်ယာဉ်များနှင့်အတူ ၂၄နာရီ ပိတ်ရက်မရှိ အရေးပေါ်ဝန် ဆောင်မှုများရှိသည်။ ထို့အပြင် နိုင်ငံတကာအဆင့်မီပိုးမွှားသန့်စင်ထားသော ခွဲစိတ်ကုသဆောင် ၆ဆောင်၊ သားဖွားဆောင် ward တစ်ခုနှင့် အရေးပေါ်စောင့်ရှောက်မှုဌာန၊ ခေတ်မီဓာတ်ခွဲခန်းတစ်ခုကို ထပ်မံ တိုးချဲ့ထားသည်။ ယခင်ထက် လူနာ အများအပြားကို ဝန်ဆောင်မှုပေးနိုင် ရန်အတွက် လူနာကုတင်များကို ၁၇၄ လုံးအထိ တိုးချဲ့ထားပြီး ကုတင် ၃၈လုံး အား တစ်ညလျှင် ကျပ် ၁၀၀၀၀ နှုန်း ဖြင့် လူတန်းစားမရွေး ပြည်သူများ အလွယ်တကူရရှိနိုင်ရန် ပြင်ဆင်ထား သည်။ ပန်းလှိုင်-စီလုံ ဆေးရုံများမှ ဆရာဝန်များနှင့် သူနာပြုများသည် လူနာများအပေါ် အကောင်းမွန်ဆုံး ဂရုတစိုက် ပြုစုစောင့်ရှောက်မှုဖြင့် ကျန်းမာရေး ဝန်ဆောင်မှုကို ဆက်လက် ပေးအပ်သွားမည်ဖြစ်သည်။

ပန်းလှိုင်-စီလုံဆေးရုံကြီးတွင် ယခုအခါ ဟောင်ကောင်၊ စင်ကာပူ၊ အမေရိကန်၊ အိုင်ယာလန်၊ မလေးရှား နှင့် ယူကေနိုင်ငံများမှ ပြန်လာသော မြန်မာနိုင်ငံသား အထူးကုဆရာဝန်များ ပါဝင်သဖြင့် (၂၄)နာရီပိတ်ရက်မရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ဂျပန်နိုင်ငံသို့ စပါးခွံမီးသွေးအတောင့် (Rice Husk Charcoal) များ အမယ်သစ်အဖြစ်တင်ပို့

Hla Treasure Co., Ltd. သည် ဂျပန်နိုင်ငံသို့ စပါးခွံမီးသွေးအတောင့် (Rice Husk Charcoal) များကို ပို့ကုန်အမယ်သစ်အဖြစ် တင်ပို့သွားမယ်လို့ သိရပါတယ်။

စပါးခွံမီးသွေးအတောင့်ကို ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ ကာဗွန်ဒိုင်အောက်ဆိုဒ်လျှော့ချရေးနှင့် သစ်တောမပြုန်းတီးရေးတို့အတွက် ရည်ရွယ်ထုတ်လုပ်ခဲ့တာဖြစ်ပြီး ဆန်စက်များမှ ထွက်ရှိတဲ့ စွန့်ပစ်ပစ္စည်း (စပါးခွံ) များကို Value Added ပြုလုပ်၍ ပို့ကုန်အမယ်သစ်အနေနဲ့ တင်ပို့တာဖြစ်လို့ နိုင်ငံတော်က အထူးအားပေးသည့် စက်မှုလက်မှုအခြေခံအသေးစားနှင့် အလတ်စားလုပ်ငန်းများ (Small and Medium Enterprises- SMEs) အား ကြိုးပမ်းဆောင်ရွက်သည့်အနေဖြင့် ပြည်ပဈေးကွက်သို့ အမယ်သစ်ပစ္စည်းများကို တိုးမြှင့်တင်ပို့နိုင်တော့မှာ ဖြစ်ပါတယ်။

**Baz**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း အထွက်နှုန်းကောင်း ပီလောပီနံမျိုးသစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး ရာသီချိန်အမီဆောင်ရွက်ပြီ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပီလောပီနံအများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသော ကျုံပျော်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ခမောက်စု၊ ဟသ်ာတမြို့နယ်များတွင် ယခင်စိုက်ပျိုးနေသော ပီလောပီနံဒေသမျိုးများ နေရာတွင် အထွက်နှုန်းကောင်းသော ပီလောပီနံမျိုးများစိုက်ပျိုးနိုင်ရန် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် တိုင်းပီလောပီနံအသင်းတို့ပူးပေါင်း၍ ပီလောပီနံမျိုးသစ်များကို ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံ၊ မြဝတီ၊ မဲဆောက်မှ သွားရောက်ဝယ်ယူခဲ့ကြောင်း သိရပါတယ်။

Thai Wah ကုမ္ပဏီမှ ပံ့ပိုးကူညီမှုဖြင့် ဝှေဖုန်း ၆၀ အထွက်နှုန်းကောင်း မျိုးကိုင်း ၂၀၀၀၀ ကို သွားရောက်ဝယ်ယူ၍ ကျုံပျော်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ခမောက်စု၊ ဟသ်ာတမြို့နယ်များတွင် ပထမဦးဆုံးအကြိမ်အဖြစ် မျိုးပြောင်းလဲစိုက်ပျိုးမှာဖြစ်ကြောင်း၊ ၎င်းမျိုးများကို ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ ကန်ထရိုက်စိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးသွားမှာဖြစ်ပြီး ထွက်ရှိလာသော ပီလောပီနံများကို Thai Wah ကုမ္ပဏီမှ ပြန်လည်ဝယ်ယူကာ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချပေးသွားမှာဖြစ်ကြောင်း သိရပါတယ်။

၂၀၁၅ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် အဆိုပါ Thai Wah ကုမ္ပဏီမှ နိုင်ငံခြားသားပညာရှင်များ ပါဝင်သော အဖွဲ့သည် ဒေသတွင်း ပီလောပီနံစိုက်တောင်သူများအား စိုက်ပျိုးထုတ်လုပ်သည့် နည်းပညာများကို ရာသီချိန်အမီ လက်တွေ့သရုပ်ပြစိုက်ပျိုးပေးသွားမှာဖြစ်ပြီး ၎င်းတို့မှ နည်းပညာပေး၍ ရင်းနှီးမြှုပ်နှံမှုတို့ကိုလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တိုင်းပီလောပီနံအသင်းဥက္ကဋ္ဌ ဦးကျော်သူရက ပြောပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန် ပီလောပီနံလုပ်ငန်းများ လျှင်မြန်စွာဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေရန်သာမက အနာဂတ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် မိမိတို့လုပ်ငန်းရှင်များက ကြိုးစားဆောင်ရွက်သွားရမှာဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားပါတယ်။

**မင်းမင်းဦး - ပုသိမ်**

# စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း SRCCI အသစ်ပြန်လည်ဖွဲ့စည်းတော့မည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SRCCI) အလုပ် အမှုဆောင် အသစ်ပြန်လည်ရွေးချယ်ရန် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၅ခုနှစ်၊ ဇွန်လ ၃ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ရုံးခန်း၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။

တိုင်းဒေသကြီးဦးစီးမှူးက အဖွင့်အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်း ဒေသကြီး SRCCI ကိုစနစ်တကျဖွဲ့စည်းရန် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့က မုံရွာကုန်စည်ဒိုင်၌ကျင်းပပြုလုပ်ခဲ့ပြီး၊ သင်းဖွဲ့စည်းမျဉ်းရေးဆွဲရေး အလုပ်အမှု ဆောင်ကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါ ကော်မတီမှ အစည်းအဝေး သုံးကြိမ်ပြုလုပ်ပြီး စာပိုဒ် တစ်ပိုဒ်ခြင်းအလိုက် အသေးစိတ်ညှိနှိုင်းရေးဆွဲခဲ့ကာ သက်ဆိုင်ရာ အထက်ဌာနအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ခဲ့၍ သင်းဖွဲ့စည်းမျဉ်း မူကြမ်းထွက်လာပြီဖြစ်ကြောင်း၊ သို့ပါ၍ SRCCI အလုပ်အမှုဆောင်အသစ်ရွေးချယ်ရန် ရက်သတ်မှတ်ဖို့လိုကြောင်း၊ ယခင်အသင်းသားဟောင်းများလည်း ရှိပြီးသား ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများတွင် ဖွဲ့စည်းထားသော အသင်းအဖွဲ့များ၊ အစုအဖွဲ့များ စုစုပေါင်း ၃၀၀ ကျော်မှ ညီနောင်အသင်းများကို ရွေးချယ်ဖိတ်ခေါ်၍ SRCCI အသင်းကို Active ဖြစ်အောင်ပြန်လည်ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ကြီးကြပ်ဖွဲ့စည်းရေးကို ပြည်ထောင်စုမှ ကြီးကြပ်ဖွဲ့စည်းပေးမည်ဖြစ်ကြောင်း၊ ကျွန်တော်တို့က ကူညီရန်အသင့်ရှိပါကြောင်း၊ အသင်းဖွဲ့စည်းရန် ကြီးကြပ်ရေးကော်မတီ ငါးဦးအဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးတစ်ဦး၊ ပြည်ထောင်စုဝန်ကြီးရုံးမှ တစ်ဦး၊ UMFCCI ဗဟိုအလုပ်အမှုဆောင် တစ်ဦး၊ ဥပဒေချုပ်ရုံးမှ တစ်ဦး၊ ကုန်သည်လုပ်ငန်းရှင် (ကော်မတီအဖြစ် ရွေးချယ်ခြင်းမခံသူ) တစ်ဦး စုစုပေါင်း ငါးဦးကို ကျွန်တော်တို့မှ ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးများ၊ ရာသက်ပန်အသင်းဝင်ကြေးများ သတ်မှတ်ရန် သင်းဖွဲ့စည်းမျဉ်းရေးဆွဲရေး ကော်မတီနှင့် လက်ရှိအသင်းဟောင်း အလုပ်အမှုဆောင်များ အစည်းအဝေး တစ်ကြိမ်ပြုလုပ်သင့်ကြောင်း ပြောကြားခဲ့ပါတယ်။

အစည်းအဝေး တက်ရောက်သူများ၏ သဘောတူဆုံးဖြတ်ချက်အရ SRCCI အသင်း၏ သင်းဖွဲ့စည်းမျဉ်း(မူကြမ်း)ကို အတည်ပြုခြင်း၊ အသင်းအမှုဆောင်အဟောင်းများ နုတ်ထွက်ခြင်း၊ အသင်းအလုပ်အမှုဆောင်အသစ် ရွေးချယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း SRCCI အသစ်ပြန်လည် ဖွဲ့စည်းရန် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ရန် သတ်မှတ်ထားကြောင်း သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

# ၂၀၁၅-၂၀၁၆ မိုးစပါးရာသီ၊ ရောပုသိမ် ကုမ္ပဏီမှ တောင်သူများကို မျိုးစပါး၊ သွင်းအားစု၊ စက်သုံးဆီနှင့် လယ်ယာသုံးပစ္စည်းများ စတင်ပံ့ပိုးပေးလျက်ရှိ

ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် ၂၀၀၈-၂၀၀၉ မိုးစပါးရာသီမှစ၍ ဒေသခံ တောင်သူများ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သော မျိုးစပါး၊ သွင်းအားစု၊ စက်သုံးဆီနှင့် လယ်ယာသုံး စက်ကိရိယာများ ပံ့ပိုးပေးလျက်ရှိပြီး မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် အကျိုးတူစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် မိုးစပါးသာမက နွေစပါးရာသီမှာလည်း ဓာတ်မြေဩဇာ၊ စက်သုံးဆီများကိုလည်း ပံ့ပိုးပေးလျက်ရှိနေပါတယ်။

ဒေသခံတောင်သူများကို ပံ့ပိုးမှုများပြုလုပ်ပေးရာတွင် တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ပံ့ပိုးပေးလျက်ရှိရာ ၂၀၀၈-၂၀၀၉ ကုမ္ပဏီ စတင်ထူထောင်ချိန် မိုးစပါး ရာသီမှာ ပံ့ပိုးငွေကျပ်သိန်း ၂၀၀၀ ခန့်သာ ပံ့ပိုးပေးနိုင်သော်လည်း ၂၀၁၄-၂၀၁၅ မိုးစပါးရာသီမှာ ကျပ်သိန်းပေါင်း ၂၂၄၆၇ ကျော်အထိ ပိုမိုပံ့ပိုးပေးနိုင်ခဲ့ပါတယ်။

ယခုနှစ် ၂၀၁၅-၂၀၁၆ မိုးစပါးရာသီမှာတော့ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့် မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ အိမ်မဲမြို့နယ်၊ မြောင်းမြမြို့နယ်များရှိ မိုးစပါးစိုက်ပျိုးမည့် ကျေးရွာ ၂၈ ရွာ၊ တောင်သူဦးရေ ၁၁၀ ဦးတို့အတွက် ဇီဝမြေဩဇာ ၄၀၀၄ အိတ်၊ ဒီဇယ်ပေပါ ၃၄ ပေပါ၊ ပေါ်ဆန်းကြီးမျိုးစပါး ၁၁၇ တင်း ၊ ပေါ်ဆန်းယဉ်မျိုးစပါး ၁၃၉၅ တင်း၊ ဆင်းသွယ်လတ် မျိုးစပါး ၅၀၅ တင်း၊ ဆင်းသုခမျိုးစပါး ၃၅၇ တင်းနှင့် ဧရာမင်းမျိုးစပါး ၁၁၇ တင်းတို့ကို ပံ့ပိုးပေး ပြီး မျိုးသန့်စပါးဆက်လက်စိုက်ပျိုးမည့် တောင်သူများကိုလည်း မျိုးစပါးများ ဆက်လက်ထုတ်ပေးလျက်ရှိကြောင်း၊ ဧရာပုသိမ်ကုမ္ပဏီ စီမံကိန်းမန်နေဂျာ ဦးဝင်းကြည် က ပြောပါတယ်။

ဇီဝမြေဩဇာ ပံ့ပိုးရာတွင်လည်း ယခင်နှစ်က အိတ်ရေ ၁၃၁၃၅ အိတ်ပံ့ပိုးပေး နိုင်ခဲ့သော်လည်း လက်ရှိတွင် အိတ်ရေ ၄၀၀၄ အိတ်ပံ့ပိုးပေးပြီး၊ ယခုနှစ်မှာ ယခင် နှစ်ထက် ၂ ဆတိုး၍ အိတ်ရေ ၂၅၀၀၀ ခန့် တိုးမြှင့်ပံ့ပိုးရန် လျာထားကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေမှာလည်း ယခုအချိန် ၂၀၁၅ ခုနှစ် မေလ ၃၁ ရက်နေ့အထိ ကျပ်သိန်း ၆၁၉ သိန်းသာ ပံ့ပိုးပေးပြီးသော်လည်း ပံ့ပိုးချေးငွေများကို ဆက်လက် ထုတ်ပေးလျက်ရှိပြီး အောက်တိုဘာလ ပထမပတ်အထိ ပံ့ပိုးငွေများထုတ်ချေးသွားမှာဖြစ်ကြောင်း ယခင်နှစ်ကာလတူနည်းတူ ကျပ်သိန်းပေါင်း ၂၀၀၀၀ ကျော် ပံ့ပိုးပေးနိုင်ရန် လျာထားကြောင်း ၎င်းကဆက်လက်ပြောကြားပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Fax:081-2121093,Ph:081-2121627<br>email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။<br>Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

# အာဆီယံအနာဂတ် FTA စေ့စပ်ညှိနှိုင်းမှုများအတွက် ဗီယက်နမ်က အရေးပါလာ

ရုရှားနိုင်ငံက ကျောထောက်နောက်ခံပေးထားတဲ့ ဥရောပအာရှ စီးပွားရေးသမဂ္ဂ (Eurasian Econo mic Union-EEU) နဲ့ ဗီယက်နမ်နိုင်ငံတို့ လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ် (Free Trade Agreement-FTA) ကို လက်မှတ်ရေးထိုးခဲ့ရာ အာရှနိုင်ငံတွေထဲမှာ ဒီလိုလက်မှတ်ရေးထိုးနိုင်တဲ့ ပထမဆုံးနိုင်ငံဖြစ်ခဲ့ပါတယ်။

ဗီယက်နမ်နိုင်ငံဟာ ၁၉၉၅ ခုနှစ်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ မဏ္ဍိုင်သုံးရပ် "Three Pillars" အစီအစဉ်ကို ကြေညာခဲ့ပါတယ်။ ဒီအစီအစဉ်အရ ပြည်သူ့ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနဲ့ ဘဏ္ဍာရေးကဏ္ဍ တို့ ကိုပြန်လည်ဖွဲ့စည်းတည်ဆောက်ခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံစီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ လွတ်လပ်ပွင့်လင်းမှုတွေ ရှိလာခဲ့ပါတယ်။ ဒီလိုအခြေအနေမျိုးတွေကြောင့် ဗီယက်နမ်နိုင်ငံက ယခုနှစ်ကုန်မှာထူထောင်မယ့် အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community-AEC) နဲ့ ကိုက်ညီအောင်ဆောင်ရွက်ဖို့ လိုအပ်လာပါတယ်။

ဒီလုပ်ငန်းတွေကိုပြည့်စုံအောင် ဆောင်ရွက်ပြီးတဲ့အခါ အခြားအာဆီယံနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနဲ့ ထိုင်းနိုင်ငံတို့နည်းတူ ဗီယက်နမ်နိုင်ငံကလည်း သွင်းကုန်အားလုံးရဲ့ ၇၉ ရာခိုင်နှုန်းကို အခွန် သုညရာခိုင်နှုန်းထိလျှော့ချပေးတော့မှာ ဖြစ်ပါတယ်။ တရုတ်၊ အိန္ဒိယနဲ့ အာဆီယံတို့ချုပ်ဆိုထားတဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်အရ ဒီအပြန်အလှန်သဘောတူညီချက်ကိုလည်း တိုးချဲ့ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ တရုတ်နဲ့ ဗီယက်နမ်တို့ရဲ့ ကုန်သွယ်မှုကလည်း ၂၀၁၆ ခုနှစ် ဇန်နဝါရီကစပြီး ထူးထူးခြားခြား တိုးတက်လာတော့မှာဖြစ်ပါတယ်။

ဒါပေမဲ့ EEU နဲ့ ချုပ်ဆိုထားတဲ့ သဘောတူညီချက်အရ ဗီယက်နမ်နိုင်ငံက သူ့သဘောနှင့်သူစေ့စပ်ညှိနှိုင်းမှုများကို ဆောင်ရွက်နိုင်မှာဖြစ်ပြီး ဒေသဆိုင်ရာမှာရှိတဲ့ သူ့ရဲ့အခန်းကဏ္ဍ ကို ဦးဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံက ဥရောပသမဂ္ဂ (အီးယူ) နဲ့ FTA သဘောတူစာချုပ် ချုပ်ဖို့ စေ့စပ်ညှိနှိုင်းလျက်ရှိပါတယ်။ အောင်မြင်မှုရရှိပါက တရုတ်နဲ့ အာရှ အခြေစိုက်ကုန်ထုတ်လုပ်ငန်းတွေက အီးယူဈေးကွက်ကိုဝင်နိုင်ဖို့အတွက် ဗီယက်နမ်မှာ လာရောက်ရင်းနှီးမြှုပ်နှံကြတော့မှာ ဖြစ်ပါတယ်။

# အာဆီယံဒေသက အာရှဒေသရဲ့တန်ဖိုးနည်း ထုတ်လုပ်မှုစွမ်းအားရှင် ဖြစ်လာနိုင်

တရုတ်နိုင်ငံရဲ့ ပုလဲမြစ်ဝကျွန်းပေါ်ဒေသ (Pearl River Delta-PRD) စက်ရုံရပ်ဝန်းမှာ လုပ်ခလစာတွေက တရွေ့ရွေ့မြင့်တက်လာပြီဖြစ်တဲ့အတွက် အာဆီယံဒေသက အာရှဒေသရဲ့ တန်ဖိုးနည်း ထုတ်လုပ်မှုစွမ်းအားရှင်ဒေသတစ်ခုအဖြစ်ရောက်ရှိလာနိုင်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဘီနားမားသတင်းမှာ ဖော်ပြ ထားပါတယ်။

တရုတ်နိုင်ငံရဲ့ လုပ်ခယှဉ်ပြိုင်နိုင်မှုစွမ်းရည် ကျဆင်းလာတာကိုတွေ့ရတဲ့အတွက် အာဆီယံဒေသရဲ့ ကုန်ကျစရိတ်သက်သာမှုနဲ့ လုပ်သားအင်အားအများအပြားရရှိနိုင်မှုတို့ကြောင့် လာမယ့်နှစ်နှစ်ဆယ်အတွင်းအကျိုးအမြတ်တွေရရှိနိုင်ကြောင်း စတန်းဒတ်ချာတာဘက်မှ အကြီးတန်းစီးပွားရေးပညာရှင် ကယ်လ်ဗင်လောက ပြောပါတယ်။

တရုတ်နိုင်ငံနဲ့ ပထဝီဝင်အနေအထားအရ ဗီယက်နမ်နိုင်ငံက PRD မှတစ်ဆင့် တန်ဖိုးနည်းထုတ်လုပ်မှုလုပ်ငန်းတွေပြောင်းရွှေ့လာတဲ့အခါ အကြီးမားဆုံး အကျိုးခံစားခွင့်ရတဲ့နိုင်ငံတွေအနက် အခွင့်အရေးအများဆုံးရမယ့် နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း သူကပြောပါတယ်။

"ဗီယက်နမ်ကိုလုပ်ငန်းတွေရွှေ့လာရင် ကုန်ထုတ်လုပ်မှုစရိတ်ကို ပျမ်းမျှ ၁၉ ရာခိုင်နှုန်းလျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကမ္ဘောဒီးယားနိုင်ငံမှာ လုပ်ခလစာက ၂၀ ရာခိုင်နှုန်းအထိ သက်သာနိုင်ပါတယ်"လို့ လောကပြောပါတယ်။

အားလုံးကိုခြုံကြည့်ရင်တော့ အာဆီယံမှာ ကုန်ချော ထုတ်လုပ်မှုစွမ်းဆောင်ရည်အမျိုးမျိုးကွဲပြားနေတာကို တွေ့ရပါတယ်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှာ ကုန်ထုတ်လုပ်မှုလျော့ကျနေပြီး ထိုင်း၊ မလေးရှားနဲ့ ဖိလစ်ပိုင်တို့မှာတော့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေရဲ့ကုန်ကျစရိတ်က အနိမ့်အမြင့်အမျိုးမျိုးရောထွေးနေပါတယ်။ စင်ကာပူမှာတန်ဖိုးမြင့်ထုတ်လုပ်မှုစွမ်းရည်မြင့်မားပါတယ်။

ဒါပေမယ့် ဒီလိုစွမ်းအင်တွေအမျိုးမျိုးကွဲပြားနေတာကို အကျိုးပိုမိုရှိစေချင်ရင် အာဆီယံပေါင်းစည်းမှုကိုအောင်မြင်အောင်ဆောင်ရွက်ဖို့လိုကြောင်း သူကပြောပါတယ်။

# ဒိုဟာကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းမှုတွေ တိုးတက်မှုနှေးကွေးနေလို့ ဒဗလျူတီအိုက စိတ်ပူ




ဒိုဟာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နဲ့ပတ်သက်ပြီး ကျန်ရှိနေသေးတဲ့ ပြဿနာတွေကို စေ့စပ်ညှိနှိုင်းရာမှာ တိုးတက်မှုနှေးကွေးနေတဲ့အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇယ်ဗယ်ဒိုက စိုးရိမ်မိကြောင်း ရှင်ဝှာသတင်းမှာ ဖော်ပြပါတယ်။

"မကြာသေးမီ ရက်သတ္တပတ်များအတွင်းက ဆွေးနွေးညှိနှိုင်းမှုတွေအရ လယ်ယာစိုက်ပျိုးရေး၊ စက်မှုထုတ်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေရဲ့ အဓိကနယ်ပယ်တွေမှာ တိုးတက်မှုတွေရရှိအောင် မဆောင်ရွက်နိုင်တဲ့အတွက် စိုးရိမ်စိတ်တွေပိုမိုခဲ့ရပါတယ်"လို့ အဇယ်ဗယ်ဒိုက ပြောပါတယ်။

ဒဗလျူတီအို အဖွဲ့ဝင်နိုင်ငံတွေရဲ့ အစည်းအဝေးကို ဂျနီဗာမှာ ဇွန်လ ၁ ရက်နေ့ကကျင်းပပြီး ဒိုဟာဆွေးနွေးမှုတွေ အပြီးသတ်သဘောတူညီမှု ရရှိရေးအတွက် လုပ်ငန်းအစီအစဉ်ချမှတ်နိုင်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ ဒဗလျူတီအို အကြီးအကဲက မကြာသေးမီက ဆောင်ရွက်မှု အသေးစိတ်ကို အဖွဲ့ဝင်နိုင်ငံတွေကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဒီအထဲမှာ ဒိုဟာပြဿနာတွေ ပါဝင်ပြီး လုပ်ငန်းအစီအစဉ်ချမှတ်ရေး ကိစ္စမှာလည်း လွယ်ကူသောကိစ္စ မဟုတ်ကြောင်းလည်း သတိပေးစကားပြောကြားခဲ့ပါတယ်။

ဒဗလျူတီအိုအတွက် လိုအပ်နေတဲ့ ရလဒ်တွေ ထွက်ပေါ်လာဖို့နဲ့ နိုင်ရိုဘီမှာ ဒီဇင်ဘာလအတွင်းကျင်းပမယ့် ဝန်ကြီးအဆင့် အစည်းအဝေး အောင်အောင်မြင်မြင်ဖြစ်ဖို့အတွက်အဓိကပြဿနာတွေမှာ သဘောတူညီမှုရဖို့ လိုပါတယ်။ ဒီလိုသဘောတူညီချက်ရဖို့အတွက် ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံတွေက စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း သူက သတိပေးစကား ပြောကြားပါတယ်။

ဒီလုပ်ငန်းစဉ်ကို နောင်လာမယ့် ရက်သတ္တပတ်တွေမှာ ပြုလုပ်မယ့် ဒဗလျူတီအိုရဲ့ စေ့စပ်ညှိနှိုင်းရေးအုပ်စုတွေရဲ့ ဆွေးနွေးမှုတွေမှာ ဆက်လက်ဆွေးနွေးမှာဖြစ်ကြောင်း အဇယ်ဗယ်ဒိုက ပြောပါတယ်။

၂၀၁၃ ခုနှစ်က ဘာလီမှာပြုလုပ်တဲ့ ဆွေးနွေးချက်တွေကို အောင်မြင်အောင်အကောင်အထည်ဖော်မယ့် စေ့စပ်ညှိနှိုင်းမှုတွေမှာ ထင်သာမြင်သာရှိဖို့နဲ့ အလုံးစုံပါဝင်မှုရှိအောင် ဆောင်ရွက်ဖို့လည်း အဇယ်ဗယ်ဒိုက ကတိပြုပါတယ်။

# အီးကောမတ်စ်က အာဆီယံလက်လီရောင်းချမှု ဖွံ့ဖြိုးရေးကို မြှင့်တင်မည်

အီးကောမတ်စ်က အာဆီယံလက်လီရောင်းချမှု လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေပြီး စားသုံးသူများနှင့် လက်လီလုပ်ငန်းရှင်များကို အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း အာဆီယံစီးပွားရေးလုပ်ငန်း အကြံပေးကောင်စီ (ASEAN BAC) ရဲ့ နောက်ဆုံးထုတ်အစီရင်ခံစာကို ကိုးကားပြီး ဘရူနိုင်းတိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

စီးပွားရေးလုပ်ငန်းများက ဖောက်သည်ကို အင်တာနက်မှတစ်ဆင့်ချိတ်ဆက် ရောင်းချမှုက ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ စုစုပေါင်းရောင်းချမှုရဲ့ ရှစ်ရာခိုင်နှုန်းရှိပြီး အာဆီယံဒေသမှာ တစ်ရာခိုင်နှုန်းသာရှိကြောင်း ၂၀၁၅ ခုနှစ် အစီရင်ခံစာမှာ ASEAN BAC က ဖော်ပြပါတယ်။

ကမ္ဘာ့စီမံခန့်ခွဲမှု အတိုင်ပင်ခံအဖွဲ့ဖြစ်တဲ့ AT Kearney ရဲ့အဆိုအရ အမေရိကန်ပြည်ထောင်စု၊ တရုတ်နဲ့ ယူကေတို့ထိပ်ဆုံးက ဦးဆောင်နေတဲ့ စာရင်းရဲ့ ထိပ်ဆုံးနေရာ ၃၀ အနက် အာဆီယံနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ စင်ကာပူနိုင်ငံ တစ်နိုင်ငံတည်းသာ ပါရှိနေတာကို တွေ့ရပါတယ်။ ဒီအဖွဲ့က ပြုစုတဲ့ 2015 Global Retail E-Commerce Index ဖော်ပြချက်အရ အွန်လိုင်းဈေးကွက်ဆွဲဆောင်မှုမှာ စင်ကာပူက ညွှန်ကိန်း ၄၁ ဒသမ ၅ နဲ့ အမှတ် ၁၄ နေရာမှာ ရှိနေပါတယ်။

စားသုံးသူတွေ ဈေးဝယ်ရာမှာ ပိုမိုလွယ်ကူမှုရှိစေတဲ့အတွက် အာဆီယံလက်လီရောင်းချမှုက ကဏ္ဍပေါင်းစည်းရေးအတွက် အီး-ကောမတ်နည်းပညာကအရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေကြောင်း ASEAN BAC က ပြောပါတယ်။ အီးကောမတ်စ်ကလက်ရှိစီးပွားရေးလုပ်ငန်းတွေကို အဟန့်အတားအနှောင့်အယှက် မဖြစ်စေဘဲ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူပေးပါတယ်။

ဒါပေမယ့် အီး-ကောမတ်စ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အာဆီယံဒေသရဲ့ ထောက်ပံ့ပို့ဆောင်ရေး ကောင်းမွန်ဖို့နဲ့ အွန်လိုင်းက ငွေပေးချေမှုစနစ်ကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ဖို့ ငွေကြေးလုပ်ငန်းတွေကို ဆက်သွယ်မှုလွယ်ကူအောင် အာဆီယံက ဆောင်ရွက်ပေးဖို့လိုကြောင်း ASEAN BAC ကောင်စီက ပြောပါတယ်။

ထို့အတူ အာဆီယံကဒေသတစ်ခုလုံးကိုလွှမ်းခြုံနိုင်မယ့် အီးကောမတ်စ်ငွေပေးချေမှု စည်းမျဉ်းစည်းကမ်းတွေထုတ်ပြန်ပြီး ကုမ္ပဏီက သူတို့ရဲ့ ဖောက်သည်တွေကို ဖော်ထုတ်ရာမှာ အကူအညီပေးဖို့ အာဆီယံက စဉ်းစားသင့်ကြောင်း ဖော်ပြထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# မလေးရှားအဲလိုင်းပြန်လည်အကျိုးဖြစ်ထွန်းမယ့် စီမံကိန်းကို ချမှတ်




ဆုံးရှုံးမှုတွေနဲ့ကြုံတွေ့နေရတဲ့ အမျိုးသားလေကြောင်းလိုင်းအတွက် အကျိုးအမြတ်များ ပြန်လည်ရရှိစေမယ့် အစီအမံတွေကို အသစ်ခန့်အပ်လိုက်တဲ့ မလေးရှားအဲလိုင်း အမှုဆောင်အရာရှိချုပ်အသစ်က ထုတ်ပြန်လိုက်ကြောင်းနဲ့ စီမံကိန်းထဲမှာ လုပ်သား အင်အားလျှော့ချရေး၊ ဆုံးရှုံးမှုဖြစ်စေမယ့် အရင်းအမြစ်တွေဖယ်ရှားရေးနဲ့ အဓိကကျတဲ့ ပဋိညာဉ်စာချုပ်တွေ စေ့စပ်ညှိနှိုင်းရေးစတဲ့ အချက်တွေပါဝင်ကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြထားပါတယ်။

ဒီရည်မှန်းချက်ကို ပြည့်ဝစေဖို့အတွက် ဝန်ထမ်း နှစ်သောင်းကျော်ထံသို့ အလုပ်မှရပ်ဆိုင်းကြောင်း အကြောင်းကြားစာများ ပေးပို့ထားပြီး အသစ်ဖွဲ့စည်းလိုက်တဲ့ကုမ္ပဏီမှာ လုပ်သားအင်အားရဲ့ သုံးပုံနှစ်ပုံကိုသာ ဆက်လက်ခန့်ထားသွားမှာဖြစ်ပါတယ်။

ကုမ္ပဏီရဲ့ စီးပွားရေးအခြေအနေက ၂၀၁၈ ခုနှစ်မှာ အကျိုးအမြတ် ပြန်လည်ဖြစ်ထွန်းလာလိမ့်မယ်လို့ ဆိုပါတယ်။

ကုမ္ပဏီက MH 17 နဲ့ MH 370 စတဲ့ ကြေကွဲဝမ်းနည်းဖွယ်ဖြစ်ရပ်တွေ ၂၀၁၄ ခုနှစ်မှာ မကြုံတွေ့ရခင်ကတည်းက ငွေကြေးဆုံးရှုံးမှုတွေရှိခဲ့ပြီး စာရင်းဇယားတွေအရ ဒေဝါလီခံရမယ့် အနေအထားကို ရောက်ရှိနေကြောင်း အမှုဆောင်အရာရှိချုပ် ခရစ်စတိုမူလာက ဇွန် ၁ ရက်နေ့က ပြောပါတယ်။

ပိုင်ဆိုင်ပစ္စည်းတွေ ပြန်လည်ရောင်းချခြင်း၊ ခရီးစဉ်များကို လျှော့ချခြင်းနဲ့ စက်တင်ဘာမှာ ကုမ္ပဏီသစ်ပြန်လည်ဖွဲ့စည်းနိုင်ရေး အတွက် ဆောင်ရွက်မှုများပြုလုပ်ပြီး လေကြောင်းလိုင်း ပြုပြင်ပြောင်းလဲမှုများကို အပြည့်အဝ ဆောင်ရွက်ခဲ့ပါတယ်။

ဒါပေမဲ့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရာမှာမလေးရှားအဲလိုင်းရဲ့ ဝန်ထမ်းတွေက အထိအခိုက်အများဆုံးဖြစ်ပြီး ဝန်ထမ်းအင်အား နှစ်သောင်းအနက် တစ်သောင်းလေးထောင်လောက်သာ ကုမ္ပဏီသစ်မှာ ပြန်လည်ဝင်ရောက်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

# ဗီယက်နမ်မှာ မီးမဖုတ်ရတဲ့ အုတ်သုံးစွဲမှု မြင့်တက်

ဗီယက်နမ်မှာ မီးဖုတ်ရန်မလိုတဲ့အုတ် ထုတ်လုပ်အသုံးပြုမှုမြင့်တင်ဖို့ စီမံကိန်းတစ်ခုကို ချမှတ်အကောင်အထည်ဖော်ဖို့ အတွက် ကွန်ဖရင့်တစ်ခုကို ဟန်နွိုင်းမြို့မှာ ကျင်းပခဲ့ကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ဗီယက်နမ်ရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) တို့ ပူးတွဲစီစဉ်ကျင်းပတဲ့ ကွန်ဖရင့်က စီမံကိန်းဆိုင်ရာ အချက်အလက်တွေ မဟာဗျူဟာတွေနဲ့ အစီအစဉ်တွေကို ချမှတ်ပေးပြီး အများပြည်သူတွေရဲ့ စိတ်ဝင်စားမှုကိုဆွဲ ဆောင်ဖို့ ရည်မှန်းချက်ထားပါတယ်။

ထိုနည်းတူ လုပ်ငန်းအောင်မြင်ရေးအတွက် အဖွဲ့အစည်းများနဲ့ စီးပွားရေးလုပ်ငန်းများရဲ့ သဘောထားများကို ရယူဖို့ ရည်မှန်းချက်ထားပါတယ်။

ကမ္ဘာ့ရာသီဥတုက ပြောင်းလဲနေတဲ့အတွက် ဖန်လုံအိမ်ဓါတ်ငွေ့ (Greenhouse Gas- GHG) ထုတ်လွှတ်မှုလျှော့ချရေးက အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေကြောင်း သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ထရန်ဗန်တန်းက ပြောပါတယ်။

စီမံကိန်းရဲ့ ရည်မှန်းချက်က ရုပ်ကြွင်းလောင်စာ အသုံးပြုမှုကိုလျှော့ချဖို့နဲ့ ဗီယက်နမ်မှာ မီးနဲ့မဖုတ်ရတဲ့အုတ်ကိုအသုံးပြုခြင်း ဖြင့် မီးဖုတ်အုတ်တွေ ထုတ်လုပ်တဲ့အခါ သုံးတဲ့မြေကောင်းတွေပျက်စီးမှုလျော့ကျတဲ့အပြင် နှစ်စဉ်ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကိုလျှော့ချသွားဖို့ ဖြစ်ပါတယ်။



ဒီစီမံကိန်းကို (Global Environment Facility-GEF) က ထောက်ပံ့ကူညီမှုပေးထားပြီး ငါးနှစ်စီမံကိန်းအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၃၉ သန်းရှိပါတယ်။ ဒီထောက်ပံ့ငွေကို GEF ကနေတစ်ဆင့် ပေးတာဖြစ်ပြီး ပြန်လည်ပေးဆပ်ရမှာ မဟုတ်ပါဘူး။

ပထမငါးနှစ်စီမံကိန်း (၂၀၁၅-၁၉) မှာ တိုက်ရိုက် GEF လျှော့ချမှုက 383 Ktonnes CO2 ဖြစ်ပြီး၊ သွယ်ဝိုက်လျှော့ချ မှုက 13409 Ktonnes CO2 ရှိမှာဖြစ်ပါတယ်။

# ထိုင်းနိုင်ငံက စွမ်းအင်သုံးစွဲမှုကို လျှော့ချမည်

ထိုင်းကုမ္ပဏီတွေက ဆောက်လုပ်ရေးလုပ်ငန်းလိုင်စင်လျှောက်ထားမည်ဆိုပါကအဆောက်အအုံတွေရဲ့ စွမ်းအင်သုံးစွဲမှုကို ၂၀၁၀ ပြည့်နှစ် အခြေခံထားပြီး ဒီအခြေခံအောက် ၃၀ ရာခိုင်နှုန်းလျှော့ချနိုင်မဲ့ နည်းပညာကိရိယာတွေကို အသုံးပြု ဖို့လိုအပ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ECO ဆိုတဲ့ တံဆိပ်ကပ်နှိပ်ရမဲ့ ထုတ်ကုန်တွေရဲ့အမည်စာရင်းကိုလည်း တက်ဘလက်နဲ့မိုဘိုင်းဖုန်းကဲ့သို့သော ကိရိယာသစ်များအထိတိုးချဲ့၍ သတ်မှတ်ပေးသွားပြီး စွမ်းအင်ကုန်ကျမှုသက်သာတဲ့ ကိရိယာတွေကိုသာ သုံးစွဲလာအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်ကို အခြေခံထားပြီးတွက်ချက်ပါက ၂၀၃၆ ခုနှစ်မှာ ထိုင်းနိုင်ငံရဲ့ စွမ်းအင်သုံးစွဲမှုကို ၃၀ ရာခိုင်နှုန်းကိုလျှော့ချဖို့ စီစဉ်ဆောင်ရွက်လျက်ရှိရာ အထက်ပါဆောင်ရွက်ချက်များမှာ စွမ်းအင်၊ ဝန်ကြီးဌာနက ချမှတ်ထားတဲ့ အစီအမံများအနက် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ပါတယ်။ စွမ်းအင်ချွေတာရေး ပေါင်းစည်းမှု အစီအစဉ်ကို ချမှတ်ဆောင်ရွက်ရာမှာ လက်ရှိစက်မှုနဲ့ စီးပွားရေးလုပ်ငန်းသုံးအဆောက်အအုံများ၊ အဆောက်အအုံသစ်များအားလုံး၊ အီလက်ထရွန်းနစ်နဲ့ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ၊ ပြည်သူ့အသုံးအဆောင်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနဲ့ အစိုးရအေဂျင်စီများကို ပိုမိုတင်းကျပ်စွာချမှတ်ကျင့်သုံးသွားဖို့ ဖြစ်ပါတယ်။

ယနေ့ခေတ်အသုံးပြုနေတဲ့ ခေတ်မီနည်းပညာတွေနဲ့ အနာဂတ်မှာ အသုံးပြုမဲ့နည်းပညာတွေအရ ရည်မှန်းချက်ကိုပြည့်မီအောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနရဲ့ အမြဲတမ်းလက်ထောက်အတွင်းဝန် တွာရပ်ဆုတာဘတ်က ပြောပါတယ်။ ပိုမိုကောင်းမွန်တဲ့ မဟာဗျူဟာချမှတ်နိုင်ဖို့အတွက် အာဏာပိုင်တွေကကြိုးပမ်းဆောင်ရွက်ရာမှာ စွမ်းအင်ချွေတာရေးကို အဓိကအာရုံထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

စွမ်းအင်ဖြန့်ဖြူးရေးဘက်က ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်နေတဲ့နည်းတူ ရေရှည် အမျိုးသားစွမ်းအင်ဖူလုံမှုနဲ့ ရာသီဥတုပြောင်းလဲတာကို တိုက်ဖျက်မှုတို့ကို ဆောင်ရွက်နိုင်ဖို့အတွက် စွမ်းအင်သုံးစွဲမှုတွေကို လျှော့ချသုံးစွဲဖို့ လိုအပ်မှာဖြစ်ပါတယ်။

## ဘေးကင်းလုံခြုံရေး စနစ်တွေကို လိုက်နာဖို့ ဖိလစ်ပိုင် စီးပွားရေး လုပ်ငန်းတွေကို သတိပေး

ဘေးကင်းလုံခြုံရေး စံနှုန်းတွေကို လိုက်နာမှုမရှိရင် လုပ်ငန်းဆောင်ရွက်ဖို့ ခွင့်ပြုမိန့်တွေကို ရုပ်သိမ်းမယ်လို့ စီးပွားရေးလုပ်ငန်းတွေကို ဖိလစ်ပိုင်သမ္မတဘင်နင်္ဂနိုအက်ကွီနို (၃) က ဇွန်လ ၁ ရက်နေ့မှာ ပြောကြောင်းရှင်ဟွာသတင်းမှာ ဖော်ပြပါ တယ်။

အမျိုးသားမြို့တော် နယ်မြေမှာရှိတဲ့ စီးပွားရေးလုပ်ငန်း သုံးသိန်းကို စစ်ဆေးဖို့ အမိန့်ပေးထားပြီးဖြစ်ကြောင်း အာကွီနိုက ပြောပါတယ်။

"မီးဘေးကာကွယ်ရေး ဗျူရို (Bureau of Fire Protection-BFP) က မီးဘေးအန္တရာယ်လုံခြုံမှုကို စစ်ဆေးရပါမယ်။ အောင်မြင်မှုရှိရင် စီးပွားရေးလုပ်ငန်းဆောင်ရွက်ဖို့ ကြိုတင်လိုအပ်ချက်ဖြစ်တဲ့ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရပါမယ်"လို့ သူက ပြောပါတယ်။

ဒါပေမယ့် စစ်ဆေးချက်မအောင်မြင်ဘူးဆိုရင်တော့ အစိုးရက ဆုပေးဒဏ်ပေးစနစ်ကို အကောင်အထည်ဖော်ရပါလိမ့်မယ်။

"ဒဏ်ပေးမယ့် အချိန်ကတော့ ဥပဒေကို ဖောက်ဖျက်တဲ့အချိန်ဖြစ်ပါတယ်။ ဆုပေးတာကတော့ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်စွမ်းမရှိတဲ့သူတွေအတွက်ဖြစ်ပါတယ်။ ဒီဥပဒေအားလုံးကို လိုက်နာဖို့အတွက် သူတို့ရဲ့ စွမ်းဆောင်ရည်တွေကိုမြင့်တက်လာအောင် ဆောင်ရွက်ရာမှာ ကျွန်တော်တို့က အကူအညီပေးတာကတော့ ဆုပေးတာပါပဲ"လို့ အာကွီနိုက ပြောပါ တယ်။

မနီလာမြို့တော် ဗာလင်ဇွဲလားဒေသမှာ မေလ ၁၃ ရက်နေ့ကဖိနပ်စက်ရုံတစ်ရုံကို မီးလောင်ခံရမှုကြောင့် လူ ၇၂ ဦးသေဆုံးခဲ့ရတဲ့အတွက် စီးပွားရေးလုပ်ငန်းတွေကိုစစ်ဆေးဖို့ သမ္မတက အမိန့်ပေးတာ ဖြစ်ပါတယ်။

ဒီလိုကြေကွဲဖွယ်ဖြစ်ရပ်မျိုးနောက်တစ်ကြိမ်ထပ်မဖြစ်အောင် ဆောင်ရွက်ဖို့ ဆန္ဒရှိကြောင်း အာကွီနိုကပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ဂျပန်**

ဂျပန်နိုင်ငံတွင် အကြီးမားဆုံး လက်လီရောင်းချရေးကုမ္ပဏီတစ်ခု ဖြစ်တဲ့ Aeon Co. က မွေးမြူရေးစခန်းများမှ ထုတ်လုပ်သော တူနာငါးများကို တိုကျိုရှိ စူပါမားကက်များတွင် ဇွန်လ ၄ ရက်မှစ၍ စတင်ရောင်းချခဲ့ရာ ပစိဖိတ်သမုဒ္ဒရာတွင် ငါးများလွန်ကဲစွာ ဖမ်းဆီးမှုများဖြစ်ပွားပြီးနောက်ပိုင်း ဝယ်လိုအားမြင့်တက်လာမယ်လို့ ခန့်မှန်းကြောင်း အဆာဟိသတင်းမှာဖော်ပြထားပါတယ်။

**စင်ကာပူ**

စင်ကာပူ အိုးအိမ်ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (HDB) အခန်းတွေရဲ့ မေလအတွက်ဈေးနှုန်းက ယခင်ဧပြီလကအတိုင်းရှိနေပြီးအပြောင်းအလဲ မရှိသလောက်ဖြစ်နေကြောင်း စင်ကာပူအိမ်ခြံမြေအဖွဲ့ (Singapore Real Estate Exchange-SRX) က ဇွန်လ ၄ရက်နေ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး ရှင်ဝှာသတင်းမှာ ဖော်ပြပါတယ်။

**ဗင်္ကလားဒေ့ရှ်**

ဘတ်ဂျက်တန်ဖိုး ကျဆင်းမှုနဲ့ တခြားနိုင်ငံတွေမှာ စီးပွားရေးနာလန်ထူမှုတို့ကြောင့် ထိုင်းနိုင်ငံရဲ့ ပို့ကုန်က ယခုနှစ်ကျန်လတွေမှာ တိုးတက်ကောင်းမွန်လာပြီး ယခုနှစ်အတွက် ပို့ကုန်ရည်မှန်းချက်အဖြစ်ထားရှိတဲ့ ၁ ဒသမ ၂ရာခိုင်နှုန်းကို ပြည့်မီအောင်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဗိုလ်ချုပ်ကြီးချွတ်ချိုင်းဆာရီကူလျာရဲ့ပြောကြားချက်ကို ကိုးကားပြီး နေရှင်းသတင်းမှာ ဖော်ပြပါတယ်။

**ဗီယက်နမ်**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီတီတွင် အောက်တိုဘာလမှာ ကျင်းပမယ့် ပထမဆုံးအကြိမ်အိုင်တီဆွေးနွေးပွဲဖြစ်တဲ့ Viet Nam IT Outsourcing Conference ကို ကျင်းပမှာဖြစ်ပြီး ကွန်ဖရင့်မှာ ဗီယက်နမ်နိုင်ငံကို အဲဒီ IT Outsourcing ဒေသအဖြစ် အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲကို ကျင်းပမည့်အပြင် လုပ်ငန်းတစ်ခုချင်းစီတွေ့ဆုံပွဲ (Business Matching) ကိုပါ ကျင်းပမှာဖြစ်ကြောင်း VNS သတင်းမှာဖော်ပြပါတယ်။

## EU

# စီးပွားရေးမူဝါဒ အစည်းအဝေးမှာ အီးစီဘီက စီးပွားရေးနဲ့ပတ်သက်ပြီး သတိထားနေရဆဲဖြစ်

ဥရောပဗဟိုဘဏ် (အီးစီဘီ) က ဆောင်ရွက်လျက်ရှိတဲ့ အငြင်းပွားဖွယ် ဘွန်းစာချုပ်ဝယ်ယူရေးအစီအစဉ်က ချောမွေ့လျက်ရှိကြောင်း ဗဟိုဘဏ်က ပြောကြားလျက်ရှိပေမယ့် ဇွန်လ ၃ ရက်နေ့ကကျင်းပတဲ့ အစည်းအဝေးမှာ ယူရိုနယ်မြေအလားအလာနဲ့ ပတ်သက်ပြီး ပြောကြားရာမှာ သတိထားပြီးပြောကြားလျက်ရှိနေကြောင်း လေ့လာဆန်းစစ်သူတွေရဲ့ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

အီးစီဘီရဲ့ မူဝါဒချမှတ်ရေးကောင်စီက ပုံမှန်မူဝါဒအစည်းအဝေးမှာ တစ်စုံတစ်ရာဆုံးဖြတ်ချက်ကို ချမှတ် ကြေညာမယ့် လက္ခဏာမရှိကြောင်း ဗဟိုဘဏ်လေ့လာသူတွေက ခန့်မှန်းကြပါတယ်။

ထိုဆုံးဖြတ်ချက်အစား ယခုအချိန်အထိ ဆောင်ရွက်ခဲ့ပြီးတဲ့ အစီအစဉ်ရဲ့ ထိရောက်မှုနဲ့ ဂရိနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့အခြေအနေတွေနဲ့ ပတ်သက်ပြီး အီးစီဘီဥက္ကဋ္ဌက ပြောကြားမယ့် ဝေဖန်ချက်ကိုသာ နားစွင့်လျက်ရှိကြောင်း လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။

အီးစီဘီရဲ့ အစည်းအဝေးမှာ ဘာဆုံးဖြတ်ချက်မှချမှာ မဟုတ်ပါဘူးလို့ ဘာရင်းဘတ်ဘဏ်မှ စီးပွားရေးပညာရှင်ခရစ္စယံရှုက ပြောပါတယ်။ ဒါပေမယ့် ဒရပ်ဂီက စီးပွားရေးအလားအလာနဲ့ ပတ်သက်ပြီး သတိထား ပြောကြားသွားမှာဖြစ်ကြောင်းနဲ့ ဘွန်းစာချုပ်တွေဝယ်ယူတဲ့အစီအစဉ်ကို ၂၀၁၆ ခုနှစ်စက်တင်ဘာအထိ ဆက်လက်ဆောင်ရွက်သွားမယ်သဘော ရှိကြောင်းနဲ့ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ သတိပေးလိမ့်မယ်လို့သူက ခန့်မှန်းပါတယ်။

လွန်ခဲ့တဲ့မတ်လက Quantitative Easing လို့ခေါ်တဲ့ဘွန်းစာချုပ်ဝယ်ယူရေးအစီအစဉ်ကို ဆောင်ရွက်ခဲ့ပြီး အက်ဆက်ယူရို ၁ ဒသမ ၁၄ ထရီလီယံကို ဝယ်ယူဖို့စီစဉ်ခဲ့ရာ ၂၀၁၆ ခုနှစ်စက်တင်ဘာလအထိ တစ်လကိုယူရိုဘီလီယံ ၆၀ ဝယ်ယူသွားမယ့်သဘောရှိပါတယ်။

## EAST ASIA

# တောင်ကိုရီးယားကုမ္ပဏီ ဟန်ဟွာက နေစွမ်းအင် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်မည်

တောင်ကိုရီးယားနိုင်ငံရှိ ထိပ်တန်းကုမ္ပဏီအုပ်စုများအနက် အုပ်စုတစ်ခုဖြစ်တဲ့ ဟန်ဟွာအုပ်စု က တောင် ကိုရီးယားနိုင်ငံရဲ့ အလယ်ပိုင်းဒေသဖြစ်တဲ့ ချွန်ချောင်းဒေသကို နေစွမ်းအင်စီးပွားရေးလုပ်ငန်းရဲ့ ဗဟိုအချက် အချာဒေသတစ်ခုဖြစ်လာရေးအတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ထုတ်ပြန်ခဲ့ကြောင်း ကိုရီးယားဟာရယ် သတင်းမှာ ဖော်ပြပါတယ်။

"Hanwha Q Cells Korea က ၁ ဒသမ ၅ ဂိဂ်ဂါဝပ်ရှိဆိုလာခဲစက်ရုံကို ချွန်ချောင်းပြည်နယ်ရှိ ဂျင်ချွန်မှာ ဒီနှစ်အကုန် တည်ဆောက်ဖို့ရှိပါတယ်"လို့ ကုမ္ပဏီရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဒီကုမ္ပဏီကို ဟန်ဟွာကော်ပိုရေးရှင်းနဲ့ ဟန်ဟွာကင်မီကယ်ကော်ပိုရေးရှင်းတို့က ရှယ်ယာ ၄၀ ရာခိုင်နှုန်းနဲ့ ၃၀ ရာခိုင်နှုန်းအသီးသီးထည့်ဝင်ထားပါတယ်။ တောင်ကိုရီးယားမှာ အကြီးဆုံးနေစွမ်းအင် အခဲစက်ရုံကို တည်ဆောက်နိုင်ဖို့ ကုမ္ပဏီအုပ်စုက ဝမ်ဘီလီယံ ၃၅၀ (အမေရိကန်ဒေါ်လာသန်း ၂၆၀) ရင်းနှီးမြှုပ်နှံမှာ ဖြစ်ပါတယ်။

ထို့ပြင် ဟန်ဟွာကင်မီကယ်ကုမ္ပဏီရဲ့ Sola Module ထုတ်လုပ်ရေးကို တာဝန်ယူဆောင်ရွက်နေတဲ့ Hanwha Q Cells က ပြည်နယ်တစ်ခုတည်းမှာပဲရှိနေတဲ့ အွန်ဆောင်းဒေသမှာ ထုတ်လုပ်ရေးစက်ရုံကို တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပြီး လက်ရှိမဂ္ဂါဝပ် ၂၅၀ ရှိ Module ထုတ်လုပ်မှုကို နှစ်ဆမြှင့်တင်သွားမှာဖြစ်ပါတယ်။



Hanwha Q Cells က ဂျာမနီအခြေစိုက် Q Cells နဲ့ Hanwha Solar One တို့ ဖက်စပ်ထူထောင်ထားတဲ့ ကုမ္ပဏီပင်ဖြစ်ပြီး ဒီစီမံကိန်းအတွက် ဝမ် ၁၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမယ်လို့ ကုမ္ပဏီက ပြောပါတယ်။

## USA

# နက်စလေကထုတ်လုပ်တဲ့အစားအစာတချို့မှာ အနံ့အတုနဲ့ ဆားကိုလျှော့မည်

ယခုနှစ်ကုန်ကစပြီး နက်စလေကထုတ်လုပ်တဲ့ ပီဇာနဲ့သားရေခဲအစားအစာတွေထဲက လူဖန်တီးထားတဲ့ အနံ့အတုကို ဖယ်ရှားပြီးဆားကိုလည်း ၁၀ ရာခိုင်နှုန်းလျှော့ချသွားတော့မှာဖြစ်ကြောင်း "နက်စလေယူအက်စ်အေ" က ဇွန်လ ၂ ရက်ကပြောကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။ ဒီလိုဆောင်ရွက်တဲ့ထဲမှာ Tombstone, Califonia Pizzu Kitchen, Jack's, Hot Pocket နဲ့ Lean Pocket စတဲ့ ထုတ်ကုန်အမျိုးပေါင်း ၂၅၀ ကျော်ပါဝင်မှာ ဖြစ်ပါတယ်။

နက်စလေယူအက်စ်အေက ဆွစ်ဇာလန်အခြေစိုက် နက်စလေအက်စ်အေရဲ့ ယူနစ်တစ်ခုဖြစ်ပြီး ဒီထုတ်ကုန်တွေရဲ့ ထုပ်ပိုးခွံတွေမှာ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အကြံပြုချက်တွေကို ဖော်ပြပေးလေ့ရှိပါတယ်။ ကုမ္ပဏီကထုတ်လုပ်တဲ့ Butter finger နဲ့ Baby Rutt တို့မှာ လူဖန်တီးထားတဲ့အနံ့နဲ့အရောင်တွေကို ယခုနှစ်ကုန်မှာဖယ်ရှားပစ်တော့မှာ ဖြစ်ကြောင်း နက်စလေယူအက်စ်အေက ဖေဖော်ဝါရီလအတွင်းက ပြောကြားခဲ့ပါတယ်။

လူတွေဖန်တီးထားတဲ့ အရောင်တွေနဲ့အနံ့တွေကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာတွေဖြစ်ပွားနိုင်ကြောင်း စိုးရိမ်မှုတွေမြင့်တက်လာပြီးနောက် စားသောက်ဆိုင်တွေနဲ့ အစားအစာထုတ်လုပ်တဲ့ ကုမ္ပဏီတွေကိုဆင့်တက်ပြုပြင်မှုနည်းတဲ့ကုန်ပစ္စည်းတွေထုတ်လုပ်ဖို့ ဖိအားပေးမှုတွေ ရှိလာခဲ့ပါတယ်။

Yum Brands ကုမ္ပဏီပိုင်ဆိုင်တဲ့ Taco Bell နဲ့ Pizza Hut တို့ကလည်း သူတို့ထုတ်လုပ်တဲ့ အစားအစာတွေထဲမှာ လူတွေဖန်တီးထားတဲ့အနံ့နဲ့ အရောင်တွေကိုထည့်တော့မှာ မဟုတ်ကြောင်း မေလအတွင်းကပြောကြားခဲ့ပါတယ်။

## SOUTH ASIA



# Maggi တံဆိပ် ခေါက်ဆွဲခြောက်များအား စမ်းသပ်ချက်အရ စားသုံးရန်မသင့်ကြောင်းတွေ့ရ

Maggi တံဆိပ် အသင့်စားခေါက်ဆွဲခြောက် နမူနာတွေကို စစ်ဆေးချက်အရ စားသုံးရန်မသင့်ကြောင်း တွေ့ရှိရတဲ့အတွက် ခေါက်ဆွဲတွေကို ထုတ်လုပ်တဲ့ "နက်စလေ အိန္ဒိယ"ကုမ္ပဏီကို ဒေလီအစိုးရက အရေးယူရတော့မယ့်အခြေအနေမျိုးကို ရောက်ရှိစေခဲ့ကြောင်း အိန္ဒိယရဲ့ ပီတီအိုင်တီသတင်းမှာ ဖော်ပြပါတယ်။

Maggi ခေါက်ဆွဲခြောက် နမူနာတွေကို ဓာတ်ခွဲစမ်းသပ်တဲ့အခါစားသုံးဖို့မသင့်တာကို တွေ့ရကြောင်း ဒေလီအစိုးရအဖွဲ့ရဲ့ အထက်တန်းအရာရှိတစ်ဦးက ပြောပါတယ်။ ဒီပြဿနာနဲ့ ပတ်သက်ပြီးဆောင်ရွက်ရမယ့် နည်းလမ်းအမျိုးမျိုးကို အစိုးရက စဉ်းစားလျက်ရှိကြောင်း နီးစပ်တဲ့ သတင်းရပ်ကွက်က ပြောပါတယ်။

Maggi နမူနာခေါက်ဆွဲတွေမှာ မိုနိုဆိုဒီယံဂလူတမိတ်(အချိုမှုန့်)နဲ့ခဲဓာတ်တွေသတ်မှတ်ထားတဲ့ ပမာဏထက်လွန်ကဲစွာပါဝင်နေတာကို စစ်ဆေးတွေ့ရှိရပြီးနောက် နိုင်ငံတစ်ဝန်းလုံးမှ Maggi ခေါက်ဆွဲနမူနာတွေကို ရယူစစ်ဆေးဖို့ ဆောင်ရွက်ခဲ့ရပါတယ်။ ဒါပေမယ့် ပြင်ပဓာတ်ခွဲခန်းနဲ့ ကုမ္ပဏီဓာတ်ခွဲခန်းနမူနာတွေကို စစ်ဆေးချက်အရ "စားသုံးရန်အန္တရာယ်ကင်းကြောင်း" တွေ့ရတယ်လို့ နက်စလေ အိန္ဒိယက ကြေညာပါတယ်။

စောစောပိုင်းကလည်း ကေရာလဒေသဆိုင်ရာအစိုးရက လက်လီဆိုင်တွေမှာရောင်းချနေတဲ့Maggiခေါက်ဆွဲတွေကိုပြန်လည်သိမ်းဖို့ အမိန့်ထုတ်ခဲ့ပါတယ်။ အလားတူပဲ ဟာယာနာမှာလည်းထုတ်ကုန်နမူနာတွေကို စစ်ဆေးလျက်ရှိပါတယ်။ ဘီဟာတရားရုံးကတော့ Maggi ရဲ့ ကုန်အမှတ်တံဆိပ်သံတမန် (Brand Ambassador) တွေဖြစ်တဲ့ အမိတာဘချန်း၊ မာဒူရီဒိဇစ်နဲ့ ပေတီဇင်တာတို့ကို တရားစွဲဖို့အမိန့်ချမှတ်ထားပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ကမ္ဘာ့ဘွန်းစာချုပ်များတန်ဖိုးကျဆင်းမှုနဲ့ ဂရိနိုင်ငံရဲ့ ကြွေးမြီပြန်လည်ပေးဆပ်ရမယ့်ရက် ရွှေ့ဆိုင်းမှုတို့ကြောင့် ထွန်းသစ်စဈေးကွက်မှ အက်ဆက်များကို ရင်းနှီးမြှုပ်နှံသူတွေရဲ့ ဝယ်လိုအားကျဆင်းမှာကို စိုးရိမ်မှုတွေ မြင့်တက်ခဲ့ပါ တယ်။ ဒီလိုစိုးရိမ်မှုတွေကြောင့် အာရှငွေကြေးတွေရဲ့ တန်ဖိုးက ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ရင် ကျဆင်းလာတာကို တွေ့ရပါတယ်။ ယခုရက်သတ္တပတ်အတွင်း ဇွန်လ ၄ ရက်(ကြာသပတေးနေ့)အထိ တရုတ်(တိုင်ပေ)၊ ထိုင်း၊ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်စဈေးကွက်စတော့တွေကို ပြန်ရောင်းစျေးက အမေရိကန် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံရှိကြောင်း စတော့ဒိုင်စာရင်းဇယားတွေအရ သိရပါတယ်။

ဥရောပမှာလည်း ဂရိနိုင်ငံနဲ့ မြီရှင်တွေရဲ့ဆွေးနွေးပွဲကမပြီးမပြတ်ရှိနေပါတယ်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ကြွေးမြီပေးဆပ်ဖို့ပျက်ကွက်ရာမှာ ဂရိနိုင်ငံက ၁၉၈၀ ပြည့်လွန်နှစ်တွေနောက်ပိုင်းမှာ ပထမဆုံးနိုင်ငံဖြစ်ခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့ ဘွန်းစာချုပ်အတိုးနှုန်းတွေ မြင့်တက်လာတာကလည်း ထွန်းသစ်စအာရှဒေသမှာရှိတဲ့ ဘွန်းစာချုပ်အတိုးနှုန်းတွေရဲ့ ဆွဲဆောင်မှုကိုကျဆင်းစေခဲ့ပါတယ်။

**တရုတ်ယွမ်**

ထုတ်ပြန်တော့မယ့် ကုန်သွယ်မှုကိန်းဂဏန်းတွေထဲမှာ ပြည်တွင်းပြည်ပဝယ်လိုအားကျဆင်းမယ့် အခြေအနေကိုပြသနေသေးတဲ့အတွက် အမေရိကန်ဒေါ်လာရဲ့တန်ဖိုးမြင့်တက်လာခဲ့ကာ ဇွန် ၅ ရက်မှာ တရုတ်ယွမ်ငွေကြေးရဲ့ တန်ဖိုးက ရက်သတ္တသုံးပတ်အတွင်း အနိမ့်ဆုံးထိကျဆင်းခဲ့ပါတယ်။ တရုတ်ဗဟိုဘဏ်က စျေးကွက်မဖွင့်မီ ကြိုတင်သတ်မှတ်ပေးတဲ့ ဖလှယ်နှုန်းက ယခင်နေ့သတ်မှတ်ချက်အောက် သုည ဒသမ ၃ ရာခိုင်နှုန်းလျှော့ချပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၁၁၈၁ ယွမ်နှုန်း သတ်မှတ်ခဲ့ပါတယ်။ လက်ငင်းဈေးကွက်မှာတော့ ယခင်နေ့ကထက် သုည ဒသမ ၁၃ ရာခိုင်နှုန်းလျှော့ချပြီး တစ်ဒေါ်လာကို ၆ ဒသမ ၂၀၉ ယွမ်နှုန်းရှိပါတယ်။

**အိန္ဒိယရူပီး**

ပို့ကုန်လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေက အမေရိကန်ဒေါ်လာကို ထုတ်ရောင်းလာကြတဲ့အတွက် ဇွန် ၅ ရက်နေ့ကဘဏ်အချင်းချင်းငွေကြေးဖလှယ်ရေးဈေးကွက်မှာ သုံးရက်ဆက်တိုက်ကျဆင်းခဲ့တဲ့ရူပီးတန်ဖိုးက သုည ဒသမ ၁ ရူပီးနှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆၃ ဒသမ ၉၀ ရူပီးနှုန်းရှိခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်မှာ ရှယ်ယာဈေးနှုန်းကျဆင်းမှုနဲ့ ပြည်ပမှာ တခြားငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာဈေးနှုန်းမြင့်တက်မှုက ရူပီးတန်ဖိုးမြင့်တက်မှုကို အထိန်းအကွပ်ဖြစ်စေခဲ့တယ်လို့ ဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

အမေရိကန်ဒေါ်လာက ဇွန်လ ၅ ရက် နံနက်က တိုကျိုမှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ တစ်ဒေါ်လာကို ၁၂၄ ယန်းဝန်းကျင်မှာရှိခဲ့ပါတယ်။ ယမန်နေ့ကတိုကျိုမှာရှိခဲ့တဲ့ ဖလှယ်နှုန်းနဲ့နှိုင်းယှဉ်ရင် အပြောင်းအလဲမရှိသလောက်ဖြစ်ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ ယန်းဖလှယ်နှုန်းက မေလ ၄ ရက် နယူးယောက်မှာ ၁၂၄ ဒသမ ၃၂ ယန်းနဲ့တိုကျိုမှာ ၁၂၄ဒသမ ၂၈ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့မနက် ၉ နာရီမှာတစ်ဒေါ်လာကို ၁၂၄ ဒသမ ၃၉ ယန်းနှုန်းရှိခဲ့ပါတယ်။ ယူရိုဖလှယ်နှုန်းက ဇွန်လ ၄ ရက်မှာတစ်ဒေါ်လာကို နယူးယောက်မှာ ၁၃၉ ဒသမ ၇၄ ယန်းနဲ့ ၁ ဒသမ ၁၂၃၃ ဒေါ်လာနှုန်းနဲ့ တိုကျိုမှာ ၁၃၉ ဒသမ ၉၃ ယန်းနဲ့ ၁ ဒသမ ၁၂၅၉ ဒေါ်လာရှိရာမှ နောက်တစ်နေ့မှာတိုကျိုမှာ ၁၃၉ ဒသမ ၄၁ ယန်းနဲ့ ၁ ဒသမ ၁၂၀၈ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

အမေရိကန်ဗဟိုဘဏ်က ငွေကြေးမူဝါဒကို တင်းကျပ်တော့မယ့် အချိန်ကို လမ်းညွှန်တစ်ခုအဖြစ်ယူဆထားတဲ့ အမေရိကန်စီးပွားရေးကိန်းဂဏန်းများကို မထုတ်ပြန်မီ ရေနံဈေးနှုန်းကျဆင်းမှုကြောင့် မလေးရှားရင်းဂစ်တန်ဖိုးက တတိယမြောက်ရက်သတ္တပတ်အဖြစ်ကျဆင်းမယ့် လက္ခဏာတွေကိုပြသနေပါတယ်။

ရင်းဂစ်ရဲ့ တန်ဖိုးက ကွာလာလမ်ပူမှာ ဇွန်လ ၅ ရက် မနက် ၉ နာရီ ၄၂ မိနစ်မှာ သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၃ ဒသမ ၇၁၃၂ ရင်းဂစ်နှုန်းရှိခဲ့ကြောင်း ဘလွမ်းဘတ်ကပြုစုထားတဲ့စာရင်းဇယားများအရသိရပါတယ်။

**တောင်ကိုရီးယားဝမ်**

ယန်းငွေနဲ့ ဖလှယ်ရာမှာပြည်တွင်းသုံးငွေကြေးတန်ဖိုးမြင့်တက်နေတဲ့အတွက် နိုင်ငံခြားငွေဖလှယ်ရေးအာဏာပိုင်တွေက ဈေးကွက်အတွင်းဝင်ရောက်စွက်ဖက်မှာကို ရင်းနှီးမြှုပ်နှံသူတွေက စိတ်ပူလာကြတဲ့အတွက် ဇွန်လ ၄ ရက်နေ့မှာတောင်ကိုရီးယားဝမ်ငွေတန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ ကျဆင်းခဲ့ပါတယ်။ ဝမ်ငွေကြေးတန်ဖိုးက ဇွန်လ ၄ ရက်နေ့မှာ တောင်ကိုရီးယားဝမ်ငွေတန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ ကျဆင်းခဲ့ပါတယ်။

ဝမ်ငွေကြေးတန်ဖိုးက ဇွန်လ ၄ ရက်နေ့မှာ သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၁၃ ဒသမ ၉ ဝမ်နှုန်းထိရောက်ရှိခဲ့ရာ မေလ ၂၆ ရက်နောက်ပိုင်း နေ့အလိုက်ကျဆင်းမှုအများဆုံးဖြစ်ခဲ့ပါတယ်။

**ထိုင်းဘတ်**

မကြာသေးမီက ဆောင်ရွက်ခဲ့တဲ့ ထိုင်းဗဟိုဘဏ်ရဲ့ အစီအမံတွေကြောင့် မတည်ရင်းနှီးငွေပြည်ပသို့ စီးထွက်မှုမြင့်မားလာပြီးတဲ့နောက် ထိုင်းဘတ်ငွေတန်ဖိုးကျဆင်းမယ့် အလားအလာတွေရှိလာကြောင်း ဒုတိယဝန်ကြီးချုပ် ပရီဒီယာသွန်ဒေဝကူလာက ဇွန်လ ၄ ရက်နေ့ကပြောပါတယ်။

ထိုင်းဘတ်ငွေတန်ဖိုးက ဇွန်လ ၄ ရက်နေ့ဂရင်းနစ်စံတော်ချိန် မနက် ၈ နာရီခွဲမှာတစ်ဒေါ်လာကို ၃၃ ဒသမ ၆၉ ဘတ်နှုန်းရှိခဲ့ရာ မေလ ၁၂ ရက်နေ့နောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

ဘဏ်တင်-စစည်းတင်ပြသည်

## အမေရိကန်စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးလွန်းလို့ အတိုးနှုန်းမြှင့်တင်ဖို့ အချိန်စော

အမေရိကန်စီးပွားရေးက ပထမသုံးလပတ်မှာ အားနည်းကျဆင်းခဲ့ပြီးတဲ့နောက်ပိုင်း ပြန်လည်နာလန်ထူနိုင်မယ့် အလားအလာ နည်းပါးနေသေးတဲ့အတွက် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတွေ တိုးမြှင့်ပေးဖို့ အနေအထားမရှိသေးဘူးလို့ ဇွန်လ ၁ ရက်နေ့က အမေရိကန်ဗဟိုဘဏ်မှ ထိပ်တန်းအရာရှိတစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပေးပါတယ်။

"အတိုးနှုန်းတွေကို ပုံမှန်ဖြစ်အောင် အတတ်နိုင်ဆုံးကြိုးစားချင်ပါတယ်။ ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ အတိုးနှုန်းတွေ တိုးမြှင့်ပေးတော့မယ်ဆိုရင်တော့ ဒီသတင်းက ကောင်းသတင်းပါ"လို့ ဘော့စတွန်ဗဟိုဘဏ်ဥက္ကဋ္ဌ အီရစ်ရိုဆင်ဂရင်းက ပြောပါတယ်။ အတိုးနှုန်းတွေကို အချိန်အကြာကြီးထိန်းထားရင် ဆိုးကျိုးတွေ ရှိလာနိုင်ကြောင်းလည်း သူကပြောပါတယ်။



အလုပ်သမားဈေးကွက်တွေပိုမိုကောင်းမွန်လာပြီး ငွေကြေးဖောင်းပွနှုန်းက ဗဟိုဘဏ်ရည်မှန်းထားတဲ့ အတိုင်း ၂ ရာခိုင်နှုန်းကိုပြန်လည်ရောက်ရှိလာမှသာ အတိုးနှုန်းကိုမြှင့်တင်ပေးမယ်လို့ ဗဟိုဘဏ်ကပြောထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့်ယခုနှစ်ပထမသုံးလပတ်မှာ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက ၂ ရာခိုင်နှုန်းအောက်မှာပဲရှိမယ့်အလားအလာဖြစ်ပါတယ်။ အလုပ်လက်မဲ့နှုန်းက အချိန်ကိုက်တိုးတက်လာမှာ မဟုတ်သလို ငွေကြေးဖောင်းပွမှုနှုန်းက ၂ ရာခိုင်နှုန်းကိုရောက်ဦးမှာမဟုတ်ဘူးလို့ ခန့်မှန်းထားကြောင်း ရိုဆင်ဂရင်းကပြောပါတယ်။

ဥရောပမှာ ဖြစ်ပျက်နေတာတွေနဲ့ ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်မိကြောင်းနဲ့ ဂရိနိုင်ငံနဲ့ပတ်သက်တဲ့ကိစ္စကို ပြီးပြတ်အောင်ရှင်းနိုင်ပါကကောင်းမည်ဖြစ်ကြောင်း သူကပြောပါတယ်။ ဂရိနိုင်ငံက ယူရိုဇုန်နဲ့အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့နဲ့ ကြွေးမြီကိစ္စနဲ့အကူအညီချေးငွေကိစ္စကိုဆွေးနွေးလျက်ရှိပြီး သဘောတူညီမှုမရရင် ဂရိနိုင်ငံကဒေဝါလီခံရဖို့ အလားအလာရှိနေပါတယ်။

## ဥရောပနဲ့ အာရှရှိစက်ရုံများဖွံ့ဖြိုးမှုကျဆင်းတဲ့အတွက် ဗဟိုဘဏ်များက စီးပွားရေးလှုံ့ဆော်အားပေးဖို့လိုအပ်


ဝယ်လိုအားများ ဆက်တိုက်ကျဆင်းနေတဲ့အတွက် အာရှနဲ့ဥရောပဒေသရှိစက်ရုံများရဲ့ကုန်ထုတ်လုပ်မှုအခြေအနေများမှာ ကျဆင်းမယ့်လက္ခဏာတွေ ပြသလာတာကြောင့် ဗဟိုဘဏ်တွေအနေနဲ့ ဖွံ့ဖြိုးရေးအတွက်ဆက်လက်ပံ့ပိုးသွားဖို့ လိုအပ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဥရောပဗဟိုဘဏ်က ယူရိုတစ်ထရီလီယံရှိ စီးပွားရေးလှုံ့ဆော်အားပေးမှုအစီအစဉ်ကိုဆောင်ရွက်ပြီးနောက်ပိုင်းနဲ့ တရုတ်နိုင်ငံကလည်းမူဝါဒအစီအမံတွေ ထုတ်ပြန်ပြီးသုံးလမျှအကြာမှာ ကောက်ခံခဲ့တဲ့ စီးပွားရေးစစ်တမ်းများအရ စီးပွားရေးအလားအလာများမှေးမှိန်နေတာကို တွေ့ရပါတယ်။ မေလအတွင်းမှာ ယူရိုဇုန်ရဲ့ စက်ရုံများမှ ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ မူလခန့်မှန်းထားတဲ့အောက်ကို ကျဆင်းနေပြီး တရုတ်စက်ရုံများရဲ့ ဖွံ့ဖြိုးမှုက တိုးတက်မှုနှုန်းနည်းပါးနေသလို တောင်ကိုရီးယားရဲ့ ပို့ကုန်လုပ်ငန်းတွေကလည်း ကျဆင်းနေပါတယ်။

"ယူရိုဇုန်တစ်ခုလုံးကို ခြုံကြည့်ရင် တိုးတက်မှုနှုန်းကနှေးကွေးနေပါတယ်။ ဂျာမနီနဲ့ ပြင်သစ်ကလွဲရင် တိုးတက်မှုနှုန်းကအနည်းငယ်သာရှိခဲ့ပါတယ်။ တရုတ်နိုင်ငံမှာလည်း စီးပွားရေးဖွံ့ဖြိုးမှုကလည်း နှေးကွေးကျဆင်းနေပါတယ်။ ငွေကြေးမူဝါဒလျှော့ချမှုတွေကိုလည်း ဆက်လက်လုပ်ဆောင်လာမယ့် လက္ခဏာတွေကို တွေ့ရပါတယ်"လို့ ကောမတ်ဘဏ်ရဲ့ပီတာဒစ်ဇင်က ပြောပါတယ်။

ဥရောပဗဟိုဘဏ်အတွက် စိုးရိမ်စရာကောင်းတာက ဥရောပသမဂ္ဂမှာ စီးပွားရေးအရထိပ်တန်းကို ရောက်နေတဲ့နိုင်ငံတွေက အလူးအလဲရုန်းကန်နေရတဲ့ အခြေအနေကြောင့်ဖြစ်ပါတယ်။ ဂျာမန် စက်မှုဖွံ့ဖြိုးမှုကသုံးလအတွင်း အနိမ့်ဆုံးနှုန်းဖြစ်နေပြီး ပြင်သစ်ကုန်ချောထုတ်လုပ်မှုတွေက အခြေအနေ ပိုကောင်းလာပေမယ့် ကျဆင်းနေဆဲဖြစ်ပါတယ်။

International Entertainment
Vol: 15, No.21 Monday June 8 2015




## ဇာတ်ဝင်ခန်းမှာ အသုံးပြုတဲ့ အရုပ်တွေကို လေလံတင်ရောင်းချလိုက်တဲ့ အော်စကာဆုရ မိတ်ကပ်ပညာရှင် ရစ်ဘာကာ

အော်စကာဆုရ မိတ်ကပ်ပညာရှင် ရစ်ဘာကာဟာ သူအော်စကာဆုရခဲ့တဲ့ ဇာတ်ကား အပါအဝင် သူ့ရဲ့ဖန်တီးချက်တွေနဲ့ပြုလုပ်ထားတဲ့အရုပ်တွေ ပါဝင်တဲ့ ဇာတ်ကားထဲက အရုပ်တွေကိုလေလံတင်ရောင်းချခဲ့တယ်လို့ဆိုပါတယ်။

လေလံတင်ပွဲကို မေလ ၂၉ရက်က ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီ အရုပ်တွေဟာ Man in Black, Mighty Joe Young, Harry and Henderson, Michael Jackson:Moonwalker, Planet of the Apes, How the Grinch Stole Christmas အပါအဝင် ဇာတ်ကားပေါင်းများစွာထဲက ဇာတ်ကောင် အရုပ်တွေကို လေလံတင်ရောင်းချခဲ့တာဖြစ်ပါတယ်။

အဲဒီလေလံပွဲမှာ ရောင်းချရငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၀၆၉၀၈၅ ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီရောင်းချရငွေတွေအနက် တစ်ဝက်ကျော်က ကြိုတင်ရောင်းချထားပြီးသားတွေဖြစ်တယ်လို့ ဆိုပါတယ်။

Man in Black ဇာတ်ကားမှာ ပါဝင်တဲ့ Mikey အရုပ်ကို အမေရိကန်ဒေါ်လာ ၃၉၉၇၅ နဲ့ ရောင်းချခဲ့ရပြီး Mighty Joe Young ဇာတ်ကားရဲ့ သရုပ်ဆောင် Big Joe ကိုတော့ ဦးခေါင်းခွံ၊ ရင်အုပ်၊ လက်မောင်းနဲ့ လက်ဖျားတစ်ခုစီကို အမေရိကန်ဒေါ်လာ ၃၀၀၀နဲ့၄၀၀၀ ကြားမှာ ရောင်းချခဲ့ပြီး စုစုပေါင်းရောင်းရငွေက အမေရိကန်ဒေါ်လာ ၃၃၀၀၀ ရရှိခဲ့တယ်လို့ ဆိုပါတယ်။

အသက် ၆၄နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရစ်ဘာကာဟာ မိတ်ကပ်ဖန်တီးမှုပညာရှင်အဖြစ် ဆောင်ရွက်ခဲ့တဲ့ နှစ်ပေါင်း ၄၀ အတွင်းမှာ အော်စကာဆု ခုနစ်ဆု ရရှိခဲ့တဲ့သူတစ်ဦး ဖြစ်ပါတယ်။

## ကိုယ့်ကိုယ်ကို လိမ်ညာရတာကို မုန်းတယ်လို့ ဝန်ခံလိုက်တဲ့ ဆယ်လီနာဂိုမက်ဇ်



အမေရိကန် ပေါ့ပ်အဆိုတော်မလေး ဆယ်လီနာဂိုမက်ဇ်က သူ့အနေနဲ့ သူချစ်တဲ့ ပရိသတ်တွေကို လိမ်တာညာတာတွေရှိခဲ့ဖူးတဲ့အတွက် စိတ်မကောင်းဖြစ်မိတယ်လို့ ဝန်ခံပြောကြားလိုက်ပါတယ်။

ဆယ်လီနာက သူဟာမကြာသေးခင်ကမှ ဘဝအသစ်ကို ပြန်လည်စတင်ခဲ့ရတာဖြစ်တယ်လို့ ဆိုလိုက်ပါတယ်။

သူ့အနေနဲ့ သူ့ဘဝမှာ သူ့ကိုယ်သူ လိမ်ညာမိခဲ့တာကို နောင်တရမဆုံးဖြစ်နေခဲ့တယ်လို့လည်း ဆိုပါတယ်။

မကြာသေးခင်က သူ့ရဲ့လူမှုကွန်ရက်ဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ Instagram မှာ“ကျွန်မရဲ့အကြောင်းကို လူတွေသိမှာစိုးလို့ လိမ်ညာခဲ့ရတာတွေကို ကျွန်မ သိပ်ကို စိတ်ပျက်မိပါတယ်။ အင်တာနက်ပေါ်မှာရှိနေတဲ့ ကျွန်မရဲ့သတင်းတွေက အမှန်မဟုတ်ပါဘူး။ ကျွန်မဟာ ဘဝသစ်တစ်ခုကို မကြာခင်ကမှ ပြန်လည်မွေးဖွားခဲ့ရတာပါ”လို့ ရေးသားဖော်ပြခဲ့ပါတယ်။

“လျှို့ဝှက်ချက်တွေနဲ့ ပြည့်နှက်နေတဲ့ ကျွန်မရဲ့ဘဝကို ကျွန်မ ချန်ထားရစ်ခဲ့ပါပြီ။ ကျွန်မရဲ့ဘဝသစ်မှာ ကျွန်မ ပျော်မွေ့ချင်ပါတယ်”လို့ ဆယ်လီနာက Contact music ကို ပြောကြားခဲ့ပါတယ်။

ဒါဟာ သူ့အနေနဲ့ ပရိသတ်တွေက သူ့ကို ဂျပ်စတင်ဘီဘာရဲ့ ချစ်သူ တစ်ယောက်လို့ မြင်နေကြတာတွေကို ရပ်တန်းကရပ်ဖို့နဲ့ သူဟာ ဂျပ်စတင်ဘီဘာနဲ့ လုံးဝပတ်သက်မှုမရှိဘူးဆိုတာကို ဖော်ပြလိုက်တာဖြစ်တယ်လို့ သတင်းမှာ ရေးသားဖော်ပြထားပါတယ်။



## တရုတ်စစ်ကားမှာ ပူးတွဲ သရုပ်ဆောင်ကြမယ့် အက်ရှင်မင်းသား ဘရုစ်ဝီလီနဲ့ ကိုရီးယားမင်းသား ဆောင်ဆန်ဟွမ်

ဟောလိဝုဒ်ရဲ့ အက်ရှင်မင်းသား ဘရုစ်ဝီလီနဲ့ မြန်မာနိုင်ငံမှာ ဂျွန်စောလို့ လူသိများခဲ့တဲ့ ကိုရီးယားအက်ရှင်မင်းသား ဆောင်ဆန်ဟွမ်တို့ တရုတ်စစ်ကားတစ်ကားမှာ ပူးတွဲသရုပ်ဆောင်ကြမယ်လို့ သတင်းများက ထုတ်ဖော်ရေးသားထားကြပါတယ်။


အဲဒီဇာတ်ကားဟာ ဒုတိယကမ္ဘာစစ်အတွင်းက တရုတ်နိုင်ငံရဲ့အခြေအနေကို ရိုက်ကူးထားတာဖြစ်ပြီး ဇာတ်ကားရဲ့ အမည်ကို Da Hong Zha လို့ ပေးထားတယ်လို့ ဆိုပါတယ်။

အဲဒီဇာတ်ကားမှာ အက်ရှင်မင်းသားကြီး ဘရုစ်ဝီလီဟာ စစ်ပွဲကို ညွှန်ကြားရတဲ့စစ်ဗိုလ်ချုပ်ကြီးအဖြစ် ပါဝင်သရုပ်ဆောင်မှာဖြစ်တယ်လို့ဆိုပါတယ်။

အဲဒီဇာတ်ကားကို တရုတ် ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ရိုက်ကူးမှာဖြစ်ပြီး အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၅ သန်း ကုန်ကျမှာဖြစ်တယ်လို့ ဆိုပါတယ်။ Da Hong Zha ဆိုတာဟာGreat Explosion လို့ အဓိပ္ပာယ်ရတယ်လို့ ဆိုပါတယ်။

အဲဒီဇာတ်ကားမှာ တရုတ်အက်ရှင်မင်းသားတွေဖြစ်တဲ့ နီကိုလပ်စ်တေး၊ လုယွို၊ ထန်စန်းယိတို့လည်း ပါဝင်သရုပ်ဆောင်ကြမှာဖြစ်ပါတယ်။

အဲဒီဇာတ်ကားကို စတင်ရိုက်ကူးတော့မှာဖြစ်ပြီး ၂၀၁၆ ခုနှစ်အကုန်ပိုင်းမှာ ဖြန့်ချိပြသနိုင်လိမ့်မယ်လို့ ဆိုပါတယ်။



## Speckles the Tarbosaurus ကို ဖန်တီးမယ့် တောင်ကိုရီးယားနဲ့ တရုတ် Animation ပညာရှင်များ

တောင်ကိုရီးယား Animation ပညာရှင်တွေနဲ့ တရုတ် Animation ပညာရှင်တွေပူးပေါင်းပြီး Speckles the Tarbosaurus ဆိုတဲ့ 3D Animation ကာတွန်းကားကောင်း လေးတစ်ကားကို ဖန်တီးကြမယ်လို့ Hollywood Reporter သတင်းမှာ ဖော်ပြထားပါတယ်။ အဲဒီ 3D Animation ဇာတ်ကားကို ဖန်တီးကြမယ့်သူတွေကတော့ တရုတ်နိုင်ငံက Hengsheng Group နဲ့ တောင်ကိုရီးယားနိုင်ငံက Dream Search C&C တို့ပဲဖြစ်ကြပါတယ်။

အဲဒီ ကုမ္ပဏီနှစ်ခုဟာ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၇၀ လောက်ကတည်ရှိခဲ့တဲ့ ကမ္ဘာကြီးရဲ့အခြေအနေတွေကို စိတ်ကူးယဉ်ဆန်ဆန်မျိုးမဟုတ်ဘဲ တကယ့်လက်တွေ့ကျကျပုံစံမျိုးကို ဖန်တီးသွားမှာဖြစ်ပါတယ်။

အဲဒီလိုလက်တွေ့ကျတဲ့ပုံစံမျိုးကို ရဖို့အတွက် 3D Animation နဲ့ ဖန်တီးပုံဖော်မှာဖြစ်တယ်လို့ ဆိုပါတယ်။ Dream Search C&C ရဲ့ကြီးကြပ်သူတစ်ဦးဖြစ်တဲ့ လီချောင်ဟွန်းက“ဒါဟာ ကိုရီးယား Animation ပညာရှင်တွေအတွက် တကယ့်ကို အခွင့်အရေးကောင်းတစ်ရပ်ပါပဲ။ သူတို့ရဲ့ ပညာတွေကို နိုင်ငံတကာကို ပြသခွင့်ရမှာဖြစ်ပါတယ်။ သူတို့ ကြိုးစားဖို့ပဲလိုပါတယ်”လို့ ပြောကြားခဲ့ပါတယ်။

အဆိုပါဇာတ်ကားကို ရိုက်ကူးဖို့အတွက် တရုတ်နိုင်ငံမှ ပညာရှင်တွေဟာ ဂျပန်နိုင်ငံမှ Animation ပညာရှင်တွေကို ကမ်းလှမ်းခဲ့ပေမယ့်လည်း အောင်မြင်မှုမရရှိခဲ့တဲ့အတွက် အခုတစ်ကြိမ် တောင်ကိုရီးယားနဲ့ ပူးပေါင်းလုပ်ဆောင်မှုဟာ အောင်မြင်မယ်လို့ယူဆကြောင်း တရုတ်နိုင်ငံရဲ့ 3D Society မှ ဥက္ကဋ္ဌဖြစ်သူ ဂျင်ကာဘင်က ပြောကြားခဲ့ပါတယ်။

HYPER AUTO

# HYPER AUTO Co., Ltd.









အမှတ်(၃)၊ ရတနာမွန်(၇)လမ်း၊ ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်။

Ph : 09-73111123, 09-73111166, 09-73250959 gmail : hyperautosalecentre@gmail.com Fax : (951) 01503324

# COMMERCE INTERNATIONAL


## ဝင်ငွေရှာ ပညာသင်အစီအစဉ်အရ စင်ကာပူအက်စ်အမ်အီးတို့ ထူးထူးခြားခြား ပူးပေါင်းဆောင်ရွက်

လုပ်ငန်းဆန်းသစ်တီထွင်မှုနဲ့ ချဲ့ထွင်မှုကို ပြုလုပ်နိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိတဲ့ SkillsFuture Earn and Learn Programme ကို စင်ကာပူအသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းနှစ်ခုတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီကုမ္ပဏီနှစ်ခုက သင်ကြားအစီအစဉ် ပထမသုတ် ၁၂ ခုထဲမှာ ပါဝင်တဲ့ ကုမ္ပဏီတွေဖြစ်ပါတယ်။

Pune Rich Bio Gems ကုမ္ပဏီမှာဝန်ထမ်း ၁၀ ဦးသာရှိတဲ့ အနက် နှစ်ဦးက မကြာသေးမီကမှ ပိုလီတက္ကနစ်ကနေကျောင်းပြီးခဲ့သူတွေဖြစ်ပြီး Earn and Learn Programme မှာပါဝင်သူတွေဖြစ်ပါတယ်။ ဒီအစီအစဉ်က ပိုလီတက္ကနစ်ကျောင်းဆင်းတွေနဲ့ ITE ကျောင်းဆင်းတွေရဲ့ ကျွမ်းကျင်မှုတွေ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ပေးဖို့ ရည်ရွယ်ပြီး ဖွင့်လှစ်ထားတာဖြစ်ပါတယ်။

ကုမ္ပဏီက ငှက်သိုက်နဲ့ ပရိုတိန်းပါတဲ့အစားအစာ တွေထုတ်လုပ်ပါတယ်။ ဈေးကွက်ထဲမှ သုံးနှစ်လောက် လုပ်သက်ရှိလာပြီးနောက် ကုမ္ပဏီက သဘာဝအချိုကို အသုံးပြုပြီး ကျန်းမာရေးနဲ့ကိုက်ညီတဲ့ထုတ်ကုန်တွေကို တိုးချဲ့ထုတ်လုပ်ဖို့ဆန္ဒရှိပါတယ်။ ဒါပေမယ့် SME လုပ်ငန်းတစ်ခုအတွက် မှန်ကန်တဲ့စီးပွားဖက်ရဖို့က စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်။

ဒီလိုအတားအဆီးကို ကျော်လွှားနိုင်ဖို့အတွက် Earn and Learn Programme က အကူအညီပေးနိုင်ခဲ့ပါတယ်။ ကုမ္ပဏီက ခန့်လိုက်တဲ့ ဝန်ထမ်းတွေကို ကနဦးလ စင်ကာပူဒေါ်လာ ၁၉၀၀ ပေးပြီး သတ်မှတ်ချိန်ကာလ ၁၈ လပြီးဆုံးတဲ့အခါ လစာတိုးပေးဖို့ ကတိပြုပါတယ်။




လုပ်ငန်းရဲ့စွမ်းဆောင်ရည်တိုးမြှင့်ဖို့အတွက် Faesol လို့ ခေါ်တဲ့ တခြား SME တစ်ခုနဲ့ ပူးတွဲလုပ်ရပါတယ်။ Faesol ကလည်း SME လုပ်ငန်းတစ်ခုဖြစ်ပြီး တစ်နှစ်သက်တမ်းသာရှိသေးတဲ့ သုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဝန်ထမ်း ၆ ဦးသာရှိပါတယ်။ ဒီကုမ္ပဏီကလည်း Earn and Learn အစီအစဉ်ကိုကျင့်သုံးပြီး ပိုလီတက္ကနစ်ကျောင်းဆင်းစတွေကိုခန့်ထား ပါတယ်။ Faesol က အချိုဓာတ်ထုတ်လို့ရတဲ့ အပင်တစ်မျိုးဖြစ်တဲ့ စတဲဗီယားထွက် သဘာဝအချိုရည်ထုတ်နိုင်ဖို့ Pure Rich Bio Gems အတွက် သုတေသနနဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်။ ကုမ္ပဏီနှစ်ခုပူးပေါင်းပြီး လုပ်ငန်းအဆင့်အတန်း တိုးမြှင့်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။

**UNT**


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES **RO/RO Service for Myanmar**

DATE : 8th June 2015

<< May And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | 8.5.2015 | 11.5.2015 | 10.5.2015 | 9.5.2015 | | | 19.5.2015 | 22.5.2015 | 30.5.2015 |
| | S/O CUT | | | | | | 4.5.2015 | 7.5.2015 | 6.5.2015 | 7.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.5.2015 | 25.5.2015 | 22.5.2015 | 28.5.2015 | 5.6.2015 | 9.6.2015 | |
| | S/O CUT | | | | | | | | 19.5.2015 | 24.5.2015 | 18.5.2015 | | | | |
| MV.CITY OF MUMBAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | 8.6.2015 | 11.6.2015 | 10.6.2015 | 9.6.2015 | | | | 22.6.2015 | 30.6.2015 |
| | S/O CUT | | | | | | 4.6.2015 | 4.6.2015 | 6.6.2015 | 5.6.2015 | | | | | |
| MV.HOEGH CHENNAI V.14 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.6.2015 | 26.6.2015 | 24.6.2015 | | | 9.7.2015 | |
| | S/O CUT | | | | | | | | 21.6.2015 | 22.6.2015 | 20.6.2015 | | | | |
| MV.CITY OF MUMBAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.7.2015 | 9.7.2015 | 10.7.2015 | | | 18.7.2015 | 22.7.2015 | 30.7.2015 |
| | S/O CUT | | | | | | | 4.7.2015 | 5.7.2015 | 6.7.2015 | | | | | |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.7.2015 | 27.7.2015 | 24.7.2015 | | 5.8.2015 | 9.8.2015 | |
| | S/O CUT | | | | | | | | 21.7.2015 | 23.7.2015 | 20.7.2015 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။

GLE

**Andaman Lines Sailing Schedule**

June 2015 Sailings Schedule

Date : 27.5.2015

SAILING SCHEDULE FOR IMPORT

| VESSEL | VOYAGE | ETD/ETA | |
|---|---|---|---|
| | | RANONG | YANGON( AIPT ) |
| MV. JRS CARINA | RY-1506-014N | 3-Jun-15 | 5-Jun-15 |
| MV. JRS CARINA | RY-1506-015N | 10-Jun-15 | 12-Jun-15 |
| MV. JRS CARINA | RY-1506-016N | 17-Jun-15 | 19-Jun-15 |
| MV. JRS CARINA | RY-1506-017N | 24-Jun-15 | 26-Jun-15 |

SAILING SCHEDULE FOR EXPORT

| VESSEL | VOYAGE | ETD/ETA | |
|---|---|---|---|
| | | YANGON( AIPT ) | RANONG |
| MV. JRS CARINA | RY-1506-014S | 6-Jun-15 | 9-Jun-15 |
| MV. JRS CARINA | RY-1506-015S | 13-Jun-15 | 16-Jun-15 |
| MV. JRS CARINA | RY-1506-016S | 20-Jun-15 | 23-Jun-15 |
| MV. JRS CARINA | RY-1506-017S | 27-Jun-15 | 30-Jun-15 |

*Please note that above mention schedules will change with or without prior notice. You are kindly request to us for details ( arrival/departure ) time.
*Please note that cargos arrived into CY after closing time, loading of cargos and any cost incurred will not be our responsibilities.
*Cargo closing time is two days before departure.

Golden Land Express Ltd.
Dagon Center II,Pyay Road,No.268,Room 14 C,14th Floor.Sanchoung Township,Yangon,Myanmar.
Tel : +95 1 2305542,2306027,2306028
Fax : +95 1 2305543
Hot Line : +95 9 260996074 ,+95 9 5035797
Email : nephyu@goldenlandexpress.com ( Export / Import )
marketing-imp@goldenlandexpress.com ( Import Marketing )
marketing-exp@goldenlandexpress.com ( Export Marketing )
cs-import@goldenlandexpress.com ( Import Document )
cs-export@goldenlandexpress.com ( Export Document )
operation@goldenlandexpress.com ( Operation Department )

Business Development Manager : Ms.Nway Ei Phyu ( +95 9 253036301 )
Export/Import Dep : Mr.Thiha Thiek ( +95 9 261594515 )
Export/Import Dep : Mr.Soe Min Thu ( +95 9 260996073 )
Documentation and Customer Service Department :
Ms.Khin Swe Lwin ( +95 9 260996074 )
Operation Dep : Mr.Kaung Zaw ( +95 9 5202871 )

Agility Project Logistics
TransOffshore Logistics Pte Ltd
NCL INTERNATIONAL LOGISTICS PUBLIC COMPANY LIMITED
Dee Delight Maritime & Consultants Co Ltd